မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၂၇၅)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ နယုန်လကွယ်နေ့

၂၀၁၃ ခုနှစ်၊ ဇူလိုင် ၇ ရက်၊ တနင်္ဂနွေနေ့။

ဒို့တာဝန်အရေး(၃)ပါး

- ❒ ပြည်ထောင်စု မပြိုကွဲရေး။
- ❒ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❒ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဖြူးမြို့နယ်၌ တက္ကသိုလ်ဝင်တန်းအောင် ထူးချွန်သူများအား ဆုချီးမြှင့်

နေပြည်တော်　ဇူလိုင်　၆

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့သည် ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးသိန်းဆွေ၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၀ နာရီတွင် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပသည့် ဖြူးမြို့နယ်အတွင်းမှ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင် ထူးချွန်ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အဖွင့်အမှာစကား ပြောကြားသည်။

<u>ပေးအပ်ချီးမြှင့်</u>

ထို့နောက် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ဖြူးမြို့နယ်မှ ထူးချွန်အောင်မြင်ခဲ့သည့် ကျောင်းသားကျောင်းသူများအား ကော်မတီဥက္ကဋ္ဌ ဦးသိန်းဆွေ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများအား အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဖြူးမြို့နယ်အတွင်းရှိ အထက်တန်းကျောင်းအုပ်ကြီးများကိုယ်စား ဖြူးမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ဆင့်နှင့် ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများကိုယ်စား ငါးဘာသာဂုဏ်ထူးရှင် မောင်ရေဂန်တို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းက ဂုဏ်ပြုပွဲ အခမ်းအနားနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင် ထူးချွန်ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားတွင် တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မုတ္တမကမ်းလွန်ဒေသတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်အသစ် ထပ်မံတွေ့ရှိ

နေပြည်တော်　ဇူလိုင်　၆

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းငွေးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေတို့သည် ယနေ့နံနက်ပိုင်းက ကမ်းလွန်လုပ်ကွက် အမှတ် M-3 တွင် PTTEPI ရေနံကုမ္ပဏီမှ တွင်းတူးစက် Herculces 208 ဖြင့် တူးဖော်နေသည့် အကဲဖြတ်တွင်း အောင်သခ်(၃) တူးဖော်မှုအား သွားရောက်စစ်ဆေးကြည့်ရှုကြရာ PTTEPI ရေနံကုမ္ပဏီမှ တာဝန်ရှိသူများက တွင်းတူးစက်ပေါ်ရှိ ရှင်းလင်းတင်ပြခန်းတွင် တွင်းတူးဖော်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး တွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို စစ်ဆေးသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ထိုင်းနိုင်ငံမှ PTTEPI ရေနံကုမ္ပဏီသည် မုတ္တမကမ်းလွန်လုပ်ကွက် အမှတ် M-3 တွင် ၂၆-၃-၂၀၁၁ ရက်က ရှာဖွေရေးတွင်းအမှတ် အောင်သခ် (၂)ကို တူးဖော်ခဲ့ပြီး တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ ၂၅ ဒသမ ၁၄သန်းနှင့် ***စာမျက်နှာ ၃ ကော်လံ ၁*** ❁

ပြည်ထောင်စုဝန်ကြီး ဦးသန်းငွေးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ ကမ်းလွန်လုပ်ကွက် အမှတ် M-3 တွင် PTTEPI ရေနံကုမ္ပဏီမှ တွင်းတူးစက် Herculces 208 ဖြင့် တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို စစ်ဆေးစဉ်။ (သတင်းစဉ်)

ပါးကွက်တစ်ခြမ်း...ကုငွေတစ်သန်း တန်သူလေး

ကျွန်မကအလှကြိုက်တဲ့မလှချင်လေးပါ၊ လှချင်ပါတယ်ဆိုမှ အပျိုဖော်ဝင်စကတည်းက မျက်နှာပေါ်မှာ ဝက်ခြံဖုလေးတွေ တစ်ဖုစ နှစ်ဖုစ ထွက်ထွက်လာတတ်တယ်၊ အဲသလိုထွက်လာရင် အငြိမ်မနေပဲ ညှစ်ထုတ်တတ်တဲ့အတွက် လက်ဆိပ်တက်ပြီး ဝက်ခြံတွေရောင်လာတတ်သလို မမှည့်သေးဘဲ ညှစ်ထုတ်လိုက်တဲ့အတွက် မျက်နှာပေါ်မှာ အမာရွတ်လို အမည်းစက်တွေ ကျန်နေခဲ့ပါတယ်၊ ဆောက်ဆေး၊လိမ်းဆေး သုံးပေမယ့် ကံဆိုးလို့ပဲလားမသိဘူး၊ ပျောက်ဖို့ဝေးလို့ သက်တောင်မသက်သာပါဘူး၊ စိတ်လည်းပျက် အားလည်းငယ် ရှက်လည်းရှက်ပါတယ်၊ ကံကောင်းချင်တော့ ရန်ကုန်ကိုအလည်သွားရင်း ရန်ကုန်မှာနေတဲ့ သူငယ်ချင်းကို ရင်ဖွင့်မိတော့ '**ရွှေပြည်နန်းသံပုရာသနပ်ခါး**'ကို သုံးကြည့်ပါလား၊ ဝက်ခြံရောဂါအတွက် အာနိသင်ထက်မြက်ပါတယ်ဆိုလို့ ပြောလာပါတယ်၊ ရွှေပြည်နန်းက ဈေးနှုန်းချိုသာတဲ့အပြင် သုံးရလွယ်ကူတာကြောင့် ရန်ကုန်မှာ ရှိနေတုန်း စမ်းသုံးကြည့်တော့ တကယ်ပဲမျက်နှာပေါ်မှာ ပေါက်နေတဲ့ဝက်ခြံတွေ ချုပ်သွားပါတယ်၊ ညဘက်အိပ်ယာဝင်ခါနီးတိုင်း သံပုရာသနပ်ခါးတစ်မျိုးတည်းကိုပဲ ဖုံနေအောင်လိမ်းအိပ်ပါတယ်၊ အံ့ဩလောက်အောင် အပျိုဖော်ဝင်စကတည်းက ဒုက္ခပေးနေတဲ့ မျက်နှာပေါ်က ဝက်ခြံတွေသက်သာ ပျောက်ကင်းသွားပါတယ်၊ '**နေ့လည်း ရွှေပြည်နန်း၊ ညလည်းရွှေပြည်နန်း**' သုံးစွဲလာခဲ့တာ ကုမရအောင် ပျက်စီးနေတဲ့ ကျွန်မအသားအရေတွေ တဖြည်းဖြည်းသက်သာလာခဲ့ပါပြီ...

မမျိုးမွှန် (L.L.B)၊ အကွက်(၅၂)၊ အိုးဘိုရွှေကျောင်း၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊

ထပ်ဆင့်ထောက်ခံအပ်ပါသည်၊ ၊မနန်းဟေမာ၊ ကျော်(ကွန်ပျူတာစာစီစာရိုက်/မိတ္တူ)၊ အောင်ချမ်းသာ၊ မန္တလေးမြို့၊

မြန်မာနိုင်ငံရဲ့အကောင်းဆုံးထဲကတစ်ခု

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

လူငယ်နှင့် အသက်မွေးဝမ်းကျောင်းပညာ

ကျွန်ုပ်တို့လူသားများအနေဖြင့် အရွယ်ရောက်လာကြပြီဆိုလျှင် အသက်မွေးဝမ်းကျောင်းအလုပ်တစ်ခုခု သို့တည်းမဟုတ် စီးပွားရေးလုပ်ငန်းတစ်ခုခု လုပ်ကိုင်ကြရသည်။ လုပ်သည့်အလုပ် (သို့မဟုတ်) စီးပွားရေးလုပ်ငန်းသည် အောင်မြင်သည်ရှိသလို မအောင်မြင်သည်လည်းရှိသည်။ အောင်မြင်ခြင်းသည် နည်းလမ်းကျ၍ ဖြစ်ပါသည်။ မအောင်မြင်ခြင်းသည် နည်းလမ်းမကျ၍ ဖြစ်သည်။ နည်းလမ်းကျ၍ အောင်မြင်ရန်ကား ကောင်းမွန်သော လေ့ကျင့်သင်ကြားမှု (Good Training)၊ အလေ့အကျင့် (Pratice) နှင့် အတွေ့အကြုံ (Experience) တို့ လိုအပ်ပေသည်။

ပထမဆုံးလိုအပ်ချက်ဖြစ်သည့် ကောင်းမွန်သော လေ့ကျင့်သင်ကြားမှုနှင့်ပတ်သက်၍ မည်သည့်အလုပ်ကို လုပ်ကိုင်သည်ဖြစ်စေ ဦးစွာပထမ လုပ်ကိုင်မည့်အလုပ်နှင့် ဆက်စပ်သော (Good Training) သင်တန်းတစ်ခုခုသည် မရှိမဖြစ်လိုအပ်မည်ဖြစ်သည်။ ဥပမာ- စက်မှုနှင့်ပတ်သက်သော အလုပ်ကိုလုပ်ကိုင်မည်ဆိုလျှင် အင်ဂျင်နီယာအတတ်ပညာများနှင့် သက်ဆိုင်သည့် (Good Training) တစ်ခုခုကို တက်ရောက်သင်ယူထားရမည်ဖြစ်သည်။ အင်္ဂလိပ်စာနှင့် လုပ်ရမည့်အလုပ်ဖြစ်လျှင် အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်း၊ ကွန်ပျူတာနှင့် လုပ်ရမည့်အလုပ်ဖြစ်လျှင် ကွန်ပျူတာသင်တန်း စသည်ဖြင့် သင်တန်းများ တက်ရောက်ထားသင့်သည်။ သင်တန်းတစ်ခုခုသည် ထိုလုပ်ကိုင်မည့်အလုပ်တို့၏ အကျဉ်းချုပ် သင်ယူခြင်းဖြစ်သည်။

ဒုတိယအရေးကြီးဆုံးမှာ အလေ့အကျင့်ဖြစ်သည်။ သက်ဆိုင်ရာ သင်တန်းတစ်ခုခုတက်ရောက်ပြီးပြီဆိုလျှင် အမြဲမပြတ် အလေ့အကျင့်လုပ်နေဖို့လိုအပ်သည်။ အလေ့အကျင့်မရှိလျှင် ကျွမ်းကျင်ပြီးသား ပညာရပ်ပင်ဖြစ်သော်လည်း မေ့လျော့ ပျောက်ကွယ်သွားတတ်သည်။ သင်တန်းတစ်ခုခုတက်ထားပြီးပြီ ဆိုလျှင် ထိုသင်တန်းမှရရှိလာသော အတတ်ပညာများကို အမြဲမပြတ် လေ့ကျင့်နေရသည်။ ကြိမ်ဖန်များစွာ ထပ်ခါ ထပ်ခါ လေ့ကျင့်နေရသည်။ လေ့ကျင့်မှုသည် ကျွမ်းကျင်မှုကို ရရှိစေနိုင်သည်။ “လေ့ကျင့်မှ ကျွမ်းကျင်၊ ကျွမ်းကျင်မှတတ်မြောက်”ဆိုသော စကားအတိုင်း လေ့ကျင့်မှုသည် အလွန်အရေးကြီးသော အချက်ဖြစ်သည်။

တတိယအရေးကြီးဆုံးသောအချက်မှာ အတွေ့အကြုံဖြစ်သည်။ အလေ့အကျင့်ကောင်း ရရှိထားပြီဆိုလျှင် အတွေ့အကြုံများ ဆက်လက်ရယူဖို့လိုသည်။ အလုပ်ထဲမှာ ဆရာရှိသည်ဆိုသောစကားကို ကြားဖူးကြပေလိမ့်မည်။ အတွေ့အကြုံသည် နဖူးတွေ့ ဒူးတွေ့လုပ်ကိုင်ရသော လက်တွေ့နယ်ပယ်ဖြစ်သည်။ စာတွေ့ထက် လက်တွေ့သာဆိုသောစကားအတိုင်း စာတွေ့မည်မျှများစေကာမူ လက်တွေ့ကျကျ တတ်မြောက်ခြင်းမရှိလျှင် အခက်အခဲတွေ့ရတတ်သည်။ အတွေ့အကြုံသည် အကောင်းဆုံးသော ဆရာလည်းဖြစ်သည်။ အတွေ့အကြုံများများ ရယူထားဖို့ လိုသည်။ အတွေ့အကြုံများလေ ကျွမ်းကျင်မှုများလေဖြစ်သည်။

ထို့ကြောင့် မည်သည့်အလုပ်အကိုင်၊ လုပ်ငန်းစသည်တို့ကို လုပ်ကိုင်တော့မည်ဆိုလျှင် အထက်ဖော်ပြပါ အချက်သုံးချက်နှင့်လျော်ညီစွာ လုပ်ကိုင်ကြရန်အရေးကြီးပါသည်။ ကောင်းမွန်သော လေ့ကျင့်သင်ကြားမှု၊ အလေ့အကျင့်နှင့် အတွေ့အကြုံတို့ ရှိရမည် ဖြစ်သည်။ ဤသုံးချက်နှင့်ကိုက်ညီအောင် ဆောင်ရွက်နိုင်ပြီဆိုလျှင် သင်၏လုပ်ငန်း(သို့မဟုတ်)သင်လုပ်ကိုင်မည့် အလုပ်သည် အဆင်ပြေချောမွေ့စွာလုပ်ကိုင်နိုင်မည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ထူးချွန်ဝန်ထမ်းသားသမီးများနှင့် ထူးချွန်ဝန်ထမ်းအားဂုဏ်ပြုပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၆

၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများ၏ သားသမီးများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ဇူလိုင် ၅ ရက်မွန်းလွဲပိုင်းက နေပြည်တော်ရှိရထားပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင် တက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် ဂုဏ်ထူးသုံးဘာသာနှင့်အောက် အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်ရန် ဌာနဆိုင်ရာ အကြီးအကဲများထံ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုဆုများ လွှဲပြောင်းပေးအပ်ပြီး ခြောက်ဘာသာ ဂုဏ်ထူးရရှိသော ကျောင်းသား ကျောင်းသူ သုံးဦးနှင့် ထူးချွန်ဝန်ထမ်း တစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က ငါးဘာသာ ဂုဏ်ထူးရရှိသူ ကျောင်းသား ကျောင်းသူ ရှစ်ဦးတို့အား လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးချန်မောင်က လေးဘာသာဂုဏ်ထူးရရှိသူ ကျောင်းသား ကျောင်းသူ ၁၂ ဦးတို့အား လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများ၏ သားသမီးများမှ ခြောက်ဘာသာဂုဏ်ထူး သုံးဦး၊ ငါးဘာသာဂုဏ်ထူး ရှစ်ဦး၊ လေးဘာသာ ဂုဏ်ထူး ၁၂ ဦး၊ သုံးဘာသာဂုဏ်ထူး ၃၆ ဦး၊ နှစ်ဘာသာဂုဏ်ထူး ၂၄ ဦး၊ တစ်ဘာသာဂုဏ်ထူး ၆၃ ဦးနှင့် ရိုးရိုးအောင်မြင်သူ ၄၄၃ ဦး စုစုပေါင်း ၅၈၉ ဦးအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

လှည်းတန်းမီးပွိုင့်ဝန်းကျင်သန့်ရှင်းသပ်ရပ်ပြီး အန္တရာယ်ကင်းစေလို

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အင်းစိန်လမ်းနှင့် လှည်းတန်းလမ်းတို့ရှိ လှည်းတန်းမှတ်တိုင် အနီးတစ်ဝိုက်သည် လူသွားလူလာများ ပြားသောနေရာတစ်ခု ဖြစ်သည်။ ဘာသာစကား သင်တန်းများ၊ စာရင်းကိုင်သင်တန်းများ၊ ဆေးဝါးကျွမ်းကျင်သင်တန်းများ၊ ကွန်ပျူတာသင်တန်းများအပြင် Super Market များ၊ Mini market များသည် လှည်းတန်းလမ်းဆုံ အနီးတစ်ဝိုက်တွင် ဖွင့်လှစ်ထားကြသည်။

အစိုးရရုံးဖွင့်ရက်များသာမက စနေ၊ တနင်္ဂနွေကဲ့သို့ ရုံးပိတ်ရက်များတွင်ပါ လှည်းတန်းအနီးတစ်ဝိုက်သည် စည်ကားနေလေ့ရှိသည်။ ထိုကဲ့သို့ လူသွားလူလာ စည်ကားများပြားလာသောကြောင့် ၎င်းတို့ကို မှီ၍ ဘဝရပ်တည်ရေးရောင်းချရသော လမ်းဘေးဈေးသည်များသည်လည်း တစ်နေ့တခြား တိုးတက်များပြားလာသည်။

ညနေ ၆ နာရီ နောက်ပိုင်းတွင် လမ်းဘေးဈေးသည်များ များပြားလာခြင်း၊ စတိုးဆိုင်ကြီးများ ပလက်ဖောင်းပေါ်တွင် နေရာချဲ့ထွင်လာခြင်းများကြောင့် လူသွားစင်္ကြံများ ကျဉ်းမြောင်းလာပြီး မိုးရွာသောအခါ တစ်ယောက်ထီးနှင့်တစ်ယောက် ထိုးမိကြသည်။ အချို့နေရာများတွင် လမ်းပိတ်လုနီးပါး ရောင်းချခြင်းများကြောင့် ခရီးသွားများသည် လည်းကောင်း၊ ဘတ်စ်ကားစီးခရီးသည်များသည် လည်းကောင်း ယာဉ်သွားလမ်းပေါ်မှ ဆင်းပြီးသွားလာကြရသည်။

မော်တော်ယာဉ်မောင်းများ ရာသီဥတုမကောင်း၍ အမြင်ဝေဝါးခြင်းကြောင့်သော် လည်းကောင်း၊ ယာဉ်၏ စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းခြင်းများ ဖြစ်လာခဲ့လျှင်သော်လည်းကောင်း လမ်းတွင်သွားလာနေသော ပြည်သူများအတွက် အန္တရာယ်သည် အချိန်မရွေး ကျရောက်လာနိုင်သည်ကို တွေ့ရသည်။

ထို့ကြောင့် လမ်းဘေးဈေးသည်များ၏ တစ်နေ့ဝမ်းစာဖြေရှင်းရန်အတွက် လူသွားလမ်းပေါ်တွင် ဈေးရောင်းချခြင်းမပြုဘဲ နေရာများ သတ်မှတ်၍ ဈေးရောင်းချသင့်ကြောင်းကို သွားလာရင်းတွေ့မြင်နေရသော အန္တရာယ်မြင်ကွင်း သတင်းတစ်ပုဒ်အဖြစ် တင်ပြလိုက်ရပါသည်။ **(၁၆၃)**

ထင်သာမြင်သာ ပြုပြင်စရာ

သစ်အခြေခံစက်မှုလုပ်ငန်း ဝန်ထမ်း သားသမီးများအား ထောက်ပံ့ဂုဏ်ပြု

ရန်ကုန် ဇူလိုင် ၆

၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် အခြေခံပညာအဆင့်နှင့် တက္ကသိုလ်အဆင့်တို့တွင် ပညာသင်ကြားလျက်ရှိနေသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း သစ်အခြေခံစက်မှုလုပ်ငန်းဌာနအောက်ရှိ အမှတ် (၁)၊ (၂)၊ (၃) ပရိဘောဂစက်ရုံများနှင့် ရောင်းဖြန့်ဌာနတို့မှ ဝန်ထမ်း သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲနှင့် ၂၀၁၃ တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်မြင်ခဲ့ကြသူများအား ဂုဏ်ပြုပွဲကို ဇူလိုင် ၅ရက် နံနက်က အလုံမြို့နယ် သစ်တောရပ်ကွက်ရှိ ပရိဘောဂစက်ရုံများ ရှင်းလင်းဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာ့သစ်လုပ်ငန်း သစ်အခြေခံ စက်မှုလုပ်ငန်းဌာနမှ ဒုတိယ အထွေထွေမန်နေဂျာ ဒေါ်တင်တင်လှက မှဒိတာစကားပြောကြားပြီး ပရိဘောဂစက်ရုံရောင်းဖြန့်ဌာန လက်ထောက်အထွေထွေမန်နေဂျာဦးဆွေငြိမ်းက ဂုဏ်ပြုပွဲဖြစ်ပေါ်လာရခြင်းကို ရှင်းလင်းကာ အကျိုးတူ ပူးပေါင်းဆောင်ရွက်ခဲ့ကြသော ကုမ္ပဏီများကိုယ်စား ဇမ္ဗူလွှမ်းကုမ္ပဏီမှ ဦးကျော်မြင့်က စေတနာစကားတို့ဖြင့် ချီးမြှင့်ပေးခဲ့ကြသည်။

ထို့နောက် ငါးဘာသာဂုဏ်ထူးရ မသဲသဲဆုနိုင်၊ သုံးဘာသာဂုဏ်ထူးရသူနှစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရသူတစ်ဦးနှင့် ရိုးရိုးအောင်မြင်ကြသူများအား ဒုတိယအထွေထွေမန်နေဂျာ ဒေါ်တင်တင်လှနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)



ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်း ရှင်းလင်းခြင်း

ရှာင် ဇူလိုင် ၆

ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ရှာငံမြို့နယ်တွင် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းရှင်းလင်းခြင်းကို ဇူလိုင် ၅ ရက် နံနက် ၁၀ နာရီက ရှာငံမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ မြို့နယ် ပုံနှိပ်လုပ်ငန်းကြီးကြပ်မှု ကော်မတီအဖွဲ့နှင့် ပုံနှိပ်လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

ရှင်းလင်း

ရှေးဦးစွာ မြို့နယ်ပုံနှိပ်လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းထက်နိုင်မြင့်က အမှာစကားပြောကြားပြီး ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းကို ရှင်းလင်းဆွေးနွေး၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဇော်မြင့်က ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းဆိုင်ရာ ဥပဒေများကို ရှင်းလင်းခြင်းနှင့် ဆက်လက်ပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြူကြူလှိုင်က ပုံနှိပ်လုပ်ငန်းများ မှတ်ပုံတင်ခြင်းနှင့် သက်တမ်းတိုးခြင်းဆိုင်ရာလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

ပြည်တွင်းသတင်း

❊ ကျောဖုံးမှ

နှစ်စဉ်အမျိုးသားစီမံကိန်းနှင့် ဘဏ္ဍာငွေ ခွဲဝေရေးဆောင်ရွက်သည့်အခါ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ကျပ်ဘီလီယံ ၃၀၀ ကျော် မူလခွင့်ပြုခဲ့ပြီး နောက်ဆက်တွဲ ဘီလီယံ ၃၀၀ ကျော် ခွင့်ပြုခဲ့ပါကြောင်း၊ လွှတ်တော်လုပ်ငန်းများ အရှိန်ရလာချိန်တွင် ဘီလီယံ ၇၅၀ ကျော် တိုးမြှင့်ခွင့်ပြုခဲ့သည့်အပြင် နောက်ဆက်တွဲ ဘီလီယံ ၇၅၀ ကျော် ထပ်မံခွင့်ပြုခဲ့ပါကြောင်း၊ ၂၀၁၃-၂၀၁၄ တွင် ၉၀၈ ဘီလီယံ ခွင့်ပြုပေးခဲ့ပါကြောင်း၊ ထို့ကြောင့် ပညာရေးနှင့်ပတ်သက်ပြီး ကျောင်းအဆင့်တိုးမြှင့်ခြင်း၊ ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း၊ ပရိဘောဂဖြည့်တင်းခြင်းများ၊ ပညာရေးစနစ်တစ်ခု ချမှတ်နိုင်ရန် ပညာရေးဝန်ကြီးဌာန၏ ကြိုးပမ်းချက်များသည် တစ်နေ့တခြား တိုးတက်လာပြီဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး ပညာရေးကဏ္ဍများ တိုးတက်ချိန်တွင် လွှတ်တော်ကိုယ်စားလှယ်များ၏ ကြိုးပမ်းမှုကြောင့် ကျောင်းအဆင့်မြှင့်တင်ခြင်းများ များစွာပေါ်ထွက်လာပြီဖြစ်ကြောင်း။

နောင်၌ လူကြီးဖြစ်လာမည့် ကျောင်းသားလူငယ်များကို ဒီမိုကရေစီစနစ်ကျင့်သုံးနိုင်ရန် သင်ကြားမိတ်ဆက်ပေးရန် လိုအပ်ပါကြောင်း၊ ကျောင်းများသည်လည်း ဒီမိုကရေစီရပ်ဝန်းတစ်ခုဖြစ်ရန် လိုအပ်ပါကြောင်း၊ ဒီမိုကရေစီစနစ်ကို ပြောင်းလဲတည်ဆောက်ရာတွင် အချိန်ယူရမည်ဖြစ်သည့် ကျောင်းသားလူငယ်များ ပညာရည်မြင့်မားရန် လိုအပ်ပါကြောင်း၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး ရှုထောင့်အရ ပညာတတ်များ ပေါ်များရန်လိုအပ်သည့်အတွက် မိဘဆရာများက ဝိုင်းဝန်းထိန်းကျောင်းပေးရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးဦးအောင်ကြည်၊ ဒုတိယဝန်ကြီး ဦးအေးကြူနှင့် ပျော်ဘွယ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်က ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်များကို ပေးအပ်လှူဒါန်းသည်။ ပျော်ဘွယ်မြို့နယ် တောင်ညောင်ကုန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ)ကို အခြေခံပညာအထက်တန်းကျောင်းအဖြစ် ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းအခမ်းအနားကို နံနက် ၁၁ နာရီတွင် ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စု

ပြည်ထောင်စုလွှတ်တော် နာယက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ပျော်ဘွယ်မြို့နယ် အနောက် လျှော်ဖြူကုန်းကျေးရွာ၌ ကျင်းပသည့် ဦးကြည်မောင်ကိုယ့်အား ကိုယ်ကိုး ကျေးရွာ စာကြည့်တိုက် ဖွင့်ပွဲနှင့် အခြေခံပညာ အလယ်တန်း ကျောင်း အား အခြေခံပညာ အထက်တန်း ကျောင်း (ခွဲ) အဖြစ် အဆင့်တိုးမြှင့်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လွှတ်တော်နာယကက ကျောင်းအဆင့်တိုးမြှင့်ခြင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တာဝန်ရှိသူများက ကျောင်းအဆင့်တိုးမြှင့်ခြင်း အထိမ်းအမှတ်မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက အမှာစကားပြောကြားရာတွင် ကလေးများအတွက် ကျောင်းနေချိန်သည် ဘဝပြင်ဆင်ချိန်ဖြစ်သည့်အတွက် ဆရာများက ကျောင်းစာအပြင် ဘဝတစ်လျှောက် မိမိကိုယ်မိမိ ထိန်းကျောင်းနိုင်စေရန် လေ့ကျင့်သင်ကြားပေးရမည် ဖြစ်ကြောင်း၊ သို့ဖြစ်၍ ပညာရေးဝန်ထမ်းများ၏ ဘဝသည် အလွန်အဖိုးထိုက်တန်ပါကြောင်း၊ နောင်အနာဂတ်မှာ ပြည်သူလိုလားသော ဒီမိုကရေစီစနစ်ခိုင်မာရေးအတွက် ယနေ့ကျောင်းသားလူငယ်များကို ဒီမိုကရေစီအဝန်းအဝိုင်း ထဲရောက်ရှိရန်မှာ မိဘဆရာများ၌လည်း တာဝန်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက်သိပ္ပံဆောင်အလှူရှင် ဦးမြင့်အောင်-ဒေါ်တင်နု မိသားစုက သိပ္ပံဆောင်အဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကိုလည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး-ဒေါ်စန်းလေးညွန့် မိသားစုက ကျောင်းအတွက် ပရင်တာတစ်လုံးကိုလည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်စိုးနှင့် အလှူရှင်များက အလှူငွေများကိုလည်းကောင်း တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ် လှူဒါန်းခဲ့ကြသည်။ **(သတင်းစဉ်)**

❁ ရှေ့ဖုံးမှ

လေဆီ ၁၅၀ ခန့် စမ်းသပ်ရရှိခဲ့သည်။ ရေနံနှင့်သဘာဝဓာတ်ငွေ့ ခိုအောင်းမှုပမာဏကို သိရှိနိုင်ရန် ဒုတိယအဆင့် တူးဖော်ခဲ့ရာ ၃-၂-၂၀၁၃ ရက်မှစ၍ အကဲဖြတ်တွင်းအမှတ် အောင်သခ်(၄/၅/၆)တို့ကို တူးဖော်ခဲ့ရာ တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ ၄ ဒသမ ၃၈ ကုဗပေသန်းနှင့် လေဆီ ၂၀ စည် စမ်းသပ်ရရှိခဲ့သည်။ အဆိုပါတွင်းတွင် ထုံးကျောက်လွှာသာမက အောက်ခံကျောက်လွှာ (Basement) အတွင်းတွင်ပါ သဘာဝဓာတ်ငွေ့ ခိုအောင်းနေကြောင်း တွေ့ရှိခဲ့ပြီး တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ ၅ ဒသမ ၀ ကုဗပေသန်းနှင့် လေဆီ ၃၀ စည်ခန့် စမ်းသပ်ရရှိခဲ့သည်။ ၁၀-၅-၂၀၁၃ ရက်တွင် တတိယအကဲဖြတ်တွင်း အောင်သခ်(၆)အား ဆက်လက်တူးဖော်ခဲ့ပြီး တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ ၁၄ ဒသမ ၃၄ ကုဗပေသန်းနှင့် လေဆီ ၂၀၀၀ စည်ခန့် ထပ်မံစမ်းသပ်ရရှိခဲ့သည်။

ဧင်းမုတ္တမကမ်းလွန် လုပ်ကွက် M-3 တွင် ၁၉၈၃ ခုနှစ်ကပင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ 3CA-W, 3CA-X, 3CA-Y နှင့် 3 CA-Z ရှာဖွေရေးတွင်းလေးတွင်း တူးဖော်ခဲ့သည်။ 3CA- Y နှင့် 3CA-Z တို့တွင် အနက်ပေ ၆၀၀၀ နှင့် ၇၀၀၀ ကြားရှိ သဲကြောနှင့် ထုံးကျောက်လွှာများမှ လေဆီနှင့် သဘာဝဓာတ်ငွေ့များ စမ်းသပ်ရရှိခဲ့ပြီး သဘာဝဓာတ်ငွေ့သိုက် ပမာဏကို ခန့်မှန်းတွက်ချက်ခဲ့ပြီးဖြစ်သည်။ ယခုအခါ PTTEPI ကုမ္ပဏီမှ အဆိုပါဧရိယာတွင် အသေးစိတ်တိုင်းတာလေ့လာမှုများ ထပ်မံဆောင်ရွက်ကာ ပထမအဆင့်အဖြစ် ရှာဖွေရေးတွင် အောင်သခ်(၂)ကို တူးဖော်ကာ စမ်းသပ်မှုအရ အဆိုပါဧရိယာ၏ အရှေ့ဘက်ပိုင်းရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်မည့် ဘူမိဗေဒအနေအထားများအား တိုင်းတာတွေ့ရှိကာ ယခု ဒုတိယအဆင့်အဖြစ် အောင်သခ်(၅)နှင့် (၆)တို့ တူးဖော်ခဲ့ရာမှ ထုံးကျောက်လွှာအတွင်း ပိုမိုကောင်းမွန်သော ရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်အား ထပ်မံရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

စွမ်းအင်ဝန်ကြီးဌာနသည် ကုန်းတွင်းနှင့် ကမ်းလွန်ဒေသများတွင် ရေနံနှင့် သဘာဝသိုက်များ ထပ်မံတွေ့ရှိရေးအတွက် ပြည်တွင်း၊ ပြည်ပ ရေနံကုမ္ပဏီများဖြင့် အကျိုးတူပူးပေါင်းလျက် အစဉ်တစိုက်ကြိုးစားရှာဖွေလျက်ရှိပြီး ထပ်မံတွေ့ရှိလာမည့် ရေနံနှင့်သဘာဝဓာတ်ငွေ့များအား ပြည်တွင်းစွမ်းအင်လိုအပ်ချက်အတွက် အဓိကထားကာ သုံးစွဲသွားရန် စွမ်းအင်မူဝါဒချမှတ်ထားပြီးဖြစ်သည်။ သို့ဖြစ်ရာ ယခုအသစ်ထပ်မံတွေ့ရှိလာသည့် အောင်သခ် သဘာဝဓာတ်ငွေ့သိုက်အား ရှာဖွေတူးဖော်ရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး နောက် စီးပွားရေးတွက်ခြေကိုက်မှုပမာဏအား တိကျစွာတွက်ချက်ပြီးပါက ပြည်တွင်းသို့ ဖြန့်ဖြူးနိုင်ရန်အတွက် သဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းမှုများ ဆောင်ရွက်နိုင်ရေး အစီအမံများအဆင့်ဆင့် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သဘာဝသယံဇာတ တိုးပွားရန်နှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန် မျိုးစေ့ချ မြေတောင်မြှောက်

နေပြည်တော် ဇူလိုင် ၆

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၌ ၂၀၁၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ၊ လျှိုပိတ်ဆည်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနား၊ ၂၀၁၂-၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်းနှင့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် အခြေခံပညာအဆင့် ဝန်ထမ်းသားသမီး ကျောင်းသားကျောင်းသူများအား ပညာသင်အသုံးအဆောင်ပစ္စည်းများ ပေးအပ်ခြင်း အခမ်းအနားတို့ကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ရတနာတန်းဝင် ကျွန်းပင်ကို ကျွန်းတစ်အုပ်တစ်မ စိုက်ခင်း၌ စိုက်ပျိုးပေးပြီး ဝန်ထမ်းများက ကျွန်းပင်နှင့် အရိပ်ရလေကာပင်များ စိုက်ပျိုးခဲ့ကြသည်။ ထို့နောက် လျှိုပိတ်ဆည်အတွင်း ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်း၊ မြက်စားငါးကြင်း၊ ငွေရောင်ငါးကြင်း အပါအဝင် ငါးမျိုးစိုက်ထည့်ကြသည်။

ဆက်လက်၍ ဆုချီးမြှင့်ခြင်းနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ တာဝန်ရှိသူတို့က တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် လေးဦး၊ သုံးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၁ ဦး၊ ရိုးရိုးအောင်မြင်သူ ၃၃ ဦးတို့အား ဂုဏ်ပြုဆုနှင့် ဆုငွေများပေးအပ်ခြင်း **(ဓာတ်ပုံ)**၊ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ကျောင်းဝင်ကြေးထောက်ပံ့ငွေနှင့် ပညာသင်အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်တွင် ထူးချွန်ဆုရရှိခဲ့သည့်ဝန်ထမ်းများအား ဂုဏ်ပြုဆုများ ချီးမြှင့်ခြင်းဆောင်ရွက်ကြသည်။

ယနေ့ ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ကံ့ကော်၊ စိန်ပန်း၊ ရေတမာ၊ ကုက္ကို စုစုပေါင်း အပင် ၃၀၀ စိုက်ပျိုးခဲ့ကြောင်း၊ လျှိုပိတ်ဆည်အတွင်း ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်း၊ မြက်စားငါးကြင်း၊ ငွေရောင်ငါးကြင်း စုစုပေါင်း အကောင် ၃၀၀၀ ကို ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်အားအသင့်အတင့်ရှိ ငလျင်လှုပ်

နေပြည်တော် ဇူလိုင် ၆

ယနေ့ နံနက် ၁၁ နာရီ ၄၀ မိနစ် ၁၂ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ တောင်-အရှေ့တောင်ဘက် ၁၇၅၀ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်ပ အင်ဒိုနီးရှားနိုင်ငံ (Southern Sumatra, Indonesia) ကို ဗဟိုပြု၍ အင်အားရစ်ချ် တာစကေး ၆ ဒသမ ၀ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ ၂၀၁၃ ဖွင့်

ရန်ကုန် ဇူလိုင် ၆

ကျောင်းသား လူငယ်များ အသက်မွေး ဝမ်းကျောင်းမှုဆိုင်ရာ အတတ်ပညာများကို တစ်နေရာတည်းတွင် စုံလင်စွာလေ့လာနိုင်စေရန်နှင့် မိမိနှင့်ကိုက်ညီမည့် အလုပ်အကိုင် အခွင့်အလမ်းများကို ရွေးချယ်နိုင်စေရန်အတွက် Dagon Exhibitions Limited က ကြီးမှူးစီစဉ်သော Education & Career 2013 ပညာရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းဆိုင်ရာပြပွဲ ၂၀၁၃ ဖွင့်ပွဲကို ဇူလိုင် ၅ ရက် နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးနှင့် ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာမြင့်သိန်း၊ ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်နှင့် Dagon Exhibitions Limited မှ ဒါရိုက်တာ ဦးအောင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ပြပွဲတွင် ပညာရေးကဏ္ဍအတွက် ပြည်တွင်း၊ ပြည်ပမှ Business Management သင်တန်းကျောင်းများ၊ MBA၊ EMBA သင်တန်းကျောင်းများ၊ LCCI၊ CIMA စာရင်းကိုင်သင်တန်းကျောင်းများ၊ သရုပ်ဆောင်၊ အနုပညာဖန်တီးမှုဆိုင်ရာ သင်တန်းကျောင်းများ၊ နိုင်ငံခြားဘာသာရပ်ဆိုင်ရာ သင်တန်းကျောင်းများ၊ Pre-School များ၊ ပြည်တွင်း၊ ပြည်ပရှိ တက္ကသိုလ်များ၊ College များ၊ နိုင်ငံခြားသို့ သွားရောက်ပညာသင်လိုသူများအတွက် Education Services Company များ ပါဝင်ပြသသည်။ အလုပ်အကိုင်အခွင့်အလမ်းကဏ္ဍအတွက် ဝန်ထမ်းခေါ်ယူမည့်ကုမ္ပဏီများ၊ ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင် ရှာဖွေရေးအေဂျင်စီများက ဒေါက်တာအောင်ထွန်းသက်၊ ဒေါက်တာမြင့်ဦး(ဂျီပီ)၊ ဆရာချစ်ဦးညို၊ ဦးကျော်သူ(PMC) တို့က လူငယ်များအတွက် ပညာရေးနှင့် အခွင့်အလမ်းကောင်းများ ရရှိစေရန် ဆွေးနွေးဟောပြောပွဲများ ပါဝင်ပြသသည့် ကျောင်းများကလည်း သက်ဆိုင်ရာ ဘာသာရပ်အလိုက် ဆွေးနွေးပွဲများဖြင့် ပါဝင်တင်ပြသွားမည်ဖြစ်သည်။ ပြပွဲကို ဇူလိုင် ၅ ရက်မှ ၈ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသမည်ဖြစ်သည်။

(မြန်မာ့အလင်း)

စာအုပ်စာပေ
လှူမိတ်ဆွေ

နိုင်ငံတကာသတင်း

ဘရာဇီးအစိုးရ ဘတ်ဂျက်ငွေ ဖြတ်တောက်မည်

ဘရာဆီးလီးယား ဇူလိုင် ၆

ဘရာဇီးအစိုးရသည် ၂၀၁၃ ခုနှစ်အတွက် ဘတ်ဂျက်ငွေ အမေရိကန်ဒေါ်လာ ၆ ဒသမ ၇ ဘီလီယံကို ဖြတ်တောက်သွားမည်ဖြစ်ကြောင်း ဘရာဇီးဘဏ္ဍာရေးဝန်ကြီး ဂိုင်ဒိုမန်တီလာက ဇူလိုင် ၅ ရက်၌ ပြောကြားသည်။

ဘရာဇီးနိုင်ငံရှိ ဝန်ကြီးဌာနအများအပြားအား ဘတ်ဂျက်ဖြတ်တောက်မှု ပြုလုပ်ခြင်းသည် လူမှုရေးစီမံကိန်းများကို ထိခိုက်မှုမရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေး၊ လုပ်ငန်းအသုံးအဆောင်ပစ္စည်းများဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ စသည်တို့ကို ငွေကြေးဖြတ်တောက်မှု ပြုလုပ်သွားမည်ဖြစ်သည်။

ထိုသို့ ဘတ်ဂျက်ဖြတ်တောက်ခြင်းသည် ဘရာဇီးအစိုးရ၏ ကနဦးရည်မှန်းချက်ဖြစ်သည့် ယခုနှစ် ဂျီဒီပီတိုးတက်မှု ၂ ဒသမ ၃ ရာခိုင်နှုန်းကို ပြည့်မီစေရန် အထောက်အထားပြုရာရောက်စေမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဘရာဇီးနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှေးကွေးနေခြင်းနှင့် ကုန်သွယ်မှု အမြတ်ငွေနည်းပါးနေခြင်းတို့ကြောင့် ဂျီဒီပီတိုးတက်မှုနှုန်း မျှော်မှန်းချက်ကို ထိခိုက်ဖွယ် မရှိကြောင်း၊ ထို့ကြောင့် ဘတ်ဂျက်ငွေဖြတ်တောက်ခြင်းဖြစ်ကြောင်း မန်တီလာက ပြောကြားသည်။ **(ဆင်ဟွာ)**

ကီဆောင်စက်မှုဇုန် ပြန်လည်ဖွင့်လှစ်ရေး တောင်နှင့်မြောက်ကိုရီးယားတို့ ဆွေးနွေးပြီ

ဆိုးလ် ဇူလိုင် ၆

ကီဆောင်စက်မှုဇုန် ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားနှစ်နိုင်ငံတို့ အလုပ်သဘောဆိုင်ရာတွေ့ဆုံဆွေးနွေးပွဲကို နှစ်နိုင်ငံနယ်စပ်ဖြစ်သည့် ပန်မွန်ဂျုန်ရွာ၌ ဇူလိုင် ၆ ရက်က စတင်ဆွေးနွေးကြကြောင်း ယွန်ဟတ်သတင်းဌာနမှ သတင်းထုတ်ပြန်သည်။

တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံတို့မှ ကိုယ်စားလှယ်သုံးဦးစီပါဝင်သော အဆိုပါ ဆွေးနွေးပွဲကို ယင်းနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီက စတင်ကျင်းပခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံဘက် နယ်စပ်တွင် တည်ရှိသော ပန်မွန်ဂျုန်ရွာရှိ အုပ်ချုပ်ရေးရုံး အဆောက်အအုံတွင် ဆွေးနွေးပွဲပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲ၌ သုံးလခန့်ကြာမျှ ပိတ်ထားခဲ့ရသော ကီဆောင်စက်မှုဇုန် ပြန်လည်ဖွင့်လှစ်ရေး မည်သို့ဆောင်ရွက်မည်ကို အဓိကထား ဆွေးနွေးခဲ့ကြသည်။

ယင်းဆွေးနွေးပွဲသို့ တောင်ကိုရီးယားနိုင်ငံ ပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာနမှ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး ဗျူရိုအကြီးအကဲဆူဟို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို စေလွှတ်ခဲ့သည်။

ထို့အတူ မြောက်ကိုရီးယားကလည်း အထူးဖွံ့ဖြိုးရေးဇုန်ဆိုင်ရာ ဗျူရိုအကြီးအကဲ ပက်ချိုလ်ဆူဦးဆောင်သောအဖွဲ့ကို စေလွှတ်ကာ ဆွေးနွေးမှု ပြုလုပ်စေခဲ့သည်။ ဆွေးနွေးပွဲ၌ ကီဆောင်စက်မှုဇုန် ပုံမှန်အတိုင်းဖွင့်လှစ်နိုင်ရန် ထုတ်ကုန်ပစ္စည်းများ၊ အခြားကုန်ကြမ်းပစ္စည်းများကို မည်သို့သယ်ယူမည်နှင့် ကီဆောင်စက်မှုဇုန်ကို မည်သို့ထိန်းသိမ်းမည်ဟူသော အကြောင်းအရာများကို ဆွေးနွေးကြမည်ဖြစ်ကြောင်း ဆွေးနွေးပွဲမစတင်မီ ဆူဟိုက သတင်းထောက်များအား ပြောကြားသည်။

ကီဆောင်စက်မှုဇုန်တွင် တောင်ကိုရီးယားကုမ္ပဏီများမှစက်ရုံ ၁၂၃ ခုရှိနေပြီး မြောက်ကိုရီးယားအလုပ်သမား ၅၃၀၀၀ တို့ လုပ်ကိုင်လျက်ရှိရာ သုံးလကြာပိတ်ထားမှုကြောင့် လုပ်ငန်းများ မလည်ပတ်နိုင်သလို အလုပ်သမားများလည်း လုပ်ငန်းခွင်မဝင်နိုင်ဖြစ်လျက်ရှိသည်။ **(ဆင်ဟွာ)**

ကိုကင်း ၁၀၄ ကီလိုဂရမ် ဘိုလီးဗီးယား သိမ်းဆည်းရမိ

လာပတ် ဇူလိုင် ၆

ဘိုလီးဗီးယားက နိုင်ငံအတွင်း ကိုပါကာဘာနား နယ်စပ်ဒေသမှ ကိုကင်း ၁၀၄ ကီလိုဂရမ်ကို သိမ်းဆည်းရမိခဲ့ကြောင်း အထူးမူးယစ်ဆေးဝါးတိုက်ဖျက်ရေးတပ်ဖွဲ့ (အက်ဖ်အီးအယ်လ်စီအင်န်)က ဇူလိုင် ၅ ရက်တွင် ပြောကြားခဲ့သည်။

သံသယဖြစ်ဖွယ် လူသုံးဦးကိုလည်း တရားမဝင်မူးယစ်ဆေးဝါးရောင်းဝယ်မှုနှင့် ဆက်နွှယ်ပြီး ထိန်းသိမ်းထားကြောင်း၊ အဆိုပါမူးယစ်ဆေးဝါးများသည် ပီရူးနိုင်ငံမှ ဘိုလီးဗီးယားနိုင်ငံသို့ ဦးတည်မောင်းနှင်လာသည့် သင်္ဘောဖြင့် ပို့ဆောင်ခြင်းဖြစ်ကြောင်း၊ နိုင်ငံအနောက်ပိုင်း လာပတ်မြို့ပိုင်နက်အတွင်း ကိုပါကာဘာနားနှင့် ဟူတာဂျာတာ မြို့နှစ်မြို့ နယ်စပ်အကြား မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့သည့် အက်ဖ်အီးအယ်လ်စီအင်န်တပ်ဖွဲ့က ထပ်လောင်းပြောကြားသည်။

အဆိုပါမူးယစ်ဆေးဝါးများနှင့် ပတ်သက်ပြီး မော်တော်ယာဉ်ပေါ်လိုက်လာသူ ဘိုလီးဗီးယားနိုင်ငံသားနှစ်ဦးကိုလည်း ထိန်းသိမ်းထားကြောင်း အက်ဖ်အီးအယ်လ်စီအင်န်ညွှန်ကြားရေးမှူးချုပ် မာရီယိုဆင်တဲလပ်စ်က ပြောကြားခဲ့သည်။

ထောက်လှမ်းရေးဝန်ထမ်းတစ်ဦးက ဟူတာဂျာတာမြို့တွင် ရဲတပ်ဖွဲ့အား လာဘ်ထိုးရန် ကြိုးစားခဲ့သူ တတိယမြောက်သံသယရှိသူတစ်ဦးကိုလည်း ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ပီရူးနိုင်ငံသားဖြစ်သည့် ယင်းသံသယရှိသူသည် နိုင်ငံသုံးနိုင်ငံအကြား မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှု လုပ်ငန်းတစ်ခုကို ဦးဆောင်သူများအနက် တစ်ဦးဖြစ်ဖွယ်ရှိသည်ဟု ယုံကြည်ရကြောင်း ၎င်းအရာရှိကပင် ဆက်လက်ပြောကြား သည်။ **(ဆင်ဟွာ)**

မောင်မွေး ရေးသားသည်

ဒုံးခွင်းဒုံးစနစ် စမ်းသပ်မှုမအောင်မြင်ဟု အမေရိကန်ပြော

ဝါရှင်တန် ဇူလိုင် ၆

အမေရိကန်နိုင်ငံ၏ နိုင်ငံဒုံးကျည်ကာကွယ်ရေးစနစ် နောက်ဆုံးစမ်းသပ်မှု မအောင်မြင်ခဲ့ကြောင်း၊ မြေပြင်အခြေစိုက် ကြားဖြတ်ဒုံးခွင်းဒုံးသည် ပစိဖိတ်သမုဒ္ဒရာပေါ်ဖြတ်၍ ပစ်လွှတ်သော ဖျက်အားပြင်းဒုံးကျည်ကို ကြားဖြတ်ပစ်ချရာတွင် အောင်မြင်မှုမရှိခဲ့ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ဇူလိုင် ၅ ရက်တွင် ပြောကြားသည်။

အမေရိကန်စစ်တပ်အခြေစိုက်ရာ မာရှယ်ကျွန်းစုရှိ ရီအင်ဂျန့် စမ်းသပ်နယ်မြေမှ ပစ်လွှတ်သော တာဝေးပစ်ဒုံးကျည်ကို ဟန့်တားဖျက်ချရာတွင် အောင်မြင်အောင် မစွမ်းဆောင်နိုင်ခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။ ကြားဖြတ်တိုက်ဒုံးကျည်ကို ကယ်လီဖိုးနီးယားရှိ ဗန်ဒန်ဘတ်ချ်လေတပ်စခန်းမှပစ်လွှတ်ခဲ့သည်ဟု ပင်တဂွန်က ပြောကြားသည်။

ယခုစီမံကိန်းအရာရှိများက ဒုံးခွင်းဒုံးကြားဖြတ်ပစ်ချခြင်း အောင်မြင်မှုရရန်အတွက် ပြန်လည်သုံးသပ်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဝန်ကြီးဌာနထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **(ဆင်ဟွာ)**

စစ်တပ်က သမ္မတကို အာဏာသိမ်းဖြုတ်ချပြီးနောက် အီဂျစ်နိုင်ငံတစ်ဝန်း ပဋိပက္ခများပေါ်ပေါက်

ကိုင်ရို ဇူလိုင် ၆

အီဂျစ်သမ္မတ မိုဟာမက်မော်စီအား စစ်တပ်က အာဏာသိမ်းဖြုတ်ချပြီးနောက်ပိုင်း နိုင်ငံရေးနှင့် လူမှုရေးဝရုန်းသုန်းကားဖြစ်နေသည့် အီဂျစ်နိုင်ငံတစ်ဝန်း ပဋိပက္ခများအတွင်း အနည်းဆုံး ၂၄ ဦး သေဆုံးပြီး ရာနှင့်ချီ၍ ထိခိုက်ဒဏ်ရာရကြောင်း ဆင်ဟွာသတင်းတွင် ဇူလိုင် ၆ရက်က ဖော်ပြသည်။

ဒဏ်ရာရရှိ

ကိုင်ရိုမြို့တွင် မော်စီအား နေအိမ်အကျဉ်းချထားသည်ဟု သတင်းအတိအကျရရှိထားသော ရီပတ်ဘလီကန်လုံခြုံရေး အစောင့်အိမ်ရာဝင်းအပြင်ဘက်တွင် လုံခြုံရေးတပ်ဖွဲ့များနှင့် မော်စီထောက်ခံသူများအကြား ထိပ်တိုက်ရင်ဆိုင်မှုဖြစ်ရာ အနည်းဆုံး သုံးဦး သေဆုံးကြောင်း၊ လူဒါဇင်ကျော် ဒဏ်ရာရရှိကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက ဆိုသည်။

လုံခြုံရေးသတင်းအရင်းမြစ်တစ်ရပ်က အသတ်ခံရသူ ရဲဝန်ထမ်း ငါးဦးရှိသွားပြီဖြစ်ကြောင်း ဆင်ဟွာသို့ ပြောကြားသည်။ ဇူလိုင် ၅ ရက် အစောပိုင်းက ရာနှင့်ချီသည့် လက်နက်ကိုင်များသည်အာရစ်ရှ်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ရဲစခန်းတစ်ခုနှင့် လုံခြုံရေး ဂိတ်စခန်းနှစ်ခုတို့ကို လက်နက်ကြီးများ၊ လောင်ချာများ သုံး၍ တိုက်ခိုက်ခဲ့သည်။

သမ္မတမော်စီအား စစ်တပ်က ဖယ်ရှားလိုက်ခြင်းသည် နိုင်ငံအနှံ့အပြား ထိန်းမနိုင်သိမ်းမရဖြစ်ခဲ့ပြီး နိုင်ငံအနှံ့ကန့်ကွက်ဆန့်ကျင်သူ သန်းပေါင်းများစွာ လမ်းမများ၊ ပြည်သူ့ရင်ပြင်များတွင် ဆန္ဒပြကန့်ကွက်ခဲ့ကြသည်။ **(ဆင်ဟွာ)**

မြန်မာ့မီးရထား နေပြည်တော်ဘူတာကြီး၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၆

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ၂၀၁၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို မြန်မာ့မီးရထား နေပြည်တော်ဘူတာကြီး၌ ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်နှင့်ဇနီး ဒေါ်သူဇာဝေတို့က ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် ဦးချန်မောင်၊ တာဝန်ရှိသူများက ရတနာတန်းဝင် ကျွန်းပင်များအားလည်းကောင်း၊ အရာထမ်း/အမှုထမ်းများသည် နှစ်ရှည်ပင်နှင့် အရိပ်ရလေကာပင်များအား လည်းကောင်း စိုက်ပျိုးပေးကြသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား နေပြည်တော်ဘူတာကြီး၌ ၂၀၁၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် ရတနာတန်းဝင်ကျွန်းပင် ၁၀၀အပါအဝင်၊ မဲဇလီ၊ တမာပင်၊ စိန်ပန်းကြီး၊ မန်ကျည်းပင်၊ ငုပင်၊ ပိတောက်ပင်၊ ငုစပ်ပင်၊ အော်ရေးရှား၊ မဟော်ဂနီ စုစုပေါင်းအပင် ၁၀၀၀ကို စိုက်ပျိုးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာ့အားကစားအောင်နိုင်ရေး ပြည်တွင်း ပြည်ပမှ ကုမ္ပဏီပေါင်း ၁၂ ခု စာချုပ်ချုပ်ဆိုထား

နေပြည်တော် ဇူလိုင် ၆

မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာ့အားကစားအောင်နိုင်ရေးအတွက် SPONSOR အဖြစ် ပြည်တွင်း ပြည်ပကုမ္ပဏီပေါင်း ၁၂ ခုနှင့် စာချုပ်ချုပ်ဆိုထားပြီးဖြစ်ကြောင်း ဇူလိုင် ၄ ရက် မွန်းလွဲ ၂ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းတွင် 100 PLUS မှ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်က ပြောကြားသည်။

"ကျွန်တော်တို့အားကစားဝန်ကြီးဌာနက ယခုကျင်းပမယ့် SEA-Games ပြိုင်ပွဲမှာ မြန်မာအသင်း အားကစားအောင်နိုင်ရေးအတွက် ရှေးရှုလုပ်ဆောင်နေပါတယ်။ အဲ့ဒီလိုလုပ်ဆောင်ရာမှာ 100 PLUS လိုပဲ Sponsorship အနေနဲ့ ပြည်တွင်း ပြည်ပ ကုမ္ပဏီပေါင်း ၁၂ ခုနဲ့ စာချုပ်ချုပ်ဆိုထားပြီးပါပြီ။ အဲဒီလို ချုပ်ဆိုထားတဲ့ အထဲမှာ ယခုလက်ရှိ Sponsor ရရှိထားတဲ့ ကုမ္ပဏီတွေက နိုင်ငံတော်ကို ငွေကျပ်သိန်း ၁၀၀ နဲ့ အမေရိကန်ဒေါ်လာ ခုနစ်သောင်း တရားဝင်ပေးသွင်းပြီးပါပြီ။ ပြည်တွင်း ပြည်ပကနေ Sponsor ရရှိထားတဲ့ ကုမ္ပဏီများထံမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၀၀၉ သန်း တန်ဖိုးရှိတဲ့ ပစ္စည်းများရရှိမှာဖြစ်ကြောင်း ရှင်းလင်းပြောကြားလိုပါတယ်။ တခြားကုမ္ပဏီများအနေဖြင့်လည်း Promotion အတွက်ပဲ ဖြစ်ဖြစ်၊ မြန်မာ့အားကစားအောင်နိုင်ရေးအတွက်ပဲ ဖြစ်ဖြစ် မီဒီယာအခန်းကဏ္ဍအနေနဲ့ ပူးပေါင်း ဆောင်ရွက်မယ်ဆိုရင် ကျွန်တော်တို့ အားကစားဝန်ကြီးဌာန အနေနဲ့ ဒါမှမဟုတ် အိုလံပစ်ကော်မတီအနေနဲ့ပဲဖြစ်ဖြစ် တတ်နိုင်သလောက် ကူညီဆောင်ရွက်ပေးမယ်"ဟု မြန်မာ့အားကစား အောင်နိုင်ရေးအတွက် ဝိုင်းဝန်းကူညီပေးရန် ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်က ထပ်မံပြောကြားသည်။

(၂၇)ကြိမ်မြောက် SEA Games အတွက် 100 PLUS အချိုရည် ငါးသိန်းနှင့် အမေရိကန်ဒေါ်လာ ခြောက်သောင်းထောက်ပံ့သူ Fraser and Neaver Pte.Ltd မှ Country Manager Mr.Graham Lim က 100 PLUS အနေဖြင့် မြန်မာနိုင်ငံမှာ ပြုလုပ်မယ့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ပါဝင်ခွင့်ရတဲ့အတွက် ဂုဏ်ယူပါကြောင်း၊ အားကစားကို စိတ်ဝင်စားသော မြန်မာတစ်နိုင်ငံလုံးရှိ ပြည်သူများ အားပေးနိုင်အောင် ရုပ်မြင်သံကြား အစီအစဉ်များမှ တစ်ဆင့်ထုတ်လွှင့်ပေးသွားမှာဖြစ်ပြီး မြန်မာ့အားကစား ရွှေရောင်လွှမ်းစေရန် သတင်းမီဒီယာသမားများ အနေဖြင့် ဆီးဂိမ်းအကြောင်း ပြည်သူများသိရှိနိုင်အောင် အကူအညီပေးကြပါဟု ပြောကြားသည်။

မြန်မာနိုင်ငံတွင် ကျင်းပမည့် (၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲသို့ ပြည်ပကုမ္ပဏီများဖြစ်သည့် ထိုင်းနိုင်ငံမှ ကုမ္ပဏီနှစ်ခုနှင့် စင်ကာပူနိုင်ငံမှ ကုမ္ပဏီတစ်ခုတို့ Sponsor အဖြစ် ပါဝင်စာချုပ်ချုပ်ဆိုထားပြီး အကြီးဆုံး Sponsor အဖြစ် ထိုင်းနိုင်ငံရှိ National ကုမ္ပဏီမှ အမေရိကန်ဒေါ်လာ သုံးသန်းတန်ဖိုးရှိ အားကစားဝတ်စုံနှင့် အားကစားပစ္စည်းများအား ထောက်ပံ့ပေးရန် သဘောတူညီချက်ရရှိထားပြီဖြစ်ကာ အဆိုပါ အားကစားပစ္စည်းများကို ယခု ဇူလိုင်လအတွင်းမှ စတင်၍တင်သွင်းမည်ဟု သိရသည်။

ရဲခေါင်ညွန့်

နိုင်ဂျီးရီးယား စစ်ပြေးဒုက္ခသည် ၁၀၀၀၀ ခန့်ရှိ

နိုင်ဂျီးရီးယားနိုင်ငံတွင် ကြုံတွေ့နေရသော အကျပ်အတည်းများကြောင့် ဒုက္ခသည် ၄၀၀၀ကို ကင်မရွန်းက လက်ခံထားကြောင်း၊ နိုင်ဂျီးရီးယားဒုက္ခသည် အရေအတွက်သည် အိမ်နီးချင်းနိုင်ငံများ၌ ၁၀၀၀၀ခန့်ရှိကြောင်း တာဝန်ရှိသူများကပြောကြားသည်။ အဆိုပါ ဒုက္ခသည်များသည် နိုင်ဂျီးရီးယားစစ်တပ်က နိုင်ငံမြောက်ပိုင်း၌ ထိုးစစ်ဆင်တိုက်ခိုက်ရာမှ ထွက်ပြေးတိမ်းရှောင်လာကြခြင်း ဖြစ်ကြောင်း ကင်မရွန်း တာဝန်ရှိသူများက ပြောကြားသည်။ နိုင်ဂျီးရီးယားနိုင်ငံမှ ထွက်ပြေးလာသူ ဒုက္ခသည် ၄၀၀၀ ကို မိုကိုလိုမြို့အနီး ဒုက္ခသည်စခန်း ထူထောင်ပေးရေး နိုင်ငံတကာကြက်ခြေနီ(အိုင်စီအာစီ)နှင့် ညှိနှိုင်းဆောင်ရွက်နေကြောင်း ကင်မရွန်းမြောက်ဖျားဒေသအုပ်ချုပ်ရေးမှူး ဖွန်ကာအောဝါက ပြောကြားသည်။

အီဂျစ်သမ္မတဖြုတ်ချမှု တူရကီလက်မခံနိုင်

အီဂျစ်နိုင်ငံ၏ ဒီမိုကရေစီ နည်းလမ်းကျ ရွေးကောက်တင်မြှောက်ထားသော သမ္မတ မော်စီကို စစ်အာဏာသိမ်းပြီး တရားမဝင်ဖြုတ်ချခြင်းကို တူရကီနိုင်ငံက ရှုတ်ချကြောင်း၊ ယင်းလုပ်ဆောင်မှုအတွက် လက်မခံနိုင်ကြောင်း ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။ ဒီမိုကရေစီနည်းလမ်းအရ ရွေးချယ်ထားသူ ခေါင်းဆောင်အား စစ်အာဏာသိမ်း၍ ဖြုတ်ချခွင့်မရှိကြောင်း၊ အကယ်၍ ဖြုတ်ချလိုပါက ဆန္ဒမဲပေးဖြုတ်ချနိုင်ပါကြောင်း၊ ယခုကဲ့သို့ ပြုလုပ်ခြင်းကို လက်မခံနိုင်ပါကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီး အာမက်ဒါဗူတိုဂလူက ဇူလိုင် ၄ ရက်က ပြောကြားသည်။ ဇူလိုင် ၃ရက်က ဗိုလ်ချုပ်ကြီး အဗ္ဗဒယ်ဖက်တက်အယ်လ်စီစီက သမ္မတ မော်စီကို ရာထူးမှ ဖယ်ရှားလိုက်သည်။ တရားသူကြီးချုပ် မန်ဆောကို ယာယီသမ္မတအဖြစ် တင်မြှောက်ထားသည်။

ပါကစ္စတန်အစိုးရ ဒေါ်လာ ငါးဘီလီယံကျော်ချေးယူ

ပါကစ္စတန်တွင် ရွေးကောက်တင်မြှောက်ထားသောအစိုးရက နိုင်ငံတကာငွေကြေး ရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)မှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၃ ဘီလီယံ ချေးယူရန် သဘောတူလိုက်သည်။ သုံးနှစ်ကြာ ချေးမည့် အဆိုပါ ချေးငွေများဖြင့် ဘတ်ဂျက်လိုငွေဖြည့်ဆည်းရန်နှင့် စွမ်းအင်ကဏ္ဍတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားမည်ဟု ဆိုသည်။ ဝန်ကြီးချုပ်သစ် နာဝပ်ရှရစ်သည် ပထမဆုံး ပါကစ္စတန်နိုင်ငံ၏ ဒီမိုကရေစီအစိုးရကို ကိုင်တွယ်ရခြင်းဖြစ်သည်။ ၎င်း၏အစိုးရသစ်သည် မကြာခဏ လျှပ်စစ်ပြတ်တောက်မှုနှင့် အခွန်အတုတ်များ တိုးမြှင့်ကောက်ခံနေမှုများကို ဦးစားပေး ကိုင်တွယ်ဖြေရှင်းရမည်ဖြစ်သည်။

မြင့်မောင်စိုး-စုစည်းသည်

မော်တော်ယာဉ်နံပါတ်အလှများ ရောင်းရငွေ ဇွန်လအတွင်း ကျပ်သိန်းပေါင်း ၁၂၉၀ ရရှိ

ရန်ကုန် ဇူလိုင် ၆

ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက "ဇွန်လအတွင်း ကညနတွင် အပူးနံပါတ်အလှ 4 F/8888 ကို အမြင့်ဆုံး ငွေကျပ် ၂၈ သိန်းဖြင့် ရောင်းချနိုင်ခဲ့ကြောင်းနှင့် ဇွန်လအတွင်း နံပါတ်အလှများ၏ ရောင်းရငွေမှာ ငွေကျပ်သိန်းပေါင်း ၁၂၉၀ ရရှိခဲ့ကြောင်း" ပြောကြားသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနများတွင် ဇူလိုင် ၈ ရက်မှစ၍ မော်တော်ယာဉ်နံပါတ်များပေါ်တွင် တိုင်းဒေသကြီး/ပြည်နယ်များ၏ အင်္ဂလိပ်အက္ခရာ အတိုကောက် သင်္ကေတများအဖြစ် ရန်ကုန်တိုင်း (YGN)၊ ဧရာဝတီတိုင်း (AYY)၊ မကွေးတိုင်း (MGY)၊ မန္တလေးတိုင်း (MDY)၊ ပဲခူးတိုင်း (BGO)၊ စစ်ကိုင်းတိုင်း (SGG)၊ တနင်္သာရီတိုင်း (TNI)၊ ကချင်ပြည်နယ် (KCN)၊ ချင်းပြည်နယ် (CHN)၊ ရှမ်းပြည်နယ်(SHN)၊ ရခိုင်ပြည်နယ် (RKE)၊ ကယားပြည်နယ် (KYH)၊ ကရင်ပြည်နယ် (KYN)၊ မွန်ပြည်နယ်(MON)တို့ သတ်မှတ်ခဲ့ကြောင်း သိရသည်။ ယခုအခါ မူသေအမှတ် ၄၈/ ၈၀၀၀ မှစ၍ အင်္ဂလိပ်အက္ခရာ နံပါတ်များ ထုတ်ဝေမည်ဖြစ်ရာ ဇူလိုင် ၃ ရက်တွင် ရန်ကုန်တိုင်း သင်္ကေတဖြစ်သည့် YGN ဖြင့် 4F/8--- နံပါတ်များကို ထုတ်ပေးပြီးဖြစ်ကြောင်း သိရှိရသည်။ **အေးကို**

အနောက်ကမ်းဖြူကျေးရွာ တိုက်နယ်ဆေးရုံ တည်ဆောက်မည်

မကွေး ဇူလိုင် ၆

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် အနောက်ကမ်းဖြူကျေးရွာ၌ တိုက်နယ်ဆေးရုံကြီး တည်ဆောက်ရန် စီစဉ်နေပြီဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် အနောက်ကမ်းဖြူကျေးရွာ အပါအဝင် အနီးဝန်းကျင်ရှိကျေးရွာ ၁၁ အုပ်စုနှင့် နယ်မြေချင်း ထိစပ်လျက်ရှိသော ပခုက္ကူမှ ကျေးရွာ ၃၂ ရွာတို့၏ ကျန်းမာရေးပြဿနာများ မကြာခဏကြုံတွေ့နေရသည်။ ထို့ကြောင့် ကျေးရွာပြည်သူနှင့် ဒေသခံ တာဝန်ရှိသူများ ပူးပေါင်းမှုဖြင့် အနောက်ကမ်းဖြူကျေးရွာ၌ တိုက်နယ်ဆေးရုံကြီး တည်ဆောက်ရန် ဆောင်ရွက်လျက်ရှိသည်။ တိုက်နယ်ဆေးရုံဖြစ်မြောက်ရေးအတွက် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနှင့် ဒေသခံတာဝန်ရှိသူများ၊ ကျေးရွာပြည်သူများက သက်ဆိုင်ရာ ကျန်းမာရေးဦးစီးဌာနထံမှ ခွင့်ပြုချက်တောင်းခံထားပြီဖြစ်သည်။

အနောက်ကမ်းဖြူကျေးရွာသည် ဆိပ်ဖြူမြို့မှ ၂၇ မိုင်၊ ပခုက္ကူမြို့မှ ၃၆ မိုင်ကွာဝေးပြီး ပခုက္ကူမြို့နယ် ကျေးရွာများနှင့် နယ်မြေချင်းထိစပ်လျက်ရှိသော အုပ်စုကျေးရွာကြီးဖြစ်သည်။ ဒေသခံပြည်သူများသည် အများအားဖြင့် လယ်ယာ၊ ခြံမြေလုပ်ငန်းများ လုပ်ကိုင်ကြသည်။ နိုင်ငံ့ဝန်ထမ်းများလည်း နေထိုင်ကြသည်။ ဘဲကျ၊ ဆားလောက်၊ အနောက်ကမ်းဖြူ သုံးရွာပေါင်း တစ်အုပ်စုဖြစ်ပြီး လူဦးရေ ၃၀၀၀ ကျော်ခန့်နေထိုင်ကြောင်း သိရသည်။

ဆေးရုံဖြစ်မြောက်ရေးအတွက် ကျေးရွာအကျိုးတော်ဆောင် ကျောင်းဆရာ ဦးကျော်ဆန်းဝင်းက "တိုက်နယ်ဆေးရုံကြီးအတွက် ဒေသခံပြည်သူတွေရဲ့ အားတက်သရော မတည်လှူဒါန်းငွေကျပ် ၁၃၂ သိန်းနဲ့အတူ ဆေးရုံတည်ဆောက်ရန် မြေနေရာကိုလည်း အလှူရှင်ရထားပြီးပါပြီ။ သက်ဆိုင်ရာဌာနတွေရဲ့ ခွင့်ပြုချက်နဲ့ အကူအညီတွေရယူဖို့ ဆောင်ရွက်နေတာပါ" ဟု ပြောကြားခဲ့သည်။

ပိုင်ဇေ(မကွေး)

ပျဉ်းမနားပြည်သူ့ဆေးရုံဝင်း ဝန်ထမ်းနေတန်းလျား၌ မီးလောင်မှုဖြစ်

ပျဉ်းမနား ဇူလိုင် ၆

ပျဉ်းမနားမြို့နယ် ပြည်သူ့ဆေးရုံ ဝန်ထမ်းအိမ်ရာ၌ ဇူလိုင် ၅ ရက်က မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(အောက်ပုံ)**

ဖြစ်စဉ်မှာ ပျဉ်းမနားမြို့ ခုတင် ၂၀၀ ပြည်သူ့ဆေးရုံ မြောက်ဘက်တွင် နှစ် ၅၀ ခန့်သက်တမ်းရှိ ကိုယ်ထူကိုယ်ထ တည်ဆောက်ထားသော အခန်းသုံးခန်းပါတန်းလျားတွင် ဝန်ထမ်းသုံးဦးနေထိုင်ရာ အိမ်ခန်းရှေ့ကပ်လျက်ရှိ ညောင်ပင်ဘုရားစင်၌ တပ်ဆင်ထားသော ဝိုင်ယာကြိုးမှ ရှော့ခ်ဖြစ်ပြီး နေအိမ်တန်းလျားလောင်ကျွမ်းခဲ့ကြောင်း သိရှိရသည်။ (၁၄၅)

ရောင်းမည်

ပေ (၂၀×၆၀)၊ RCသိန်း(၅၁၀) ညှိနှိုင်း။
မြောက်ဒဂုံ၊ ၄၂ရပ်ကွက်၊
ခေမာမှတ်တိုင်အနီး။
ဖုန်း-၀၉-၅၀၁၈၀၇၆

CNG TAXI

ရောင်းမည် (ကားကောင်း)

2002/AA ညှိနှိုင်းဈေး
ဖုန်း-၀၉-၄၃၁၁၀၈၉၀၊
၀၉-၇၃၂၁၆၄၆၀

25တန်ကာရိန်း

၄ားရန်ရှိသည်
အမှတ်၄၂ပန်းပဲခေါင်းမောင်ခက်လမ်း၊
ဝို့(၄)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း -၀၉၅၁၂၀၄၇၇

Y.E.S. Since 1994
ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
International English Language Centre
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ/အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများ အတွက်

Basic Spoken English
Mon to Thurs-7:30-9:30am 15,29 Jul
MontoThurs-3:00-5:00pm 15,29 Jul
Mon to Thurs-5:00-7:00pm 23 Jul
Sat & Sun -3:45-6:45pm 27 Jul
Mon to Thurs-1:00-3:00pm 29 Jul

Pre-Intermediate English
Mon to Thurs-10:00-12:00am 8 Jul
Mon to Thurs-5:00-7:00pm 8 Jul
Sat & Sun -12:30-3:30pm 20 Jul
Mon to Thurs-7:30-9:30am 23 Jul

Intermediate English
Mon to Thurs-1:00-3:00pm 15 Jul

Vocabulary Enrichment Course
Mon to Thurs- 3:30-5:00pm 29 Jul

Grammar Foundation Course
Mon to Thurs- 7:30-9:30am 23 Jul
Mon to Thurs- 3:30-5:00pm 29 Jul

Structure & Written Expression
Sat & Sun - 9:00-12:00am 20 Jul
Mon to Thurs- 10:00-12:00am 23 Jul
Sat & Sun - 12:30-3:30pm 27 Jul

Basic Writing Course
Mon to Thurs- 3:00-5:00pm 15 Jul
Sat & Sun - 3:45- 6:15pm 20 Jul
Mon to Thurs- 10:00-12:00am 23 Jul

IELTS, IELTS(Speaking), SAT, API, AWC

No.190, 2nd Flr:,28thSt:(Upper), Pabedan Tsp. ☎ 243950

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

မှားတတ်သော စာလုံးပေါင်းအချို့

မောင်ခင်မင်(ဓနုဖြူ)

မိန်းကလေးသုံးယောက် ကျွန်တော့်အိမ်ကို မနေ့က ရောက်လာကြသည်။ မူလတန်းမှာ မြန်မာစာသင်နေသော ဆရာမကလေးများဟု သိရသည်။ ကျွန်တော့်ကို စာမေးဖို့လာကြခြင်းဖြစ်သည်။ အကျိုးအကြောင်း မေးကြည့်တော့ သူတို့က ပြောသည်။

"အသံတူပြီး စာလုံးပေါင်းကွဲတဲ့ စာလုံးတွေကို ယှဉ်တွဲပြီးမှတ်ရင် ပိုမှတ်မိလွယ်တယ်လို့ ဆရာရေးတာဖတ်ရပါတယ်ဆရာ။ သမီးတို့လည်း အဲဒီလိုမှတ်ဖို့ မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းကို ကြည့်တော့မှတ်စရာတွေ အများကြီး ဖြစ်နေပါတယ်။ ဒါကြောင့် ဘယ်လိုစာလုံးမျိုးတွေကို ဦးစားပေးပြီး မှတ်ရမယ်ဆိုတာ ညွှန်ပြပေးပါဆရာ"

သူတို့ပြောတာလည်း ဟုတ်တန်သလောက်ဟုတ်ပါသည်။ မြန်မာစာအဖွဲ့က ပြုစုထားသော 'မြန်မာစာလုံးပေါင်း သတ်ပုံကျမ်းနှင့် ခွဲထား'ဆိုသော စာအုပ်ကလေးတွင် ခွဲထားသောအပိုင်းမှာ ယှဉ်တွဲကြည့်စရာဆင်တူစာလုံးများကို ယှဉ်ပြထားသည်။ သို့သော် စာလုံးတွေက များလွန်းနေသည်။ အကုန်မှတ်ဖို့မလွယ်လှပါ။ ကျွန်တော်က ရှင်းပြရသည်။

"အဲဒီစာလုံးတွေထဲက အသုံးများပြီး မှားလည်းမှားတတ်တဲ့ စာလုံးတွေကို ဦးစားပေးပြီး မှတ်ဖို့ကောင်းတာပေါ့။ မှားလေ့မရှိတဲ့ စာလုံးတွေကိုတော့ အထူးတလည်ယှဉ်တွဲ မှတ်စရာမလိုဘူးပေါ့ကွယ်။ ဆိုပါဦး။ တောထဲကကျားကို ယပင့်နဲ့ရေးရတယ်။ နားနဲ့ကြားတာတို့၊ လမ်းကြားတို့ကို ရရစ်နဲ့ရေးရတယ်။ ဒီစာတွေဟာ မှားလေ့မရှိတဲ့ စာလုံးတွေမဟုတ်လား။ ကျားကို ဘယ်သူမှ ရရစ်နဲ့ရေးမှာမဟုတ်ဘူး၊ လမ်းကြားကိုလည်း ယပင့်နဲ့ရေးမှာမဟုတ်ဘူး။ ဒီစာလုံးတွေက စာလုံးပေါင်းသတ်ပုံမှားတတ်တဲ့ စာလုံးတွေမဟုတ်ဘူးလေ"

"ဟုတ်ပါတယ်ဆရာ၊ အဲဒီစာလုံးတွေကို သမီးတို့ ဘယ်တုန်းကမှ စာလုံးပေါင်း မှားမရေးကြပါဘူး"

"ဒါပေမယ့် မှားတတ်တဲ့ စာလုံးတွေရှိတယ်။ ယပင့်နဲ့ ရရစ်ကိုပဲ အရင်ကြည့်ရအောင်။ ကျူးကျော်ကို ယပင့်နဲ့ရေးပြီး ကြူးလွန်ကျတော့ ရရစ်နဲ့ရေးတယ်။ 'ကျူး'က ကျော်လွန်တဲ့အဓိပ္ပာယ်၊ 'ကြူး'က လွန်ကဲတဲ့အဓိပ္ပာယ်ရှိတယ်။ ဒီတော့ အဲဒီစာလုံးနှစ်လုံးကိုတွဲပြီး မှတ်ထားရင်မမှားတော့ဘူးပေါ့။ အဲဒီလိုပဲ ချစ်ကြိုက်တာတို့၊ တူးချစ်သွားတာတို့ကို ယပင့်နဲ့ရေးပြီး ကုတ်ခြစ်တာကို ရရစ်နဲ့ရေးတယ်"

"ဟုတ်ကဲ့၊ 'ချစ်'နဲ့'ခြစ်'ကိုလည်း ယှဉ်တွဲမှတ်သင့်တာပေါ့နော် ဆရာ"။

"ဒါပေါ့။ သမီးတို့ ဂရုတစိုက်ယှဉ်တွဲမှတ်ဖို့ စာလုံးနှစ်လုံးရှိသေးတယ်။ 'အများအပြား'မှာ များကို ယပင့်နဲ့ရေးပြီး 'အမြောက်အမြား' ကျတော့ 'မြား'ကို ရရစ်နဲ့ရေးရတယ်"

"ဘာဖြစ်လို့ပါလဲ ဆရာ"

"မြောက်မြားဆိုတာ အလွန်များတယ်လို့ အဓိပ္ပာယ်ရှိတဲ့စကားလုံးပဲ။ ရှေးကတည်းက အမြောက်အမြား၊ မြောက်မြားစွာလို့သုံးတယ်။ များနဲ့အဓိပ္ပာယ်တူပေမယ့် ရင်းမြစ်ချင်းမတူဘူးလို့ဘဲ မှတ်ထားပါ။ များစွာ အများလို့ရေးရင်ယပင့်နဲ့ ရေးရပေမယ့်'မြောက်မြားစွာ၊ အမြောက်အမြား' လို့ရေးရင် ရရစ်နဲ့ရေးမှမှန်တယ်"

"သမီးတို့ မှတ်ထားပါမယ့်ဆရာ"

"ကဲ 'ငြ'နဲ့'ည'ဟာလည်း အသံတူပြီး စာလုံးကွဲတာနဲ့ မကြာခဏ မှားလေ့ရှိတယ်။ဟိုတစ်ခါ ဆရာရေးတဲ့ 'ကြော်ငြာ'နဲ့'ကြေညာ'လိုပေါ့။ ယှဉ်တွဲကြည့်စရာ စကားလုံးတွေက 'ငြီး'နဲ့ 'ညီး'၊ 'ငြူ'နဲ့ 'ညူ'၊ 'ငြို'နဲ့ 'ညို'။ငြင်းနဲ့ 'ညင်း'ဆိုတဲ့ စကားလုံးတွေပဲ။ ဒီစကားလုံးတွေက အသုံးလည်းများတယ်။ မှားလည်းမှားတတ်တယ်။

"'ငြီး"က ငြီးငွေ့တဲ့အဓိပ္ပာယ် "ငြီးစီစီ"တို့၊ ငြီးစော်နံတို့မှာ သုံးတယ်။ မနှစ်သက်စရာကောင်းတဲ့ သဘောပါ။ 'ညီး'ကတော့ အလွန်တောက်ပထွန်းလင်းတဲ့ အဓိပ္ပာယ်ပဲ။ မီးရောင်တညီးညီးလင်းနေတယ် ဆိုတာမျိုးပေါ့။ 'ငြူ'က ငြူစူတာ၊'ညူ'က ညည်းညူတာ၊ 'ငြို'က ငြိုငြင်တာ၊'ညို'က ကြည်ညိုတာ၊ 'ငြင်း'က ငြင်းဆန်တာ၊ ငြင်းပယ်တာ ငြင်းခုံတာ၊ 'ညင်း'က ဖြည်းညင်းသာယာ ညင်းပျောင်းဆိုတဲ့ အဓိပ္ပာယ်ရှိပါတယ်။ အသုံးတွင်ကျယ်သလောက်မှားနိုင်တဲ့ စာလုံးတွေမို့ သမီးတို့ ဂရုစိုက်ပြီး ယှဉ်တွဲမှတ်သားဖို့ကောင်းပါတယ်"

သူတို့တော်တော်ဘဝင်ကျသွားပုံရသည်။ "ဟုတ်ပါတယ်ဆရာ အဲဒီစာလုံးတွေ သမီးတို့ ခဏခဏမှားပါတယ်။ယှဉ်တွဲပြီး မှတ်ထားပါမယ် ဆရာ" ဟု ပြောကြသည်။

"နောက်တစ်တွဲက 'ဖူး'နဲ့ 'ဘူး'ပေါ့။ 'ဖူး'ကတော့ ကလေးတွေ 'ဖူးမှတ်တာ'မှာပဲ သုံးတယ်။ 'ဘူး'ကတော့ 'ဘူးသီး'၊'ဆေးဘူး'၊'မဟုတ်ဘူး' ဆိုတာတွေ အများကြီးသုံးပါတယ်။

"'ယ'နဲ့'ရ'လည်း အသံတူတော့ မှားနိုင်တာတွေရှိတယ်။လက်နဲ့ယက်တာတို့ ယက်ကန်ယက်ကန်ဖြစ်နေတာတို့ကို ယပက်လက်နဲ့ရေးတယ်။ ရက်ကန်းရက်တာကိုတော့ ရကောက်နဲ့ရေးတယ်။ အဲ. . 'ယောင်ယမ်း'နဲ့ 'ရောင်ရမ်း'လည်း မှားတတ်တာပဲ။ 'ယောင်ယမ်း'ဆိုတာက ယောင်ယမ်းပြီးပြောတာ၊ ကယောင်ကတမ်း ပြောတာ။ 'ရောင်ရမ်း'ဆိုတာက တစ်ကိုယ်လုံးဖောရောင်နေတာမျိုးမှာ သုံးပါတယ်။

"တစ်ဆက်တည်းပြောချင်တာက အသံချင်းထပ်တူမဟုတ်ဘဲ အသံချင်းနီးစပ်တဲ့ စာလုံးတချို့လည်း စာလုံးပေါင်းသတ်ပုံ မှားရေးတတ်တာတွေ ရှိတယ်။ မြန်မာစာလုံးပေါင်းသတ်ပုံ မှားရေးတတ်တာတွေရှိတယ်။ မြန်မာစာလုံးပေါင်း သတ်ပုံကျမ်းမှာ ကွဲကွဲပြားပြား ခွဲပြထားတယ်"

"ဘာစာလုံးတွေပါလဲဆရာ"

"'ပဲ'နဲ့ 'ဘဲ'၊ 'ဖူး'နဲ့'ဘူး'၊ 'ဖက်'နဲ့ 'ဘက်'ဆိုတဲ့ စာလုံးအတွဲတွေပဲ"

"ရှင်းပြပါဦးဆရာ"

"'ပဲ'နဲ့'ဘဲ'က တချို့နေရာမှာ အသံတူပြီး တချို့နေရာမှာ အသံကွဲတယ်။ 'ပဲ'က 'ဒါကျွန်မအဖေပဲ'၊ 'သူကတော်တော်ဆိုးတာပဲ'၊ 'သူလာမှ မလာတာပဲ' ဆိုတာမျိုး လေးနက်အောင်ပြောတာမျိုးမှာ သုံးတယ်။ 'ဘဲ'ကတော့ မဟုတ်ကြောင်းပြတဲ့အဓိပ္ပာယ်နဲ့ သုံးတယ်။ 'မ'နဲ့'ဘဲ'ကို ကြိယာရဲ့ ရှေ့နောက်မှာကပ်ပြီးသုံးတယ်။ 'မသွားဘဲ'၊ 'မစားဘဲ'၊ 'မကောင်းဘဲ' ဆိုတာမျိုးပေါ့။

"'ဖူး'နဲ့ 'ဘူး'ကတော့ 'ရောက်ဖူးတယ်'၊ 'စားဖူးတယ်' ဆိုရင်'ဖူး'ကို သုံးပြီး 'မသွားဘူး'မလာဘူးဆိုရင် 'ဘူး' ကို သုံးတယ်။ အဲ-မဟုတ်သဘောနဲ့သုံးရင် 'မစားဖူးဘူး'လို့ သုံးတာပေါ့။ 'ဖက်'နဲ့ 'ဘက်'လည်း တချို့နေရာမှာ အသံတူပြီး တချို့နေရာမှာ အသံကွဲတယ်။ 'တစ်ဖက်နှစ်ဖက်'ဆိုတာမျိုး ဂဏန်းနဲ့တွဲသုံးတာ 'အဖော်အဖက်၊ ပေါင်းဖက်'လို့သုံးတာတွေမှာ 'ဖက်'လို့ သုံးတယ်။ တောင်ဘက်၊ မြောက်ဘက်၊ သူ့ဘက်၊ ကိုယ့်ဘက်၊ ညာဘက်၊ ဟိုဘက်ဆိုပြီး နေရာကို ညွှန်းရင်တော့ 'ဘက်'လို့ သုံးတယ်။ မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းမှာ အဲဒီလိုခွဲပြထားတယ်"

"သမီးတို့ တော်တော်ရှင်းသွားပါပြီဆရာ"

"အင်း. . . အခုပြောတာတွေက တသတ်၊ ပသတ်လို အသတ်တွေ မပါသေးဘူး။ အသတ်ချင်းလည်း သတ်ပုံမှားတတ်တာမို့ အသတ်တွေကိုလည်း အခုလိုပဲ ယှဉ်တွဲကြည့်ဖို့ကောင်းတယ်။ နောက်တစ်ကြိမ် ပြောကြတာပေါ့"

"ကျေးဇူးတင်ပါတယ် ဆရာ"

ကလေးမြို့ သီတဂူစက္ခုဒါန လှူဒါန်း

ကလေး ဇူလိုင် ၆

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် အဋ္ဌမအကြိမ်မြောက် သီတဂူစက္ခုဒါနလှူဒါန်းပွဲကြီးကို ကမ္ဘာ့သာသနာပြု သီတဂူဆရာတော်ကြီးနှင့် ကလေးမြို့ မဟာသန္တာရုံ ဆရာတော်တို့ ဦးဆောင်၍ စစ်ကိုင်းမြို့ အာယုဒါနဆေးရုံတော်ကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်ဇော်၊ ဒေါက်တာဒေါ်မိမိခင်၊ ဒေါက်တာဦးမင်းသီဟနှင့် သီတဂူဆေးရုံဝန်ထမ်းများ၊ ဆေးရုံတော်သို့ လာရောက်လုပ်အားဒါနပြုသူ ကလေးမြို့ဆရာဝန်တို့က ဇွန် ၂၂ ရက်မှ ၂၈ ရက်အထိ ပြုစုကုသပေးခဲ့ရာ မျက်စိခွဲစိတ်ကုသပေးခဲ့သည့် လူနာပေါင်း ၃၀၃ ဦး၊ စမ်းသပ်ကြည့်ရှုပေးသော လူနာပေါင်း ၁၆၆၁ ဦး၊ ဆေးရုံတင်သော လူနာပေါင်း ၁၇၄၃ ဦး၊ သီတဂူဆေးရုံ(စစ်ကိုင်း)သို့ စေလွှတ်ကုသရန် လွှဲပြောင်းပေးရသူ ၁၃ ဦး၊ နောက်တစ်ကြိမ်ခွဲစိတ်ကုသရန် စမ်းသပ်ထားသောလူနာ ၈၇ ဦးရှိကြောင်း သိရသည်။

စက္ခုဒါနလှူဒါန်းမှုကြောင့် မျက်စိအလင်းပြန်ရလာသူ တမူးမြို့နယ် အမှတ်(၆)မူလွန် ပရဟိတကျောင်းတွင် စာသင်ကြားပေးနေသူ ကျောင်းဆရာမ ဒေါ်မေမျိုးသွင်က ရင်တွင်းစကားပြောကြားရာတွင် "ကျွန်မရဲ့ မျက်စိက ယခင်ကဆိုရင် နှစ်ပေကျော်လျှင် လုံးဝကို မမြင်ရပါဘူး။ မျက်မှန်ပါဝါ ၇၀၀ တပ်ရပါတယ်။ ကျောင်းသားတွေကို စာပြတော့မယ်ဆိုလျှင် လျှောက်လွှာစက္ကူပေါ်တွင် ဆော့ပင်အကြီးဖြင့် စာလုံးကြီးကြီးရေးပြီး စာသင်ရပါတယ်။ အခုတော့ ဆရာတော်ကြီးများရဲ့ ကျေးဇူးကြောင့် မျက်စိနှစ်ဖက်စလုံး ကြည်ကြည်လင်လင် ပြန်မြင်နေရပါပြီ"ဟု ဝမ်းသာပီတိစကား ပြောကြားသည်။

ကလေးမြို့ သီတဂူဆေးရုံကြီးသို့ ဂန့်ဂေါ၊ မင်းကင်း၊ တမူး၊ တီးတိန်၊ ဖလမ်း၊ ဖောင်းပြင်၊ ကနီ၊ ကန်ပက်လက်မြို့နယ်များမှ မျက်စိစမ်းသပ် လာရောက်ကုသကြကြောင်း သိရသည်။

သျှင်နေမင်း

အာရှယူ-၁၉ ပြိုင်ပွဲအတွက် မြန်မာအမျိုးသမီးအသင်း ပြင်ဆင်

ရန်ကုန် ဇူလိုင် ၆

တရုတ်နိုင်ငံတွင် ကျင်းပမည့် အာရှယူ-၁၉အမျိုးသမီး ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာလူငယ် ယူ-၁၉ အမျိုးသမီးအသင်းသည် ဇွန်လ စတုတ္ထအပတ်မှစ၍ လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်နေကြောင်း၊ ယင်းအသင်းအတွက် နိုင်ငံခြားသားနည်းပြခန့်အပ်ခြင်းမရှိသေးကြောင်း လက်ရှိတွင် ဦးဘုန်းနိုင်နှင့် ဒေါ်နုနုခိုင်ဝင်းတို့က လေ့ကျင့်ပေးလျက်ရှိကြောင်း၊ မြန်မာအသင်းမှာ အာဆီယံဒေသတွင်း ပြိုင်ဘက်များဖြစ်သည့် ထိုင်းနှင့် ဗီယက်နမ်အသင်းတို့ကို ကျော်ဖြတ်ကာ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ရွှေထူး

အောင်မင်္ဂလာအဝေးပြေးကားဂိတ် စည်းကမ်းကျနရေးနှင့် လူခေါ်ပွဲစားလျော့ပါးရေးလိုအပ်

ရန်ကုန် ဇူလိုင် ၆

ရန်ကုန်မြို့ရှိ အောင်မင်္ဂလာ အဝေးပြေးကွင်းအတွင်း လူခေါ်ပွဲစားများ၊ တက္ကစီယာဉ်များနှင့် ယာဉ်ကြောပိတ်ဆို့မှုများကြောင့် ခရီးသွားပြည်သူများ အနှောင့်အယှက်ဖြစ်နေကြကြောင်း သိရသည်။

"အောင်မင်္ဂလာ အဝေးပြေးကွင်းကနေ မြန်မာတစ်နိုင်ငံလုံးကို ခရီးသည်မော်တော်ယာဉ်တွေ ထွက်ရှိနေပါတယ်။ အချက်အချာအကျဆုံး ခရီးသွား အဝေးပြေးကားကွင်းကြီးမှာ စည်းကမ်းမဲ့ ယာဉ်ရပ်နားမှုတွေကြောင့် ယာဉ်ကြောပိတ်ဆို့မှုတွေက အဆိုးဆုံးအခြေအနေဖြစ်နေပြီး တစ်လမ်းမောင်းစနစ် ကျင့်သုံးထားတဲ့အတွက် အဝေးပြေးကားတစ်စီး ကွင်းအပြင်လမ်းပေါ်ရောက်ဖို့အတွက် ၁၅ မိနစ်မှ မိနစ် ၄၀ ကျော်အထိ စောင့်ဆိုင်းနေရပါတယ်။ ကားတွေစည်းကမ်းမရှိတာအပြင် ပုဂ္ဂလိကခတ်ဆီဆိုင်ကြီး တစ်ဆိုင်ကလည်း ကားကွင်းရဲ့ အဓိကနေရာမှာရှိနေလို့ ယာဉ်ကြောပိတ်ဆို့ရပါတယ်။ နောက်တစ်ချက်ကတော့ လူခေါ်ပွဲစားတွေက ရှိရင်းစွဲဂိတ်တွေထက် များနေတဲ့အတွက် ခရီးသည်တွေ အနှောင့်အယှက်ဖြစ်နေရတယ်"ဟု အောင်မင်္ဂလာအဝေးပြေး ကားကွင်းအတွင်းရှိ အဝေးပြေးယာဉ်လိုင်းတစ်ခုမှ တာဝန်ခံတစ်ဦးက ပြောကြားသည်။

"အောင်မင်္ဂလာ ကားကွင်းအတွင်းမှာ ခရီးသည် ခေါ်ပေးနေတဲ့ ပွဲစားပေါင်း ၃၀၀ ကျော်ရှိပြီး ဂိတ်စုစုပေါင်း ၁၈၅ ဂိတ် ရှိပါတယ်။ ဘတ်စ်ကားနဲ့ တက္ကစီပေါ်က ဆင်းလာတဲ့ ခရီးသွားကြမယ့်သူတွေကို ခရီးစဉ်အလိုက် မိမိတို့ဆိုင်ရာ အဝေးပြေးကားတွေနဲ့ ချိတ်ဆက်ပေးနေကြသူတွေ ဖြစ်ပါတယ်။ ခရီးစဉ်အကွာအဝေးအလိုက် မော်တော်ယာဉ်လိုင်းတွေက လူခေါ်ပွဲစားကို ခရီးသည်တစ်ယောက် ငွေကျပ် ၅၀၀ ကနေ ငွေကျပ် ၄၀၀၀ အထိ ပေးနေကြရတယ်။ အချို့ လူခေါ်ပွဲစားတွေက ခရီးသည်တွေဆီကနေ ပြန်လည်ပြီး ငွေကြေးတောင်းခံသေးတယ်"ဟု အောင်မင်္ဂလာအဝေးပြေးကားကွင်းရှိ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ခရီးသွားလာရေး ကဏ္ဍအချက်အချာကျသည့် အောင်မင်္ဂလာ အဝေးပြေးကားကွင်းအတွင်း စည်ပင်သာယာရေး၊ မထသ(အဝေးပြေး) ပို့/ဆက်/မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စည်ပင်ရဲတပ်ဖွဲ့၊ လေ့ကျင့်ရေးတပ်ရင်းများနှင့် ပူးပေါင်းအဖွဲ့များ ဖွဲ့စည်းထားသော်လည်း နေ့စဉ်ယာဉ်ကြောပိတ်ဆို့မှုနှင့် လူခေါ်ပွဲစားများ ခြေချင်းလိမ်ကာ လှုပ်ရှားနေကြသည်ကို တွေ့မြင်ရသည့်အပြင် အမျိုးသမီးငယ်လေးများ တစ်ဦးတည်းသွားလာရန်မသင့်ဘဲ အော်ဟစ်နောက်ပြောင်ခြင်း၊ လမ်းလျှောက်နေစဉ်ကားလက်မှတ်ဝယ်ယူရန် အတင်းအဓမ္မလိုက်လံရောင်းချခြင်း၊ ပစ္စည်းအပျောက်အရှနှင့် ငွေကြေးဆုံးရှုံးမှုများခံနေကြရသည့်အပြင် အရည်အသွေးဝန်ဆောင်မှု အားနည်းသည့် ယာဉ်လိုင်းအများစုနှင့် လူခေါ်ပွဲစားများ ချိတ်ဆက်လှုပ်ရှားနေကြခြင်းကြောင့် ခရီးသွားများ ငွေကုန်ကြေးကျများကာ ဝန်ဆောင်မှုများ ဆုံးရှုံးလျက်ရှိနေကြောင်း သိရသည်။

"ကျွန်တော်တို့ဘက်ကတော့ ကားသစ်တွေ အစားထိုးတင်သွင်းနေပါတယ်။ ဝန်ဆောင်မှုတွေကိုလည်း ကားဂိတ်အသီးသီး ပွင့်လင်းစွာနဲ့ ယှဉ်ပြိုင်ပါတယ်။ ဒါပေမယ့် လူခေါ်ပွဲစားတွေက သူတို့ကိုပေး မစားတဲ့ ဂိတ်ကိုနာမည်ပျက်အောင် မကောင်းပြောတတ်သလို ရရှိတဲ့အမြတ်ထဲကလည်း လူတစ်ယောက် ငွေကျပ် ၅၀၀ ကနေ ငွေကျပ် ၄၀၀၀ အထိ ခွဲဝေပေးနေရလို့ ရေရှည်မှာ မလွယ်ပါဘူး" ဟု အဝေးပြေးယာဉ်လိုင်းဥက္ကဋ္ဌတစ်ဦးက လက်ရှိအခြေအနေကို ရှင်းပြသည်။

ယခုကဲ့သို့ ကားလမ်းကြောပိတ်ဆို့ခြင်း၊ တက္ကစီနှင့်လူခေါ်ပွဲစားများ ရှုပ်ထွေးကာ စီးပွားရှာနေခြင်းများကြောင့် အောင်မင်္ဂလာအဝေးပြေးကားကွင်းကြီး စည်းကမ်းတကျနှင့် ပွဲစားများ ကင်းရှင်းသွားနိုင်ရန် ဌာနဆိုင်ရာများမှ ကြပ်မတ်စိစစ်ဆောင်ရွက်သွားကြရန် လိုအပ်နေပြီဖြစ်ကြောင်း ယခင်က ဖွဲ့စည်းထားခဲ့ဖူးသည့် အဝေးပြေးယာဉ်ပိုင်ရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ခင်ရတနာ

ဘူးသီးတောင် - မောင်တော ကားလမ်းဘေး သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ဘူးသီးတောင် ဇူလိုင် ၆

ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်တွင် ဇူလိုင် ၃ ရက်က မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးဦးသန်းရွှေနှင့် မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဆန်းဝင်းထွန်းတို့ ကြီးမှူး၍ ဘူးသီးတောင်-မောင်တောကားလမ်းဘေး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပရာ မြို့နယ်လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ပြည်သူ စုစုပေါင်း ၃၆၂ ဦးက ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ခရေ၊ ကံ့ကော်၊ ယူကလစ် စသည်ဖြင့် စုစုပေါင်း အပင် ၁၂၀၀ ကို စိုက်ပျိုးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်တွင်းသတင်း

ဈေးကွက်တွင် အရောင်းသွက်မည့် ကုန်ပစ္စည်းများ ပြောင်းလဲထုတ်လုပ်ရန် ဆောင်ရွက်

နေပြည်တော်　ဇူလိုင်　၆

စက်မှုဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ အထည်အလိပ်လုပ်ငန်း၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းနှင့် စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းတို့၏ ၂၀၁၃-၂၀၁၄ခု ဘဏ္ဍာရေးနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ စက်မှုကဏ္ဍတွင် ပုဂ္ဂလိကကဏ္ဍပါဝင်မှုအချိုးအစား မြင့်မားရေး၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုဇုန်နှင့် အထူးစီးပွားရေးဇုန်များ ဖြစ်ထွန်းအောင်မြင်ရေး၊ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုယန္တရားများ တိုးတက်ကောင်းမွန်လာစေရေး ရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ဈေးကွက်တွင် အရောင်းသွက်မည့် ကုန်ပစ္စည်းများကို ပြောင်းလဲထုတ်လုပ်သွားနိုင်ရန် စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း သမားရိုးကျပုံစံဖြင့် သွား၍မရတော့ကြောင်း၊ ပြောင်းလဲနေသော ဈေးကွက်ကို အမီလိုက်ရမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပုသိမ်မြို့ပေါ်ရှိ ရပ်ကွက်များ
315 KVA ထရန်စဖော်မာအသစ်တပ်ဆင်

ပုသိမ်　ဇူလိုင်　၆

ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းဌာနမှ ပုသိမ်မြို့ပေါ်ရှိ ရပ်ကွက်များတွင် လျှပ်စစ်ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာမှူးကြီး ဦးကိုကိုနိုင်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသက်တင်ဇော်နှင့် ဝန်ထမ်းများက ရပ်ကွက်အလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီများနှင့် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၄ ရက်က ပုသိမ်မြို့ အမှတ်(၅)ရပ်ကွက် မရမ်းချို လမ်းတွင် ဟောင်းနွမ်းနေသည့် ဓာတ်တိုင်များကို ကွန်ကရစ်တိုင်လဲလှယ်ခြင်း၊ ဓာတ်အားလွတ်ဆားကစ်ကြိုးများ အသစ်ချိတ်ဆွဲခြင်း၊ မီးကြိုးမလွတ်သည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင် ရှင်းလင်းခြင်းလုပ်ငန်းများနှင့် မီးအားမြှင့် 315-KVA ထရန်စဖော်မာအသစ်တပ်ဆင်၍ မီးချိတ်ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (ပုသိမ်-လှကြည်)

သွေးလွန်တုပ်ကွေးကာကွယ်ရေး ဆောင်ရွက်

ရန်ကုန်　ဇူလိုင်　၆

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် (၅)ရပ်ကွက်ရှိ လှည်းတန်း ၁၁ လမ်း၊ ၁၂ လမ်း၊ ဘုန်းကြီးလမ်းတစ်လျှောက် ရပ်ကွက်လုံးကျွတ် ဇူလိုင် ၆ ရက် နံနက်ပိုင်းတွင် ခြင်ဆေးဖျန်းခြင်းများ ပြုလုပ်ကြောင်း ရပ်ကွက်သူ ရပ်ကွက်သားများက ဆိုသည်။

ယနေ့ဇူလိုင် ၆ ရက် နံနက်ပိုင်း (၅)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေးဟောပြောခြင်း၊ လှည်းတန်းလမ်းအတွင်းဖုံး၊ သွန်၊ လဲ၊ စစ် သရုပ်ပြခြင်း၊ ခြင်ထောင်ဆေးစိမ်သရုပ်ပြခြင်းများ ပြုလုပ်ရာ လမ်းမတော်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်နှင့်တာဝန်ရှိသူများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာလှိုင်နှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

ခင်ဆိုင်

မင်းရဲကျော်စွာကားဝင်းအတွင်း
တစ်နေ့ကား ၂၅ စီးခန့် အလုပ်ဖြစ်နေ

ရန်ကုန်　ဇူလိုင်　၆

မင်းရဲကျော်စွာကားဝင်းမှာ နေ့စဉ်ပွိုင့်သရီးကားများ အစီးရေ ၂၅ ဝန်းကျင် အရောင်းအဝယ်ဖြစ်နေကြောင်း ကားဈေးကွက်မှ ဝယ်ရောင်းဦးမင်းဦးက ပြောသည်။လက်ရှိမိုးတွင်းကာလတွင် မိုးရွာခြင်းကြောင့် မင်းရဲကျော်စွာကားဝင်းမှာ သီရိမင်္ဂလာဈေးလောက် အရောင်းအဝယ်မဖြစ်သော်လည်း နေ့စဉ်ကားအစီးရေ ၂၅ စီးခန့်အရောင်းအဝယ်ဖြစ်ကြောင်းနှင့် မိုးရွာသွန်းခြင်းကြောင့် ဗွက်ထနေသော နေရာများတွင် ကားဝယ်ရောင်းများမှာ တစ်ပိုင်တစ်နိုင်အုတ်ခဲကျိုးခင်း၍ ရောင်းဝယ်ဖောက်ကားနေကြကြောင်း ကားဝယ်ရောင်းများထံက သိရသည်။

ပြည်တွင်း ကားဈေးကွက်မှာ မိုးတွင်းဖြစ်သော်လည်း အရောင်းအဝယ် ပုံမှန်အခြေအနေဖြစ်လျက်ရှိပြီး မော်ဒန်မြင့်ကားများတင်သွင်းလာမှုမှာ ယခင်ကထက် ပိုများလာကြောင်းနှင့် သအက္ခရာများကိုလည်း ဇွန် ၂၅ ရက်မှ စတင်အပ်နှံခွင့်ပြုခဲ့ပြီး မင်းရဲကျော်စွာ ကားဝင်းတွင် ထင်သလောက် ကားဈေးကွက် မလှုပ်ခတ်ကြောင်း ကားဝယ်ရောင်း ဝါရင့်များက သုံးသပ်ကြသည်။

ရန်ကုန်ကားဈေးကွက်မှာလာမည့်လများအထိ ပုံမှန်ဝယ်ရောင်း ဖြစ်ရိုးသာတည်ရှိသွားနိုင်ကြောင်းနှင့် ကားဈေးမှာလည်း လူကြိုက်များသည့် ပွိုင့်သရီးကားများ ဈေးတက်နိုင်မည့် အခြေအနေမရှိကြောင်း ကားဝယ်ရောင်းအချို့က သုံးသပ်ကြသည်။

ကြည်(ရန်ကင်း)

မင်္ဂလာတောင်ညွန့်မြို့နယ်၌ စစ်မှုထမ်းဟောင်းစည်းဝေး

ရန်ကုန်　ဇူလိုင်　၆

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ မင်္ဂလာတောင်ညွန့်မြို့နယ် စည်းရုံးရေးကော်မတီ၏ ၂၀၁၂-၂၀၁၃ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို ဇွန် ၂၉ ရက် နံနက်က အထက(၁)ကျောင်းခန်းမဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ စည်းရုံးရေးလုပ်ငန်းအဖွဲ့(၁၄) ခေါင်းဆောင်နှင့်ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်း တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မြင့် (ငြိမ်း)က အမှာစကားပြောကြားကာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင် လွတ်လပ်ရေးမော်ကွန်းဝင် သုံးဦးနှင့် တက္ကသိုလ်ဝင်တန်းဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဝန်ကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည်အစည်းဝေးကို ကျင်းပခဲ့ကြောင်း သိရသည်။

(ဝ၂၇)

မြန်မာနို့စားနွားမွေးမြူရေး နယူးဇီလန် ကူညီမည်

နေပြည်တော်　ဇူလိုင်　၆

မြန်မာနိုင်ငံတွင် နို့စားနွားမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် ငါးနှစ်စီမံကိန်းတစ်ရပ် ရေးဆွဲဆောင်ရွက်နေပြီဖြစ်ကြောင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါ နို့စားနွားမွေးမြူရေး ငါးနှစ်စီမံကိန်း(၂၀၁၃-၂၀၁၈)နှင့် စပ်လျဉ်းပြီး မကြာသေးမီက အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကျင်းပခဲ့ရာ နိုင်ငံတစ်ဝန်း ဒေသဆိုင်ရာ နို့ထွက်ပစ္စည်းဖွံ့ဖြိုးရေးဘုတ်အဖွဲ့များ ဖွဲ့စည်းကာ နို့စားနွားမွေးမြူရေးခြံများ ထူထောင်လျက် တန်ဖိုးမြင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

နယူးဇီလန်နိုင်ငံက မြန်မာနိုင်ငံတွင် နို့စားနွားမွေးမြူရေးခြံများ ထူထောင်တည်ဆောက်ရေး နယူးဇီလန် ဒေါ်လာ ခုနစ်သန်း(အမေရိကန်ဒေါ်လာ ၅ ဒသမ ၇ သန်း) ကို လူသားချင်း စာနာသည့်အကူအညီအဖြစ် ပေးအပ်သွားရန် ကတိကဝတ်ပြုထားသည်။

ထို့အပြင် နယူးဇီလန်နိုင်ငံက မြန်မာနိုင်ငံ၌ နို့စားနွားများ မွေးမြူရေးအတွက် နယူးဇီလန်ဒေါ်လာ သန်း ၆၀ (အမေရိကန်ဒေါ်လာ ၇၁ ဒသမ ၉ သန်း)ထောက်ပံ့ပေးသွားမည် ဖြစ်ကြောင်းလည်း သိရသည်။

သတင်းမှတ်စု - ကြံတိုင်းအောင်

မြန်မာနိုင်ငံတွင် နို့စားနွားမွေးမြူပြီး တန်ဖိုးမြင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်လာနိုင်မည်ဆိုပါက နှစ်စဉ်ပြည်ပမှ နို့ထွက်ပစ္စည်းများ တင်သွင်းမှု လျော့နည်းလာမည်ဖြစ်ကြောင်း၊ နှစ်စဉ်ပြည်ပမှ မြန်မာနိုင်ငံသို့ တင်သွင်းနေသည့် နို့ထွက်ပစ္စည်း အမေရိကန်ဒေါ်လာသန်း ၄၀ အထိ ကုန်ကျမှုမှ သက်သာစေနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ် နို့စားနွားကောင်ရေ ၅၀၀၀၀၀ ခန့်မှ နွားနို့ကီလိုဂရမ်ပေါင်း ၁ ဒသမ ၅ ဘီလီယံနှင့် နို့ဆီ ကီလိုဂရမ်ပေါင်း ၂၂၆၅၇၀ ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

စီစဉ်ဆောင်ရွက်

မြန်မာနိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့၏ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု အစိတ်အပိုင်းအဖြစ် နယူးဇီလန်နိုင်ငံက မြန်မာနို့စားနွား မွေးမြူရေးလုပ်ငန်း ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင်ဆောင်ရွက်ရေး၊ ငွေကြေးအကူ အညီအပြင် ခေတ်မီနို့စားနွား မွေးမြူရေးလုပ်ငန်းများအတွက် နည်းပညာအကူအညီများကိုပါ ပေးရန်စီစဉ်ဆောင်ရွက်လျက်ရှိသည်။

(မြန်မာ့အလင်း)

မြန်မာ့အလင်း စာတည်းထံပေးစာများ

မြောင်းပေါ်မှ ဆိုင်ကြောင့် မြောင်းရှင်းမရ

ရန်ကုန်တိုင်းဒေသကြီး မြောက်ဒဂုံ(၃၉)ရပ်ကွက်တွင် မိုးရာသီ၌ ရေမြောင်း များပိတ်ဆို့မှုကြောင့် ခြင်များပေါက်ပွားပြီး ခြင်ကိုက်ခံရ၍ ကလေးငယ်များ သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားရေးအတွက် ပြည်သူများက ရေမြောင်းများကို ရှင်းလင်းလျက်ရှိပါသည်။ (၃၉/အေ)/ရပ်ကွက် အဝေရာလမ်းနှင့် သစ္စာလမ်းထောင့်ရှိဆိုင်တစ်ဆိုင်မှာ ဆိုင်ရှေ့ရှိ ရေမြောင်းများပေါ်သို့ အဆောက်အအုံတိုး၍ ဆောက်လုပ်ထားသဖြင့် ရေမြောင်းရှင်းလင်းရာတွင် ခက်ခဲနေပါသောကြောင့် မြောင်းပေါ်သို့တိုးချဲ့ ဆောက်လုပ်ထားသော အဆောက်အအုံကို ဖယ်ရှားပေးနိုင်ရန် တင်ပြလိုက်ရပါသည်။

ရပ်ကွက်သားတစ်ဦး

ဝက်ခြံမှ အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် (၁၂)ရပ်ကွက် ဘူတာရုံလမ်းသွယ် (၂)ရှိ ခြံတစ်ခြံတွင် ဝက်များကို စီးပွားဖြစ်မွေးမြူထားရှိပါသည်။ ၎င်းခြံမှ နေ့စဉ်ထွက်ရှိနေသော အနံ့ဆိုးများကြောင့် ရပ်ကွက်အတွင်းရှိ အိမ်များမှ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များနေ့စဉ်ရှူရှိုက်နေရပြီး ကျန်းမာရေးထိခိုက်လာပါသဖြင့် သက်ဆိုင်ရာမှ ရှင်းလင်းဆောင်ရွက်ပေးစေလိုပါသည်။

ရပ်ကွက်နေပြည်သူ

အမှိုက်ပုံကြီး ရှင်းပေးစေလို

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ ဆုတောင်းပြည့်ဘုရားအနီးကျက်သရေဆောင် ဆိပ်ကမ်းတွင် အမှိုက်ပုံကြီး အကြီးအကျယ် ဖြစ်နေပါသည်။ ကမ္ဘာလှည့်ခရီးသည်များ မကြာခဏ လာရောက်တတ်သည့် နေရာဖြစ်သည်။ အနီးပတ်ဝန်းကျင်မှ အနံ့ဆိုးများ ရှူရှိုက်နေရပါသဖြင့် သက်ဆိုင်ရာမှ ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အမြင်မတော်သူ

မြောင်းပေါ်မှ ဆိုင်များကြောင့် မိုးရွာတိုင်းရေလျှံ

ပဲခူးမြို့ ကျွန်းသာယာရပ်ကွက် ပဲခူး-ရန်ကုန်ကားလမ်းမကြီးပေါ်ရှိ အဝေးပြေးယာဉ်ရပ်နားစခန်းရှေ့တွင်ရှိသည့် ဆိုင်ခန်းအချို့သည် ရေစီးမြောင်းကို ပိတ်ဆို့ကာရုံထားခြင်းကြောင့် မိုးသည်းထန်စွာရွာတိုင်း လမ်းမပေါ်တွင် ရေလျှံပြီး ဈေးဆိုင်များအတွင်းသို့ ရေများဝင်ရောက် နစ်မြုပ်သည်။ ခရီးသည်များလည်း သွားလာရေးခက်ခဲနေပါသဖြင့် လမ်းရေမြောင်းပိတ်ဆို့ထားသည်များကို သက်ဆိုင်ရာက ကြည့်ရှုစစ်ဆေးပြီး ရေစီးရေလာကောင်းအောင် ဆောင်ရွက်ပေးပါရန် တင်ပြလိုက်ရပါသည်။

ရေမြုပ်အိမ်သား

လိုင်စင်မဲ့သားသတ်လုပ်ငန်းများ ရှင်းလင်းပေးစေချင်

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ဥယျာဉ်စုကျေးရွာအုပ်စု ဦးကျေးရွာ၌ လိုင်စင်မဲ့သားသတ် လုပ်ငန်းများလုပ်ကိုင်ပြီး အမဲစည်သွတ်လုပ်ငန်းများထံသို့ ပေးပို့ရောင်းချလျက်ရှိနေပါသဖြင့် လိုင်စင်ရရှိထားသော သားသတ်လုပ်ငန်းရှင်များ ထိခိုက်နစ်နာဆုံးရှုံးမှုများနှင့် တွေ့ကြုံခံစားနေရသဖြင့် သက်ဆိုင်ရာမှ အရေးယူဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ပြည်သူတစ်ဦး

လူကူးမျဉ်းကျားပေါ် လိုင်းကားများရပ်မှု အန္တရာယ်ဖြစ်နိုင်

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (င)ရပ်ကွက် သုဓမ္မာလမ်းမကြီးပေါ်ရှိ သန္တာမှတ်တိုင်တွင် လိုင်းကားများသည် သတ်မှတ်ထားသော ကားမှတ်တိုင်တွင် လူအတင်အချမပြုလုပ်ဘဲ လူကူးမျဉ်းကျားထိပ်နှစ်ဖက်တွင် ရပ်တန့်ကာ လူအတင်အချပြုလုပ်နေကြသည်။

ထိုသို့ပြုလုပ်နေခြင်းသည် လူကူးမျဉ်းကျားတွင် လမ်းကူးသွားလာနေသော ဝန်ထမ်းများ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိဘများနှင့် ရဟန်းသံဃာများအတွက် လမ်းကူးရန်များစွာခက်ခဲပြီး အန္တရာယ်လည်း ရှိနိုင်သည်။

အန္တရာယ်ကင်းရှင်းရန်အတွက် လိုင်းကားများ သတ်မှတ်ထားသော မှတ်တိုင်တွင်သာ လူအတင်အချပြုလုပ်စေလိုကြောင်း တင်ပြအပ်ပါသည်။

ကျောင်းသားမိဘ

လချီနေသည့်အမှိုက်ပုံမှ အနံ့အသက်ကြောင့် ကျန်းမာရေးထိခိုက်

လှိုင်သာယာမြို့နယ် အမှတ် (၇) ရပ်ကွက် မြို့မငြိမ်းလမ်းနှင့် မြတ်လေးရုံလမ်းဆုံရှိ အမှိုက်ကန်သည် လမ်းပေါ်သို့ လျှံကျနေသော အမှိုက်များမှာ လချီကြာမြင့်နေပြီဖြစ်ပြီး အနီးရှိဈေးဆိုင်နှင့် လူနေအိမ်များနှင့် ဖြတ်သန်းသွားလာသည့် ပြည်သူများ နေ့စဉ် အနံ့အသက်ဆိုးများကို ရှူရှိုက်နေရသောကြောင့် ကျန်းမာရေးထိခိုက်လာပါသဖြင့် သက်ဆိုင်ရာမှ အမြန်ဆုံးဖယ်ရှားရှင်းလင်းပေးနိုင်ပါရန် တင်ပြ အကူအညီ တောင်းခံအပ်ပါသည်။

လမ်းသူလမ်းသားများ

ပြည်တွင်းသတင်း

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အာဆီယံအစည်းအဝေးများမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဇူလိုင် ၆

အင်ဒိုနီးရှားနိုင်ငံ Yogyakarta ၌ ကျင်းပသည့် အာဆီယံကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများဖြစ်သည့် အာဆီယံကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၏ (၁၀)ကြိမ်မြောက် အစည်းအဝေး၊ အာဆီယံ+၃ နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ၏ (၆)ကြိမ်မြောက် အစည်းအဝေး၊ ဒုတိယအကြိမ်မြောက် အာဆီယံကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးတို့သို့ ဇူလိုင် ၂ ရက်မှ ၅ ရက်အထိ တက်ရောက်ခဲ့သော နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာကြောင်း သတင်းရရှိသည်။ (ယာဉ်)

သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်မှုဂေဟာ (Day Care Center for the Aged) အတွက် အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်မည့် သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်မှုဂေဟာ (Day Care Center for the Aged) အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်း ဘုရားလမ်းရှိ လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က မြန်မာနိုင်ငံ ရန်ကုန်တိုင်းဒေသကြီး၌ ပထမဦးဆုံး ဖွင့်လှစ်မည့် သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်မှုဂေဟာ၊ မန္တလေးတိုင်းဒေသကြီး၌ ဆက်လက်ဖွင့်လှစ်မည့် သက်ကြီးရွယ်အိုများ နေ့ပိုင်း စောင့်ရှောက်မှုဂေဟာတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။(ဝဲပုံ)

ယင်းနောက် အလှူရှင်များက သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်မှုဂေဟာအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က လက်ခံပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယနေ့အလှူငွေပေးအပ်ပွဲတွင် အလှူရှင်များက ငွေကျပ် ၂၀ သိန်း၊ အမေရိကန်ဒေါ်လာ ၁၀၀၊ ရေခဲသေတ္တာတစ်လုံး၊ ဆက်တီသုံးစုံနှင့် Sleeping Bag ၁၂ ခုတို့ကို ပေးအပ် လှူဒါန်းခဲ့ကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ၏ ပထမဆုံးသော သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်မှုဂေဟာ ဖွင့်လှစ်ရန်စီစဉ်

ရန်ကုန် ဇူလိုင် ၆

ယနေ့ခေတ်တွင် ကမ္ဘာပေါ်၌ လူဦးရေ အချိုးအစားပြောင်းလဲမှု၏ အကျိုးဆက်ကြောင့်အလုပ်လုပ်နိုင်သော လူငယ်အရေအတွက်နည်းပါးလာကာ ပြုစုစောင့်ရှောက်ပေးရန် လိုအပ်နေသည့် သက်ကြီးရွယ်အိုအရေအတွက် များပြားလာသည်။

အမေး/အရေး-ဆွေဆွေနိုင်၊ ဝင်းဝင်းမော်၊ မြတ်သန္တာမောင်
ဓာတ်ပုံ-ဇော်မင်းလတ်

နိုင်ငံတကာတွင် သက်ကြီးရွယ်အိုများအား လူမှုရေးစောင့်ရှောက်မှုများ ဖြည့်ဆည်းဆောင်ရွက်ပေးနေသည့်နည်းတူ မြန်မာနိုင်ငံတွင်လည်း သက်ကြီးရွယ်အိုများ၏ အခန်းကဏ္ဍကို ပိုမိုတိုးမြှင့်နိုင်ရန် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းနှင့် ပါရမီလမ်းထောင့်ရှိ လူမှုဝန်ထမ်းဦးစီးဌာန (ရုံးချုပ်)တွင် သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်မှုဂေဟာ(Day Care Center for the Aged) ကို မကြာမီ ဖွင့်လှစ်တော့မည်ဖြစ်ကြောင်းဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်း အတတ်သင်ကျောင်း၌ ကျင်းပသည့် သက်ကြီးရွယ်အို နေ့ပိုင်း စောင့်ရှောက်မှုဂေဟာ အလှူငွေ ပေးအပ်ပွဲအခမ်းအနားတွင် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ရန်ကုန်မြို့တွင် ပထမဆုံး စတင်ဖွင့်လှစ်မည့် သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်မှုဂေဟာတွင် သက်ကြီးရွယ်အိုများကို ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်များ၊ လူမှုရေးစောင့်ရှောက်မှု

ဦးမောင်မောင်ဦး
ဂရိတ်ဝေါတိုင်းရင်းဆေးဝါး
ထုတ်လုပ်ရေးလုပ်ငန်း။

ပေးခြင်း၊ အပန်းဖြေအနားယူနိုင်ရေး ဆောင်ရွက်ပေးခြင်း၊ သက်ကြီးဘဝကိုယ်စိတ်နှစ်ပါးကျန်းမာရေး၊ ချမ်းသာသုခပြည့်စုံစွာဖြင့် နေထိုင်နိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ကာ ဒုတိယအနေဖြင့် မန္တလေးမြို့တွင် ထပ်မံဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံလူဦးရေ သန်း ၆၀ ကျော်၏ ၉ ဒသမ ၁ ရာခိုင်နှုန်းသည် အသက် ၆၀ နှင့် အထက် သက်ကြီးရွယ်အိုများဖြစ်ကာ ၎င်းတို့အနက်မှ ဆယ်ရာခိုင်နှုန်းခန့်သည် လူမှုရေးအရ အထူးကာကွယ်စောင့်ရှောက်ပေးရန် လိုအပ်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် သက်ကြီးရွယ်အိုများကို နေ့ပိုင်းစောင့်ရှောက်ပေးခြင်း လုပ်ငန်းသည် အမှန်တကယ် လိုအပ်နေပြီး ပြောင်းလဲလာသော လူမှုပုံစံများအရ အချို့သော သက်ကြီးရွယ်အိုများသည် ငွေကြေးပြည့်စုံကြသော်လည်း လူမှုရေးအရ အထီးကျန်ဆန်ခြင်းနှင့် ရင်ဆိုင်နေရသောကြောင့် ယခုကဲ့သို့ စောင့်ရှောက်ပေးခြင်းသည် သက်ကြီးရွယ်အိုများ၏ လူမှုရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးရာရောက်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ အတွေ့အကြုံ၊ နည်းပညာ၊ အလေ့အကျင့်ကောင်းများကို စံနမူနာယူကာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေး လုပ်ငန်းများကို အရှိန်ဟုန်မြှင့် ဆောင်ရွက်ပေးကြရန် လိုကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်သူ့ကျန်းမာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနေစိုးမောင်က “နိုင်ငံတော်မှ ယခုပထမဆုံးဖွင့်လှစ်ရန် စီစဉ်နေသည့် အခမဲ့ သက်ကြီးရွယ်အိုနေ့ပိုင်း စောင့်ရှောက်မှုဂေဟာသည် တစ်နိုင်ငံလုံးရှိ သက်ကြီးရွယ်အိုအားလုံးကို လူမျိုး

ဒေါ်သက်သက်ဆွေ
မြန်မာနိုင်ငံ မိခင်နှင့်ကလေး
စောင့်ရှောက်ရေးအသင်း
ဗဟိုအလုပ်အမှုဆောင်။

မရွေး ဘာသာမရွေး စောင့်ရှောက်ပေးမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် သက်ကြီးရွယ်အို ငါးသိန်းခြောက်သောင်း ဝန်းကျင်ခန့်သည် လူနေမှုအရ ကာကွယ်စောင့်ရှောက်ပေးရန် လိုအပ်နေကြောင်း၊ သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ အောင်မြင်စွာ ဖွင့်လှစ်နိုင်လျှင် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူ ဖြစ်စေနိုင်မည်” ဟု ပြောကြားသည်။

“လူတွေဟာ မွေးကင်းစကနေ သေဆုံးချိန်အထိ အသက်ရှင်နေထိုင်ကြရမှာ ဖြစ်တဲ့အတွက် သက်ကြီးရွယ်အိုဘဝ ရောက်ချိန်မှာ သားသမီးတွေက စောင့်ရှောက်ချင်ပေမယ့် စောင့်ရှောက်မှုမပေးနိုင်တဲ့ အဘိုးအဘွားတွေကို ဒီဂေဟာကနေ စောင့်ရှောက်ပေးရာမှာ ဒီဂေဟာတွေဖြစ်မြောက်လာအောင် ကူညီလှူဒါန်းကြတဲ့ အလှူရှင်တွေဟာလည်း အဘိုးအဘွားတွေကို စောင့်ရှောက်ရာရောက်ပါတယ်” ဟု မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်သက်သက်ဆွေက ဆိုသည်။

ဂရိတ်ဝေါ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းမှ ဦးမောင်မောင်ဦးက “နေ့ပိုင်းစောင့်ရှောက်မှု ဂေဟာများ ပေါ်ပေါက်လာပါက သက်ကြီးရွယ်အိုများ နေ့လယ်နေ့ခင်းတွင် လာရောက်အနားယူနိုင်ကာ အထီးကျန်မှုသက်သာရန် အတွက် များစွာအထောက်အကူ ဖြစ်နိုင်မည်ဖြစ်ကြောင်း၊ သားသမီးများ အလုပ်သွားချိန်တွင် အိမ်မှာ ကျန်ခဲ့သည့် သက်ကြီးရွယ်အိုများ အတွက် ယခုအစီအစဉ်သည် အလွန်အဆင်ပြေကြောင်း” ပြောကြားသည်။

လက်ရှိတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိအမှတ်ပြုထားသည့် ပထမအဆင့် ဘိုးဘွားရိပ်သာ ၂၉ ခု၊ ဒုတိယအဆင့် ဘိုးဘွားရိပ်သာ ကိုးခုနှင့် တတိယအဆင့် ဘိုးဘွားရိပ်သာ ၂၃ ခု စုစုပေါင်း ၆၁ ခု ဖွင့်လှစ်ထားပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်မှ ငွေကျပ်သန်းပေါင်း ၁၂၄ ဒသမ ၅၁ သန်း ထောက်ပံ့ ပေးလျက်ရှိကြောင်း အဆိုပါဌာနမှ သိရသည်။

မြန်မာလူမျိုးတို့သည် ဗြဟ္မစိုရ်တရားနှင့်အညီ နေထိုင်ပြုမူလျက်ရှိကြသော်လည်း ယနေ့ခေတ် (Globalization) တွင် လူငယ်လူရွယ်များသည် အချိန်နှင့်အမျှ ပညာရေး၊ စီးပွားရေးနယ်ပယ်တို့တွင် စီးမျောလျက်ရှိနေကြခြင်းကြောင့် မိဘများ၏စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို တတ်နိုင်သမျှ ဖြည့်စွမ်းပေးရန် မေ့လျော့လာကြသဖြင့် ယခုဖွင့်လှစ်မည့် သက်ကြီးရွယ်အိုများအတွက် နေ့ပိုင်းစောင့်ရှောက်မှုဂေဟာများသည် နှစ်သိမ့်အားပေးမှုများကို လိုအပ်နေသည့် အဘိုးအဘွားများအတွက် ဖြူစင်သောစိတ်ထား ကောင်းမွန်ချိုသာသောစောင့်ရှောက်မှုများ ရရှိလာနိုင်တော့မည်ဖြစ်သည်။

ယင်းသည်ပင်လျှင် မြန်မာတို့၏ မြန်မာ့ယဉ်ကျေးမှုစရိုက်ကို ပီပြင်စွာ ပုံဖော်ပေးမည့် ပုံရိပ်ကောင်းတစ်ခုဟုဆိုသော် ရနိုင်ပေသည်။

ဆီးဂိမ်း၌ လေယာဉ်စင်းလုံးငှားမှု ဝန်ဆောင်မည်

ရန်ကုန် ဇူလိုင် ၆

အရှေ့တောင်အာရှ ဆီးဂိမ်း ပြိုင်ပွဲကာလအတွင်း နိုင်ငံတကာမှ လာရောက်မည့်ခရီးသည် အားကစားသမားများအတွက် လိုအပ်လာပါက အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်း MAI က စင်းလုံးငှား လေယာဉ်များ ပြေးဆွဲပေးမည် ဖြစ်ကြောင်း သိရသည်။

“ဆီးဂိမ်း ကာလအတွင်း အာဆီယံနိုင်ငံတွေနဲ့ အခြား အရှေ့တောင်အာရှနိုင်ငံတွေက ခရီးသည်တွေအားလုံးကိုလည်း အထူး လျှော့ဈေးနဲ့ ရောင်းချပေးမှာဖြစ်သလို စင်းလုံးငှားလေယာဉ် ငှားရမ်းမှု အစီအစဉ်တွေကိုလည်း ဈေးနှုန်း လျှော့ချဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်” ဟု MAI မှ Marketing Manager မအေးမရသာက ပြောကြားသည်။

အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်း MAI မှ ဗန်ကောက်၊ စင်ကာပူ၊ ကွာလာလမ်ပူ၊ ကွမ်ကျိုး၊ ဖနောင်ပင်၊ ဂါယာ၊ ကိုရီးယား၊ ဆီရမ်ဂိုများသို့ Air Bus များဖြင့် တိုက်ရိုက်ပြေးဆွဲလျက်ရှိပြီး ဂျပန်သို့ ပုံမှန်ပျံသန်းနိုင်ရန် စီစဉ်နေပြီး မန္တလေးမြို့မှတစ်ဆင့် ချင်းမိုင်နှင့် ကူမင်းခရီးစဉ်များကိုလည်း ပြေးဆွဲရန် စီစဉ်လျက်ရှိသည်။ **ခင်ရတနာ**

အခက်အခဲ အကျပ်အတည်းများကြားမှ ဆက်လက်ရှင်သန်နေမည့် သမဝါယမ

နေပြည်တော် ဇူလိုင် ၆

အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌနှင့် သမဝါယမအသင်းအသီးသီးမှ အမှုဆောင်များ၊ UNDP, FAO, JICA, KOICA, PACT Myanmar5 Globle တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားရာတွင် “သမဝါယမလုပ်ငန်းများသည် အကြီးဆုံးလူမှုစီးပွားရေး လုပ်ငန်းဖြစ်ပြီး ကမ္ဘာ့လူဦးရေ ထက်ဝက်ဖြစ်သော လူသန်းပေါင်း (၃၀၀၀)၏ အသက်မွေးဝမ်းကျောင်းများကို ခိုင်မာစေခဲ့ကြောင်း” ဖြင့် ကုလသမဂ္ဂမှထုတ်ပြန်ခဲ့သည်ကို သိရှိရပါကြောင်း၊ ထို့အတူ သမဝါယမလှုပ်ရှားမှုများကို ကမ္ဘာက ပိုမိုသိရှိ အသိအမှတ်ပြုရေး၊ သမဝါယမလှုပ်ရှားမှုများ ပိုမိုကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးတို့ကို ရည်စူးပြီး ကမ္ဘာ့ကုလသမဂ္ဂက နှစ်စဉ် ဇူလိုင်လ၏ ပထမစနေနေ့ကို အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အဖြစ် အခမ်းအနားများ ကျင်းပဆောင်ရွက်ကြရန် သတ်မှတ်ပေးထားပါကြောင်း။

ယနေ့ ကမ္ဘာ့လူသားများ မရှိမဖြစ်လိုအပ်ပြီး တဖြည်းဖြည်း လျော့နည်းရှားပါးလာသည့် အရာနှစ်ခုမှာ ရိက္ခာ(Food)နှင့် စွမ်းအင် (Energy) တို့ဖြစ်ပါကြောင်း၊ အနာဂတ် စားနပ်ရိက္ခာဖူလုံရေးကို လူသားအားလုံးအတွက် စိန်ခေါ်မှုအဖြစ် ကမ္ဘာ့နိုင်ငံအားလုံးက လက်ခံထားကြပြီး ယင်းစိန်ခေါ်မှုကို ကျော်လွှားနိုင်အောင် ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံအားလုံးက ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် (FAO Agricultural Co-operatives: Key to Feeding the world) ဟူ၍သတ်မှတ်ပြီး သမဝါယမများက ရိက္ခာဖူလုံရေးအတွက် အဓိကကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခဲ့ပါကြောင်း။

အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ် (International Co-operative Alliance- ICA) ကလည်း ၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ဆောင်ပုဒ်အဖြစ် “အခက်အခဲအကျပ်အတည်းများကြားမှ ဆက်လက်ရှင်သန်နေမည့် သမဝါယမ” "Co-operative Remains Strong in time of Crisis" ဟု တိုက်တွန်းနှိုးဆော်ခဲ့ပါကြောင်း။

ယနေ့အခါတွင် နိုင်ငံတကာ သမဝါယမအသင်းများသည် အချင်းချင်း ပိုမိုပူးပေါင်းဆောင်ရွက်ရန် ကမ္ဘာ့ကုလသမဂ္ဂ (UN)၊ အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ် (ICA)၊ UNDP၊ FAO စသည့် အဖွဲ့အစည်း အားလုံးတို့ကလည်း သမဝါယမလှုပ်ရှားမှုများ ပိုမိုထက်မြက်အောင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်အောင် နည်းလမ်းများ ဖော်ထုတ်ပေးခြင်း၊ လက်တွေ့ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ ပါဝင်ပံ့ပိုးကူညီခြင်းတို့နှင့် ဆောင်ရွက်ပေးရန် လိုအပ်နေပြီဖြစ်ကြောင်း၊ သမဝါယမလှုပ်ရှားမှုများတွင် ပင်မအဖွဲ့ကြီး၏ ပါဝင်မှု၊ ပံ့ပိုးကူညီမှု၊ ပိုမိုမြှင့်တင်ရန် အချိန်ကျရောက်နေပြီလို့လည်း ပြောကြားလိုပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ၂၀၁၅ ခုနှစ်ကုန်တွင် တစ်နိုင်ငံလုံးရှိ ကျေးရွာပေါင်း ခြောက်သောင်းကျော်က ပြည်သူတွေအားလုံးအတွက် ချေးငွေထုတ်ပေးနိုင်အောင် ရည်မှန်းချက်ထား ဆောင်ရွက်နေပါကြောင်း၊ ထို့ကြောင့် လုပ်ငန်းတစ်ခုလုံးအတွက် ကျပ်ငွေ ၆၀၀ ဘီလီယံမှ ၁၀၀၀ ဘီလီယံအထိ လိုအပ်မှာဖြစ်ပါကြောင်း၊ အဆိုပါငွေကြေးအရင်းအနှီး ရရှိရေးအတွက် ပြည်တွင်းအားကို ရယူဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့သော်လည်း ပြည်တွင်းအားတစ်ခုတည်းနှင့် မလုံလောက်နိုင်သည့်အတွက် နိုင်ငံတကာ၏ ပူးပေါင်းဆောင်ရွက်မှု “ အား” လည်း လိုအပ်ပါကြောင်း။

ထို့ကြောင့် လုပ်ငန်းများကို အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်နှင့် နိုင်ငံတကာသမဝါယမ အသင်းများ၊ ကမ္ဘာ့ကုလသမဂ္ဂနှင့် လက်အောက်ခံ အဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရများ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၏ကူညီမှု၊ ပူးပေါင်းဆောင်ရွက်မှု“အား”များကို လေးစားစွာ ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်မှ ပေးပို့သော သဝဏ်လွှာကို အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ် အဖွဲ့ဝင်ဖြစ်သော ဗဟိုသမဝါယမအသင်း ဒါရိုက်တာအဖွဲ့ဝင် မန္တလေးတိုင်းဒေသကြီး သမဝါယမ အသင်းစုချုပ်ဥက္ကဋ္ဌ ဦးစိုးမြင့်အောင်က ဖတ်ကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူး၊ ငါးဘာသာဂုဏ်ထူးတို့ဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး **(အပေါ်ပုံ)** တစ်ဘာသာဂုဏ်ထူးနှင့် အထက် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် သမဝါယမဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန၊ လုပ်ငန်းဌာန အသီးသီးနှင့် သမဝါယမအသင်း ဝန်ထမ်း သား/ သမီးများဖြစ်ကြသော ကျောင်းသား ကျောင်းသူ ၅၄ ဦးတို့အတွက် ချီးမြှင့်ငွေများ၊ မူလတန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား ကျောင်းသူ ၂၅၂ ဦးအတွက် ပညာသင်စရိတ်ထောက်ပံ့ငွေများအား တာဝန်ရှိသူများထံ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်နိုင်သိန်း၊ ဦးမြင့်လှိုင်၊ ဦးဝင်းမြင့်၊ ဒေါက်တာဖေသက်ခင်၊ ဦးဝင်းရှိန်နှင့် တာဝန်ရှိသူများက သမဝါယမတက္ကသိုလ် (သန်လျင်)နှင့် သမဝါယမတက္ကသိုလ် (စစ်ကိုင်း) တို့မှ အတန်းအလိုက် ပထမဆုရ ထူးချွန်ကျောင်းသား ကျောင်းသူများ၊ သမဝါယမကောလိပ်များနှင့် ယွန်းပညာကောလိပ်တို့မှ အတန်းအလိုက် ပထမဆုရ ထူးချွန် ကျောင်းသား ကျောင်းသူများနှင့် ထူးချွန်ဆုရရှိသူများအား လည်းကောင်း၊ သမဝါယမ ပညာပြန့်ပွားရေး အများဆုံးဆောင်ရွက်နိုင်သည့် မန္တလေးတိုင်းဒေသကြီး သမဝါယမ ကူးသန်းရောင်းဝယ်ရေး သင်တန်းကျောင်းနှင့် သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစီးစွမ်းဆောင်နိုင်သည့် စွမ်းဆောင်ရည် အကောင်းဆုံးဆုရ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနတို့အားလည်းကောင်း၊ စွမ်းဆောင်ရည် အမြင့်မားဆုံးဆုရ သမဝါယမအသင်းများအား လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တာဝန်ရှိသူတို့က သမဝါယမဝန်ကြီးဌာန၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၏ သားသမီးများ၊ အခြေခံပညာ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများကို လည်းကောင်း၊ စွမ်းဆောင်ရည် အကောင်းဆုံး မြို့နယ် သမဝါယမဦးစီးဌာနနှင့် အကောင်းဆုံးမြို့နယ် သမဝါယမဆုရ အသင်းစုတို့အား လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **(သတင်းစဉ်)**

သစ်ပင်ကို
နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး

ပြည်တွင်းသတင်း

သတ္တုတွင်းဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၆

သတ္တုတွင်းဝန်ကြီးဌာန ၂၀၁၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန စိမ်းလဲ့ကန်သာဆည်အနီး မြေနေရာ၌ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်တက်ရောက်၍ ရတနာတန်းဝင် ကျွန်းပင်အား စိုက်ပျိုးပေးသည်။ **(အောက်ပုံ)**

ယင်းနောက် ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်က ပျဉ်းကတိုးပင်ကိုလည်းကောင်း၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက သတ်မှတ်နေရာ အသီးသီး၌ အရိပ်ရပင်၊ လေကာပင်၊ သီးပင်စားပင်များဖြစ်သည့် ပျဉ်းမ၊ တမာ၊ ပိတောက်၊ ခရေ၊ စိန်ပန်းကြီး၊ ကံ့ကော်၊ ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ပိန္နဲ၊ သရက်၊ သဘော်၊ စကိတ်လုံး၊ ထင်းရှူးပဒေသာ၊ စိုက်ပရက်၊ အာဆီယံသပြေ၊ ရွက်လှပင်များ စုစုပေါင်း ၁၈၀၀ ပင်ကို လည်းကောင်း စိုက်ပျိုးကြသည်။

သတ္တုတွင်းဝန်ကြီးဌာနတွင် ၂၀၁၃ ခုနှစ် ဇူလိုင်လအထိ စိုက်ပျိုးထားရှိပြီး အရိပ်ရပင်၊ လေကာပင်၊ သီးပင် စားပင် စုစုပေါင်း ၄၇၅၉၅ ပင်ရှိပြီဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

တောင်ငူမြို့တွင် မိုဘိုင်းဖုန်းအရောင်းဆိုင် ဖောက်ထွင်းမှုဖြစ်ပွား

တောင်ငူ ဇူလိုင် ၆

တောင်ငူမြို့ ရန်ကုန်-မန္တလေးလမ်း ဘုရင့်နောင်ဈေးအပြင်တန်းရှိ ဆိုင်အမှတ် G-3(Mobile House) ဖုန်းဆိုင်တွင် ဇူလိုင် ၅ ရက် နံနက်ပိုင်းက ဖောက်ထွင်းမှုဖြစ်ပွားခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ ဖုန်းဆိုင်ပိုင်ရှင် ပြည့်ဖြိုးအောင်က “ကျွန်တော်မနက် ဆိုင်တံခါးဖွင့်တော့ မျက်နှာကြက်ပွင့်နေတာတွေ့ရတယ်။ ဆိုင်အတွင်းက အခင်းအကျင်းတွေကလည်း ဟိုတစ်စ ဒီတစ်စ ပြန့်ကျဲနေတယ်၊ အဲဒါနဲ့ ဖုန်းတွေကို စစ်ကြည့်လိုက်တော့ HUAWEI တံဆိပ် C-8813 ငါးလုံး၊ Y-220 သုံးလုံး၊ Y-210 တစ်လုံး၊ Android တံဆိပ် 83039 နှစ်လုံး၊ အခြားတံဆိပ်မျိုးစုံ သုံးလုံး၊ ဖုန်းတစ်လုံးကို တစ်သိန်းဝန်းကျင်တွေပဲရွေးပြီး ပျောက်နေတယ်၊ ဆိုင်မှာက ဝန်ထမ်းမရှိဘူး၊ ကျွန်တော်တို့ပဲ ဆိုင်အဖွင့်အပိတ်လုပ်တာ” ဟု ရှင်းပြသည်။

တောင်ငူမြို့တွင် မေ ၃၁ ရက်က နာရီဆိုင်တစ်ဆိုင် ဖောက်ထွင်းခံရပြီး ရက်ပေါင်း ၃၅ ရက်အတွင်း အလားတူဖောက်ထွင်းခံရသော ဆိုင်ဖြစ်ကြောင်း သိရှိရသည်။ အဆိုပါဖောက်ထွင်းမှုများအား သက်ဆိုင်ရာမှ စုံစမ်းလျက်ရှိကြောင်း သိရသည်။ **သူရ(တောင်ငူ)**

တပ်ကုန်း၌ အစေ့ထုတ်ပြောင်း ယခင်နှစ်ထက် ပိုမိုစိုက်ပျိုးလာ

သတင်းနှင့်ဓာတ်ပုံ
ကျော်သူဝင်း(မြန်မာ့အလင်း)

နေပြည်တော် ဇူလိုင် ၆

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်တွင် အစေ့ထုတ်ပြောင်းများ ပိုမိုစိုက်ပျိုးလာသည်။ မျိုးမှာ ရေဆင်းစပ်မျိုးပြောင်း (UH008) ဖြစ်ပြီး ယခုနှစ် မိုးရာသီတွင် ဈေးနှုန်းမြင့်တက်လာခြင်း၊ တစ်ဧကတင်း ၁၀၀ ကျော် ထွက်ရှိသည့်မျိုးဖြစ်ခြင်းကြောင့် တောင်သူများ ပိုမို စိုက်ပျိုးလာခြင်းဖြစ်ကြောင်း တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးအရာရှိက ပြောကြားသည်။

“မိုးသီးနှံစိုက်တဲ့ တောင်သူတွေ အရင်က ဒေသမျိုးတွေ၊ အခြားစပ်မျိုးပြောင်းတွေ စိုက်ပျိုးခဲ့ပေမယ့် အခုမိုးရာသီမှာ ရေဆင်းစပ်မျိုးပြောင်းများ ပိုမိုစိုက်ပျိုးလာတာတွေ့ရတယ်။ တပ်ကုန်းမြို့နယ် တစ်မြို့နယ်လုံးမှာ ၂၉၂၁ ဧကအထိ စိုက်လာတာတွေ့ရပါတယ်။ ဒါဟာ မူလ လျာထားတဲ့ ၂၃၂၇ ဧကထက် ၅၅၄ ဧက ပိုမိုစိုက်ပျိုးလာခြင်း ဖြစ်ပါတယ်။ ဈေးနှုန်းကလည်း အရင်နှစ်က ပြောင်းတစ်တင်း ငွေကျပ် ၅၀၀၀ သာ ရောင်းရပြီး ယခုနှစ်ဈေးနှုန်းက အစေ့ထုတ်ပြောင်း တစ်တင်း ငွေကျပ် ၇၅၀၀ အထိ ပေးဝယ်လျက်ရှိနေပါတယ်”ဟု ၎င်းက ဆက်လက်ပြောပြသည်။

ဖြန့်ဖြူးပေး

တပ်ကုန်းမြို့ စိုက်ပျိုးရေးသုတေသနခြံတွင် စိုက်ပျိုးရေးပညာရှင်များက ပြီးခဲ့သည့်ဆောင်းရာသီ၌ ရေဆင်းစပ်မျိုးပြောင်း ဧက ၆၀ မျိုးထုတ်ခဲ့သည်။ တစ်ဧကကို ၂၁ တင်းနှုန်းနှင့် မျိုးစေ့တင်း ၁၂၆၀ ထွက်ရှိပြီး စိုက်ပျိုးဧက ၆၃၀၀ အတွက် စပ်မျိုးထုတ်လုပ်နိုင်ခဲ့သည်။ ယခုမိုးရာသီတွင် တပ်ကုန်းမြို့နယ်အနေဖြင့် ရေဆင်းစပ်မျိုးပြောင်း ၂၃၀၃ ဧက စိုက်ပျိုးထားပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

လင်ယောကျ်ားဖြစ်သူ လယ်ထွန်နေစဉ် ဇနီးနှင့် ကလေးနှစ်ဦး ရေနစ်သေဆုံး

တာချီလိတ် ဇူလိုင် ၆

ဇူလိုင် ၅ ရက် ညနေ ၆ နာရီ မိနစ် ၂၀ ခန့်က ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ရဲစခန်းတွင် ဒုရဲအုပ် အောင်မင်းဦး တာဝန်မှူး တာဝန်ထမ်းဆောင်နေစဉ် တာချီလိတ်မြို့နယ် မိုင်းကိုးအုပ်စု ရန်ကုန်ရွာအနီး ခမမပည (PC-047752) လယ်ကွင်းအတွင်းရှိ ရေကန်၌ လူသုံးဦး ရေနစ်သေဆုံးကြောင်း သတင်းရရှိသဖြင့် စခန်းမှူး ဒုရဲမှူးကျော်သန်း၊ တာဝန်မှူး ဒုရဲအုပ် အောင်မင်းဦးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးရာ ဒေါ်လူထ၊ သားကြီး ကျော်လင်းထွန်းနှင့် သားငယ် ကျော်လင်းအောင်တို့ ရေနစ်သေဆုံးကြောင်း သိရ၍ အလောင်းများကို ကြည့်ရှုစစ်ဆေးပြီး ရဲဆေးစာဖြင့် ဆေးရုံသို့ ပို့ဆောင်ရန်စီစဉ်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ဖြစ်စဉ်မှာ ဇူလိုင် ၅ ရက် နံနက် ၇ နာရီ မိနစ် ၃၀ က ဦးချိုးယို (၂၉ နှစ်) အပါအဝင် မိသားစုများ ဖြစ်ကြသည့် ဇနီး ဒေါ်လူထ (၂၉ နှစ်)၊ သားကြီး ကျော်လင်းထွန်း တစ်နှစ်ရှစ်လ၊ သားငယ် ကျော်လင်းအောင် ကိုးလခန့်တို့သည် မိုင်းကိုးရွာအနီး ၎င်းတို့လယ်ကွင်းသို့ သွားရောက်ပြီး ဦးချိုးယိုက လယ်ထွန်နေစဉ် ၎င်းပိုင် လယ်ကွင်းနှင့် ပေ ၂၀၀ အကွာရှိ အလျား ပေ ၁၅၀၊ အနံ ၇၅ ပေ၊ အနက်ရှစ်ပေရှိ ရေကန် **(အပေါ်ပုံ)** အနီးတွင် ကျော်လင်းထွန်းမှာ ကစားနေရာမှ ရေကန်အတွင်းသို့ ခြေချော်ကျသွားသဖြင့် မိခင်ဖြစ်သူ ဒေါ်လူထက သားငယ် ကျော်လင်းအောင်အား ကျောပိုးလျက် ရေကန်အတွင်းသို့ဆင်း၍ ဆယ်ယူရာမှ သုံးဦးစလုံး ရေနစ်သေဆုံးကြောင်း စစ်ဆေးသိရှိရသဖြင့် ဆေးစာနှင့်အတူ ဆေးရုံသို့ပို့အပ်ပြီး သေဆုံးခြင်းနှင့်ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်မဟုတ် စစ်ဆေးနိုင်ရန် စခန်းမှူး ဒုရဲမှူးကျော်သန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

မော်လူးဒေသ ဟောင်းတုန်း၌ အထူးအထွက်တိုးနှန်း ပုလဲသွယ်မျိုးစပါး စတင်စမ်းသပ်စိုက်ပျိုး

မော်လူး ဇူလိုင် ၆

ဆန်စပါး အထူးအထွက်တိုး ကောင်းမွန်ရန် ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်း ၁၄ ချက်အား စံစနစ်ထားပြီး မျိုးကောင်း မျိုးသန့်ကို ရွေးချယ်ထားသော ပုလဲသွယ်မျိုးစပါးကို တောင်သူလယ်သမားများ ဝင်ငွေနှစ်ဆတိုးပြီး လူမှုဘဝမြင့်တင်နိုင်ရေး ရည်ရွယ်ချက်ဖြင့် တစ်နိုင်ငံလုံးတွင် စမ်းသပ်စိုက်ပျိုးရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ ဟောင်းတုန်းကျေးရွာအုပ်စု ဟောင်းတုန်းကျေးရွာတွင် ဇူလိုင် ၂ ရက် နံနက် ၇ နာရီက အဆိုပါ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအုန်းကျော်၏စံပြစိုက်ကွက် ၁၀ ဧက လုပ်ကွက်အမှတ် (၅၃၅) တွင် မိုးစပါး အထူးအထွက်တိုး ပုလဲသွယ်မျိုးစပါးကို ကြိုးတန်းစနစ်ဖြင့် စိုက်ပျိုးကြသည်။

"ကျွန်တော်တို့ အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဆန်အရည်အသွေးကောင်းမွန်တဲ့ ပုလဲသွယ်မျိုးစပါးကို တောင်သူတွေအတွက် သင့်တင့်မျှတတဲ့နှုန်းထားနဲ့ထုတ်ပေးပါတယ်။ သိပ္ပံနည်းကျစနစ်တကျမျိုးကောင်းမျိုးသန့်ကို ထုတ်လုပ်ထားတဲ့အတွက် တစ်ဧက တင်း ၁၀၀ မှ ၂၀၀ ကျော်အထိ ထွက်ရှိကြောင်း သိရတဲ့အတွက် အခုလိုစမ်းသပ်စိုက်ပျိုးခဲ့တာပါ။ မနှစ်ကချင်း(၃)စပါးတစ်ဧကကို တင်း ၇၀ မှ ၉၅ တင်းအထိသာ ထွက်ပါတယ်။ ဒီနှစ်မှာတော့ ပုလဲသွယ် အထူးအထွက်တိုး မျိုးကောင်း မျိုးသန့်စပါးကို ရွေးချယ်စိုက်ပျိုးနိုင်ခဲ့တာမို့ တစ်ဧကေ တင်း ၁၀၀ မှ ၁၅၀ အထိ ထွက်ရှိနိုင်ရန်မျှော်မှန်းထားပါတယ်" ဟု ဟောင်းတုန်းရွာအုပ်ချုပ်ရေးမှူး (တောင်သူကြီး) ဦးအုန်းကျော်က ပြောကြားကြောင်း သိရသည်။

နီတိုး

ကလေးမြို့တွင် ဘီလပ်မြေစက်ရုံတည်ရန် အိန္ဒိယကုမ္ပဏီတစ်ခုလျှောက်ထား

ကလေး ဇူလိုင် ၆

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း ကလေးမြို့ အင်ဒိုင်းလေးကျေးရွာ၏ အရှေ့ဘက်ထုံးကျောက်တောင်တွင် ဘီလပ်မြေစက်ရုံတည်ဆောက်ရန်အတွက် အိန္ဒိယနိုင်ငံ Birla Co.,Ltdမှ တိုင်းဒေသကြီးအစိုးရထံလျှောက်ထားခြင်းနှင့်တိုင်းဒေသကြီးအစိုးရနှင့် ပြည်ထောင်စုအစိုးရတို့မှ ခွင့်ပြုပါက ဒေသခံပြည်သူများနှင့်တွေ့ဆုံဆွေးနွေးကာ လုပ်ငန်းစတင်ရေးကို ၂၀၁၄ ခုနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ရန် လျာထားကြောင်း ကလေးမြို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သန်းက ပြောသည်။

အဆိုပါ ဘီလပ်မြေစက်ရုံလုပ်ငန်းစတင်အကောင်အထည်ဖော်သည့်အချိန်၌ လုပ်ငန်းလည်ပတ်ရန်အတွက် အုပ်ချုပ်မှုပိုင်းနှင့် ထိန်းကျောင်းမှုအပိုင်းတို့တွင်သာ ကုမ္ပဏီမှ တာဝန်ယူမည်ဖြစ်ပြီး ထုတ်လုပ်မှုအပိုင်းတွင် မြန်မာနိုင်ငံမှ အင်ဂျင်နီယာများ၊ လုပ်သားများကို အသုံးပြုမည်ဖြစ်ကြောင်းနှင့် စုစုပေါင်းဝန်ထမ်းအင်အား ၈၀၀ ခန့်ကို အလုပ်အကိုင်အခွင့်အလမ်းများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဘီလပ်မြေစက်ရုံတည်ဆောက်မည့်လုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင်အတွက် အကျိုးသက်ရောက်မှုများကို ဒေသခံပြည်သူတို့ထံ ချပြရှင်းလင်းရန်အတွက် Birla Co., Ltd မှ တာဝန်ရှိသူများဖြစ်သည့် ဂျက်စကူးမားနှင့်အဖွဲ့လာရောက်ပြီး ညှိနှိုင်းကြမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူတို့အတွက် ဖွံ့ဖြိုးရေးအကူအညီများနှင့် စာသင်ကျောင်းများ၊ ခေတ်မီစိုက်ပျိုးရေးနည်းလမ်းများကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် သွားရောက်သည့် အိန္ဒိယနိုင်ငံခရီးစဉ်တွင် ပြောကြားခဲ့ကြောင်း ဦးခင်မောင်သန်းက ပြောသည်။

အဆိုပါ ဘီလပ်မြေစက်ရုံတွင် ဒိန်းမတ်နိုင်ငံထုတ် စက်ပစ္စည်းများကို အသုံးပြုမည်ဖြစ်ပြီး စက်ရုံလည်ပတ်ရန်အတွက် လျှပ်စစ်ဓာတ်အားကို အင်္ဂလန်နည်းပညာများ အသုံးပြု၍ ဒေသတွင်းထွက်ရှိသည့် ကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၀ ကို ထုတ်လုပ်မည်ဖြစ်သည်။ မဂ္ဂါဝပ် ၃၀ မှ ၂၅ မဂ္ဂါဝပ်ကို စက်ရုံအတွက် အသုံး ပြုမည်ဖြစ်ပြီး ကျန် ၅ မဂ္ဂါဝပ်ကို တိုင်းဒေသကြီးအစီအစဉ်ဖြင့် ဒေသတွင်းသို့ ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း သိရသည်။

ဘီလပ်မြေစက်ရုံကို အင်ဒိုင်းကြီးကျေးရွာအရှေ့ဘက် မြေ ၇၉ ဧကပေါ်တွင် စက်ရုံတည်မည်ဖြစ်ပြီး ပထမအဆင့်အနေဖြင့် စက်ရုံစီမံကိန်းစတင်နိုင်ရန် အမေရိကန်ဒေါ်လာ သန်းတစ်ရာကို သုံးစွဲမည်ဖြစ်ပြီး စက်ရုံတည်ပြီးလည်ပတ်ပါက တစ်ရက်လျှင် ဘီလပ်မြေနှစ်တန်ကျော် ထွက်ရှိမည်ဖြစ်၍ ဒေသတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အနီးပတ်ဝန်းကျင်ဒေသများဖြစ်သည့် အထက်ချင်းတွင်းဒေသ၊ ကဘော်လွင်ပြင်ဒေသ၊ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးတို့အတွက် လိုအပ်သော ဘီလပ်မြေများ ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

သျှင်နေမင်း

ရမည်းသင်းမြို့ နာရီစင်ကြီးတွင် နာရီအသစ်များ ပြောင်းလဲတပ်ဆင်မည်

ရမည်းသင်း ဇူလိုင် ၆

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့သာယာလှပရေးအတွက် ရန်ကုန်-မန္တလေးလမ်းနှင့် ရန်အောင်မြင်ဘုရားလမ်းထောင့်ရှိ နာရီစင်ကြီးတွင် ယခင်နာရီများအစား အဆင့်မြင့်နာရီကြီးများ ပြောင်းလဲတပ်ဆင်သွားမည်ဟု သိရသည်။ နာရီများမှာ အဝန်းအဝိုင်းလေးပေနီးပါးရှိသောကြောင့် အသစ်ထပ်မံသီးခြားမှာယူရသည်ဟုသိရပြီး နာရီအသစ်များ အစားထိုးတပ်ဆင်နိုင်ရန်အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က နာရီစင်ကြီးကို ငြမ်းဆင်ခြင်းနှင့်အတူလိုအပ်သည်များ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လှိုင်သန်းတင့်(ရမည်းသင်း)

ဆည်တော်ကြီးရေသောက်စနစ် ရေဆိုးထုတ်မြောင်းများတူးဖော် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ကွင်းဆင်းကြည့်ရှု

မတ္တရာ ဇူလိုင် ၆

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ဆည်တော်ကြီး ဆည်ရေသောက်ဧရိယာအတွင်း လယ်ယာမြေများ ရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ်နိုင်ရန်နှင့် ရေသွင်းရေထုတ်ကောင်းမွန်စေရန် ရေဆိုးထုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းများကိုဆည်မြောင်းဦးစီးဌာနက စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်လျက်ရှိရာ အင်းပက်လက်ရေဆိုးထုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းခွင်သို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှဝင်း၊ ဦးကိုလေးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ လိုက်ပါလျက် ကွင်းဆင်းကြည့်ရှုခဲ့ရာ မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ ဦးစီး အရာရှိ ဦးသန်းထိန်က ရှင်းလင်းပြသခဲ့သည်။

အန္တရာယ်မှ ကင်းဝေး

အင်းပက်လက် ရေဆိုးထုတ်မြောင်းသည် ဆည်တော်ကြီး ဆည်ရေသောက်ဧရိယာအတွင်း အင်းပက်လက်အင်းမှ ဧရာဝတီမြစ်အထိ အလျား ခြောက်မိုင်၊ အောက်ခြေအကျယ်ပေ ၃၀ မှ ၅၀ အထိ တူးဖော်၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်းအပြီးဆောင်ရွက်ရန် လျာထားကြောင်းနှင့် ဒဂ်ီးချောင်း၊ နွယ်တန်းချောင်း၊ ပိတောက်ချောင်း (အထက်ပိုင်း) ကရမက်ရေလျှံထိန်းကာ တာပေါင်နှင့် ခူအိုင်ရေနုတ်မြောင်းတို့ကိုလည်း တစ်ပြိုင်တည်းဆောင်ရွက်လျက်ရှိပြီး အဆိုပါ ရေနုတ်မြောင်းများ တူးဖော်ပေးရန် ဒေသခံပြည်သူများ၏ ဆန္ဒအရ လွှတ်တော်ကိုယ်စားလှယ်များက ဆည်မြောင်းဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည့်အတွက် ရေဘေးအန္တရာယ်မှ ကင်းဝေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝ၄ဝ)

လူထုအခြေပြုဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဇူလိုင် ၆

နားလည်မှုစာချွန်လွှာရေးထိုးမည့် သဘာဝဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများ၊ လူထုအခြေပြု ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အသိပညာပေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်နှင့် AVSI Foundation အဖွဲ့မှ Country Director Mr. Giovanni Catino တို့သည် ဇူလိုင် ၄ ရက် မွန်းတည့် ၁၂ နာရီက အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရမည်းသင်းမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းများတိုးချဲ့

ရမည်းသင်း ဇူလိုင် ၆

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ မြန်မာ့ဆက်သွယ်ရေးရုံးသို့ ဇူလိုင် ၅ ရက် ညနေ ၅ နာရီက တိုင်းဆက်သွယ်ရေးမန်နေဂျာ ဦးစောထူးသာ၊ ဒုတိုင်းမန်နေဂျာ ဦးရဲမင်းဦးနှင့် တာဝန်ရှိသူအင်ဂျင်နီယာများ ရောက်ရှိ၍ စာတိုက်ကြေးနန်း၊ အိတ်ချိန်းနှင့် မိုက်ကရိုဆက်သွယ်ရေးမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဆက်သွယ်ရေးစက်ပိုင်းဆိုင်ရာနှင့်လိုင်းများ ကောင်းမွန်စေရေး အစဉ်အမြဲထာဝရကောင်းမွန်စေရန် အလေးထားဂရုစိုက်ဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။

ဆက်သွယ်ရေးတာဝန်ခံဦးညိုမောင်က လိုအပ်ချက်များ ရှင်းလင်းတင်ပြ၍ တယ်လီဖုန်းဆက်သွယ်ရေးကွန်ရက်မမိသော ကျေးရွာများတွင် တာဝါမိုက်ကရိုတိုင်များတိုးချဲ့တပ်ဆင်ရန်နှင့် လိုအပ်လျက်ရှိသော ကြိုးဖုန်းလိုင်းများ တိုးချဲ့တပ်ဆင်ပေးရန် တင်ပြပါသည်။ ၎င်းတင်ပြချက်ကို တိုင်းမန်နေဂျာမှ ရွှေဒါးရွာ၊ မြို့လှရွာ၊ အုပ်ဖိုနှင့် ညောင်လေးပင်ရွာများတွင် G.S.M တာဝါတိုင်စခန်းများ အမြန်တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်းနှင့် လိုအပ်လျက်ရှိသော ကြိုးတယ်လီဖုန်းလိုင်းများ တိုးချဲ့တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့ပြီး ညနေ ၆ နာရီတွင် တာဝန်ရှိသူများသည် ပျော်ဘွယ်မြို့သို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။

တင်ဦး(ရမည်းသင်း)

အမြန်လမ်းမကြီးပေါ်၌ ယာဉ်ကြော်ငြာခိုင်မှုစစ်ဆေး

မန္တလေး ဇူလိုင် ၆

မန္တလေးတိုင်းဒေသကြီး အဝေးပြေးယာဉ်လုပ်ငန်းများကြီးကြပ်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းနှင့်ကော်မတီဝန်ထမ်း ၁၁ ဦး၊ အမြန်လမ်းမကြီးရဲတပ်ဖွဲ့၊ စကားအင်းရဲစခန်းမှ စခန်းမှူး ရဲအုပ်မြင့်အောင်နှင့်ရဲတပ်ဖွဲ့ဝင် ၁၅ ဦး၊ စကားအင်းတိုးဂိတ်၊ အမြန်လမ်းအင်ဂျင်နီယာအဖွဲ့မှ ဦးအောင်သန်းဝင်းနှင့်ရှစ်ဦးတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၃ ရက် နံနက် ၈ နာရီခွဲမှ ၁၀ နာရီအတွင်း အမြန်လမ်းမကြီး မိုင်တိုင် ၃၅၂ တစ်ဝိုက် ဖြန့်ခွဲ၍ ခရီးသည်တင်အဝေးပြေးယာဉ် ၂၅ စီး၊ ကိုယ်ပိုင်ယာဉ် ၃၁ စီးတို့၏ ယာဉ်ကြော်ငြာခိုင်လုံခြုံမှုရှိမရှိ၊ လူ၊ ယာဉ်သတ်မှတ်လိုင်စင် စုံ မစုံနှင့် တာယာ၊ ဘက်ထရီ၊ မီးသတ်ဆေးဘူးများကို တစ်စီးချင်းစစ်ဆေးခဲ့သည်။ ၎င်းယာဉ်များအနက် သတ်မှတ်ချက်နှင့် မကိုက်ညီသော ယာဉ်ကြီး ယာဉ်ငယ်နှစ်စီးကို အမြန်လမ်းမကြီးပေါ် ဆက်လက်မောင်းနှင်ခွင့်မပြုဘဲ ပညာပေး၍ နောက်ကြောင်းသို့ ပြန်လည်စေလွှတ်ခဲ့သည်ဟု သိရှိရသည်။

တင်မောင်(မန္တလေး)

ရေတွင်းအတွင်း၌ သန့်ရှင်းရေးဆောင်ရွက်သူရုတ်တရက်သေဆုံး

ထီးလင်း ဇူလိုင် ၆

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ကျင်းကျေးရွာအုပ်စု ကျင်းနယ်မြေရဲစခန်း၌ ဇူလိုင် ၄ ရက် နံနက် ၈ နာရီခွဲက ရေတွင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်သူတစ်ဦး ရုတ်တရက်သေဆုံးကြောင်း ကျင်းနယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ကျင်းကျေးရွာတွင် နေထိုင်သော ဦးဝင်းမြိုင် (၄၄ နှစ်) သည် ကျင်းရဲစခန်းမီးစက်ဆောင်အနီးရှိ အကျယ်သုံးပေခွဲ၊ ရေတွင်းနှုတ်ခမ်းအပါအဝင် အနက် ၂၈ ပေ ခန့်၊ ရေအနက်တစ်ပေခွဲရှိသော ကျောက်စီရေတွင်းကို သဲနုန်း၊ အမှိုက်သရိုက်၊ ရေပေါင်းများကိုစစ်ထုတ်၊ သန့်ရှင်းရေးဆောင်ရွက်ရန် ရေတွင်းထဲသို့ ဆင်းသက်သွားရာ ရေတွင်းအောက်ခြေရောက်ရှိပြီး ရေပုံးကို ရေခပ်ထည့်စဉ် လက်များလှုပ်ယမ်းကာလဲကျ၍ ရုတ်တရက်သေဆုံးကြောင်း၊ ခန္ဓာကိုယ်၌ ဒဏ်ရာမရှိ၊ ခြေလက်နှုတ်ခမ်းများ ပြာနှမ်းလျက် တွေ့ရှိရကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ကျင်းနယ်မြေရဲစခန်းမှ အမှုဖွင့်ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ဖိုးသားလေး(ယောမြေ)

အင်းတော်နှင့် နဘားဘူတာအကြား ရထားကြိတ်သေဆုံး

အင်းတော် ဇူလိုင် ၆

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်ဘူတာနှင့် နဘားဘူတာကြားတွင် လူတစ်ဦးရထားကြိတ်သေဆုံးနေကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၄ ရက် ညနေ ၆ နာရီက အင်းတော်နှင့်နဘားဘူတာအကြား ခိုင်တောင်ကွေ့တွင် အမှတ်(၄၈)အစုန်ရထားပေါ်မှ လူတစ်ဦး ပြုတ်ကျသေဆုံးနေကြောင်း နဘားဒုတိယရုံပိုင် ဦးကျော်ဝင်းနိုင်၏ အကြောင်းကြားချက်အရ ဒုရဲအုပ် သူဇော်ဝင်းနှင့်အဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ကျော်ဆန်းဖြစ်ကြောင်း သိရပြီး ၎င်းသည် နဘားဘူတာမှ အမှတ်(၄၈)အစုန်ရထားနှင့်လိုက်ပါလာစဉ် ရထားပေါ်မှ ပြုတ်ကျ၍ သေဆုံးနေသည်ကိုတွေ့ရှိရသဖြင့် ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ် မဟုတ်စစ်ဆေးသိရှိနိုင်ရန် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

လူအောင်(ကသာ)

မဲဇာမြစ်ရိုးအား ပြန်လည်ထိန်းသိမ်းရန် လိုအပ်နေ

ဗန်းမောက် ဇူလိုင် ၆

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်အတွင်း မဲဇာမြစ်ရိုး**(အပေါ်ပုံ)**၌ ရွှေတူးဖော်သူများကြောင့် တစ်နေ့တခြားချွတ်ယွင်းပျက်စီးခြင်းများ မြန်ဆန်လာသည့်အတွက် မဲဇာမြစ်ရိုးတစ်လျှောက်ကို ပြန်လည်ပြုပြင်ရန် လိုအပ်လျက်ရှိကြောင်း ဒေသခံတချို့ထံမှ သိရသည်။

"မဲဇာမြစ်က အရင်က ရေစီးရေလာကောင်းမွန်ပြီး ပေါများတဲ့မြစ်ဖြစ်ပါတယ်။ မဲဇာမြစ်ဖျားမှာရှိတဲ့ ဘူးတောင်း၊ ခေါင်းတုံး၊ နောင်မီ၊ ကလပ်၊ မံထုံအစရှိတဲ့ ကျေးရွာတွေဟာ ဗန်းမောက်မြို့နယ်အပိုင်ဖြစ်ကာ မဲဇာမြစ်ကမ်းပါးတစ်လျှောက် ရွာတည်ထားကြပြီး မဲဇာမြစ်ရေကို သုံးရေချိုးရေအဖြစ် အလွယ်တကူအသုံးချလို့ရခဲ့ပေမယ့် အခုအချိန်မှာတော့ မဲဇာမြစ်ရိုးတစ်လျှောက်မှာ ရွှေတူးဖော်သူတွေက တရုတ်အင်ဂျင်စက်ကြီးတွေ အများအပြားနဲ့တူးဖော်ပြီး ပိုက်ကြီးပိုက်ငယ်သွယ်တန်းလို့ ခြောက်လုံးထိုး၊ လေးလုံးထိုး၊ နှစ်လုံးထိုးအင်ဂျင်များ တပ်ဆင်ပြီး တူးဖော်လုပ်ကိုင်နေကြတော့ ကျေးရွာမှာရှိတဲ့ ဒေသခံပြည်သူတွေဟာ မဲဇာမြစ်ရေချွတ်ယွင်းပျက်စီးပြီး ရွှံ့ညွှန်ရေစီးဆင်းတဲ့ ရေဆိုးရေပုပ်အနံ့တွေကို ခံစားနေကြရတယ်။ မြစ်ဘေးမှာရှိတဲ့ရွာက ရွာသူရွာသားကလေးငယ်တွေက ဒီရေကိုမှ မချိုးရင် ချိုးစရာမရှိတဲ့အတွက် ကျန်းမာရေးအတွက်စိုးရိမ်နေကြရတယ်" ဟု ဗန်းမောက်မြို့နယ် ကိုင်းကြီးကျေးရွာ ဒေသခံတစ်ဦးက ပြောပြသည်။ မဲဇာမြစ်သည် ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ရှိ တောင်တန်းများတွင် မြစ်ဖျားခံ၍ စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ဘူးတောင်းကျေးရွာမှအစ တောင်ချောင်းပေါက်ကျေးရွာအဆုံး ဖြတ်သန်းစီးဆင်းလျက်ရှိပြီး ယခင်ကာလများက ကြည်လင်သန့်ရှင်းသော ရေများနေရာတွင် ရေဆိုးရေညစ်များဖြစ်ပြီး ရွှံ့ညွှန်ရေများ နေ့စဉ်ဖြစ်ပေါ်စီးဆင်းလျက်ရှိသည်။

မဲဇာမြစ်အတွင်းရှိ ရွှေတူးဖော်နေကြသည့်နေရာဒေသများမှာ ဗန်းမောက်မြို့နယ် ဥမင်ကျေးရွာနှင့် ပန်းတောကျေးရွာကြား၌ အများဆုံးဖြစ်သလို မဲတောနှင့် တာမကျိုင်းကျေးရွာအနီးဝန်းကျင်တို့မှာလည်း အများအပြားရှိနေသည့်အတွက်ကြောင့် မဲဇာမြစ်၏ ရေများမှာ ရေစီးရေလာကောင်းမွန်ခြင်းမရှိဘဲ ပျက်စီးယိုယွင်းမှုကြီးမားလာခြင်းကိုပြုပြင်ရန်လိုအပ်နေပြီဖြစ်ကြောင်း သိရသည်။

သန်းမောင်လေး(ကချင်မြေ)

ဥရောပနိုင်ငံသို့ မြန်မာ့နှမ်းတင်ပို့ရန်စီစဉ်

ရန်ကုန် ဇူလိုင် ၆

ဥရောပသမဂ္ဂမှ စီးပွားရေးပိတ်ဆို့မှုများ ပယ်ဖျက်လိုက်သည့်အတွက် ပြည်ပပို့ကုန်တွင် မျက်နှာပန်းလှနေသော မြန်မာ့နှမ်းကို ဥရောပမှ စီးပွားရေးလုပ်ငန်းရှင်များက စိတ်ဝင်စားလာသည့်အတွက် ယခုနှစ်တွင် ဥရောပနိုင်ငံများသို့ တင်ပို့ရန် စီစဉ်နေကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ ကုန်သွယ်မှုပွင့်လင်းလာခြင်းကြောင့် ပြည်တွင်းနှမ်းကို တစ်နှစ်လျှင် တန်ချိန် ၁၁၀၀၀၀ မှ ၁၂၀၀၀၀ ထိ ပိုမိုတင်ပို့နိုင်ကြောင်း၊ ပြည်ပတင်ပို့ရာတွင် တရုတ်နိုင်ငံသို့ ၇၀ ရာခိုင်နှုန်းခန့် တင်ပို့ပြီး ကျန် ၃၀ ရာခိုင်နှုန်းကို ကိုရီးယား၊ ဂျပန်နိုင်ငံများသို့တင်ပို့ကြောင်း၊ ယခင်နှစ် နှမ်းပေါ်စတွင် သုံးတင်း၊ ၄၅ ပိဿာလျှင် ပြည်တွင်းငွေကျပ် ၉၀၀၀၀ ဖြစ်ပြီး ယခုနှစ်တွင် ငွေကျပ် ၁၄၀၀၀၀ မှ ၁၅၀၀၀၀ထိ ရှိလာကြောင်း၊ ယခင်နှစ် ပြည်ပပို့ကုန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၆၀၀ ဖြစ်ပြီး ယခုနှစ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၂၀၀ ဖြစ်ကြောင်း ပဲ၊ နှမ်း အသင်းဒုတိယဥက္ကဋ္ဌ ဦးစိုင်းဘဉာဏ်က ပြောကြားကြောင်း သိရသည်။

ရွှေထူး

မြိတ်မြို့၌ အရှိန်လျှော့အချက်ပြမီးဝါနှင့် ကြေးမှုံခုံးများတပ်ဆင်

မြိတ် ဇူလိုင် ၆

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အမှတ်(၅၂)ယာဉ်ထိန်းတပ်ဖွဲ့စုမှူးရုံး(မြိတ်)မှ မြိတ်ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့နှင့်အတူ အရှိန်ထိန်းအချက်ပြမီးဝါတိုင်များနှင့် ကြေးမုံခုံးတို့ တပ်ဆင်ခြင်းလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ မြိတ်မြို့ ရွှေပေးလမ်းဆုံ၊ တောရကျောင်းလမ်းဆုံ၊ပိတောက်ပင်လမ်းဆုံ၊ ကန်ဖျားမြေနီလမ်းဆုံရှေ့တို့တွင် အရှိန်ထိန်းအချက်ပြမီးဝါတိုင် ရှစ်ခုနှင့် ဗိုလ်ချုပ်ကြေးရုပ်ရှေ့တွင် ကြေးမုံခုံးတစ်ခုတို့ကို ယာဉ်အန္တရာယ်ကင်းရှင်းစေရန် တပ်ဆင်ပေးခဲ့ပြီး မြိတ်တောင်ကျေးရွာအုပ်စု ဘုရားကိုင်လမ်းဆုံနှင့်ဆိပ်ငယ်ရပ်ကွက် နာရီစင်အနီးတို့တွင် အရှိန်ထိန်းအချက်ပြမီးဝါတိုင် သုံးခုနှင့် ကြေးမုံခုံးလေးခုတို့ကို ဇူလိုင် ၄ရက် နံနက် ၇ နာရီကစ၍ ဆက်လက်တပ်ဆင်လျက်ရှိကြောင်း သိရသည်။

မိုးဟိန်း(မြိတ်)

ဆွဲကြိုးလုယူ ထွက်ပြေးသွားသူအား ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၆

ဇူလိုင် ၂ ရက် နံနက် ၇ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၃) ရပ်ကွက် ဒေင်အိမ်ရာနေ ဦးမြင့်ဦး (၆၀ နှစ်)သည် ၎င်း၏ ၉က/. . . . ISUZU မော်တော်ယာဉ်ဖြင့် မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် ကုလားချောင်းဈေးသို့ ဈေးဝယ်ရန်အသွား ဈေးရှေ့သို့ရောက်ရှိပြီး ကားပေါ်မှဆင်းစဉ် အမျိုးသားတစ်ဦးသည် ဦးမြင့်ဦး၏လက်တွင် ကိုင်ထားသော ပိုက်ဆံအိတ်အားလုယူရာ မရရှိသဖြင့် လည်ပင်းတွင် ဝတ်ဆင်ထားသော အလေးချိန် ၁ ကျပ် ၆ ရွေးခန့်ရှိ ရွှေဆွဲကြိုး တန်ဖိုးငွေကျပ် ၈၅၈၅၀၀ ကျပ်ကို လုယူထွက်ပြေးသွားခဲ့သည်။

ထိုသို့ ဆွဲကြိုးလုယူထွက်ပြေးသွားသောကြောင့် ဦးမြင့်ဦးသည် ချက်ချင်းလှည့်ကင်း တာဝန်ကျရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူများအားတင်ပြပြီး ပူးပေါင်းရှာဖွေဆောင်ရွက်မှုကြောင့် နံနက် ၉ နာရီ ၅၅ မိနစ်တွင် ဆွဲကြိုးလုယူထွက်ပြေးသွားသူ မျိုးအောင်ဝင်း (၃၉ နှစ်) အိုးဘိုချောင်းကလေးရွာ ပန်းတနော်မြို့နယ် ဧရာဝတီတိုင်းဒေသကြီးနေသူအား လုယူသွားသောဆွဲကြိုးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဘုရင့်နောင် နယ်မြေရဲစခန်းမှ မျိုးအောင်ဝင်း (၃၉ နှစ်)အား အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုကိုရှူပ

စာပေမြင့်မှ လူမျိုးတင့်မည်

ပြည်တွင်းသတင်း

ရာသီအချိန်လိုက်၍ အုန်းသီးဈေးတက်လာ

ရန်ကုန်   ဇူလိုင်   ၆

မကြာမီဝါဝင်တော့မည်၊ ဗုဒ္ဓဘာသာဝင်တို့၏ ရိုးရာပွဲနှင့်ကုသိုလ်ယူ အလှူအတန်းများ ရှိလာတော့မည်၊ ဝါမဝင်ခင် ဆွဲအုန်းများလဲရတော့မည်၊ ဦးရှင်ကြီး ဆွမ်းတင်ရတော့မည်။ အလှူအတန်းပြုလုပ်ကုသိုလ်ယူကြသည့် အချိန်တွင် အသုံးပြုရမည့် အခွံကျွတ်အုန်းသီးများလည်း အချိန်အခါ ရာသီအလိုက် ဈေးကွက်အတွင်း ဝင်ရောက်လာသည်ကို ဇူလိုင် ၄ ရက် က ရန်ကုန်မြို့ လမ်းမတော် ဘုန်းကြီးလမ်း ဆိပ်ကမ်းတွင် တွေ့မြင်ရသည်။ ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေး၊ ဖျာပုံ၊ ကျိုက်လတ်၊ မော်ကွန်းတို့မှ မော်တော်၊ သင်္ဘော၊ စက်သမ္ဗန်တို့ဖြင့် ရာထောင်ချီ၍ ရောက်ရှိလာကြခြင်းဖြစ်သည်။ **(အောက်ပုံ)**

"ပီနန်အုန်းတွေက အခုချိန်က ဈေးကွက်ပဲလေ၊ (အခွံခွာပြီးသား အုန်းကို ပီနန်အုန်းဟုခေါ်သည်) ဗုဒ္ဓဘာသာဝင်တွေက ဝါမဝင်ခင်အုန်းသီးကို အသုံးပြုရစမြဲတဲ့၊ ရိုးရာဓလေ့အနေနဲ့ ပွဲအုန်းတို့ ဆွဲအုန်းတို့ကလည်း အသုံးများကြတယ်။ ဆွဲအုန်း၊ ပွဲအုန်း၊ လုပ်တာတို့ကျတော့ ကြွက်မြီးတန်းပါမှရမယ်၊ ဒါတွေက သတ်သတ်လာတယ်၊ အစ္စလာမ်ဘာသာဝင်တွေကလဲ ဥပုသ်လကျရင် စမိုင်လုပ်ရတော့မယ်၊ အုန်းရေနဲ့ လုပ်ရတာဆိုတော့ အုန်းသီးက အဓိကပဲလေ၊ အခုရက်ပိုင်း အုန်းသီး အဝင်နည်းနေတယ်။ မိုးရွာတော့ အပင်ကရေစိုပြီး ချောနေတော့ အပင်တက်မဲ့သူနည်းနေတယ်၊ အုန်းသီးတက်ခူးပေးမယ့်သူမရှိလို့ပါ" ဟု အုန်းသီးအရောင်းအဝယ်ပွဲစား ဒေါ်စန်းမြက ပြောသည်။

အုန်းသီးဈေးကလည်း နေ့စဉ်အပြောင်းအလဲရှိသည်ဆို၏။ အဝင်များလျှင် ဈေးတစ်မျိုး၊ အဝင်နည်းလျှင် ဈေးတစ်မျိုးဖြစ်သည်။ ဇူလိုင် ၄ရက်က ဆိပ်ကမ်းရောင်းဈေးမှာ အုန်းသီးအသေးတစ်လုံး ငွေကျပ် ၁၃၀မှ ၁၅၀၊ အုန်းသီးအကြီးမှာ ငွေကျပ် ၂၂၀ မှ ၂၅၀၊ ကြွက်မြီးတန်းပါအုန်း (ပွဲအုန်း) တစ်လုံးငွေကျပ် ၄၀၀ မှ ၅၀၀ ရှိသည်။ ဆိပ်ကမ်း၌ လုံးရေ ၅၀၀၊ ၁၀၀၀ လာရောက်ဝယ်ယူသူများအား ရောင်းချသော လက်ကားဈေးဖြစ်သည်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၆-၇-၂၀၁၃ **ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

၁၆ ပဲရည်(ရန်ကုန်)	တစ်ကျပ်သား	၆၇၇၀၀၀
၁၅ ပဲရည်(ရန်ကုန်)	တစ်ကျပ်သား	၆၃၇၂၀၀
၁၆ ပဲရည်(မန္တလေး)	တစ်ကျပ်သား	၆၇၇၀၀၀
၁၅ ပဲရည်(မန္တလေး)	တစ်ကျပ်သား	၆၃၇၂၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၂ - ၉၈၂	ကျပ်
ယူရို	တစ်ယူရို	၁၂၄၈ - ၁၂၆၆	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၅၉ - ၇၇၁	ကျပ်
ထိုင်း	တစ်ဘတ်	၃၁. ၄-၃၁. ၈	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၆-၁၆. ၄၆	ကျပ်
တရုတ်	တစ်ယွမ်	၁၅၆ - ၁၆၀	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၃၀၅ - ၃၁၀	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်
ဒီဇယ်	တစ်လီတာ	၈၆၀	ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၈၇၀	ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၇၀	ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၁၀	ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၂၀၀ - ၆၀၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၁၁၀၀ - ၂၂၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၃၂၀၀ - ၄၉၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၄၈၀၀ - ၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၃၀၀၀ - ၆၅၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၉၅၀၀ - ၁၉၅၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၉၀၀၀ - ၂၁၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၄၀၀၀ - ၁၂၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၃၀၀၀ - ၇၅၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၃၀၀၀ - ၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၁၀၀၀ - ၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။	နွေဆန်	တစ်အိတ်	၁၇၂၀၀
၂။	ပေါ်ကွဲ	တစ်အိတ်	၂၁၅၀၀
၃။	ပေါ်ဆန်း	တစ်အိတ်	၂၃၀၀၀-၂၉၀၀၀
၄။	မြေပဲဆီ	တစ်ပိဿာ	၃၉၀၀
၅။	စားအုန်းဆီ	တစ်ပိဿာ	၁၅၅၀
၆။	ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၄၃၀-၄၇၅
၇။	ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၀၀၀-၁၇၀၀
၈။	ကြူကုတ်ကြက်သွန်ဖြူ	တစ်ပိဿာ	၉၇၅-၁၀၀၀
၉။	အာလူး(ဟဲဟိုး)	တစ်ပိဿာ	၇၄၀-၉၀၀
၁၀။	ဝါးခယ်မငရုတ်ရှည်	တစ်ပိဿာ	၁၉၅၀-၂၀၀၀
၁၁။	ဆင်ဖြူကျွန်းငရုတ်ပွ	တစ်ပိဿာ	၄၀၀၀-၄၂၀၀
၁၂။	သကြား	တစ်ပိဿာ	၉၂၀-၁၀၅၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

ပန်းတောင်းမြို့နယ် အလယ်တန်းကျောင်းခွဲ အဆင့်တိုးမြှင့်

ပန်းတောင်း   ဇူလိုင်   ၆

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ရပ်သာကျေးရွာအုပ်စု ဘူးဘက်ကျေးရွာတွင် အခြေခံပညာအလယ်တန်းကျောင်းခွဲ အဆင့်တိုးမြှင့်ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၅ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်း၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်ထွေးက အမှာစကားပြောကြားပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်တိုးက မူလတန်းလွန်ကျောင်းမှ အလယ်တန်းကျောင်းခွဲအဆင့်သို့ တိုးမြှင့်ဆောင်ရွက်ရခြင်းအကြောင်းများကို ပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်လက်ထောက်ပညာရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ အခမ်းအနားသို့ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ စုံညီစွာတက်ရောက်ခဲ့ကြောင်း သိရသည်။

အောင်မြင့်

အကယ်ဒမီ ဒေါ်ဝါဝါဝင်းရွှေ၏ ကျေးဇူးတင်လွှာ

ဆုထူးပန်ရပ်ရှင်ရုံဟောင်း မြေကွက်ပိုင်ရှင် အကယ်ဒမီဒေါ်ဝါဝါဝင်းရွှေနှင့် Great Father Land Construction တာဝန်ရှိသူ ဦးကျော်မြင့်တို့ နှစ်ဦးနှစ်ဖက် အငြင်းပွားနေသည့်ကိစ္စအား **သီတဂူဆရာတော်ကြီး ဒေါက်တာရှင်ဉာဏိဿရနှင့် အငြိမ်းစားသံအမတ်ကြီး ဦးလှမောင်တို့က** မေတ္တာတရားရှေ့ထား၍ အငြင်းပွားမှုများကိုရပ်ဆိုင်းပြီး နှစ်ဦးနှစ်ဖက် မျက်နှာစုံညီတွေ့ဆုံ၍ ပြေလည်မှုရရှိလာစေရန်အတွက် စေ့စပ်ညှိနှိုင်းမှုများ ပေါ်ပေါက်လာစေရန် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ပါသည်။ မေတ္တာတရားရှေ့ထား၍ ဆောင်ရွက်ပေးခဲ့သော သီတဂူဆရာတော်ကြီးဒေါက်တာရှင်ဉာဏိဿရအား ကျေးဇူးအထူးတင်ရှိပါကြောင်း ရိုသေလေးစားစွာဖြင့် လျှောက်ထားအပ်ပါသည်။ အငြိမ်းစားသံအမတ်ကြီးဦးလှမောင်အားလည်း စိတ်ရှည်စွာဖြင့် နှစ်ဦးနှစ်ဖက်ပြေလည်အောင် ညှိနှိုင်းပေးခြင်းအတွက် အထူးကျေးဇူးတင်ရှိပါကြောင်း အသိပေးအပ်ပါသည်။

ထပ်ဆင့်အကယ်ဒမီ ဒေါ်ဝါဝါဝင်းရွှေ

နှစ်ပေါင်း ၄၅ နှစ်အတွင်း တန်းမြင့်ဆန် ဂျပန်သို့ ပြန်လည်တင်ပို့နိုင်ပြီ

ရန်ကုန် ဇူလိုင် ၆

ဂျပန်နိုင်ငံသည် နှစ်စဉ်ဆန်တန်ချိန် ခြောက်သိန်းကျော် ပြည်ပမှ တင်သွင်းရပြီး မြန်မာနိုင်ငံမှ ဆင်းသွယ်လတ်နှင့် မှော်ဘီ(၂) စပါးမျိုးများကို ကြိုက်နှစ်သက်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ အရည်အသွေးမြင့် ခေတ်မီနည်းစနစ်ဖြင့် ကြိတ်ခွဲပြုပြင်ထားသော ဆန်ကွဲများကို ဆာကေးချက်လုပ်ရန်နှင့် ဂျပန်ရိုးရာဟင်းချို (MESO Soup) ထုတ်လုပ်ရန်အတွက် ဝယ်ယူလေ့ရှိသည်။

မြန်မာ့ဆန်များကို Global တင်ဒါစနစ်ဖြင့် တင်သွင်းယှဉ်ပြိုင်ခဲ့ရာ တင်ဒါအောင်မြင်ခဲ့သဖြင့် မေလတွင် တင်ပို့နိုင်ရန်အတွက် ဆန်များ စတင်စုဆောင်းခြင်း၊ စုဆောင်းပြီး ဆန်များကို တင်ပို့နိုင်ရန်အတွက် ပိုးသတ်ခြင်းစသော လုပ်ငန်းအဆင့်ဆင့်တို့ကို MAPCO က စနစ်တကျ ဆောင်ရွက်ခဲ့သည်။

ဂျပန်အစိုးရမှ သတ်မှတ်ထားသည့် အရည်အသွေးများအတိုင်း စစ်ဆေးခဲ့ပြီး သင်္ဘောမတင်ပို့မီ ကုန်ကြမ်းများအား စစ်ဆေးခြင်း၊ ဆန်များအား ကြိတ်ခွဲပြီး၍ Packing ပြုလုပ်စဉ် စစ်ဆေးခြင်း၊ ဂျပန်သို့ပေးပို့၍ စမ်းသပ်မှုများအောင်မြင်သည့် sample များကိုသာ တင်ပို့ခြင်း၊ အဆိုပါဆန်များကို ဂျပန်နိုင်ငံတွင် သင်္ဘောပေါ်မှမချမီ နောက်ဆုံးစစ်ဆေးပြီး စစ်ဆေးမှုအောင်မြင်၍ ဂျပန်နိုင်ငံရှိ သိုလှောင်ရုံများသို့ ပို့ဆောင်ခွင့်ရရှိခဲ့သည်။

ဂျပန်နိုင်ငံသည် အီးယူဈေးကွက်ထက် ပိုမိုတင်းကျပ်သော စစ်ဆေးမှုများကြောင့် ဂျပန်နိုင်ငံကို ဆန်တင်ပို့နိုင်ခြင်းသည် အီးယူဈေးကွက်ကို ထိုးဖောက်နိုင်ရန် များစွာ အထောက်အပံ့ဖြစ်စေသည်။ ယခုတင်ပို့ခဲ့သော ဆင်းသွယ်လတ် တန်ချိန် ၅၀၀၀နှင့် ပတ်သက်၍ ဂျပန်အရည်အသွေး စစ်ဆေးသူများ၏ မှတ်ချက်အရ ဆန်ရိုးဆန်သား အရောင်ကောင်းမွန်ခြင်း၊ အရသာကောင်းမွန်ခြင်း၊ ဓာတုဓာတ်ကြွင်း ကင်းစင်ကြောင်း သိရှိရပြီး Gold Delta ဆန်စက်၊ Ayeyar Hinthar ဆန်စက်၊ ရွှေဝါရောင်ဆန်စက်နှင့် ရွှေဇာခြည်ဆန်စက်ကြီးများတွင် ခေတ်မီကြိတ်ခွဲပြုပြင်ခဲ့သည်။

တင်ပို့လိုက်သည့် ဆန်အရည်အသွေးမှာ ၁၀၀ ရာခိုင်နှုန်း ဆန်သားပါဝင်သော အရည်အသွေးဖြစ်ပြီး တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၅၀ ဖြစ်ပြီး ထပ်မံ၍လည်း တင်ပို့နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း MAPCO ၏ မန်နေဂျင်းဒါရိုက်တာ ဦးရဲမင်းအောင်က ပြောကြားသည်။

ဆန်တင်ပို့ရာ၌ အချို့လုပ်ငန်းစဉ်များတွင် အတွေ့အကြုံမရှိ၍ အခက်အခဲကြုံတွေ့ကြရသေးကြောင်း သိရှိရသည်။ သိုလှောင်ရုံမှ ဆိပ်ကမ်းသို့ ကားများဖြင့် ဆန်အိတ်များ သယ်ရာတွင် အလုပ်သမားများ ကွမ်းစားခြင်း၊ ဆေးလိပ်သောက်ခြင်း၊ Labour များ တူညီဝတ်စုံနှင့် mark များ မတပ်ခြင်းစသော အချက်အလက်များသည်လည်း ဂရုပြုဖွယ်ရာ လိုအပ်ချက်များဖြစ်ခဲ့ကြောင်း သိရှိရသည်။

MAPCO နှင့် ဂျပန်နိုင်ငံ Mitsui Co.,Ltd. တို့ ဇန်နဝါရီ ၂၃ ရက်က စာချုပ်ချုပ်ဆိုပြီး နှစ်ပေါင်း ၄၅ နှစ်အတွင်း ဂျပန်နိုင်ငံသို့ ပထမဦးဆုံး မြန်မာ့တန်းမြင့်ဆန် (ဆင်းသွယ်လတ်)ကို တင်ပို့ရန်အတွက် မေ ၁၈ ရက်က ရန်ကုန်မြို့ Asia World ဆိပ်ကမ်းမှ MV. Musashi သင်္ဘောဖြင့် စတင်သယ်ဆောင်ပြီး ဇွန် ဒုတိယပတ်တွင် ဂျပန်နိုင်ငံ နာဂိုရာဆိပ်ကမ်းသို့ ရောက်ရှိခဲ့သည်။

အောင်သူရ

ပြည်တွင်းသတင်း

ချင်းပြည်နယ်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်

နေပြည်တော် ဇူလိုင် ၆

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းသည် ဇွန် ၃၀ ရက် ညနေ ၅ နာရီက မင်းတပ်မြို့ တိုးချဲ့လျှာထားမြေနေရာ၊ ဟိုတယ်ဇုန် လျာထားမြေနေရာနှင့် (၆၆ KV)ဓာတ်အားစက်ရုံ လျာထားမြေနေရာတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဇူလိုင် ၁ ရက် နံနက် ၇ နာရီခွဲက မင်းတပ်မြို့ တောင်ပုလု ပရိယတ္တိ ပဋိပတ္တိကျောင်းတိုက်ခွဲ၌ ကျင်းပသောထွဋ်တင်-ထိပ်တင်-ထွဋ်မြင့်စေတီတော်သုံးဆူ ထီးတော်တင်မင်္ဂလာအခမ်းအနားနှင့် တောင်တန်းသာသနာပြုဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အရှင်ပညာသီရိ၏ (၇၄)နှစ်ပြည့် မွေးနေ့မင်္ဂလာအခမ်းအနားတို့သို့ တက်ရောက်ကြည်ညို၍ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများနှင့် တွေ့ဆုံခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဇူလိုင် ၂ ရက် နံနက်ပိုင်းတွင် မတူပီမြို့ လူငယ်သင်တန်းကျောင်း၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၊ စာသင်ဆောင်များနှင့် ကျောင်းဆောင်သစ် လျာထားမြေနေရာ၊ ပြည်သူ့ဆေးရုံ၊ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းရုံး၊ အထက(၂)စာသင်ဆောင်၊ ဌာနဆိုင်ရာ လက်ဖက်စိုက်ခင်း၊ ကွက်သစ်လျာထားမြေနေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများနှင့် တွေ့ဆုံခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဇူလိုင် ၃ ရက် နံနက်ပိုင်းက အထက ရေဇွာ စာသင်ဆောင်များနှင့် ပြည်သူ့ဆေးရုံတို့သို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ရေဇွာ-ဟားခါး မော်တော်ကားလမ်း လမ်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

Skynet ရုပ်သံလိုင်း၏ Police Channel လိုင်းသစ်တွင် ရဲတပ်ဖွဲ့ဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများအား ထုတ်လွှင့်တင်ဆက်

နေပြည်တော် ဇူလိုင် ၆

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လှုပ်ရှားဆောင်ရွက်မှုများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်ချက်များနှင့် ရဲလုပ်ငန်းဆိုင်ရာ မှုခင်းဖော်ထုတ်ဖမ်းဆီးခြင်း၊ ထူးခြားဖြစ်မှုဖြစ်ပွားခြင်းတို့နှင့်ပတ်သက်၍ ဇာတ်လမ်း၊ မှတ်တမ်း၊ ပညာပေးအစီအစဉ်များအား ပြည်သူများသိရှိစေရန် Skynet ရုပ်သံလိုင်း၏ Police Channel လိုင်းသစ်ကို ဇွန် ၂၆ ရက်ကစတင်၍ ထုတ်လွှင့်လျက်ရှိကြောင်းသိရသည်။

အဆိုပါ Skynet ရုပ်သံလိုင်း၏ Police Channel လိုင်းသစ်ကို နေ့စဉ်သုံး နာရီခန့် စမ်းသပ်ထုတ်လွှင့်ပေးလျက်ရှိပြီး နောင်တွင် အစီအစဉ်များကို တဖြည်းဖြည်း တိုးချဲ့ထုတ်လွှင့်တင်ဆက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

မောင်ဦး

ဧရာဝတီဘဏ်လီမိတက် (၄၁) ဘဏ် မြောက် ပုသိမ်ဘဏ်ခွဲဖွင့်

နေပြည်တော် ဇူလိုင် ၆

ဧရာဝတီဘဏ်လီမိတက်၏ (၄၁) ဘဏ်မြောက် ပုသိမ်ဘဏ်ခွဲဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၄ ရက် နံနက် ၈ နာရီက ပုသိမ်မြို့ အမှတ်(၄)ရပ်ကွက်၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဦးဝင်းကိုကို၊ ပုသိမ်ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဧရာဝတီဘဏ်လီမိတက် အမှုဆောင်ဒါရိုက်တာတို့က ပုသိမ်ဘဏ်ခွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က ပုသိမ်ဘဏ်ခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဘဏ်ခွဲ၏ဝန်ဆောင်မှုလုပ်ငန်းများကို ကြည့်ရှုသည်။

ဆက်လက်၍ တောင်ယာကုန်းကျေးရွာအဝင်လမ်းနှင့် လျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါ်ခင်စောမူနှင့် တာဝန်ရှိသူများက ကျေးရွာအဝင်လမ်းနှင့် လျှပ်စစ်မီးဖွင့်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့က ကျွန်းပင်ကို စိုက်ပျိုးပေးကြပြီး ကျေးရွာအဝင်လမ်းကို ဖြတ်သန်းကြည့်ရှုကြသည်။ ဆက်လက်၍ တိုင်းမှူးက လျှပ်စစ်မီးကို ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး အလှူရှင်များနှင့်အတူ မြတ်ပါရမီလူမှုကူညီရေးအဖွဲ့အတွက် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေဥဒေါင်းမင်း 0973142062, 09421122687
အမှတ်-၁၂၊ ဦးကြွယ်ဟိုးလမ်း၊ ကြည့်မြင်တိုင်ညဈေးအနီး
◆ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး (စွယ်တော်လေးဆူ)၊ Hotel Package စာဆင့်ဖြင့်ခရီးစဉ်
နေပြည်တော် ဥပ္ပါတသန္တိစေတီ၊ မုဒ္ဒဂယာ၊ ပြီမြဈေး (၄)ရက်။ 75000
◆ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ ကလော၊ အောင်ပန်း (၄)ရက်။ 90000
July 18 ထွက်မည်

အိမ်ငှားမည်

(၈)မိုင် ပေါက်စေတီလမ်းမပေါ် RC 2 (အသစ်)၊ 2MBR, 3BR အဆင့်မြင့်ပြင်ပြီး၊ ကားဂိုဒေါင်ပါ၊ တစ်လကျပ်သိန်း ၃၀။

ဖုန်း-၀၉-၅၅၀၃၁၇၈

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်အောင်ထွေး ၁၃/လရန(နိုင်)၁၃၂၁၃၅၏ ပတ်စ်ပို့အမှတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။

မောင်အောင်ထွေး ဖုန်း-၀၉-၄၉၃၆၆၉၃၂

ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၉၇)ကျောင်းဆင်း အရာရှိများ ညစာစားပွဲဖိတ်ကြားခြင်း

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၉၇) ကျောင်းဆင်းအရာရှိများ၏ (၁၆)နှစ်မြောက်မိတ်ဆုံညစာစားပွဲအား ၁၁-၇-၂၀၁၃ရက် (ကြာသပတေးနေ့) ည ၇ နာရီတွင် ဗဟန်းမြို့နယ်ရှိ M3-Food Center (ရွှေတိဂုံဘုရားမြောက်ဘက်မုခ်အနီး)၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် သူငယ်ချင်းအားလုံး (မပျက်မကွက်)တက်ရောက်ကြပါရန်။

သိန်းလှိုင် ဖုန်း-၀၉-၃၁၁၀၉၈၇၆
အောင်ကျော်စိုး ဖုန်း-၀၉-၅၁၈၆၈၉၆
စောရန်အောင် ဖုန်း-၀၉-၈၆၃၀၈၇၄
မင်းမင်းကျော် ဖုန်း-၀၉-၅၁၁၄၉၉၅
ခိုင်စိုးလွင် ဖုန်း-၀၉-၅၁၃၁၅၉၅

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဈ/၄၂၄၂ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သန်း ၁၂/မဂတ(နိုင်)၀၁၈၂၅၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဃ/၁၀၁၃ Toyota Alphand MNH 10 M/B (4_2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်ပပလွင် ၁၂/သဃက(နိုင်)၀၉၁၁၄၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – ၄၅ (ကံဘဲ့)၊ မြေကွက်အမှတ် – ၂/ဃ၊ မြေကွက်တည်နေရာ – အမှတ် – ၁၃/က၊ ကမ္ဘာအေးဘုရားလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဦးမောင်မောင်လေးအမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်–၁၁၅၇/၉၅ (၁၂-၆-၉၅)ဖြင့် ဦးစိုးဝင်းမှ ပိုင်ဆိုင်လာပါသည်။ ဦးစိုးဝင်းတွင် မွေးချင်းမောင်နှမများဖြစ်ကြသည့် ဒေါ်ကြည်ကြည်၊ ဒေါ်ရီရီ၊ ဒေါ်မေသန်းသန်း၊ ဒေါ်ယဉ်ယဉ်ရွှေ၊ ဦးစိုးဝင်း၊ ဒေါ်ခင်နီနီ (ခ) ဒေါ်ခင်နီနီဝင်း၊ ဦးလှဝင်း၊ ဒေါ်ဖြူဖြူ ဟူ၍ ကြီးစဉ်ငယ်လိုက် (၈)ဦးရှိပါသည်။ အရောင်းအဝယ်စာချုပ်–၁၁၅၇/၉၅ (၁၂-၆-၉၅)ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဦးစိုးဝင်းမှာ (၅-၃-၂၀၀၁)တွင် လူပျိုကြီးဘဝဖြင့် ကွယ်လွန်သဖြင့် ၎င်း၏မွေးချင်းအငယ် မောင်နှမများဖြစ်ကြသည့် ဒေါ်ခင်နီနီ (ခ) ဒေါ်ခင်နီနီဝင်း (၁၂/မရက(နိုင်)၀ရ၆၀၀၄)၊ ဦးလှဝင်း (၁၂/မရက (နိုင်) ၁၃၀၁၂၅)၊ ဒေါ်ဖြူဖြူ (၁၂/မဂဒ (နိုင်) ၁၃၀၈၅၈) တို့မှ ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံချက်၊ အမှတ်(၈)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံတင်ပြချက်၊ သေစာရင်း၊ အမွေဆက်ခံပိုင်ဆိုင်ခြင်းအတွက် ကျမ်းကျိန်လွှာတို့ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်၍ မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဝါးတရာစက်မှုဇုန်၊ မြေကွက်အမှတ်(၂၅၅)၊ မြေဧရိယာ၂ဒသမ ၁၅၉၈ဧကအားအမည်ပေါက် ဒေါ်မြင့်မြင့်နွယ် ၁၂/လမန(နိုင်)၀၀၀၄၇၁ထံမှ နောက်ဆုံးဝယ်ယူထားသူ ဦးအောင်ကျော်ဦး ၁၂/လသန(နိုင်)၀၁၇၅၁၅က ၎င်းအမည်ဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ မြေချပါမစ်လျှောက်ထားလာမှုအပေါ် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(စီမံကိန်းဌာနခွဲ)သို့ တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဖခင်အမည် တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ ၅၄ ရပ်ကွက်၊ အမှတ် ၄၂၇/က နေ မဂျူလိုင်ဦး ၁၂/ဒဂတ(နိုင်)၀၇၇၈၈၄ ၏ ဖခင်ဦးသန်းညွှန့် ၁၂/အစန(နိုင်)၀၅၇၆၀၁ (ခ)ဦးကိုကိုလေး (ပန်းချီ)သည် တစ်ဦးတည်း ဖြစ်ပါသည်။

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ခ/၃၈၀၇ Isuzu TF 554 HI P/U (4×4) Double Cabယာဉ်လက်ဝယ်ရှိသူ ဦးခန့်နိုင် ၁၂/လမတ(နိုင်)၀၀၁၀၂၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကနည၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ကက/၉၁၂၃ Toyota Corolla CE 96 S/W (4×2) ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းဦး ၁၂/သဃက(နိုင်)၁၃၁၂၆၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)အောင်ဆန်းဆရာတော် အမေရိကန်နိုင်ငံသို့ ပြည်ပသာသနာပြုခရီးကြွရောက်တော်မူခြင်း

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အောင်ဆန်းမိုးကုတ်ရိပ်သာအဖွဲ့ခွဲ(၇၇) တောရတပ်ဦးကျောင်းတိုက်၏ ပဓာနနာယက မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏နာယက ပြည်တွင်း ပြည်ပ သာသနာပြု (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)အောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရထေရ်ရှင်မြတ်သည် ကပ္ပိယကာရက ဦးစိုးအောင် လိုက်ပါလျက် အမေရိကန်နိုင်ငံသို့ ၁-၇-၂၀၁၃ ရက်တွင် လေကြောင်းခရီးဖြင့် သာသနာပြုခရီး ကြွရောက်တော်မူပြီး အမေရိကန်နိုင်ငံတွင် Jul 2^{nd}-4^{th} Washington DC, Jul 5^{th}-6^{th} 47 Sunset Dr.Rich Boro PA 18954, Jul 7^{th}-14^{th} Parami Buddha Vihara CA 91744, Jul 15^{th}-22^{nd} Azusa Temple CA, Jul 23^{rd}-29^{th} 822 E.Foxhill Fresno CA 93720, Jul 30^{th}-Aug 2^{nd} Platation FL 33325, Aug 3^{rd}-8^{th} Lakeland F1 33810 နှင့် Aug 9^{th}-19^{th} New York & New Jersey တို့တွင် ပဋ္ဌိစ္စသမုပ္ပာဒ်ဝိပဿနာတရားတော်များကို ဟောကြားပြသတော်မူမည်ဖြစ်ကြောင်းနှင့် ဆရာတော်သည် ၂၀-၈-၂၀၁၃ရက်တွင် ရန်ကုန်သို့ ပြန်လည်ကြွရောက်တော်မူပြီး ဝါခေါင်၊ တော်သလင်းတရားပွဲ၊ စခန်းပွဲများကို ယခင်နှစ်များအတိုင်း တရားတော်များဟောကြားမည်ဖြစ်ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

အကျိုးဆောင်အဖွဲ့
မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ (၇၇)
အောင်ဆန်း၊ အင်းစိန်မြို့နယ်

ရန်ကုန်ကားပွဲစား [ကိုလင်းကြည်ဦး(ခ)ကိုလိတ်]၏ သူငယ်ချင်းများနှင့် အများပြည်သူများသို့ ကြော်ငြာခြင်း

ကျွန်တော်မန္တလေးဦးမြဇော် ၉/မရမ(နိုင်)၀၅၇၇၇၀ပိုင်ဆိုင်သော ၂၀၀၆ မော်ဒယ်လ်တိုယိုတာ ကရောင်းခဲရောင် လိုင်စင်စာအုပ် ၉င-၂၄၀၂ ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

မော်တော်ယာဉ်ကို ၂-၃-၂၀၁၃ ရက်တွင် လက်ဝယ်ရရှိပြီးဖြစ်ပါသည်။ ကားလိုင်စင်စာအုပ်ကို ကျွန်တော်၏လက်ဝယ်သို့မရသေးခင် ကားပွဲစား [ကိုလင်းကြည်ဦး(ခ)ကိုလိတ်]သည် ၃-၇-၂၀၁၃ ရက်တွင် ကွယ်လွန်ပါသဖြင့် လိုင်စင်စာအုပ်လက်ဝယ်ရှိသူမှ အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်ပေးပါခင်ဗျား။ ကျေးဇူးဆပ်ပါမည်။

မန္တလေး-ဦးမြဇော် ဖုန်း-၀၉-၂၀၀၇၃၆၄၊ ၀၂-၃၁၀၂၆၊
ရန်ကုန်-ဦးအောင်သန်းဝင်း(ခ)ဦးအောင်ကျော် ဖုန်း-၀၉-၅၁၄၁၅၉၅

နိုင်ငံတကာအားကစားသတင်း

ကွာတားဖိုင်နယ်ကို တောင်ကိုရီးယားတို့ ကျော်နိုင်ပါ့မလား

ယူ-၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် အီရတ်နဲ့ တောင်ကိုရီးယား၊ ဂါနာနဲ့ ချီလီတို့ ဇူလိုင် ၇ ရက်မှာ တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့နဲ့ ကေစီရီမြို့တွေမှာ ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။ လူငယ်ခြေတက်တွေရဲ့ စိတ်လှုပ်ရှားဖွယ်ကစားဟန်တွေက ပရိသတ်တွေရဲ့ စိတ်နှလုံးကို ခပ်ကြမ်းကြမ်းဆွဲကိုင်လှုပ်ယမ်းနေဦးမှာ အမှန်ပါပဲ။

အီရတ်နဲ့တောင်ကိုရီးယား

ကွာတားဖိုင်နယ်ကို မီရာအတွဲနဲ့ လိုက်ခဲ့ရတဲ့ တောင်ကိုရီးယားဟာ အနိုင်ရလိုစိတ်ပြင်းထန်တဲ့ အီရတ်နဲ့ ဆုံတွေ့ရမှာမို့ မာကျောမှုချင်းပြိုင်ရမယ့် အနေအထားရှိပါတယ်။ ဝမ်ချန်ဟွန်၊ ဆောင်ဝူးတို့လို ဂိုးသွင်းနိုင်တဲ့ ကစားသမားတွေ ရှိနေပေမယ့် ပွဲတိုင်းဂိုးပေးနေရတဲ့ ယိုယွင်းမှုကို ပြင်ဆင်ထားမှ သက်သာနိုင်မယ့် အခြေအနေရှိပါတယ်။ ဂိုးသွင်းနောက်ကျတတ်တဲ့ တိုက်စစ်၊ စိုးမိုးမှုစွမ်းအားကျဆင်းနေတဲ့ ကွင်းလယ်အား၊ ကျစ်လျစ်မှုနည်းပါးနေတဲ့ ခံစစ်တွေနဲ့ တောင်ကိုရီးယားတို့ရဲ့ အနေအထားက ရင်မောစရာကောင်းတာတော့အမှန်ပါပဲ။ ဒါပေမယ့် အီရတ်နဲ့တွေ့ရတဲ့ တောင်ကိုရီးယားဟာ ကံကောင်းခြင်းလို့သတ်မှတ်ပြီး အမှားအယွင်းနည်းနည်းနဲ့ အားစိုက်ရင်တော့ ကြိုးစားမှုရဲ့ရလဒ်ကို အခွင့်အရေးနည်းစွာနဲ့ မှန်းဆနိုင်ပါတယ်။

နာမည်ကြီး ပါရာဂွေးကို ၁၆သင်းအဆင့်မှာ ဖြိုချခဲ့တဲ့ အီရတ်တို့ကတော့ ရှုံးပွဲမရှိတဲ့စိတ်ဓာတ်တွေနဲ့ တောင်ကိုရီးယားကို ဆူဝေပေါက်ကွဲစွာ ကစားပါလိမ့်မယ်။ အတီယာ၊ အက်နင်း၊ အယ်အဆာဒီ၊ ရာဟင်းတို့လို ဂိုးသွင်းအင်အားတွေနဲ့ တောင်ကိုရီးယားခံစစ်ကို ပြိုလဲအောင် နေရာစုံက ထိုးဖောက်တိုက်စစ်ဆင်မှာ သေချာပါတယ်။

တိုက်စစ်အား ကောင်းမွန်ပြီး အောင်ပွဲကို ချင်ခြင်းတက်နေတဲ့အီရတ်ဟာ တောင်ကိုရီးယားကို ကျော်ဖြတ်ဖို့အသင့်ရှိနေတာမို့ အီရတ်ရဲ့ ခြေစွမ်းကို ယုံကြည်မှုပေးရမယ့် အခြေအနေပါပဲ။

ဂါနာနဲ့ ချီလီ

ယုံစားလို့မရတဲ့ ဂါနာနဲ့ အားရစရာမရှိတဲ့ ချီလီတို့ရဲ့ပွဲကတော့ ခြေရည်တူပြိုင်ဘက်တွေ ရင်ဆိုင်ရမယ့်ပွဲပဲ ဖြစ်ပါတယ်။ အုပ်စုပွဲမှာ သုံးပွဲကစား၊ တစ်ပွဲနိုင် သုံးမှတ်နဲ့ ကံကောင်းခြင်းလက်ဆောင်အဖြစ် တက်လာတဲ့ဂါနာဟာ ၁၆ သင်းအဆင့်မှာ ပေါ်တူဂီကို အနိုင်ယူခဲ့တာကလည်း အိပ်မက်လိုပါပဲ။ ဒါပေမယ့် ခြေပေါ်ရင် ပြိုင်ဘက်အသင်းတွေ ထိန်းချုပ်ရခက်ခဲတဲ့ အသင်းဟာ ဂါနာတို့ဖြစ်တာမို့ ဂါနာတိုက်စစ်မှူးတွေရဲ့ ချေမှုန်းမှုကို ချီလီတို့ ကောင်းကောင်း ခံစားရနိုင်ပါတယ်။

ကတ်စတီလို၊ ဘရာဗို၊ မိုရာတို့ ရှန်းအားနဲ့ တက်လာတဲ့ ချီလီတို့ဟာ မှန်ယိုနေတဲ့ ဆင်လိုကစားတတ်တဲ့ ဂါနာကို ဘယ်လိုထိန်းချုပ်ရမလဲဆိုတာ အရင်ပြင်ဆင်ရပါလိမ့်မယ်။ ပုံမှန်ခြေစွမ်း ရှိတဲ့ ချီလီဟာ မာကျောမှုနဲ့လျင်မြန်မှုပေါင်းစပ်ကစားတတ်တဲ့ ဂါနာကို ကွင်းလယ်အား ခိုင်မာအောင် တည်ဆောက်ပြီး ရင်ဆိုင်မှ ရပါလိမ့်မယ်။ ချီလီဟာ ပြိုင်ဘက်အသင်းရဲ့ ခြေစွမ်းကိုလိုက်ပြီး ကစားအားအတက်အကျနဲ့ လိုက်ပါကစားတတ်တာမို့ အဆုံးသတ်မသေချာတဲ့ ဂါနာကို ပြိုင်ပွဲကထွက်ခွာအောင် စွမ်းဆောင်နိုင်မလား စိတ်ဝင်စားစွာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ။

မိုးမြင့်လင်းလက် ရေးသားသည်

ဘောလုံးသတင်း အတိုအထွာ

မောင်ချစ်ကြည်

- ဆောက်သမ်ပတန်နည်းပြ ပိုချီတီနိုက ဘရာဇီးတိုက်စစ်မှူး ဒါမီရာအိုကို ခေါ်ယူရန် ပြင်ဆင်နေသည်။
- ချယ်လ်ဆီး နည်းပြမော်ရင်ဟိုက ဒမ်ဘာဘာ၏ အနာဂတ်အတွက် ဆွေးနွေးနေပြီဖြစ်သည်။
- အာဆင်နယ်က အသက် ၂၅ နှစ်အရွယ်ရှိ ရီးရဲမက်ဒရစ်တိုက်စစ်မှူး ဟီဂူအင်ကို ပေါင် ၂၂သန်းဖြင့် စာချုပ်မည်ဖြစ်ရာ အသင်း၏ဈေးအမြင့်ဆုံး ကစားသမားဖြစ်လာမည်ဖြစ်သည်။
- မန်စီးတီးနည်းပြ ပယ်လီဂရီနီ၏ ကစားသမားအသစ်ခေါ်ယူသည့် စာရင်းတွင် ရီးရဲမက်ဒရစ်ခံစစ်မှူး ပီပီမှာ ထိပ်ဆုံးမှ ပါဝင်လျက်ရှိသည်။
- အသက်၂၄နှစ်အရွယ်ရှိ ဘန်လေတိုက်စစ်မှူး အောစတင်ကို ဟားလ်စီးတီးက ပြောင်းရွှေ့ကြေး ပေါင်လေးသန်းဖြင့် ခေါ်ယူမည်ဖြစ်သည်။
- အသက် ၃၀ နှစ်အရွယ်ရှိ မာလာဂါတိုက်စစ်မှူး ဆာဗီရိုလာကို ဝက်စ်ဟမ်းနှင့် ကာဒစ်တို့က ခေါ်ယူရန် အပြိုင်ကြိုးစားလျက်ရှိသည်။
- အသက် ၂၉နှစ်အရွယ်ရှိ ဝီဂန်တိုက်စစ်မှူး ကိုနေအား နယူးကာဆယ်အသင်းက စောင့်ကြည့်လျက်ရှိသည်။
- ချယ်လ်ဆီးနှင့် စပါးတို့သည် ဇင်းနစ်အသင်းကစားသမား ဟက်ခ်အား ခေါ်ယူရန် အပြိုင်ကြိုးစားလျက်ရှိသည်။
- ဝက်စ်ဟမ်းတိုက်စစ်မှူး ချာလ်တန်ကိုးအား ခရစ္စတယ်ပဲလေ့လ်က ခေါ်ယူရန် ပြင်ဆင်လျက်ရှိသည်။

မာရေးနှင့်ဂျိုကိုဗစ် ယနေ့ဗိုလ်လုမည်

ဗြိတိသျှတင်းနစ်ကစားသမား အင်ဒီမာရေးသည် ဝင်ဘယ်ဒန်အိုးပင်းတင်းနစ်ပြိုင်ပွဲအကြိုဗိုလ်လုပွဲတွင် ပိုလန်မှ ဂျာနို၀ှစ်ကိုနိုင်ပြီး ဗိုလ်လုပွဲတက်သွားသည်။

အင်ဒီမာရေးသည် ဗိုလ်လုပွဲတွင် ဆားဗီးယားမှ ဂျိုကိုဗစ်နှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မာရေးနှင့် ဂျိုကိုဗစ်တို့သည် ဗိုလ်လုပွဲကို တနင်္ဂနွေနေ့တွင် ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ မာရေးအနေနှင့် ၇၇ နှစ်တာအတွင်း ဗြိတိန်နိုင်ငံသားတစ်ဦးအနေဖြင့် ဖလားဆွတ်ခူးရန် မျှော်လင့်ထားသည်။

ရှွန်းနေအား ရောင်းမည်မဟုတ်ဟု မန်ယူနည်းပြသစ် မိုယက်စ်ပြောကြား

တိုက်စစ်မှူး ရှွန်းနေအား ရောင်းမည်မဟုတ်ကြောင်း နည်းပြသစ်မိုယက်စ်က ပြောသည်။ ရှွန်းနေသည် မန်ယူ၏ အဓိကကစားသမားဖြစ်သည့်အတွက် ရောင်းချရန် အစီအစဉ်မရှိကြောင်း၊ အသက် ၂၇ နှစ်အရွယ်ရှိ တိုက်စစ်မှူး ရှွန်းနေကို မည်သည့်အခါမျှ ရောင်းလိမ့်မည်မဟုတ်ကြောင်း၊ နည်းပြသစ် မိုယက်စ်က မန်ယူနှင့် ပထမဆုံးတွေ့ဆုံစဉ် ပြောကြားလိုက်သည်။ ရှွန်းနေသည်အသင်းမှထွက်ခွာလိမ့်မည်ဖြစ်ကြောင်း သတင်းများအပေါ် တုံ့ပြန်၍ မိုယက်စ်က ပြောဆိုလိုက်ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမားဂျင့်ကဲလ် ချယ်လ်ဆီးခေါ်ယူ

ချယ်လ်ဆီးအသင်းက ဒတ်ချ်ကလပ် ဗီတက်ဆေးအာဟမ်းမှ ကွင်းလယ်ကစားသမား မာကိုဗန်ဂျင်ကဲလ်ကို ပြောင်းရွှေ့ကြေး ထုတ်ဖော်ပြောကြားခြင်းမရှိဘဲ ခေါ်ယူလိုက်သည်။

ချယ်လ်ဆီးက ၎င်းအား ငါးနှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်သည်။ ၎င်း သည် မော်ရင်ဟိုလက်ထက် ဒုတိယမြောက်ခေါ်ယူခဲ့သော ကစားသမားဖြစ်သည်။ ၎င်းမတိုင်မီက အင်ဒရေးစချာလီအား ခေါ်ယူခဲ့သည်။ အသက် ၂၀ အရွယ်ရှိ ဗန်ဂျင်ကဲလ်အား ချယ်လ်ဆီးက ပေါင်ရှစ်သန်းဖြင့် စာချုပ်ဖွယ်ရှိကြောင်း သတင်းများမှ ဖော်ပြသည်။

ကောင်းမြတ်သူ စုစည်းသည်

အမည်ပြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့၊ အထက(ရေဖြူ)တက္ကသိုလ်ဝင်တန်းမှ ဦးတင်ထွေး၏သမီး မယမင်းထွေးအား ယနေ့မှစ၍ မရွှေယမင်းဦးဟု ပြောင်းလဲခေါ်ပါရန်။

မရွှေယမင်းဦး

အများသိစေရန်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်နေ သမီးဖြစ်သူ မနှင်းရည်အေး ၁၂/အစန(နိုင်)၂၀၃၃၃၀သည် မိဘများ၏ ဆိုဆုံးမမှုကိုနာခံခြင်းမရှိဘဲ အိမ်မှဆင်းသွားပါသဖြင့် ၎င်း၏လုပ်ဆောင်ချက်အဝဝသည် မိဘများနှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်း ကြေညာအပ်ပါသည်။

ဖခင်ဖြစ်သူ ဦးသန်းအေး ၁၂/စခန(နိုင်)၀၂၃၈၇၄၈၏
လွှဲအပ်ညွှန်ကြားချက်အရ-
ဦးရဲထွန်း
တရားလွှတ်တော်ရှေ့နေ(စဉ်-၅၄၃၀)
တိုက်အမှတ် ၁၄၊ လေးလွှာ၊အခန်း ၁၄၊ ၃၃လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး ရန်ကုန်မြို့

ရန်ကုန်မြို့အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ အသင်းဝင်များအား အသင်းဝင်ကတ်ပြားများ ထုတ်ပေးနိုင်ရန် အတွက် အသင်းဝင်များသည် လိုင်စင်ဓါတ်ပုံ(၂)ပုံ ယူဆောင်၍ ဆူးလေစေတီတော်ရင်ပြင်ရှိ အသင်းကြီး၏ ရုံးခန်းသို့ လာရောက်ဆက်သွယ်ကြပါရန် လေးစားစွာ မေတ္တာရပ်ခံပါသည်။

အမှုဆောင်အဖွဲ့

အမည်ပြောင်း

မအူပင်မြို့၊ အမှတ်(၉)ရပ်ကွက်၊ အဝေးပြေးဝင်းနေ ဦးခင်မောင်ထွေး ၅/ဘတလ(နိုင်)၀၃၃၄၅၇ နှင့် ဒေါ်သင်းသင်းမာ ၁၄/ဘကလ(နိုင်)၂၀၂၇၂၄ တို့၏သား အထက(၁)မအူပင် တက္ကသိုလ်ဝင်တန်း(D)မှ မောင်မင်းသူအောင်အား မောင်မင်းသူဟု ပြောင်းလဲခေါ်ပါရန်။

စာအုပ်စာပေ လူ့မိတ်ဆွေ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ တံတားကြီးရပ်ကွက်၊ အောင်မင်္ဂလာ(၄)လမ်း၊ အမှတ် ၅၄ ရှိ အကျယ်အဝန်း ၁၈ပေ×၄၅ပေရှိမြေနှင့် ယင်းမြေပေါ်ရှိ နှစ်ထပ်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်သန်းသန်းဝင်း ၁၂/ဥကမ(နိုင်)၁၆၈၁၂၉ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-
ဒေါ်ယုဇနအေး ၁၂/ဒပန(နိုင်)၀၀၈၇၄၈
အမှတ်(၅၄)B၊ (၇)လွှာ၊
ဦးကြွယ်ဟိုးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်
လွှဲအပ်ညွှန်ကြားမှုအရ-
ဒေါ်စုမြတ်မွန် ဒေါ်ဇာခြည်ဆွေ
စဉ်-၃၁၄၉၀ စဉ်-၃၁၅၀၉
အထက်တန်းရှေ့နေများ
အမှတ်(၄၉၃)၊ အခန်း(၄၊ ၅၊ ၆)၊ နဂါးရုံဘုရားလမ်း၊ ၅ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်
ဖုန်း-၀၉-၄၂၀၁၄၄၇၄၁၊ ၀၉-၄၂၀၀၀၇၈၄၆

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ

မြန်မာ့ယဉ်ကျေးမှု၏အချက်အချာ မန်းရွှေမြို့တော်ကြီး ခေတ်နှင့်အညီ ဖွံ့ဖြိုးစည်ပင်လာ

မြန်မာသက္ကရာဇ် ၁၂၂၁ ခုနှစ်က ပဉ္စမသင်္ဂါယနာတင် မန္တလေးမြို့တည် နန်းတည်ဘဝရှင်မင်းတုန်းမင်းတရားကြီးတည်ခဲ့သော ရတနာပုံမန္တလေးရွှေမြို့တော်ကြီးမှာ ယခုအခါ နှစ်ပေါင်း၁၅၄နှစ်ကြာမြင့်ခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံ၏ အချက်အချာ အလယ်ဗဟို၌ တည်ရှိပြီး ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုအနုပညာ ထွန်းကားရာ ဒေသဖြစ်သောကြောင့် ကမ္ဘာ့နိုင်ငံများ အလေးထားရာ နေရာဖြစ်သည်။ ထို့အပြင် လူဦးရေ သန်း ၁၀၀၀ ကျော်ရှိသော တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် ဆက်သွယ်ရာလမ်းကြောင်း၏ မဟာဗျူဟာကျသောနေရာတွင် တည်ရှိနေသည်။ မော်တော်ကားလမ်း၊ မီးရထားလမ်း၊ ရေကြောင်းလမ်း၊ လေကြောင်းလမ်းများဆုံရာ အာဆီယံလမ်းမကြီးပေါ်တွင် တည်ရှိသည်။ မဲခေါင်ဒေသနိုင်ငံများနှင့်ဆုံစည်းရာဖြစ်၍ သွားလာဆက်သွယ်ရေးတွင် အရေးပါသည့်နေရာလည်း ဖြစ်သည်။

ရတနာပုံ မန္တလေးမြို့တော်ကို မင်းတုန်းမင်းတရားကြီးတည်ထားခဲ့ရာ မြို့တော်ကို တာဝန်ယူတည်ဆောက်ခဲ့သော ယောမင်းကြီး ဦးဘိုးလှိုင်က ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်း ညီညာသော မြေမျက်နှာပြင်၌ တည်ဆောက်ခဲ့ပြီး လမ်းဖြောင့်ရှည်ကြီးများ၊ ဝင်းကြီးများဖြင့် ဖွဲ့စည်းတည်ထားခဲ့၍ အကွက်အကွင်းကျကျ လှပသာယာသည်။ ရန်ကုန်မြို့ကြီးကဲ့သို့ လမ်းငါးခွဆုံများမရှိသဖြင့် သွားလမ်းသာ၍လာလမ်းဖြောင့်သည်။ မန္တလေးတောင်သည် မန္တလေးမြို့တော်၏ အံ့ဖွယ်တစ်ပါးဖြစ်ပြီးပြင်သစ်နိုင်ငံ အီဖယ်မျှော်စင်ကဲ့သို့ မန္တလေးမြို့ပတ်ဝန်းကျင်အလှ၊ မန္တလေးမြို့၏ နေဝင်ဆည်းဆာအလှတို့ကို ကြည့်ရှုခံစားနိုင်သည်။

စည်ကားများပြား

စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့နှင့်ဆက်စပ်ထိတွေ့နေ၍သွားလာရေးကောင်းမွန်သည့်အပြင် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးတို့အတွက်အရေးပါလှသည်။ ပဒေသရာဇ်နောက်ဆုံးမင်း နန်းစိုက်ရာမြို့ဖြစ်၍ နန်းတော်၊ ပြအိုး၊ မြို့ရိုးကျုံးတော်များ ယနေ့ထက်တိုင် တည်ရှိမြင်တွေ့နိုင်သဖြင့်ကမ္ဘာလှည့်ခရီးသည်များ အထူးစိတ်ဝင်စားသည့်နေရာလည်းဖြစ်နေသည်။ အံ့မခန်း တန်ခိုးကြီး မဟာမြတ်မုနိဘုရားကြီးကိန်းဝပ်စံပယ်ရာ၊ မြန်မာနိုင်ငံတွင် ရဟန်းသံဃာကျောင်းတိုက်များ အများဆုံးတည်ရှိသည့် သာသနာထွန်းကားပြန့်ပွားရာ မြို့တော်ဖြစ်၍လည်း ဆယ့်နှစ်လရာသီ စည်ကားများပြားလျက်ရှိပြီး တစ်နေ့တခြား ဆိုသကဲ့သို့ အံ့မခန်း စည်ပင်လာသည်။

မန္တလေးမြို့တော်ကို ကမ္ဘာလှည့်ခရီးသည်များ တစ်နေ့တခြား ဝင်ရောက်မှုများပြားလာသကဲ့သို့ စီးပွားရေးရင်းနှီးမြှုပ်နှံသူများကလည်း ဝင်လာမစဲတသဲသဲရှိနေရာ မန္တလေးမြို့တော်ကိုအချိန်နှင့်တစ်ပြေးညီတိုးတက်ဖွံ့ဖြိုး စည်ပင်လာရေးအတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီကစွမ်းအားအပြည့်ဖြင့် ကြိုးတင်စီမံ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

မန္တလေးမြို့တော်သို့ ဆက်သွယ်ဝင်ရောက်ရာ အဓိကလမ်းမကြီးဖြစ်သော ရန်ကုန်-မန္တလေးလမ်းမကြီးကို ထုံးဘို-မြစ်ငယ်ဖြတ်လမ်း လမ်းဆုံမှစတင်၍ ပေ ၆၀အကျယ်ရှိ နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်တည်ဆောက်နိုင်ခဲ့သည်။ ပုသိမ်ကြီးမြို့နှင့် ဆက်သွယ်ရာ ၁၉ လမ်း လမ်းမကြီးကို သံလမ်းမှ ၆၆ လမ်းအထိ ၃၈ ပေအကျယ် ကတ္တရာလမ်းမကြီးအဖြစ်လည်းကောင်း၊ ၆၂ လမ်း လမ်းမကြီးကို စက်မှုဇုန်(၁)မှ ၂၆ လမ်းအထိ ၃၂ ပေအကျယ် ကတ္တရာလမ်းမကြီးအဖြစ် လည်းကောင်း၊ ၂၆ လမ်းမှ ၁၀ လမ်းအထိ လမ်းပိုင်းကို အဆင့်မြှင့်တင်တည်ဆောက် ပေးနိုင်ခဲ့သည်။

မန္တလေးမြို့တွင်း လမ်းများ၌ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်စေရန်အတွက် ဆိုလာအချက်ပြ မီးပွိုင့်များတပ်ဆင်ခြင်း၊ ဆိုလာ အန္တရာယ်အချက်ပြမီးတပ်ဆင်ခြင်း၊ ဆိုဒီယမ်လမ်းမီးများ တပ်ဆင်ခြင်း၊ လမ်းအမှတ်အသားများ ရေးဆွဲခြင်း၊ ယာဉ်သွားလာမှုစောင့်ကြည့် ကင်မရာတပ်ဆင်ခြင်းတို့ကို ယာဉ်အန္တရာယ် ကာကွယ်တားဆီးရေးလုပ်ငန်းများ အဖြစ် ဆောင်ရွက်နိုင်ခဲ့သည်။

ဧရာဝတီဆိပ်ကမ်း သာယာလှပရေးနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်နိုင်ရေးအတွက် မြို့ပတ်လမ်းစီမံကိန်းအရ ဧရာဝတီမြစ်ကမ်းတွင် ရေကာ ကျောက်ရိုး ၅ ဒသမ ၂၂ မိုင်၊ တောင်သမန်ကန်ပတ်လမ်းစီမံကိန်းအရ တောင်သမန်ကန်တွင် ရေကာကျောက်ရိုး၂ ဒသမ ၇၉ မိုင်တို့ကို တည်ဆောက်နိုင်ခဲ့သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် ဖွံ့ဖြိုးစည်ပင်လာသော ခေတ်အခြေအနေနှင့်အညီ နိုင်ငံတော်၏ ဦးဆောင် လမ်းညွှန်မှု၊ တိုင်းဒေသကြီးအစိုးရ၏ ကြီးကြပ်ပံ့ပိုးစီမံမှုဖြင့် မန္တလေးမြို့တော် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ခဲ့သည်။ မန္တလေးမြို့တော်နေ ပြည်သူများ စိတ်ချမ်းသာ ရမည်ဟူသော ရည်မှန်းချက်များဖြင့် မန္တလေးမြို့တော်ကြီးကို ဒီမိုကရေစီနိုင်ငံသစ်၏ ကမ္ဘာ့အဆင့်မီ စီးပွားရေးမြို့တော်၊ ယဉ်ကျေးမှုအနုပညာ မြို့တော်၊ ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားရာ မြို့တော်ကြီးဖြစ်အောင် အားအင်အပြည့်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တင်မောင်(မန္တလေးကိုယ်ပွား)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့အထွေထွေရောဂါကုဆေးရုံကြီးသို့ လာရောက်ကုသသောလူနာများအတွက် လိုအပ်သောဆေးဝါးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၂-၇-၂၀၁၃ ရက်
တင်ဒါပိတ်ရက် - ၂၃-၇-၂၀၁၃ရက် ညနေ၄ နာရီ

၃။ အသေးစိတ်သိလိုပါက ဟင်္သာတပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံး ဖုန်း- ၀၄၄-၂၁၀၉၆သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးကော်မတီ
ဟင်္သာတပြည်သူ့ဆေးရုံကြီး

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောင်ရွက်မည့် ကျေးလက်ကတ္တရာလမ်း ၂ လမ်း(၆/၄)မိုင်၊ကျေးလက် မြေသားလမ်း ၆ လမ်း (၁၉/၀)မိုင်၊ ရေပြွန် ၄၁ စင်း ၂၀၅ပေ၊ တံတား(၃)စင်း ၃၀၅ပေ၊ ကျေးလက်ရေပေးရေးလုပ်ငန်း ၂၇၃ခု၊ ကျေးလက်ကျန်းမာရေးလုပ်ငန်း(အိမ်သာ) ၂၀၀လုံး၊ ကျေးလက်အိမ်ရာ ၆၈လုံးနှင့် နာဂဒေသတွင် ဆောင်ရွက်မည့် ကျေးလက်ကတ္တရာလမ်း(၁)လမ်း ၁မိုင်၊ ကျေးလက်မြေသားလမ်း(၁)လမ်း၊ (၁၉/၄)မိုင်၊ ရေပြွန် ၅၆စင်း ပေ၂၈၀၊ ကျေးလက်ရေပေးရေးလုပ်ငန်း ၁၈ ခုတို့အား တည်ဆောက်ရန်ရှိပါ၍ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ၈-၇-၂၀၁၃ ရက်မှစတင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ရယူ၍ အောက်ပါအစီအစဉ်အတိုင်း တင်သွင်းနိုင်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါတင်သွင်းရန်** - ၈-၇-၂၀၁၃ ရက်မှ ၇-၈-၂၀၁၃ ရက်အထိ
(ခ) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ**- စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၊ မုံရွာမြို့

၂။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဖုန်း-၀၇၁-၂၂၅၃၄၊ ၂၄၃၁၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
အထွေထွေရောဂါကုဆေးရုံကြီး
တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန ထားဝယ်မြို့၊ အထွေထွေရောဂါကုဆေးရုံကြီးနှင့် မြိတ်မြို့၊ အထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** -၈-၇-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် -၇-၈-၂၀၁၃ရက် ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
အထွေထွေရောဂါကုဆေးရုံကြီး
တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း-၀၅၉-၂၁၃၄၈

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
နေပြည်တော်ပျဉ်းမနားမြို့၊ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ပျဉ်းမနားမြို့၊ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် လာရောက်ကုသသောလူနာများအား ကုသပေးရန် လိုအပ်သောဆေးဝါးများ (FDA အသိအမှတ်ပြု)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်သဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၈-၇-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၇-၈-၂၀၁၃ ရက် ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ၊ ပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာတွင် နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီး
ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်ပျဉ်းမနားမြို့
လယ်ဝေးလမ်းဟောင်း၊ မြင်းရတနာအနီး
ဖုန်း-၀၆၇-၂၂၃၀၉၊ ၀၆၇-၂၂၅၁၁ (Ext-105)

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
စီမံကိန်းရေးဆွဲရေးဦးစီးဌာန
မန္တလေးတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး စီမံကိန်းဦးစီးရုံးဝင်းအတွင်း ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာတစ်လုံး ဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။

လုပ်ငန်းတည်နေရာ ॥ ॥ မန္တလေးတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး
လုပ်ငန်းအမည် ॥ ॥ ခြောက်ခန်းတွဲဝန်ထမ်းအိမ်ရာ (၁၂၆×၃၀)ပေ၊RC တစ်ထပ်၊ သွပ်မိုး၊ ကွန်ကရစ်ကြမ်းခင်း၊ ရေ၊ မီး၊ မိလ္လာအပါအဝင်ဆောက်လုပ်ခြင်း
တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက် - ၁၂-၇-၂၀၁၃ ရက်

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၅-၇-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ရောင်းချသွားမည်ဖြစ်ပြီး တင်ဒါတင်သွင်းရမည့်လိပ်စာမှာ မန္တလေးတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး၊ စက်မှုပန်းခြံလမ်း၊ ငွေတော်ကျီကုန်းရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၂-၈၂၁၄၀၊ ၀၂-၈၂၁၄၂၊ ၀၉-၄၀၂၆၂၂၁၇၉ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

မန္တလေးတိုင်းဒေသကြီး စီမံကိန်းဦးစီးရုံး

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
တနင်္သာရီတိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ခရိုင်/မြို့နယ်ဆေးရုံ၊ မြို့နယ်ခွဲဆေးရုံ၊ တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၈-၇-၂၀၁၃ ရက်
တင်ဒါပိတ်ရက် - ၇-၈-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့်ဆေးဝါးအချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူးရုံး
တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊
ဖုန်း-၀၅၉-၂၃၅၈၃၊ ၀၅၉-၂၃၅၈၄

သတ္တုတွင်းဝန်ကြီးဌာန
ဝန်ကြီးရုံး

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဝန်ကြီးရုံးမှ အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ရုံးအသုံးအဆောင်ပစ္စည်း (၂၃) မျိုး
(ခ) စက္ကူစာရေးကိရိယာများ (၂၄) မျိုး
(ဂ) ကွန်ပျူတာနှင့်မိတ္တူကူးစက်သုံးမင်ဆေး (၅) မျိုး
(ဃ) စားပွဲကုလားထိုင်နှင့်ဗီရို (၃) မျိုး

တင်ဒါပိတ်ရက်နှင့်အချိန် - ၃၁-၇-၂၀၁၃ ရက်၊ ၁၆း၀၀ နာရီ

၂။ တင်ဒါပုံစံများကို သတ္တုတွင်းဝန်ကြီးဌာန၊ ဝန်ကြီးရုံးအဖွဲ့ခွဲ (၃)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၉၀၀၂၊ ၀၆၇-၄၀၉၁၅၉တွင် ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

အမည်မှန်

ဦးဝင်းထွန်း၏သမီး ပြင်ဦးလွင်မြို့နယ်၊ ပြင်စာ (အထက-ခွဲ) စတုတ္ထတန်းမှ မယွန်းယုမောင်၏ အမည်မှန်မှာ မငြိမ်းဝင့်ဝါသူ ဖြစ်ပါကြောင်း။

မငြိမ်းဝင့်ဝါသူ

မိဘအမည်မှန်

မလှိုင်မြို့နယ်၊ မုံပင်၊ အထက၊ တက္ကသိုလ်ဝင်တန်းအောင် မောင်လှိုင်မျိုးထွန်း ၉/မလန(နိုင်)၁၆၇၁၅၁၏ မိဘအမည်မှန်မှာ ဦးကျော်ဆန်းဝင်း ၉/မလန(နိုင်)၀၀၁၈၇၄နှင့် ဒေါ်ခင်သန်းဌေး ၉/မလန(နိုင်)၁၅၇၂၄၄ ဖြစ်ပါကြောင်း။ **ဦးကျော်ဆန်းဝင်း-ဒေါ်ခင်သန်းဌေး**

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၏ဇနီး မသန်းသန်းဆင့် ၉/ရမသ(နိုင်)၀၉၄၇၆၁သည် ကျွန်တော်ကိုဝင်းလွင်၈/မဘန(နိုင်)၀၃၄၅၆၂ကို စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုမူသည့်အပြင် ကိုယ်ထိလက်ရောက်ပြုမူခြင်း၊ ဂုဏ်သရေညှိုးနွမ်းအောင်အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ ကျွန်တော့်အား အကြိမ်ကြိမ်ဒုက္ခအမျိုးမျိုးရောက်အောင် ဖန်တီးခြင်းတို့ကြောင့် ကျွန်တော် ကိုဝင်းလွင်၏ ဇနီးအဖြစ်မှ ၂၆-၄-၂၀၁၂ ရက်မှစ၍ ဇနီးအဖြစ်မှအပြီးပိုင် စွန့်လွှတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

ကိုဝင်းလွင် ၈/မဘန(နိုင်)၀၃၄၅၆၂

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့အတွက် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံများ တည်ဆောက်မည်

မော်လမြိုင် ဇူလိုင် ၆

မွန်ပြည်နယ် မော်လမြိုင်မြို့ ငန်းတေးရပ်ကွက် မီးစက်ဝင်းအတွင်း၌ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့အတွက် ၂၃၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံစီမံကိန်း အုတ်မြစ်တင်မင်္ဂလာအခမ်းအနားကို ဇူလိုင် ၄ ရက် နံနက် ၈ နာရီက ကျင်းပရာ အခမ်းအနားသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးကျင်ဖေ၊ ပြည်နယ်တရားသူကြီးချုပ် ဦးခင်မောင်ကြီး၊ ပြည်နယ်ဥပဒေချုပ် ဦးဝင်းကြည်နှင့် Myanmar Lighting IPP Co., Ltd. ဥက္ကဋ္ဌ ဦးစိန်ဝင်း၊ ပြည်နယ်၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မွန်ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာမှူး ဦးအောင်ကျော်ဟိန်းနှင့် လျှပ်စစ်ဝန်ထမ်းများ၊ စုစုပေါင်း ပြည်သူ ၃၀၀ ခန့် တက်ရောက်ခဲ့သည်။ ဒုတိယဝန်ကြီး ဦးအောင်သန်းဦး၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးဇော်မင်း၊ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေ၊ မွန်ပြည်နယ် လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးနိုင်လဝီအောင်၊ ကရင်ပြည်နယ်လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးစောကြည်လင်း၊ မွန်ပြည်နယ်တရားသူကြီးချုပ် ဦးခင်မောင်ကြီး၊ ပြည်နယ်ဥပဒေချုပ် ဦးဝင်းကြည်အပါအဝင် Myanmar Lighting IPP Co.,Ltd. မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မင်္ဂလာအချိန်တွင် အုတ်မြစ်တင်ခြင်းနှင့် အမွှေးနံ့သာဖျန်းခြင်း၊ ခရုသင်းမှုတ်ခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။ **(အောက်ဝဲပုံ)**

ထို့နောက် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းနှင့်ဒုတိယဝန်ကြီး ဦးအောင်သန်းဦးတို့က အမှာစကားပြောကြားကြပြီး ကုမ္ပဏီဥက္ကဋ္ဌ ဦးစိန်ဝမ်းက ကြိုဆိုနှုတ်ဆက်ကျေးဇူးတင်စကားပြောကြားခြင်းနှင့် ဓာတ်အားပေးစက်ရုံ စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။ အဆိုပါ လျှပ်စစ်စွမ်းအားနှင့် ယခု တည်ဆောက်မည့် ၂၃၀ မဂ္ဂါဝပ်ဓာတ်အားပေးစက်ရုံ စီမံကိန်းကို ၂၀၁၄ ခုနှစ် အပြီးတည်ဆောက်သွားမည်ဟု ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးအောင်ကျော်ဟိန်းက ပြောကြားသည်။ **(လ/ဝ၁၂)**

မော်လမြိုင်-ဘားအံကားလမ်းတွင် ယာဉ်တိုက်မှုဖြစ်ပွား

မော်လမြိုင် ဇူလိုင် ၆

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ဘာဘူကုန်းကျေးရွာ မော်လမြိုင်-ဘားအံလမ်း မိုင်တိုင်အမှတ် ၉/၇-၈ တံတားအမှတ် ၆/၁၀ အနီးတွင် ဇူလိုင် ၁ ရက် နံနက် ၁၁ နာရီခွဲခန့်က ဘားအံမြို့မှ မော်လမြိုင်မြို့သို့ ဦးချစ်လွင် (၅၀ နှစ်) မောင်းနှင်လာသော ဂျီအမ်စီခြောက်ဘီးမော်တော်ယာဉ်သည် မျက်နှာချင်းဆိုင်ဘက်မှ ဗိုလ်ထင်အောင်ကျော် ကော့ကရိတ်မြို့နယ် မောင်းနှင်၍ တပ်သား ဌေးဝင်းလိုက်ပါလာသော ဝေ့(ဖ်)၁၀၀ အမျိုးအစားဆိုင်ကယ် (လိုင်စင်စိစစ်ဆဲ)နှင့် တိုက်မိခဲ့ကြောင်းသိရသည်။

ယာဉ်တိုက်မှုကြောင့် ဗိုလ်ထင်အောင်ကျော်နှင့် တပ်သား ဌေးဝင်းတို့ နှစ်ဦးတွင် ဒဏ်ရာပြင်းထန်စွာရရှိခဲ့သဖြင့် မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ တင်ပို့ကုသစဉ် ဗိုလ်ထင်အောင်ကျော်သည် ဆေးရုံ၌ သေဆုံးခဲ့ကြောင်း သိရသည်။ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ကျိုက်မရော မြို့နယ်ရဲစခန်းက ဦးချစ်လွင်အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ထိပ်တင်ထွဋ်(မော်လမြိုင်)

တံတားပေါင်ကိုဝင်တိုက်၍ ယာဉ်တိမ်းမှောက်

မော်လမြိုင် ဇူလိုင် ၆

မွန်ပြည်နယ် ပေါင်မြို့နယ် ကြခတ်ငူကျေးရွာ အမှတ် ၄ ရပ်ကွက် ရန်ကုန်-မော်လမြိုင် ကားလမ်း တံတားအမှတ်(၃/၁၈၂)၌ မော်လမြိုင်မြို့ဘက်မှ ရဲတိုက် (၃၃ နှစ်) မောင်းနှင်လာသည့် ပရိုဘောက်စ် အမျိုးအစားယာဉ်အမှတ်၆ယ/. . . သည် အဆိုပါ တံတား၏ယာဘက်အုတ်ပေါင်ကို ဇူလိုင် ၃ ရက် နံနက် ၃ နာရီက ဝင်ရောက်တိုက်မိပြီး တိမ်းမှောက်သွားခဲ့ရာ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်းရဲတိုက်၊ ယာဉ်ပေါ်ပါ ဦးကျော်မြင့်နှင့် ဦးမင်းတင်စိုးတို့သုံးဦးတွင် ဒဏ်ရာများရရှိခဲ့သဖြင့် မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ တင်ပို့ကုသထားရသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ပေါင်မြို့နယ် မုတ္တမရဲစခန်းက ရဲတိုက်ကို အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

ထိပ်တင်ထွဋ်(မော်လမြိုင်)

နွားကိုရှောင်တိမ်းရာမှ လူတိုက်မိ၍ သေဆုံး

မော်လမြိုင် ဇူလိုင် ၆

မွန်ပြည်နယ် ပေါင်မြို့နယ် ပန်းကုန်းကျေးရွာ ရန်ကုန်-မော်လမြိုင်ကားလမ်း တံတားအမှတ်(၁/၁၆၇) အနီးတွင် သထုံဘက်မှ အောင်ဇေယျာထွန်း(၃၅နှစ်) မောင်းနှင်လာသည့် တိုယိုတာဟိုင်းလတ်အမျိုးအစား ယာဉ်အမှတ် ၁ဂ/--- သည် နွားကိုရှောင်တိမ်းရာမှ လမ်းဘေးတွင် စက်ဘီးစီးနင်းနေသူ ဒေါ်အေးဝင်း (၄၃ နှစ်)ကို ဇွန် ၁ ရက် မွန်းလွဲ ၁ နာရီက ဝင်တိုက်မိခဲ့ကြောင်း သိရသည်။ ယာဉ်တိုက်မှုကြောင့် ဒေါ်အေးဝင်းတွင် ဒဏ်ရာများရရှိသဖြင့် ပေါင်ပြည်သူ့ဆေးရုံမှ တစ်ဆင့် မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ တက်ရောက်ကုသစဉ် ညနေ ၄ နာရီ ၃၅ မိနစ်က သေဆုံးသွားခဲ့ကြောင်း သိရသည်။ **(လ/ဝ၁၂)**

Castor Oil အဝယ်တင်ဒါ

၁။ ဝယ်ယူမည့်ပစ္စည်းအမည် - Castor Oil
၂။ ဝယ်ယူမည့်အရေအတွက် - ၄၂၃၅ ကီလို
၃။ တင်ဒါပိတ်ရက်နှင့်အချိန် - ၃၁-၇-၂၀၁၃ရက် ညနေ ၄ နာရီ
၄။ တင်ဒါပေးသွင်းရမည့်စက်ရုံ - အမှတ်(၁) ဆေးဝါးစက်ရုံ(ရန်ကုန်)

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ် အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်) **ဖုန်း-၀၆၇-၄၀၈၀၇၆**
ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန **ဖုန်း-၀၆၇-၄၀၈၃၅၄**
နေပြည်တော်

" လေလံကြော်ငြာ "

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ပင်မအလုပ်ရုံ(တောင်) ရွာမ-အင်းစိန်တွင် အသုံးပြုပြီးသော တာယာအဟောင်းဆိုက်စုံ(၂၄၇၅)လုံးနှင့် ဘက်ထရီအဟောင်း အရွယ်စုံ(၄၅၆)လုံးကို လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

တင်ဒါပုံစံရောင်းမည့်ရက် - (၈.၇.၂၀၁၃) မှ (၁၆.၇.၂၀၁၃) ထိ
တင်ဒါလက်ခံစိစစ်မည့်ရက်/အချိန် - (၁၈.၇.၂၀၁၃)နေ့လည် (၁:၀၀) နာရီ
တင်ဒါပုံစံရောင်းချမည့်နေရာ - ပင်မအလုပ်ရုံ(တောင်)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မင်းကြီးလမ်း၊ ရွာမအရှေ့၊ အင်းစိန်မြို့။
ဆက်သွယ်ရန်ဖုန်း - ၀၁-၆၄၀၁၂၃

လေလံတင်ရောင်းချရေးအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ရန်ကုန်ပြည်သူ့ဆေးရုံကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် လာရောက်ကုသသော လူနာများအားကုသပေးရန် လိုအပ်သောဆေးဝါးများ(FDA အသိအမှတ်ပြု)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်သဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။
၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်**-၁၀-၇-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန်-၉-၈-၂၀၁၃ ရက်(သောကြာနေ့)၊ညနေ၄း၀၀ နာရီ
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ ဆေးပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက အောက်ပါလိပ်စာတွင် နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
ရန်ကုန်ပြည်သူ့ဆေးရုံကြီး
လသာမြို့နယ်၊ ရန်ကုန်မြို့

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်
အမျိုးဘာသာသာသနာ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် နာယကဆရာတော်ကြီးများထံမှ ဩဝါဒခံယူရန်
ပင့်လျှောက်လွှာ

ကျင်းပမည့်ရက် -၁၀-၇-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့)
ကျင်းပမည့်အချိန် - နံနက် ၉း၀၀နာရီ
ကျင်းပမည့်နေရာ - အဖွဲ့ချုပ် ပိဋကတ်တိုက်အလယ်ထပ်

နယ်ကိုယ်စားလှယ် ရဟန်း/လူ ဓမ္မကထိကများနှင့် ရွှေရတုစုရပ်(၄၈)ခုမှ ဥက္ကဋ္ဌသို့မဟုတ်အတွင်းရေးမှူး တစ်ဦးဦးတို့သည် ဓမ္မကထိကလက်မှတ်၊ အိပ်ရာလိပ်ကိုယ်စီဖြင့် အဖွဲ့ချုပ်သို့ ၉-၇-၂၀၁၃ရက် (အင်္ဂါနေ့)ညနေအရောက် ရန်ကုန်နှင့်အနီးတစ်ဝိုက် ၁၀-၇-၂၀၁၃ရက်၊ (ဗုဒ္ဓဟူးနေ့)နံနက် ၈း၀၀ နာရီအရောက် မပျက်မကွက်တက်ရောက်ပါရန် ပင့်ဖိတ်လျှောက်ထားအပ်ပါသည်ဘုရား (အချိန်နီးကပ်နေသဖြင့် ဖိတ်စာသီးသန့်မပို့ပါဘုရား)။

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၅၄၁၈၆၀၊ ၀၁-၅၄၆၄၆၆ နှင့် ၀၁-၈၆၀၃၅၄၃ တို့သို့ စုံစမ်းပါရန်။

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်

(၃၇)ကြိမ်မြောက် အဘိဓမ္မာ(၇)ကျမ်းရွတ်ဆိုပူဇော်ပွဲ၊ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် (၁၇)ကြိမ်မြောက် ဝါဆိုဝတ်စုံလှူဒါန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊စမ်းချောင်းမြို့နယ်၊ကျွန်းတောလမ်း၊ သမိဒ္ဓေါဒယသုခိတာရာမ ဒေါ်ဘဏာစာရီ မြန်အောင်သီလရှင်စာသင်တိုက်ကြီး၌ ၈-၇-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၈း၀၀ နာရီမှစတင်၍ **အဘိဓမ္မာ(၇)ကျမ်း**ရွတ်ဆိုပူဇော်ပြီး ၁၆-၇-၂၀၁၃ ရက် (အင်္ဂါနေ့)မွန်းလွဲ ၂ နာရီတွင် **အဘိဓမ္မာ(၇)ကျမ်း**အောင်ပွဲ၊ ဝါဆိုသင်္ကန်း ကပ်လှူပွဲနှင့်၊ ဝါဆိုဝတ်စုံလှူဒါန်းပွဲ အခမ်းအနားကို ကျင်းပမည်ဖြစ်ပါ၍ အလှူရှင် အလှူအမအပေါင်းတို့ ကိုယ်တိုင် ကြွရောက်ကြည်ညိုကြပါရန် မေတ္တာရှေ့ထား၍ ဖိတ်ကြားအပ်ပါသည်။

နာယကဆရာကြီးများ
ဒေါ်ဘဏာစာရီ မြန်အောင်ကျောင်းတိုက်

ညောင်လေးပင်မြို့နယ်အသင်း (ရန်ကုန်)

ညောင်လေးပင်မြို့နယ်အသင်း (ရန်ကုန်)၏နှစ်ပတ်လည်အစည်းအဝေးနှင့် ၂၀၁၂-၂၀၁၃ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်သားသမီးများအား ဂုဏ်ပြုချီးမြှင့်ခြင်း၊ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား လှူဒါန်းခြင်း၊ (၇၅)နှစ်အထက် အသက်ကြီးသူများအား ပူဇော်ကန်တော့ခြင်းတို့ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပသွားမည်ဖြစ်ပါ၍ အသင်းဝင်ပြီးသည်ဖြစ်စေ/မဝင်ရသေးသည်ဖြစ်စေ၊ ဖိတ်ကြား လွှာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက်/အချိန် -၁၄-၇-၂၀၁၃ရက် (တနင်္ဂနွေနေ့)၊ ၀၉း၃၀နာရီ
နေရာ - ဧ မ္မာရုံ၊ (၁၅၁)လမ်းနှင့် ဗဟိုလမ်းထောင့်၊ ဖျိုင်းရေအိုးစင်ရွာမရပ်ကွက်၊ တာမွေမြို့နယ်၊ (နံနက်စာထမင်းဖြင့် ဧည့်ခံပါမည်။)

အလုပ်အမှုဆောင်အဖွဲ့

ဆက်သွယ်ရန်- သူရဦးအောင်ကြည် ဖုန်း-၀၉-၇၃၀၉၁၄၂၄၊ ဦးမောင်မောင် ဖုန်း-၀၉-၇၃၀၀၆၂၉၀၊ ဦးအေးဝင်း ဖုန်း-၀၁-၃၉၄၅၁၂၊ ဦးရဲညွန့် ဖုန်း-၀၉-၅၀၄၃၁၁၃၊ ဦးဇော်ဝင်း ဖုန်း-၀၉-၇၃၂၃၇၇၉၂၊ ဦးမောင်မောင်သက် ဖုန်း-၀၉-၇၃၀၀၅၀၃၇

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံး
ရန်ကုန်မြို့
ရွှေတိဂုံစေတီတော် မဟာဗုဒ္ဓဝင်ပြခန်းနှင့် ပြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက်တို့ကို ဆက်သွယ်သည့် ပေါင်းကူးလျှောက်လမ်း စောင်းတန်းကြီး ဆောက်လုပ်ရန်အတွက်
ဈေးပြိုင်တင်ဒါပိတ်ရက် ပြောင်းလဲခြင်း

ရွှေတိဂုံစေတီတော် အနောက်ဘက်အောက်ပစ္စယာရှိ မဟာဗုဒ္ဓဝင်ပြခန်း အဆောက်အအုံမှ အလယ်ပစ္စယာရှိပြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက်အဆောက်အအုံတို့ကိုဆက်သွယ်သည့် ၂၅ပေအကျယ်ရှိ ပေါင်းကူးလျှောက်လမ်းစောင်းတန်းကြီး ဆောက်လုပ်မည်ဖြစ်ပါသည်။ ထိုပေါင်းကူးလျှောက်လမ်းနှင့် စောင်းတန်းကြီးတွင် ၁၃၅၀Kg ဓာတ်လှေကားလေးစင်းနှင့် စောင်းထောင့်၁၂ဒီဂရီရှိ Travellator နှစ်စင်း တပ်ဆင်ရန်ခေါ်ယူထားသော ဈေးပြိုင်တင်ဒါပိတ်ရက်အား ၃-၇-၂၀၁၃ရက် နံနက် ၁၁နာရီအစား ၇-၈-၂၀၁၃ရက် နံနက် ၁၁နာရီသို့ ပြောင်းလဲထားပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

(အသေးစိတ်သိရှိလိုပါက ဂေါပကအဖွဲ့ရုံး ဖုန်း-၃၇၅၇၆၇၊ ၃၇၁၀၈၉ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။)

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့

ကမ္ဘာ့ ငြိမ်းချမ်းအောင် ထူးကဲစကျင်ဆင်းတုတော်မြတ်ကြီး

ဆင်းတုတော်မြတ်၊ ပလ္လင်တော်မြတ်၊ တံကဲတော်မြတ်တို့ကို Quality ပြည့် ထူးကဲစကျင်တစ်တုံးတည်းသားဖြင့် ထုလုပ်ပူဇော်ထားသော **ကမ္ဘာ့ ငြိမ်းချမ်းအောင် ထူးကဲစကျင်ဆင်းတုတော်မြတ်ကြီး**ကို ၂၀၁၃ခုနှစ် ဇူလိုင် ၂၀ရက်တွင် **ပြင်သစ်နိုင်ငံ၊ ပါရီမြို့ ထေရဝါဒဗုဒ္ဓ သာသနာပြု-မြန်မာကျောင်းတော်ကြီး**သို့ ပင့်ဆောင်ပူဇော်ပါမည်။ ပြင်သစ်နိုင်ငံ၊ ပါရီမြို့သို့ မပင့်ဆောင်မီ လေးဆူဓာတ်ပုံ မြတ်ရွှေတိဂုံစေတီရင်ပြင်တော် စနေထောင့် ရခိုင်တန်ဆောင်းတွင် ၁-၇-၂၀၁၃ရက်မှ ၁၅-၇-၂၀၁၃ရက်အထိ ၁၅ရက်တိုင်တိုင် ရင်ငွေ့လှုံအပူဇော်ခံလျက်ရှိပါသည်။

တက်ရောက်ဖူးမြော် ပူဇော်နိုင်ရန် မင်္ဂလာသတင်းအတိုဖိတ်စကားဆိုလိုက်ပါသည်။

အမျိုးဘာသာ၊ သာသနာစိတ်ဓာတ်၊ မြင့်မြတ်ခိုင်လေ၊ ပိုင်စေလူတို့မင်း !

ဖခင်အမည်မှန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းသတ္တမတန်း(A)တွင်ပညာသင်ကြားနေသော မောင်ဝေယံလင်း၏ ဖခင်အမည်မှန်မှာ ဦးဟင်နရီ ၁၂/မရက(နိုင်)၁၁၃၁၉၇ ဖြစ်ပါသည်။

ဖခင်အမည်မှန်

ကွတ်ခိုင်မြို့၊ အထက်တန်း(တွဲ)၊ အလက(၂)၊(၆)တန်းမှ မနန်းဆိုင်ဟန်၏ ဖခင်အမည်မှန်မှာ ဦးအောင်မြတ် ၁၃/တမည(နိုင်)၀၀၁၀၄၃ ဖြစ်ကြောင်း။

သတင်းဆောင်းပါးနှင့်ကြော်ငြာ

ဝါးတန်းကုန်စည်ဒိုင်သို့ ဆန်အိတ်ရေ ၅၀၀၀၀ကျော် နေ့စဉ်ဝင်နေ

သတင်းနှင့်ဓာတ်ပုံ
အောင်သန်း(မင်္ဂလာတောင်ညွန့်)

ရန်ကုန် ဇူလိုင် ၆

မိုးတွင်းကာလဆန်ဈေးအတက် အကျဈေးနှုန်းများသိရှိလို၍ ဇူလိုင် ၄ ရက်က ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဝါးတန်းလမ်းရှိ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များ အသင်း (ကုန်စည်ဒိုင်)သို့ ရောက်ရှိခဲ့သည်။ ကျယ်ဝန်းသော ကုန်စည်ဒိုင် အတွင်း ကုန်သည်ပွဲစားများ ရောင်းသူနှင့် ဝယ်သူတို့ တိုက်ရိုက်တွေ့ဆုံကာ ဈေးညှိနှိုင်း ဝယ်ယူနေကြသည်။ ဆန်သား နမူနာများကို အမျိုးအစားခွဲကာ ပလတ်စတစ်အိတ်ငယ်လေးများဖြင့် အစီအရီထည့်ကာ ပြသထားသည်။ ဆန်သားကို အိုးငယ်လေးများဖြင့် လက်တွေ့ထမင်းချက်ပြသထားသည်လည်းရှိသည်။ဝယ်ယူမည့်ကုန်သည်ပွဲစားများက စစ်ဆေးကြည့်ရှုကာ ဝယ်ယူနေကြခြင်းဖြစ်သည်။

"အခုရက်ပိုင်းမှာ အချောပေါ်ဆန်းလဲ ဈေးနည်းနည်းကျတယ်။ ဧယာတို့ နှံ့ကားတို့လည်း ဈေးကျတာပဲ၊ မိုးတွင်းဆိုတော့ ဝယ်သူအေးတယ်လေ။ ပေါ်ဆန်းဆန်ချောက တစ်အိတ်ကို တစ်ထောင်လောက်ကျတယ်။ ဆန်ကြမ်းဧည့်မထတို့ ငစိန်တို့ကတော့ တစ်အိတ်ကို ငါးရာ၊ တစ်ထောင်လောက်ဈေးကျနေတယ်။ အရောင်းအဝယ် သိပ်မကောင်းဘူး"ဟု ကုန်စည်ဒိုင် အကျိုးတော်ဆောင် ဒေါ်တင်ဝင်းရီက ပြောကြားသည်။

"အခုချိန်က ဝယ်သူမလိုက်၊ ရောင်းသူမကိုက်တဲ့အချိန် ဖြစ်နေတယ်။ ဆန်စက်တွေ၊ ကုန်သည်တွေကလည်း ဆန်ဈေးမကိုက်တော့ လျှော့ကြိတ်ကြတယ်။ အဲဒီတော့ ဆန်ကွဲအထွက်နည်းတာပေါ့။ ဆန်ကွဲက ဝယ်လိုအားများတယ်လေ။ လုပ်ငန်းရှင်တွေက အများဆုံး ဝယ်တာ၊ အရက် ချက်တယ်၊ မုန့်ဟင်းခါး၊ ကပ်စေးနှဲ၊ ဆန်ကြာဇံ၊ အာဟာရမျိုးစုံ၊ နောက်မွေးမြူရေးအစားအစာ ဝယ်လိုအားများပြီး ဆန်ကွဲအထွက်နည်းတော့ ဆန်ကွဲကဈေးမြင့်လာတာပေါ့။ ဒီနေ့ ဧည့်မထဆန်ကွဲ ၁၊ ၂ဆိုရင် ငွေကျပ် ၁၁၂၀၀ ကနေ၁၁၈၀၀ရှိတယ်။ ပေါ်ဆန်းဆန်ချော ဆန်ကွဲ တစ်အိတ် ငွေကျပ် ၁၁၂၀၀ ကနေ ငွေကျပ် ၁၃၅၀၀အထိရှိတယ်" ဟု ဆန် အကျိုးတော်ဆောင် ဦးရွှေမြင့်က ပြောကြားသည်။

ကုန်စည်ဒိုင်အတွင်း ရောင်းသူ ဝယ်သူများဖြင့် စည်ကားစွာ တွေ့ရစဉ်။

"ဆန်ဈေးက ဇူလိုင်၊ ဩဂုတ်မှာ ဈေးတက်စရာ အကြောင်းမရှိဘူး။ နယ်ဆန်ကြမ်းတွေက ပုံမှန်ဝင်နေတယ်လေ။ ဒီကုန်စည်ဒိုင်တင်မဟုတ်ဘူး၊ ဘုရင့်နောင်ပွဲရုံတွေကိုလည်း ပုသိမ်၊ ကျုံပျော်၊ ကျောင်းကုန်း၊ အိမ်မဲ၊ ဒါးက၊ ညောင်တုန်း၊ ထန်းတပင်တို့ကလည်းနေ့စဉ်ဝင်နေတာပဲ။မန္တလေးတိုင်းဒေသကြီးနဲ့ စစ်ကိုင်းတိုင်းဒေသကြီးတို့ကလည်း ဆန်ထွက်ကြတယ်။အောက်ဆန်ကအပေါ်ကိုတက်လို့မရတော့ဘူး။ အပေါ်ဆန်ကသာ အောက်ကိုဆင်းလာတာ။ ရွှေဘိုပေါ်ဆန်းဆို ၁၂ ဘီးကားကြီးတွေနဲ့ ဆင်းလာနေကြတာ။နိုင်ငံခြားတင်ပို့နေရလို့သာပေါ့။ နိုင်ငံခြားသာမပို့ရရင် ဆန်တွေပိုလျှံပြီး ဆန်ဈေးအောက်ကို ပြုတ်ကျသွားနိုင်တယ်" ဟု ဆန်ကုန်သည် လောကတွင် နှစ်၃၀ကျော် ကျင်လည်လာသူ ကုန်သည်တစ်ဦးကပြောသည်။ဇူလိုင် ၄ရက်က လပွတ္တာမြို့မှ ဆန်နှင့်ဆန်ကွဲအိတ် ၁၅၀၀ ကို ဗလရဲကျော်နှစ်ထပ်သင်္ဘောဖြင့်လည်းကောင်း၊ ဘိုကလေးမြို့မှ ဆန်အိတ်ရေ ၄၂၀၀ ကို မင်းသစ်ကျော်၊ အောင်ဒေဝီ၊ ရွှေရတနာအောင် မော်တော်များဖြင့် လည်းကောင်း၊ ဒေးဒရဲမြို့မှ ဆန်အိတ် ၆၅၀ကို အမေ့မေတ္တာ စက်သမ္ဗန် ကြီးဖြင့်လည်းကောင်း၊ ဘုန်းကြီး လမ်းဆိပ်ကမ်းသို့ ရောက်ရှိလာပြီး မော်တော်ယာဉ်များပေါ်သို့ ဆိပ်ကမ်းလုပ်သားများ တိုက်ရိုက်တင်ပို့ သယ်ယူသွားကြသည်ကို တွေ့ရသည်။

၂၀၁၃ ခုနှစ် ဇွန်လအတွင်း ဝါးတန်းလမ်း ကုန်စည်ဒိုင်သို့ ဆန်အိတ်မျိုးစုံ ၁၃၈၁၆၄ အိတ် ဝင်ရောက်ခဲ့ရာ ပျမ်းမျှပုံမှန်နေ့စဉ် ဆန်အိတ်ရေ ၅၀၀၀၀ကျော် ဝင်ရောက်နေကြောင်း စာရင်းဇယားများအရ သိရသည်။ ဇူလိုင် ၄ ရက် ကုန်စည်ဒိုင်၏ ၁၀၈ ပေါင်ဝင် တစ်တင်းခွဲ ဆန်အိတ်များ၏ လက်ကားဈေးနှုန်းများမှာ ဖျာပုံပေါ်ဆန်း ငွေကျပ် ၂၂၀၀၀ မှ ၂၆၅၀၀၊ ဒေးဒရဲပေါ်ဆန်း ငွေကျပ်၂၂၅၀၀မှ ၂၆၅၀၀၊ မြောင်းမြ၊ ပုသိမ်ပေါ်ဆန်း ငွေကျပ် ၂၄၀၀၀မှ ၂၉၀၀၀၊ ပေါ်ဆန်း(နယ်စုံ)ငွေကျပ် ၂၂၅၀၀မှ ၂၄၅၀၀၊ ဧည့်မထငွေကျပ် ၁၄၃၀၀ မှ ၁၆၈၀၀၊ ငစိန်ငွေကျပ် ၁၅၀၀၀ မှ ၁၆၀၀၀၊ မြီးဒုံး ငွေကျပ် ၁၉၀၀၀ မှ ၂၁၅၀၀၊ ပေါ်ဆန်း ဆန်ချောဆန်ကွဲ ငွေကျပ် ၁၁၂၀၀မှ၁၃၅၀၀၊ ရွှေဘို ပေါ်ဆန်းသစ်ငွေကျပ် ၃၀၀၀၀ မှ ၃၁၀၀၀ ဈေးရှိကြောင်း သိရသည်။

နမ့်ခမ်းမြို့နယ်၌ နွေစပါးစံပြကွက် ရိတ်သိမ်း

မူဆယ် ဇူလိုင် ၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်အတွင်း ၂၀၁၂-၂၀၁၃ ခုနှစ် နွေစပါး စိုက်ပျိုးရာသီ၌ အမှတ် ၁၁ ရပ်ကွက် တောင်သူဦးပန်းကျော်၏ လယ်တွင် GAP စနစ်ဖြင့် စိုက်ပျိုးခဲ့သော အထူးအထွက်တိုး ပုလဲသွယ်စပါး စံပြစိုက်ခင်း သုံးဧကတွင် ၀ ဒသမ ၁၀ ဧက စံကွက်ရိတ်သိမ်းပွဲကို ဇွန် ၂၉ ရက် နံနက် ၉ နာရီက ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခဲ့သည်။

အဆိုပါ စံပြကွက်ရိတ်သိမ်းပွဲ၌ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမြတ်မင်းထွေးက နွေစပါးစိုက်ပျိုးထုတ်လုပ်မှုအခြေအနေကို ရှင်းလင်းတင်ပြပြီး တောင်သူဦးပန်းကျော်၏ နွေစပါးစိုက်ခင်းကို ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခဲ့ရာ တစ်ဧကအထွက်နှုန်း (အစို)၂၆၇ ဒသမ ၀၆ တင်းနှုန်း၊ အခြောက်အထွက်နှုန်း ၂၄၁ တင်းထွက်ရှိကြောင်း သိရသည်။

အယ်လ်စိုး(iprd)

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သစ်တောလမ်းနေ
ဦးစောလွင်(လက်ထောက်ညွှန်ကြားရေးမှူး၊ စာရင်းစစ်ချုပ်ရုံး-ငြိမ်း)-
ဒေါ်မြမြစိန် (အလယ်တန်းပြဆရာမ-ငြိမ်း) တို့၏သား
ဗိုလ်ကြီးမင်းနေဇာဝိုက်
M.B.,B.S(DSMA), M.Med.Sc(Surgery)
Diploma in Surgery (St.Petersburg Medical Academy, Russia)
လက်ထောက်ကထိက၊ ခွဲစိတ်ကုပညာဌာန၊ တပ်မတော်ဆေးတက္ကသိုလ်နှင့်
အမှတ်(၁)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)
နှင့်
ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရှစ်မိုင်၊ ရွှေရတနာလမ်းနေ
ဦးသန်းတင်အောင်(ဧည့်/ဒုပါမောက္ခ၊ ဗိသုကာဌာန၊ Y.T.U)-ဒေါ်ယုယုဝေ(ဗိသုကာ)တို့၏ တစ်ဦးတည်းသောသမီး
ဒေါက်တာဇင်မာမြင့်အောင်
M.B.,B.S(Ygn), First Year M.Med.Sc(Microbiology)
လက်ထောက်ဆရာဝန်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး

တို့၏ ၁၅-၆-၂၀၁၃ ရက်(စနေနေ့)တွင် **Sedona Hotel (Grand Ballroom)** ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ပါမောက္ခ ဗိုလ်မှူးချုပ်မြသိန်းဟန်(ဆေးဝန်ထမ်းညွှန်ကြားရေးမှူး-ငြိမ်း၊ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့)နှင့် ဇနီးဒေါ်ခင်ခင်မြ၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော ဒုဗိုလ်မှူးကြီးထွန်းထွန်းအောင် (ဒုပါမောက္ခချုပ်၊ တပ်မတော်ဆေးတက္ကသိုလ်၊ ပါမောက္ခ/ဌာနမှူး၊ ခွဲစိတ်ကုပညာဌာန၊ တပ်မတော်ဆေးတက္ကသိုလ်)နှင့်ဇနီး ဒုဗိုလ်မှူးကြီး ဒေါ်အေးအေးထွန်း(မေ့ဆေးပါရဂူ/ဌာနမှူး၊ မေ့ဆေးပညာဌာန၊ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး)တို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော တပ်မတော်ဆေးတက္ကသိုလ်နှင့် ဆေးတက္ကသိုလ်များမှ ပါမောက္ခများ၊ ဆရာကြီး ဆရာမကြီးများ၊ ဂုဏ်သရေရှိဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၁၅-၆-၂၀၁၃ရက် ညနေပိုင်းတွင် Western Park Royal ၌ ကျင်းပသော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးမင်းနေဇာဝိုက်- ဒေါက်တာဇင်မာမြင့်အောင်

နှစ်(၃၀)ပြည့် ပုလဲရတု မင်္ဂလာဆုတောင်း

ဖေဖေဦးသာထွန်း-မေမေဒေါ်ဦးခင်ညွန့်တို့၏ ၇-၇-၂၀၁၃ရက်တွင် ကျရောက်သော နှစ်(၃၀)ပြည့် ပုလဲရတုမင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုများသို့တိုင် သားသမီးများနှင့်အတူ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာစွာဖြင့် အတူလျှောက်လှမ်းနိုင်ပြီး ဘာသာ သာသနာအကျိုး ဆတက်တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း မင်္ဂလာဆုမွန်ကောင်းတောင်းအပ်ပါသည်။

သားသမီးများ - **မမြင့်သီတာထက်** - **မောင်လင်းလင်းထွန်း**
ဌာနခွဲမှူး၊ **ဒုလက်ထောက်ညွှန်ကြားရေးမှူး**
စက်မှုဝန်ကြီးဌာန **စက်မှုဝန်ကြီးဌာန**
- **မဆွေဆွေလွင်** - **မောင်ကျော်ကျော်အောင်**
အထက်တန်းရှေ့နေ **1st/E Skyline Shipping Co.,Ltd.**
- **မချိုအိအိခက် 3rd.(English) ဒဂုံတက္ကသိုလ်**

ငွေရတု မင်္ဂလာနှစ်ပတ်လည် ဆုတောင်းလွှာ

ချစ်ဖေကြီး **ဒေါက်တာသန်းဆွေ**နှင့် ချစ်မေကြီး **ဒေါ်နှင်းနှင်းကျော်**တို့၏ ၇-၇-၂၀၁၃ရက်တွင် ကျရောက်သော **ငွေရတုမင်္ဂလာနှစ်ပတ်လည်နေ့**မှသည် နောင်နှစ်ပေါင်းများစွာကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် သာသနာပြုလုပ်ငန်းများ ဆတက်တိုး၍ ဆောင်ရွက်နိုင်ပါစေ-

သမီးကြီး - **ဒေါက်တာနှင်းငွေရည်(ခ)ဒီဒီ**
M.B.,B.S (Mdy)
သားကြီး - **မောင်ဘုန်းမိုးယံ(ခ)ဘုံဘုံ**
3rd M.B.,B.S (Mdy)
သားငယ် - **မောင်နေမင်းအုပ်(ခ)တုံတုံ**
1st year (Geology)

အမည်ပြောင်း

မော်လမြိုင်မြို့ ဦးမင်းလွှမ်းနိုင်၏သမီး မဝင်းဝင်း၁၀/မလမ(နိုင်)၂၁၅၇၁၂အား မဝင်းလဲ့ရွှေရည်ဟု ပြောင်းလဲခေါ်ပါရန်။

မဝင်းလဲ့ရွှေရည်

မြန်အောင်မြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူခြင်း ဖိတ်ကြားလွှာ

မြန်အောင်မြို့နယ်အသင်း(ရန်ကုန်)စတုတ္ထအကြိမ်ဝါဆိုသင်္ကန်းကပ်လှူပွဲကို အမှုဆောင်များနှင့်အသင်းသားများစုပေါင်း၍ ရန်ကုန်မြို့ သရက်တောကျောင်းတိုက်အတွင်းရှိ (အလုံကျောင်း) ဆရာတော် ဘဒ္ဒန္တဓမ္မောဘာသအားအမှူးထား၍ မြန်အောင်မြို့နယ်သား ဆရာတော်များကို ၁၄-၇-၂၀၁၃ရက်(တနင်္ဂနွေနေ့)တွင် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်ဖြစ်ပါသဖြင့် မြန်အောင်မြို့နယ်အသင်းဝင်များနှင့် မြို့နယ်သူ မြို့နယ်သားများ နံနက် ၉း၃၀နာရီ ကြွရောက်ကုသိုလ်ယူကြပါရန် ဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

စက်မှုလက်မှုသင်တန်းကျောင်းတွင်
တာဝန်ထမ်းဆောင်ရန် -
AGTI ကျောင်းအုပ် (ငြိမ်း)
တစ်ဦး အလိုရှိသည်။
ဆက်သွယ်ရန် -
စာတိုက်သေတ္တာအမှတ် - 57

ဖခင်အမည်မှန်
ပင်လည်ဘူးမြို့၊ အခြေခံပညာအထက်တန်းကျောင်း၊တက္ကသိုလ်ဝင်တန်း(င)တွင် ပညာသင်ကြားနေသော မောင်ဇင်မိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ဦး(ခ) ဦးဖိုးပြား ၅/ပလဘ (နိုင်)၀၄၂၀၄၂ဖြစ်ပါကြောင်း။**ဦးခင်မောင်ဦး(ခ)ဦးဖိုးပြား**

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမြို့၊ အမှတ်(၂)ရပ်ကွက်နေ ဦးသိန်းမောင်-ဒေါ်ခင်တုတ်တို့၏သား မောင်ကျော်သူရထွန်း ၈/မတန(နိုင်)၀၃၈၄၁၈သည် မိဘနှစ်ပါးအား စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့်ပတ်သက်သောကိစ္စအဝဝအား လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

ဦးသိန်းမောင် ၈/မတန(နိုင်)၀၀၂၃၁၈
ဒေါ်ခင်တုတ် ၈/မတန(နိုင်)၀၀၂၃၁၉

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ယ/၆၉၈၆၈ Honda Dream ယာဉ်လက်ဝယ်ရှိသူ ဦးစည်သူမြင့် ၇/ညလပ(နိုင်)၁၁၅၂၅၄က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)

မှုခင်းသတင်းနှင့်ကြော်ငြာ

ငွေကျပ်သိန်း ၂၀ ဖိုးခန့် ဟန်းဖုန်းနှင့် ငွေဖြည့်ကတ်များ ဒလစတိုးဆိုင်တစ်ခု၌ ဖောက်ထွင်းခံရ

ဒလ ဇူလိုင် ၆

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်ကမာကဆစ်ရပ်ကွက် ဗိုလ်မင်းရောင်လမ်းရှိ အဖေ့မေတ္တာစတိုးဆိုင်၌ ဇူလိုင် ၃ ရက်က ဖောက်ထွင်းအခိုးခံရသဖြင့် ဟန်းဖုန်းနှင့်ငွေဖြည့်ကတ်မျိုးစုံ တန်ဖိုးငွေ ကျပ်သိန်း ၂၀ ခန့် ပျောက်ဆုံးခဲ့သည်။

ဖြစ်စဉ်မှာ ဆိုင်ပိုင်ရှင် ဦးယုလွင် (၅၆နှစ်) အဖေ့မေတ္တာ စတိုးဆိုင်ပိုင်ရှင်၏ပြောကြားချက်အရဇူလိုင်၃ရက်နံနက်စောစောပိုင်းက ဆိုင်ဝန်ထမ်းအမျိုးသမီးတစ်ဦးဆိုင်ဖွင့်၍ သန့်ရှင်းရေးလုပ်ရန် အိမ်နောက်ဖေးသို့ဝင်ခဲ့ရာ နောက်ဖေးတံခါးပျက်စီးနေသည်ကိုတွေ့ရသဖြင့် ဆိုင်ပိုင်ရှင်ကိုအကြောင်းကြားခဲ့သည်။ ဆိုင်ပိုင်ရှင်ကသွားကြည့်ခဲ့ရာ နောက်ဖေးတံခါး၏ အောက်ဘက်ပျဉ်တစ်ချပ်နှင့်တံခါးအတွင်းဘက်ရှိ သော့အိမ်ကို ဖွင့်ဖျက်ထုတ်ထားကာ တံခါးဘေး အပြင်ဘက်၌ ခြောက်လက်မအရှည် ဝက်အူလှည့် တစ်ချောင်းတွေ့ရှိရကြောင်း၊ ထို့နောက် ဆိုင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ကောင်တာစားပွဲအံဆွဲတွင် ထည့်ထားသော SIM Card တစ်ကတ်၊ ငွေဖြည့်ကတ်မျိုးစုံ ၁၈၄ကတ်နှင့် အလူမီနီယမ်ပေါင် မှန်ဗီရို၌ထည့်ထားသော Touch Screen Hand Phone ၁၆လုံး စုစုပေါင်း တန်ဖိုးငွေကျပ် ၁၈၉၃၀၀၀ ပျောက်ဆုံးနေပြီး



ဗီရိုပေါ်တွင် အသွားခြောက်လက်မရှိ ခေါက်ဓားတစ်ချောင်းတွေ့ရှိရသဖြင့် ဒလရဲစခန်းသို့ တိုင်ကြားခဲ့သည်။ထိုအမှုကို ဒလရဲစခန်းက သွားရောက်စစ်ဆေးပြီး တရားခံ၏ လက်ရာများဖြစ်သော တံခါးပျဉ်တစ်ချပ်၊ သော့အိမ်၊ ဝက်အူလှည့်၊ ခေါက်ဓားတို့ကို ရှာဖွေပုံစံဖြင့် သိမ်းဆည်း၍တရားခံအား အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးအတွက် ဆက်လက် စုံစမ်းလျက်ရှိကြောင်း သိရသည်။

သန်းဌေး(ဒလ)

စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

မော်လမြိုင် ဇူလိုင် ၆

မွန်ပြည်နယ် သံဖြူဇရပ်ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သံဖြူဇရပ်မြို့ အောင်ကုသိုလ်ရပ်ကွက် (၆)လမ်း အမှတ်(၁၉)နေ မင်းစိုးအောင်(ခ) ကိုအောင် (၃၃နှစ်)၏ နေအိမ်ကို ဇွန် ၂၇ ရက် နံနက် ၁၀ နာရီ ၃၅ မိနစ်ခန့်က ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်အပေါ်ထပ် အိပ်ခန်းအတွင်းတွင် WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ရှစ်ပြား အလေးချိန် ၀ ဒသမ ၈ ဂရမ် ကာလတန်ဖိုးငွေကျပ် ၄၀၀၀၀ခန့်ကို ငွေကျပ် ၅၀၀၀၀နှင့် အတူ ရှာဖွေတွေ့ရှိသဖြင့် သိမ်းဆည်းခဲ့သည်။ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ သံဖြူဇရပ်ရဲစခန်းက မင်းစိုးအောင်(ခ)ကိုအောင်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(လ/ဝ၁၂)

နမဖြစ်သူ၏ ဦးခေါင်းကို တူဖြင့်ထုသည့် အစ်ကို အရေးယူခံရ

ရန်ကုန် ဇူလိုင် ၆

ရန်ကုန်တိုင်း ဒေသကြီး သဃ်န်းကျွန်းမြို့နယ် ပန်းရိုက်လမ်း၌ ဇူလိုင် ၃ ရက် နံနက် ၆ နာရီက ပန်းရိုက်လမ်းနေ ကုလားကြီး(ခ) ကျော်ဇင် (၄၅နှစ်)သည် အလုပ်မသွားမီ လိပ်စာတူ အခန်းတွင် နေသောညီမဖြစ်သူခင်စိုးမြင့် (၃၃နှစ်)က ဆောင်းဘောက်ဖြင့် သီချင်းကျယ်လောင်စွာ ဖွင့်သဖြင့် အစ်ကိုက တိုးတိုးဖွင့်ရန် ပြောသည်ကို နှမဖြစ်သူက ကိုယ့်အခန်းမှာ ကိုယ်ဖွင့်တာပဲ ဟုဆဲဆို ပြန်ပြောခဲ့ပြီး အစ်ကိုဖြစ်သူ လက်ဖက်ရည်သောက်ထွက်သွားနေစဉ် အစ်ကို၏နေအိမ်အားခြေဖြင့် ကန်ထားသည်ကိုတွေ့ရ၍ အစ်ကိုက နှမအား ဆိုင်မှထွက်၍ မေးမြန်းရာ ခင်စိုးမြင့်က ငြင်း၍ ဆဲဆိုပြန်ပြောသဖြင့် ကုလားကြီး(ခ)ကျော်ဇင်က ဒေါသမထိန်းနိုင်ဘဲ သံရိုက်တူဖြင့် ထုရိုက်ခဲ့ရာ ဒဏ်ရာများ ရရှိခဲ့ပြီး တာဝန်ရှိသူများက စံပြဆေးရုံကြီးသို့ တင်ပို့ခဲ့ကြသည်။

တူဖြင့် ထုရိုက်ခဲ့စဉ်က မျက်မြင်တွေ့ရှိခဲ့သူ ရာအိမ်မှူး ဦးစိုးမြင့် (၅၄နှစ်)က သုဝဏ္ဏရဲစခန်းသို့ အမှုဖွင့် တိုင်ကြားခဲ့သဖြင့် ဒုရဲအုပ်ဝင်းနိုင်က ကုလားကြီး(ခ) ကျော်ဇင်အား အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တင်ကြည်

အရှိန်ပြင်းသည့်ဆိုင်ကယ်က တစ်ဖက်လမ်းကြောရှိ ဆိုင်ကယ်ကိုဝင်တိုက်၍ လူသေဆုံး

ရေး ဇူလိုင် ၆

ဇူလိုင် ၃ ရက် ညနေ ၄ နာရီခွဲက ရေးမြို့နယ် ဇီးဖြူသောင်ကျေးရွာမှ အစင်ရွာသို့ ကျော်မင်းစိန် မောင်းနှင်သည့် Wave 100 အဖြူရောင် ၂၄ယ/. . . ဆိုင်ကယ်သည် အစင်ကျေးရွာမှ ဇီးဖြူသောင်ကျေးရွာသို့ နိုင်နိုင်အောင် မောင်းနှင်သည့် ဟွန်ဒါဒရင်း ၁၂၅ အပြာရောင် ၂၇ယ/. . . . . ဆိုင်ကယ်ကို ဇီးဖြူသောင်ကျေးရွာအနီးတွင် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်လမ်းကြောသို့ ဝင်ရောက် တိုက်မိခဲ့ရာ ကျော်မင်းစိန် (၃၆ နှစ်)တွင် ဒဏ်ရာများရရှိကာ ပွဲချင်းပြီး သေဆုံး၍ နိုင်နိုင်အောင် (၂၃ နှစ်)တွင်လည်း ဒဏ်ရာများ ရရှိသဖြင့် မော်လမြိုင်ဆေးရုံသို့ လွှဲပြောင်းကုသမှု ခံယူလျက်ရှိသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရဲအုပ်အေးငြိမ်းဇော်က တရားလိုပြုလုပ်တိုင်တန်းသဖြင့် ကျော်မင်းစိန်သေဆုံးမှုကို ရေးမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

နေမျိုးထွဋ်(ရေး)

မိုးကြိုးစက်ကွင်းမိ၍ သေဆုံး

ဂန့်ဂေါ ဇူလိုင် ၆

ဂန့်ဂေါမြို့နယ် သာကောင်းကျေးရွာတွင် ဇူလိုင် ၃ ရက် ညနေ ၅ နာရီက မိုးသက်လေပြင်းတိုက်ခတ်ပြီး မိုးကြိုးပစ်သဖြင့် သာကောင်းကျေးရွာနေ ဦးတင်ဦး၏သမီး သတ္တမတန်းကျောင်းသူ မသဲသဲဦး(၁၄နှစ်)သည်ရေချိုးပြီးအပြန် လမ်းတွင်မိုးကြိုးစက်ကွင်းမိပြီး သေဆုံးခဲ့သည်။

အဆိုပါ ဖြစ်စဉ်နှင့် စပ်လျဉ်း၍ ကန်ရဲတပ်ဖွဲ့စခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၁၀၁)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၄)ရပ်ကွက်၊ လွတ်လပ်ရေးလမ်း၊ မြေကွက်အမှတ် (၁၁၄၄)၊ ဧရိယာပေ (၄၀×၆၀) မြေနှင့်အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိလွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဦးဝင်းမြင့်ဦး ၇/ညလပ(နိုင်)၀၀၂၅၄၇ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေ/အိမ်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူများ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသောင်းဝင်း အထက်တန်းရှေ့နေ
စဉ်-၁၆၆၉၃၊
တိုက် ၁၆၊ သမာဓိ (၄)လမ်း၊ ဆ·ကရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၂၉၀၄၀၉

၈ည/၇၆၀၅ (Light Truck) (L.H.D) နှင့် သက်ဆိုင်သူများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဒဂုံအရှေ့(စက်မှုမြို့)ရှိ စကြာရွှေရည်မော်တော်ယာဉ်ထုတ်လုပ်ရေးမှ ထုတ်လုပ်ခဲ့သော ၈ည/၇၆၀၅Sat Kyar Shwe Yee Light Truck(1)Ton(L.H.D)ယာဉ်လက်ဝယ်ရှိသူသိစေအပ်ပါသည်။ အဆိုပါ မော်တော်ယာဉ်သည် စကြာရွှေရည်မော်တော်ယာဉ်ထုတ်လုပ်ရေးမှ လက်ရှိပိုင်ဆိုင်လျက်ရှိသော မော်တော်ယာဉ်ဖြစ်ပါသဖြင့် ယနေ့ကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အမြန်လာရောက်ဆက်သွယ်ပြန်လည်ပေးအပ်ပါရန်နှင့် ဆက်သွယ်ခြင်းမရှိပါက တရားဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ကို သိရှိနိုင်ပါရန် နောက်ဆုံးအကြိမ် အကြောင်းကြားအပ်ပါသည်။

(ယာဉ်ပိုင်ဆိုင်မှုစာရွက်စာတမ်းအားလုံး မော်တော်ယာဉ်ထုတ်လုပ်ရေးတွင် မူရင်းများလက်ဝယ်ရှိပါသည်။)

စကြာရွှေရည်မော်တော်ယာဉ်ထုတ်လုပ်ရေး
ဒဂုံအရှေ့(စက်မှုမြို့)
ဖုန်း-၀၉-၈၃၀၂၈၈၇

ဦးအောင်မင်း(ခ)ဦးမောင်လွင်နှင့်ဇနီး ဒေါ်ဖြူဖြူဝင်း(ခ)မဖြူ
(ယခင်) ရွှေပုလဲငါးဒိုင်
(ယခု) လပြည့်ဝန်းငါးဒိုင်
အာဟာရသုခဈေး
နေပြည်တော်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဒဂုံအရှေ့(စက်မှုမြို့)ရှိ စကြာရွှေရည်မော်တော်ယာဉ်ထုတ်လုပ်ရေးမှ ထုတ်လုပ်ခဲ့သော ၈ည/၇၆၀၅Sat Kyar Shwe Yee Light Truck(1)Ton(L.H.D) ကားကို လူကြီးမင်းမှဝယ်ယူမည်ဟုပြောကာ ရင်းနှီးမှု၊ ယုံကြည်မှုတို့ကြောင့် လူကြီးမင်းမှစေလွှတ်သော လူကြီးမင်း၏ယာဉ်မောင်းကို ကျွန်ုပ်တို့၏စက်မှုဇုန်တွင် ကားအားအရောင်းအဝယ်စာချုပ်ချုပ်ဆိုခြင်းမရှိ စမ်းသပ်မောင်းနှင်ရန်ဟု မောင်းယူသွားခဲ့ပြီး မော်တော်ယာဉ်အားပြန်လည်မပို့ ကားတန်ဖိုးငွေကိုလည်း ယနေ့တိုင်ပေးချေခြင်းမရှိဘဲ အမျိုးမျိုးအချိန်ဆွဲ၍ ပေးချေမည်ဟု အကြိမ်ကြိမ်ပြောဆိုခဲ့ပါသည်။ ယုံကြည်မှုကြောင့် သည်းခံစောင့်ဆိုင်းခဲ့ရာတွင် ကာလအားဖြင့် (၁၂)လခန့်ကြာမြင့်ခဲ့ပါသည်။ မော်တော်ယာဉ်အား လူကြီးမင်းတို့မှ အခြားတစ်ယောက်ကို လွှဲပြောင်းပေးအပ်ရောင်းချခဲ့သည်ဟုလည်းသိရပါသည်။ယုံကြည်မှုကြောင့် ကားကိုခေတ္တပေးအပ်လိုက်စဉ် လူကြီးမင်းသည် ယုံကြည်မှုကိုအလွဲသုံးစားလုပ်ခဲ့ပါသည်။ သို့ပါ၍ ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း မော်တော်ယာဉ်ထုတ်လုပ်ရေးတွင်လာရောက်ဖြေရှင်းပေးပါရန်နှင့် လာရောက်ခြင်းမရှိခဲ့ပါက တရားဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ကို လူကြီးမင်း သိစေအပ်ပါသည်။

စကြာရွှေရည်မော်တော်ယာဉ်ထုတ်လုပ်ရေး
ဒဂုံအရှေ့(စက်မှုမြို့)
ဖုန်း-၀၉-၈၃၀၂၈၈၇

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
သာစည်မြို့နယ်တရားရုံး
၂၀၁၃ ခုနှစ် ဇာရီမှုအမှတ်-၃၆

မန်နေဂျာ	နှင့်	၁။ ဦးသန်းမော်
မြန်မာ့စီးပွားရေးဘဏ်		၂။ ဒေါ်မြင့်မြင့်သန်း
သာစည်မြို့။		
တရားနိုင်		**တရားရှုံးများ**

၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၂၂ တွင် ရရှိခဲ့သောဒီကရီအရ အောက်အမည်ပါ ပစ္စည်းများကို ၂၀၁၃ခုနှစ် ဩဂုတ် ၂၆ရက် (၁၃၇၅ခုနှစ် ဝါခေါင်လပြည့်ကျော် ၅ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းများစာရင်း

သာစည်မြို့၊ အမှတ်(၆)ရပ်ကွက်၊ အကွက်အမှတ်(၁၀/သာယာကုန်း)၊ ဦးပိုင်အမှတ် ၁၇၆+၁၇၅/က၊ မြေကွက်အမှတ် (၁၃၆)(၁၃၆)၂၇၅၊ ဧရိယာ ၀ ဒသမ ၁၆၉ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ ပေ(၃၀×၂၅) သွပ်မိုး၊ ဇလက်မအုတ်ကာ၊ ကွန်ကရစ်ခင်း တစ်ထပ်ပတ်ကားတိုက် တွဲလျက် ရှေ့အဖီ၊ ဘေးမီးဖို၊ ရေစက်ခန်း၊ ရေကန်။

လေလံကြမ်းခင်းဈေး ကျပ် ၂၁၅သိန်း။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့် မည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင် ရောင်းချမည့် ရက်မတိုင်မီရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၃ခုနှစ် ဇူလိုင် ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်မွေး)
မြို့နယ်တရားသူကြီး
သာစည်မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ ပျဉ်းမမြိုင်လမ်း၊ အမှတ်(၉၇၆)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် ၃၄၊ မြေကွက်အမှတ် ၉၇၆၊ အကျယ်အဝန်း ၀ ဒသမ ၀၆၃ ဧကရှိ နှစ် ၆၀ ဂရန်မြေဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးဝင်းကြည် ၁၂/လမန(နိုင်)၁၁၂၃၆၄ အမည်ပေါက်ပြီး ၎င်းထံမှ ဒေါ်နွယ်နီတင် ၁၂/ရကန(နိုင်)၀၁၅၁၂၉ က(အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၁၄၄၉၄/၂၀၁၂)ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသောမြေကွက်ဖြစ်ပြီး ၎င်းတစ်ဦးတည်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားခြင်းဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်တင်တင်လှိုင် Ll.B ဒေါ်ခင်မာနွယ် LL.B,D.B.L ဒေါ်ဌေးဌေးဝင်း LL.B, D.I.L
တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ
အမှတ် ၃/ခ၊ ကုက္ကိုင်းရေကူးကန်လမ်း၊ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၀၇၁၇၉၂၊ ၀၁-၅၄၀၈၁၄

သက်ဆိုင်သူများသိစေရန်

ရန်ကုန်မြို့၊ အမှတ် (၂၂၃/၂၂၅)၊ ကျိုက္ကဆံလမ်း၊ ဗျိုင်းရေအိုးစင် (ရွာမ)ရပ်ကွက်၊ တာမွေမြို့နယ်ရှိ ပေ(၂၀×၈၀) အကျယ်အဝန်းရှိ နှစ်ခန်းတွဲ ရှစ်ထပ်တိုက်၏ မြေညီထပ်(ခေါင်းရင်း) တိုက်ခန်းသည် ဒေါ်ဝင်းစိန် CG-၀၅၉၀၆၁ လက်ရှိပိုင်ဆိုင်အကျိုးခံစားလျက်ရှိသော တိုက်ခန်းဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုး၏တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးလှဝေ (စဉ်-၇၁၂၄)
ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ(စဉ်-၈၇၉၁) ဒေါ်ဖြိုးဖြိုးမြင့်(စဉ်-၂၉၈၁၂)
တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေ
အမှတ် ၆၀၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၁၀၅၄၃၄၊ ၀၉-၇၃၂၀၃၂၆၀၊ ၀၉-၄၃၁၁၅၄၃၂

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ လှူနေရပ်ကွက်အမှတ်-၅၊ မြေကွက်အမှတ်-၂၈၃/ခ၊ မြေဧရိယာစတုရန်းပေ ၁၂၀၀၊ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်စိန်မြင့် အမည်ဖြင့် မှတ်သားတည်ရှိပြီး ၎င်း၏အထူးကိုယ်စားလှယ်လွှဲစာပေးသူ ဒေါ်မြင့်မြင့်ကြည်ထံမှ အပြီးအပိုင်လက်ရောက်ဝယ်ယူရန် စရန်ငွေပေးချေခဲ့ပြီးဖြစ်၍ ယင်းမြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမြင့်သိန်း ၁၃/နစန(နိုင်)၀၀၃၃၇၆၊ ဒေါ်စန်းစန်းမြင့် ၁၃/နစန(နိုင်)၀၀၆၈၄၅
တို့၏ညွှန်ကြားချက်အရ-
ဒေါ်ဖြိုးဖြိုးအောင် LL.B,D.B.L ဦးဝင်းဌေး B.A,R.L
အထက်တန်းရှေ့နေ(စဉ်-၃၅၀၂၃) တရားလွှတ်တော်ရှေ့နေ(စဉ်-၂၂၅၆)
အမှတ်-၆၂(ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉-၇၃၁၅၀၈၀၃

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်ဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဃ၊ တိုးချဲ့ (သီရိကန်သာအိမ်ရာစီမံကိန်း)၊ မြေကွက်အမှတ် ၃၆၊ ဧရိယာ ၀ ဒသမ ၀၇၃ဧက၊ ၅၂'/၅၄' × ၆၀'ရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၃၆၊ သီရိကန်သာလမ်း၊ (သီရိကန်သာအိမ်ရာ) (ဃ)တိုးချဲ့ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးဝေလင်း ၁၂/ဥကမ(နိုင်)၁၂၄၂၅၄ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် တန်ဖိုးငွေတချို့ကို ပေးချေပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများနှင့်တကွ ယခုကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အထက်ပါပစ္စည်း၏ တရားဝင်အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသက်ထွန်း(စဉ်-၃၅၅၇) ဒေါ်ကြည်ကြည်ဌေး(စဉ်-၂၃၆၇)
B.A(Law), LL.B B.A(Law), LL.B
တရားလွှတ်တော်ရှေ့နေများ
အိသီရိမွန် LL.B
အထက်တန်းရှေ့နေ(စဉ်-၃၆၉၄၇)
အမှတ် (၆ စီ-၂)၊ ရန်ကင်းစင်တာကွန်ဒို၊ ဆရာစံလမ်း၊ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၅၅၆၈၁၂၊ ၀၉-၅၀၁၅၂၃၄၊ ၀၉-၅၀၃၁၂၃၄

စစ်မှုထမ်းဟောင်းအဖွဲ့ဝင်သားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်

လှိုင်းဘွဲ့ ဇူလိုင် ၆

လှိုင်းဘွဲ့မြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီက စစ်မှုထမ်းဟောင်းအဖွဲ့ဝင် သားသမီးများအား ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၂ ရက်က လှိုင်းဘွဲ့မြို့နယ် စစ်မှုထမ်းဟောင်းရုံးခန်းမ၌ ကျင်းပသည်။

ထောက်ပံ့ပေးအပ်

အခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်းဥက္ကဋ္ဌ ဗိုလ်ကြီးခင်စိုး (ငြိမ်း) က အမှာစကားပြောကြားပြီး တက္ကသိုလ်၊ ကောလိပ်အဆင့်တစ်ဦးလျှင် ငွေကျပ် ၁၆၀၀၀ နှုန်းဖြင့် ၁၂ ဦး၊ အထက်တန်းအဆင့်တစ်ဦးလျှင် ငွေကျပ် ၁၁၀၀၀ နှုန်းဖြင့် ၂၅ ဦး၊ အလယ်တန်းအဆင့် တစ်ဦးလျှင် ငွေကျပ် ၉၀၀၀နှုန်းဖြင့် ၄၁ ဦး၊ မူလတန်းအဆင့်တစ်ဦးလျှင် ငွေကျပ် ၇၀၀၀ နှုန်းဖြင့် ၅၂ဦး စုစုပေါင်း ၁၃၀ အတွက် ထောက်ပံ့ငွေများကို အလှူရှင်သန်မြန်သူ လုပ်ငန်းစုအသင်း (မွန်/ကရင်)က ငွေကျပ် ၂၀၀၀၀၀ လှူဒါန်းခဲ့ပြီး မြို့နယ်စစ်မှုထမ်းဟောင်း ရန်ပုံငွေမှ ငွေကျပ် ၁၀၀၀၀၀၀ စုစုပေါင်းငွေကျပ် ၁၂၀၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့သည်။ **(မြို့နယ်စစ်မှုထမ်းဟောင်း)**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းရုံးဝင်းအတွင်း မြေနေရာ၌ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခိုင်ခိုင်ဦးတို့က ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးကြပြီး မြို့နယ်ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများစုပေါင်း၍ ကျွန်း၊ မဟော်ဂနီ၊ ငုချယ်ရီ၊ မလေးရှားပိတောက်၊ ယူကလစ်၊ မဲဇလီ၊ ဗာဒံပင် စုစုပေါင်း အပင် ၂၂၀ ကို စိုက်ပျိုးကြစဉ်။ (မြို့နယ် ထွေ/အုပ်)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ပိတောက်ကွေ့ခရီးသည် ပို့ဆောင်ရေးသမအသင်း နှစ်ပတ်လည် အစည်းအဝေးကျင်းပ

ရန်ကုန် ဇူလိုင် ၆

ပိတောက်ကွေ့ ခရီးသည်ပို့ဆောင်ရေး သမဝါယမအသင်းလီမိတက်က ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် အစည်းအဝေးကို ဇွန် ၂၃ ရက် နံနက် ၉ နာရီခွဲက ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် (၉၄) ရပ်ကွက်၊ ကန္ဒီဘုန်းကြီးကျောင်းခန်းမ၌ အစည်းအဝေးကျင်းပရာ ပိတောက်ကွေ့ခရီးသည်ပို့ဆောင်ရေး အသင်းဝင်များ တက်ရောက်ကြပြီး အသင်းတာဝန်ရှိသူများက အသင်းဘဏ္ဍာ ငွေရေးကြေးရေးဆိုင်ရာအသင်းအဖွဲ့ လုပ်ငန်းဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းနှင့် အညီဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် အသင်းသားတစ်ဦးက ယခုလို အသင်းဝင်တစ်ဦးအနေဖြင့် ကျွန်တော့်ဘဝအတွက် (အငှားယာဉ်)ကို နှစ်ရှည် စီမံကိန်းဖြင့် ကိုယ်ပိုင်ယာဉ် ဖြစ်နိုင်တော့မည့် အကျိုးကျေးဇူးနှင့် ခရီးသည်များကို စျေးနှုန်းချိုသာစွာဖြင့် အဆင်ပြေ ချောမွေ့စွာ ပို့ဆောင်ပေးနိုင်သည်ကို ပိတောက်ကွေ့ခရီးသည်ပို့ဆောင်ရေး သမဝါယမအသင်းလီမိတက်ကို ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီးနောက် အသင်း၏ တိုးတက်ရာတိုးတက်မည့် ဆောင်ရွက်ချက်များကို သဘာပတိက နိဂုံးချုပ်စကား ပြောကြားကြောင်း သိရသည်။ **ကျင်မောင်**

အများပြည်သူအိပ်စက်အနားယူနေချိန် ဆိုင်ကယ်အချို့ ဟွန်းသံဖွင့်၍မောင်းနှင်လျက်ရှိ

မုံရွာ ဇူလိုင် ၆

စစ်ကိုင်းတိုင်းဒေသကြီး၏ အစိုးရရုံးများအခြေစိုက်တည်ရှိရာ မုံရွာမြို့တွင် ဒေသခံပြည်သူ အများစုသည် လမ်းပန်းဆက်သွယ်မှု လွယ်ကူလျင်မြန်နိုင်စေရန် တရုတ်နိုင်ငံထုတ် မော်တော်ဆိုင်ကယ်များကို ဝယ်ယူစီးနင်းလျက်ရှိရာ လူငယ်အချို့သည် အထိတ်တလန့်ဖြစ်စေနိုင်သော အရေးပေါ်ဥသြသံများပါရှိသည့် ဟွန်းများကို ဆိုင်ကယ်တွင် တပ်ဆင်၍ အများပြည်သူအိပ်စက်အနားယူနေသည့်အချိန်တွင် ဥသြဟွန်းသံဖွင့်၍ မောင်းနှင်လျက်ရှိကြောင်း သလ္လာရပ်ကွက် တိုင်းရင်းဆေးရုံလမ်းနေ ဦးစိုးမိုးထွန်းက ပြောကြားသည်။

"မီးဥသြမှတ်လို့ စိတ်ချောက်ချားစွာနဲ့ အိပ်ရာကထကြည့်မိတယ်၊ လူငယ်တွေမောင်းသွားတဲ့ဆိုင်ကယ်က မြည်တယ်လို့ အိမ်နီးနားချင်းတွေက ပြောပြတော့မှ စိတ်သက်သာရာရတော့တယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

မုံရွာမြို့ပေါ်ရှိ လူငယ်အများစုသည် ဆိုင်ကယ်သုံးစွဲသူများဖြစ်ကြပြီး ဆိုင်ကယ်အလှဆင်ခြင်းနှင့်ပတ်သက်၍ သူ့ထက်ငါအပြိုင်အဆိုင်ပြုလုပ်လေ့ရှိရာ သံစုံပါရှိသော ဥသြဟွန်းကြီးများကို စျေးကြီးပေး၍ ဝယ်ယူတပ်ဆင်ထားခြင်းဖြစ်ကြောင်း မုံရွာတက္ကသိုလ်၌ ပညာသင်ယူနေသော ကျောင်းသားတစ်ဦး၏ ပြောပြချက်များအရ သိရသည်။

အများပြည်သူအိပ်စက်အနားယူချိန်တွင် အုပ်စုဖွဲ့၍ ဆိုင်ကယ်စီးနင်းသူ လူငယ်များက မီးဥသြသံပါရှိသော ဆိုင်ကယ်ဟွန်းကြီးများကို တပ်ဆင်အသုံးပြုနေခြင်းသည် အများပြည်သူ၏စိတ်၌ အထိတ်တလန့်ဖြစ်စေရသည့်အတွက် သက်ဆိုင်ရာမှ တားမြစ်ပေးစေလိုကြောင်း ၎င်းရပ်ကွက်နေ ပြည်သူများက ပြောဆိုလျက်ရှိကြောင်း သိရသည်။ **သြဇာ(မုံရွာ)**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၅ဂ/၂၇၁၇ တိုယိုတာဟိုက်အေ့စ်၊ မိုက္ကရိုဘတ်စ် (4× 2)Rယာဉ်လက်ဝယ်ရှိသူ ဦးမြတ်ကိုကို ၉/မနတ(နိုင်)၀၄၈၇၀၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

အမည်မှန်

အထက(၁)ဘားအံ အဋ္ဌမတန်း (၅)မှ ဦးစိုင်းပောမာန်ကျော်၏သား စိုင်းအောင်ခမ်းမာန်အား စိုင်းအောင်ခန့်ဟန်ဟု ပြောင်းလဲခေါ်ပါရန်။

စိုင်းအောင်ခန့်ဟန်

အမည်ပြောင်း

ဘားအံမြို့၊ အထက(၁)နဝမတန်း(G)မှ ဦးအောင်ခိုင်၏သား မောင်ထူးထူးအောင်အား မောင်အောင်ရဲဝံ့ဟုခေါ်ပါရန်။

မောင်အောင်ရဲဝံ့

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ

လျှောက်ထားကြောင်း အကြောင်းကြားစာ

(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားမရုံး၌

၂၀၁၃ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၁၂၃

ကွယ်လွန်သူ ဦးလှကျော်၏ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။

ဒေါ်တင်ညွန့် ၁၂/တမန(နိုင်)၀၁၀၀၄၂ လျှောက်သူ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ (၉)လမ်း၊ အမှတ်(၃၉၁/၃၉၂) နေ ဒေါ်တင်ညွန့်က ကွယ်လွန်သူ ဦးလှကျော်၏ တရားဝင်ဇနီးဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ ၎င်းကွယ်လွန်သူ ဦးလှကျော်မှာ ကျန်ရှိရစ်သောပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးလှကျော်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၃ခုနှစ် ဇူလိုင် ၁၈ရက် (၁၃၇၅ခုနှစ် ဝါဆိုလဆန်း ၁၁ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါ်တင်ညွန့်၏ လျှောက်ချက်ကို နာကြား၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ခုနှစ် ဇူလိုင် ၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ရင်ရင်သန်း)
ဒုတိယခရိုင်တရားသူကြီး(၁)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
ခရိုင်တရားမတရားသူကြီး

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

မြစ်ကြီးနားခရိုင်တရားရုံး၊ မြစ်ကြီးနားမြို့

၂၀၁၁ ခုနှစ် တရားမဇာရီမှုအမှတ်-၄၇

ဦးလီတက်စိန် **နှင့်** ဦးခင်မောင်လတ် ပါ-၂

တရားနိုင် တရားရှုံးများ

၂၀၁၀ ခုနှစ် တရားမကြီးမှုအမှတ်-၁ တွင် ရရှိသော ဒီကရီအရ အောက်ပါပစ္စည်းများကို ၂၀၁၃ ခုနှစ် ဩဂုတ် ၁၂ ရက် (၁၃၇၅ ခုနှစ် ဝါဆိုလဆန်း ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

မြစ်ကြီးနားမြို့၊ အောင်နန်းရိပ်သာရပ်၊ ဦးပိုင်အမှတ်-၁၀၁၊ ကွင်းအမှတ် ၂၃/အောင်နန်းရိပ်သာ၊ ဧရိယာ၀ဒသမ၁၁၀ဧကအကျယ်ရှိ ဦးခင်မောင်လတ် ဂရန်အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အမှတ် ၁၇၈ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အားလုံး။

လေလံကြမ်းခင်းဈေး

ကျပ်သိန်း ၂၀၀၀(ကျပ်သိန်းနှစ်ထောင်တိတိ)

ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များသည် တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းချရမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၃ ခုနှစ် ဇူလိုင် ၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်ကိုယ်တိုင် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မြင့်ဆန်း)
ခရိုင်တရားသူကြီး၊ မြစ်ကြီးနားမြို့

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ကို‌ဒဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

သာစည်မြို့နယ်တရားရုံး

၂၀၁၃ ခုနှစ် ဇာရီမှုအမှတ်-၃၈

မန်နေဂျာ **နှင့်** ၁။ ဦးအောင်နိုင်ဝင်း
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်ဝေဝေခိုင်
သာစည်မြို့။

တရားနိုင် တရားရှုံးများ

၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၄၅ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းများကို ၂၀၁၃ခုနှစ် ဩဂုတ် ၂၆ရက် (၁၃၇၅ခုနှစ် ဝါခေါင်လပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းများစာရင်း

သာစည်မြို့၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ်(၁/က)၊ ဦးပိုင်အမှတ်(၂/၀၂)၊ မြေကွက်အမှတ်(၂/၁၅၀)၊ ဧရိယာ ဝဒသမ၄၈၂ဧကရှိမြေနှင့်ယင်းမြေပေါ်ရှိပေ(၂၄×၂၄× ၁၈)၊ သွပ်မိုး၊ အုတ်ကာ၊ နှစ်ထပ်တိုက်ပေ(၁၄×၈×၉)၊ သွပ်မိုး၊ နံကပ် မီးဖိုချောင်၊ ပေ(၂၄×၁၄×၉)၊ သွပ်မိုး၊ နံကပ် ရက်ကန်းရုံ၊ ရေအိမ်၊ အုတ်ကန်(၂)လုံး၊ ပေ(၃၀×၃၀) ပလပ်ဖောင်းနှင့် စက်ပစ္စည်းများအားလုံး။

လေလံကြမ်းခင်းဈေး ကျပ် ၂၇၅ သိန်း။

လေလံတင်ရောင်းချမည့် စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့် အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင် ရောင်းချမည့်ရက်မတိုင်မီရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၃ခုနှစ် ဇူလိုင် ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်မွေး)
မြို့နယ်တရားသူကြီး
သာစည်မြို့နယ်တရားရုံး

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ကို‌ဒဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

သာစည်မြို့နယ်တရားရုံး

၂၀၁၃ ခုနှစ် ဇာရီမှုအမှတ်-၃၉

မန်နေဂျာ **နှင့်** ၁။ ဦးချစ်စိုး
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်ဝင်းသီတာ
သာစည်မြို့။

တရားနိုင် တရားရှုံးများ

၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၄၈ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းများကို ၂၀၁၃ခုနှစ် ဩဂုတ် ၂၆ရက် (၁၃၇၅ခုနှစ် ဝါခေါင်လပြည့်ကျော် ၅ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းများစာရင်း

သာစည်မြို့၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ်(၅/က)ပထမတိုးချဲ့၊ ဦးပိုင်အမှတ် ၁၂၉၊ မြေကွက်အမှတ် ၁/၉၊ ဧရိယာ ၀ ဒသမ ၁၁၀ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ(၃၀×၂၂×၁၂)ပေ၊ တစ်ထပ်တိုက်၊ (၃၆×၂၄×၁၄)ပေ၊ သွပ်မိုး၊ ရက်ကန်းရုံနှင့် (၉×၅×၃)ပေ အုတ်ရေကန်၊ နေအိမ်မကြီးနှင့်တွဲလျက်၊ (၂၇×၃၀)ပေရှိ ထမင်းစားဆောင်၊ မီးဖို၊ ရေချိုးခန်း၊ရေအိမ်၊ (၁၂×၆×၁၀)ပေ မြေအောက်ရေလှောင်ကန်၊ စက်ပစ္စည်းများအားလုံး။

လေလံကြမ်းခင်းဈေး ကျပ် ၂၇၅သိန်း။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင် ရောင်းချမည့် ရက်မတိုင်မီရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၃ခုနှစ် ဇူလိုင် ၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်မွေး)
မြို့နယ်တရားသူကြီး
သာစည်မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာအုပ်စု၊ ကွင်းအမည်-ကြက်ဖြူကန်အရှေ့ကွင်း၊ ကွင်းအမှတ် ၅၂၀၊ ဦးပိုင်အမှတ် ၅၁ က/၁၊ ဧရိယာ ၀ ဒသမ ၃၃ဧကရှိ မြေအမျိုးအစား-ဥယျာဉ်(G)ဟုခေါ်တွင်သောမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်ကို ဒေါ်မြနွဲ့အေး ၁၂/လသန(နိုင်)၀၀၆၈၀၅က အမည်ပေါက်ပိုင်ဆိုင်ထားသောမြေကွက်ဖြစ်ပြီး ၎င်းတစ်ဦးတည်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားခြင်းဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ် ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်တင်တင်လှိုင် LL.B ဒေါ်ခင်မာနွယ် LL.B, D.B.L ဒေါ်ဌေးဌေးဝင်း LL.B, D.I.L

တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ

အမှတ် ၃/ခ၊ ကုက္ကိုင်းရေကူးကန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၉-၇၃၀၇၁၇၉၂၊ ၀၁-၅၄၀၈၁၄

စီးပွားရေးကြော်ငြာများ

၂၀၁၃ ခုနှစ် ဇော်တိကာအမှတ်တံဆိပ် ဝါဆိုသင်္ကန်းဈေးနှုန်း

တရုတ်စိုင်စီဒွိစုံ L ဆိုဒ် (ရိုးရိုး)	၉၅၀၀	အင်ဒိုးသရီးရိုင်ဖယ်ဒွိစုံ L ဆိုဒ် (ဇဖြတ်ခါးခွဲ)	၁၈၀၀၀	သရီးရိုင်ဖယ်ဒွိစုံ(သေနတ်သုံးလက်) L ဆိုဒ် (ဇဖြတ်ခါးခွဲ)	၃၅၀၀၀	"အဆင့်မြင့် အထူးစပါယ်ရှယ် ဝါဆိုသင်္ကန်းများ"	
ကိုရီးယားစိုင်စီဒွိစုံ L ဆိုဒ် (ရိုးရိုး)	၁၁၀၀၀	ပဒုမ္မာချည်ဝိုင်ဒွိစုံ L ဆိုဒ် (ဇဖြတ်ခါးခွဲ)	၂၀၀၀၀	သရီးရိုင်ဖယ်ဒွိစုံ(သေနတ်သုံးလက်) LL ဆိုဒ် (ဇဖြတ်ခါးခွဲ)	၃၈၀၀၀	စူပါကင်း ၉၉၉ ဂျပန်စိုင်စီ L ဆိုဒ် (၂၈ဖြတ်ခါးခွဲ)	၃၅၀၀၀
ကိုရီးယားစိုင်စီဒွိစုံ L ဆိုဒ် (ဇဖြတ်ခါးခွဲ)	၁၃၀၀၀	ပဒုမ္မာလီနင်ဒွိစုံ L ဆိုဒ် (ဇဖြတ်ခါးခွဲ)	၂၅၀၀၀	သရီးရိုင်ဖယ်ဒွိစုံ(ဘိုမ-၃၃၃) L ဆိုဒ် (ဇဖြတ်ခါးခွဲ)	၃၅၀၀၀	စူပါကင်း ၈၈၈ ဂျပန်မာတင် L ဆိုဒ် (၂၈ဖြတ်ခါးခွဲ)	၅၀၀၀၀
စက္ကာပူစိုင်စီဒွိစုံ L ဆိုဒ် (ဇဖြတ်ခါးခွဲ)	၁၅၀၀၀	ဂျပန်စိုင်စီဒွိစုံ (ဘိုမ) L ဆိုဒ် (ဇဖြတ်ခါးခွဲ)	၂၇၀၀၀	သရီးရိုင်ဖယ်ဒွိစုံ(ဘိုမ-၃၃၃) LL ဆိုဒ် (ဇဖြတ်ခါးခွဲ)	၃၈၀၀၀	စူပါကင်း ၃၃၃ သရီးရိုင်ဖယ် L ဆိုဒ် (၂၈ဖြတ်ခါးခွဲ)	၅၀၀၀၀
အင်ဒိုနီးရှားစိုင်စီဒွိစုံ L ဆိုဒ် (ဇဖြတ်ခါးခွဲ)	၁၇၀၀၀	ဂျပန်စိုင်စီဒွိစုံ (လိပ်ပြာ) L ဆိုဒ် (ဇဖြတ်ခါးခွဲ)	၂၇၀၀၀	ဂျပန်မာတင်ဒွိစုံ (ဘိုမ) L ဆိုဒ် (ဇဖြတ်ခါးခွဲ)	၃၅၀၀၀	စူပါကင်း ဆဲဗင်းရိုင်ဖယ် L ဆိုဒ် (၂၈ဖြတ်ခါးခွဲ)	၇၀၀၀၀
ယိုးဒယားစိုင်စီဒွိစုံ L ဆိုဒ် (ဇဖြတ်ခါးခွဲ)	၁၈၀၀၀	အင်တာနက်ဒွိစုံ (ဘိုမ) L ဆိုဒ် (ဇဖြတ်ခါးခွဲ)	၃၀၀၀၀	ဂျပန်မာတင်ဒွိစုံ (ဘိုမ) LL ဆိုဒ် (ဇဖြတ်ခါးခွဲ)	၃၈၀၀၀	စူပါကင်း AAA ကော်တွန် L ဆိုဒ် (၂၈ဖြတ်ခါးခွဲ)	၉၀၀၀၀
		ဂျပန်လီနင်ဒွိစုံ (လိပ်ပြာ) L ဆိုဒ် (ဇဖြတ်ခါးခွဲ)	၃၅၀၀၀	CCC ကော်တွန် L ဆိုဒ် (ဇဖြတ်ခါးခွဲ)	၅၀၀၀၀	ကြာရိုးချည်သင်္ကန်း(အင်းလေးကျိုင်းခမ်း)ဒွိစုံ	၁,၀၀၀,၀၀၀

ရန်ကုန်မြို့ပေါ်ရှိ ဇော်တိကာ သင်္ကန်း ပင်ရင်းအရောင်းဆိုင်များ

Email-contact@zawtika.com

ဇော်တိကာ(၁) ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီး၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၈၀၅၈၁
ဇော်တိကာ(၂) ဘုန်းကြီးလမ်းအလယ်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၁၂၁၅၉
ဇော်တိကာ(၃) အထက်ကြည့်မြင်တိုင်လမ်းမကြီး၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၅၃၆၅၇၉
ဇော်တိကာ(၄) ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီး၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၈၀၅၇၈
ဇော်တိကာ(၅) ၁၅လမ်း၊ ညောင်ပင်လေးဈေးအနီး၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၂၄၉၂၀
ဇော်တိကာ(၆) တာမွေလမ်းဆုံ၊ ရွှေဟင်္သာရုပ်ရှင်ရုံရှေ့၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁- ၇၀၇၂၅၉
ဇော်တိကာ(၇) ပြည်လမ်း၊ ဂမုံ လမ်းဆုံ၊ ရိုးမဘဏ်အနီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁- ၆၅၁၉၆၄
ဇော်တိကာ(၈) ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊ ပုဇွန်တောင်ဈေးအနီး၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၀၁၈၇၀
ဇော်တိကာ(၉) ခံပြင်ဈေးအနီး၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၅၇၉၅၄၄
ဇော်တိကာ(မ/ဥက္ကလာ) ဒေဟသီလမ်း၊ မ/ဥက္ကလာ(စျ)ဈေးအနီး၊ မ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၃၃၁၆၆၄၂၉
ဇော်တိကာ(မြေနီကုန်း) စမ်းချောင်းလမ်း (ဂိုဒ်းမင်း ရေဆေးဆီထိုးဝင်းရှေ့)၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၃၃၁၆၆၄၂၇
ဇော်တိကာ(ကုန်ဈေးတန်း) အမှတ်(၅၇)၊ မြေညီထပ်၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၇၉၃၃၃
ဇော်တိကာ(မြန်မာဘစ်ငွေ) မြန်မာဘစ်ရှော့ဈေးဝယ်စင်တာ အမှတ်(၇၅)၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်း၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၅၅၂၉၂၅
ဇော်တိကာ(ကမ္ဘာအေး) ကမ္ဘာအေးဘုရားလမ်း၊ ကမ္ဘာအေးဘုရားရှေ့၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ (မကြာမီဖွင့်လှစ်ပါမည်)

HOT LINE 380581, 380541, 370792
ပေး၍ မက်-လှူ၍ မခန့် ဇော်တိကာ သင်္ကန်း
www.zawtika.com

၂၀၁၃ ခုနှစ် ဇော်တိကာ ဝါဆို သင်္ကန်းဈေးနှုန်းများ အပြောင်းအလဲမရှိပါ။

ဇော်တိကာ၏မူဝါဒ

အကောင်းဆုံး အရည်အသွေး
ညီမျှတဲ့ ဈေးနှုန်း
နာမည်ကြီးတဲ့ အမှတ်တံဆိပ်
အနှစ်သာရရှိတဲ့ အလှူ
ထို (၄) ခု
ဖြည့်ဆည်းပေးလိုကြသူ အလှူရှင်များ
အဓိကထား။

ဝါဆိုသင်္ကန်းလှူဒါန်းရခြင်းအကျိုး

ရွှေသို့အဆင်း၊ မြူကြေးကင်း၍
ရောင်ဝင်းထိန်ပ၊ နူးညံ့ရှ၏
မကာသိန်းပိုး၊ ပုဆိုးရလေ
ညိုရွှေဖြူနီ၊ ဤရှစ်လီသည်
ကျမ်းညီသင်္ကန်း လှူကျိုးတည်း။
ဟူသော အပဒါန်လာ သင်္ကန်းအကျိုး
(၈) မျိုးကို ရရှိပါသည်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ ဒဂုံတောင်မြို့နယ်၊ စက်မှုဇုန် (၁) မြေတိုင်းရပ်ကွက်၊ အမှတ်-၂၃၊ လူနေရပ်ကွက် အမှတ်-စက်မှု၊ မြေကွက်အမှတ်-၄၇၃/ခ^၁၊ ဧရိယာ (၁.၉၇၁)ဧက၊ မြေကွက်အမှတ်-၄၇၃/ခ^၂၊ ဧရိယာ (၁.၄၂၉) ဧက၊ မြေကွက်အမှတ်-၄၇၃/ခ^၃၊ ဧရိယာ (၁.၀၂၅)ဧက၊ မြေကွက်အမှတ်-၄၇၃/ခ^၄၊ ဧရိယာ (၁.၀၂၅)ဧက၊ မြေကွက်အမှတ်-၄၇၃/ခ^၅၊ ဧရိယာ (၀.၇၈၆)ဧက၊ စုစုပေါင်း နှစ် (၆၀) မြေငှားဂရန်မြေကွက် (၅)ကွက်၊ ဧရိယာ (၆.၂၃၆) ဧကသည် ဗဟန်းမြို့နယ်၊ ဦးဝိစာရလမ်း၊ အမှတ်-၂၂၄(A) ရှိ **"ဆော်လမွန်မြန်မာကုမ္ပဏီလီမိတက်"**၏ အမည်ပေါက် တည်ရှိပိုင်ဆိုင်ပါသည်။ ကျွန်ုပ်၏ မိတ်ဆွေများသည် အထက်ပါ နှစ် (၆၀)ဂရန်မြေကွက် (၅)ကွက် အား ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။

သို့ပါ၍ ဖော်ပြပါမြေကွက်များနှင့် ပတ်သက်ပြီး ဆိုင်ရေးဆိုင်ခွင့်ရှိသူသည် ကန့်ကွက်တားမြစ်လိုပါက **ဤကြော်ငြာသည့်နေ့မှစ၍ (၇)ရက်အတွင်း** ခိုင်မာလုံလောက်သော စာချုပ် စာတမ်းမူရင်း အထောက်အထားများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ခင်ငြိမ်းငွေ (B.A (Law) LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၁)
အမှတ်-၅၈၊ ဘိုကလေးဈေးလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၃၉၂၃၉၄

Better Life / Okayama Institute Of Science & Technology

Better Life Education & Career Supporting Centre

Okayama Institute Of Science & Technology

ဂျပန်နိုင်ငံတွင် နည်းပညာ၊ အတတ်ပညာထပ်ယူလိုသူများအတွက် အခွင့်အရေးကောင်း

၁၂.၇.၂၀၁၃ (သောကြာနေ့) မနက် ၁၀နာရီ တွင် ဂျပန်နိုင်ငံရှိ Okayama Institute Of Science & Technology မှတာဝန်ရှိသူများ လာရောက်၍ Seminar ပြုလုပ်မည်ဖြစ်ပါသဖြင့် တက်ရောက်လိုသူများ အခမဲ့ကြိုတင်စာရင်းပေး သွင်းနိုင်ပါသည်။ အခမဲ့ Interview အစီအစဉ်နှင့် Scholarship အစီအစဉ်များလည်းရှိပါသည်။

Better Life Education & Career Supporting Centre
410-411, 4th Fl, La Pyayt Wun Plaza, Dagon Tsp, Yangon Tel: 01-382529, 01- 382530

FAME BeePollen

BeePollen
Nutritional supplement
ပျားဝတ်မှုန်ဆေး
TMR 010182 (0216)
၂/၂၀၁၂ တဆထလ/တိုး (၈၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME Nature C®

Natural vitamin C supplement
သဘာဝ စီ
TMR 007782 (1014)
၂/၂၀၁၂ တဆထလ/တိုး (၈၆၅၃)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

MICO

MICO ကမ္ဘာတည်သရွေ့
အလှူမင်္ဂလာ၊ လက်ဆောင်...ဘယ်မှာသုံးသုံးအကောင်းဆုံး
T-SHIRT= 650Ks
ကွန်ပျူတာ ပန်းထိုး၊ တံဆိပ်ရိုက်လုပ်ငန်း
09-5043007,09-5141086,09-8645550,09-73244061

☎:01-512443, 09-73017656
သန့်စင်ပြီး ပွဲတော်အုပ် အရောက်ပို့
ပုသိမ်ပေါ်ဆန်းမွှေး
ကောင်းကောင်းလေးနော်
Ks . 33000

KMD

Since 1986 KMD Quality Management System ISO 9001:2008 လက်မှတ်ရ
9001:2008 Cert. No. 683180

LCCI ACCOUNTING (Level I + II,III)

- စီးပွားရေးလုပ်ငန်းများတွင် စာရင်းထိန်းသိမ်းထားနိုင်ရန် နှင့် အရှုံးအမြတ်၊ အရောင်းအဝယ် စာရင်းများကို လအလိုက်၊ နှစ်အလိုက် ရေးဆွဲနိုင်မည်။
- ဆရာဦးသန့်ဇော်ဦး BE(Textile) Pass with credit,DA (LCCI,UK) ကိုယ်တိုင် ဦးစီးသင်ကြားပါမည်။
- သင်တန်းပြီးဆုံးပါက KMD မှပေးအပ်သော Certificate ကိုရရှိပါမည်။
- လန်ဒန်မြို့အခြေစိုက် LCCI မှကျင်းပသောစာမေးပွဲဖြေဆို အောင်မြင်လျှင် LCCI(UK) မှ Certificate ကိုရရှိပါမည်။

Level I + II (Certificate) (5 Months) Nov Series
16-July-2013 (Tue,Wed,Thurs,Fri)
12:30pm -2:00pm

အမှတ် - ၃၃၁၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်။
ဖုန်း - ၅၂၇၄၃၆ / ၅၃၄၁၅၀ / ၅၀၂၂၃၃

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃)၊ မြေကွက်အမှတ် ၅၃၉/က၊ မြေကွက်တည်နေရာအမှတ် ၅၃၉/က၊ မာန်ပြေ ၁၃လမ်း၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ် ဦးဘထွန်း အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးဘထွန်း (ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီး ဒေါ်မြမြ ၁၂/သကတ(နိုင်) ၀၄၅၉၅၄ က သေစာရင်း၊ ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ဦးဇော်ဖေဝင်း ၏ အားမာန်

B.Ed ဝင်ခွင့် Exam Guide ထွက်ပြီ ဖွင့်ပြီ။

- အမှတ်-၉၀၊ တတိယထပ်၊ ၃၇-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၁-၃၇၄၄၇၀
- မန္တလေး - ထွန်းဦးစာပေ

ကျေးဇူးဆပ်ပါမည်

ကျွန်တော်ဇမောင်အောင်ကျော်၏မှတ်ပုံတင်၊ အိမ်ထောင်စုဇယား ၊ Passport နှင့် အရေးကြီးစာရွက်စာတမ်းများ 27.6.2013 ရက်နေ့ စမ်းချောင်းမြို့နယ်၊ ရွှေပြည်အေးလမ်းတွင် ကားရပ်ထားစဉ်ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
09-73052440

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂/ခ၊ ကံဘဲ့၊ မြေကွက်အမှတ် ၁၄/ဇ^၁၊ မြေကွက်တည်နေရာအမှတ် ၃၄၊ ပါရမီလမ်း၊ ရန်ကင်းမြို့နယ် ဗိုလ်မှူးကြီးဝင်း အမည်ပေါက် မြေပိုင်မြေ လ/န-၃၉မြေအား အမည်ပေါက် ဗိုလ်မှူးကြီးဝင်း ကွယ်လွန်သဖြင့် ဇနီး ဒေါ်စန်းမြင့် ၁၂/ရကန(နိုင်)၀၂၉၅၄၇က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မြောင်းမြခရိုင်တရားရုံး
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၀

ဦးထွန်းထွန်းဦး **နှင့်** ၁။ ဒေါ်မြင့်မြင့်ကြည် ၂။ ဒေါ်ဖြူတိုး(ခ)ဒေါ်မြင့်မြင့်ရီ ၃။ ဒေါ်ငွေငွေ ၄။ ဦးမင်းသိန်း ၅။ ဦးမောင်မောင်လတ်

တရားလို **တရားပြိုင်များ**

မြောင်းမြမြို့၊ ကွယ်လွယ်ကျေးရွာ၊ မြဟေမာရပ်ကွက်နေ (၂)တရားပြိုင် ဒေါ်ဖြူတိုး(ခ)ဒေါ်မြင့်မြင့်ရီနှင့် (၄)တရားပြိုင် ဦးမင်းသိန်း (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဇူလိုင် ၃၁ရက် (၁၃၇၅ခုနှစ် ဝါဆိုလပြည့်ကျော် ၉ရက်) နံနက် ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် ဇူလိုင် ၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နွယ်နွယ်ခိုင်)
ဒုတိယခရိုင်တရားသူကြီး၊ မြောင်းမြခရိုင်တရားရုံး

အများသိသာရန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂အေ၊ ၁၂ဘီ မြေကွက်အမှတ်-၁၇၀၊ ဧရိယာ ၀ ဒသမ ၅၄၅ဧကရှိ နှစ် ၆၀ဂရန်မြေကွက်သည် ရန်ကုန်မြို့ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့မြေစာရင်းတွင် ဦးတက်တိုးအမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ဦးတက်တိုး ကွယ်လွန်သဖြင့် အဆိုပါမြေကွက်ကို ဒေါ်ဝင်းမြင့် ၁၂/ကမတ(နိုင်)၀၃၅၃၃၃၊ ဒေါ်ဝင်းတင့် ၁၂/ကမတ(နိုင်)၀၀၄၈၂၁၊ ဦးသန်းအောင် ၁၂/လမန(နိုင်)၀၇၆၉၄၆၊ ဒေါ်ခင်မြသိုက် ၁၂/ကမတ(နိုင်)၀၃၆၂၄၅၊ ဦးသန်းထွန်း ၁၂/ကမတ(နိုင်)၀၃၆၂၄၄တို့က အမွေဆက်ခံပိုင်ဆိုင်လာပါသည်။ ၄င်းတို့ထံမှ ဦးသန်းအောင် ပိုင်ဆိုင်သည့်မြေကွက်အစိတ်အပိုင်းကို ဝယ်ယူရန် စရန်ငွေပေးချေထားပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူများသည် အထောက်အထားခိုင်လုံစွာဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးစိန်ရီ B.Sc, DA, RL
တရားလွှတ်တော်ရှေ့နေ(စဉ်-၃၀၃၆)
အမှတ်(၂၂)၊ ဌာနာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၃၉၅၆၊ ၀၉-၅၀၃၀၃၇၄

အမှားပြင်ဆင်ချက်

၃-၇-၂၀၁၃ နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ (၁၉) တွင် ဖော်ပြထားသော ရန်ကုန်အရှေ့ပိုင်းခရိုင် နယ်တရားမရုံးတော်တွင် ငြင်းချက်ထုတ်ရန် သမ္မာန်စာ၌ တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ ၁ နှင့် ၅ အစား တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်း ၂၀ (က) (၁) ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

စီးပွားရေးကြော်ငြာများ

သာသနာရေးဝင်ငွေဝါတွင်းစေဖို့ သမ္မတ ဝါဆို သင်္ကန်းများ ဝယ်ယူလှူဒါန်းကြပါစို့ ...

၁	အမှတ်-၁၁၈၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်။	၀၁-၅၄၁၃၉၅၊ ၅၄၁၃၉၆
၂	အမှတ်-၁၅၆၊ ရွှေဂုံတိုင်လမ်းမကြီး၊ ဗဟန်းမြို့နယ်။	၀၁-၅၄၃၂၈၂၊ ၅၄၃၂၀၆
၃	အမှတ်-၂၃/ဘီ၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်။	၀၁-၃၈၀၅၇၃
၄	အမှတ်-၁၁၃၊ အထက်ကြည့်မြင်တိုင်လမ်းမကြီး၊ ကြည့်မြင်တိုင်မြို့နယ်။	၀၉-၇၃၀၁၆၀၃၂
၅	အမှတ်-၉၆၊ အထက်ပုဇွန်တောင်လမ်းမကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်။	၀၉-၇၃၀၅၇၇၅၆၆
၆	အမှတ်-၁၂၅၊ သံဈေးရှေ့၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်။	၀၁-၂၂၅၅၀၆
၇	အမှတ်-၃၇၊ ကုန်ဈေးတန်းလမ်း(အောက်)၊ ပန်းဘဲတန်းမြို့နယ်။	၀၉-၇၃၀၀၅၉၂၆၊ ၀၁-၃၇၂၆၅၇
၈	အမှတ်-၅၁(ဘီ)၊ ရေတာရှည်လမ်းသစ်၊ ဗဟန်းမြို့နယ်။	၀၁-၈၆၀၃၀၈၅
၉	တိုက်-A၊ အခန်း-၁၊ ပုဇွန်တောင်(?)၊ အင်းစိန်ဈေးကြီးအနီး၊ လှိုင်မြစ်လမ်း၊ အင်းစိန်မြို့နယ်။	၀၁-၆၄၂၃၂၂
၁၀	၁၂၁၊ ရန်ကုန်-အင်းစိန်လမ်း၊ လက်ခုပ်ပင် ကမာရွတ်၊ စံရိပ်ငြိမ်နှင့် ဆင်ရေတွင်းမှတ်တိုင်ကြား။	၀၉-၇၃၀၆၅၂၃၇
၁၁	အမှတ်-၂၆၊ သမိန်ဗရမ်းလမ်းမကြီး၊ တာမွေမြို့နယ်။	၀၉-၇၃၀၀၅၇၉၃
၁၂	ရန်ကုန်-မန္တလေးကားလမ်း၊ ဆင်ရတနာ မြင်းရတနာကြား၊ နေပြည်တော်၊ ပျဉ်းမနား။	၀၆၇-၂၂၅၉၇
၁၃	အမှတ်(၁၆၉)၊ မင်းဘာကြီးလမ်း၊ ဘောက်သီးစုရပ်ကွက်၊ စစ်တွေမြို့။	၀၄၃-၂၁၄၁၂

သမ္မတ ဆိုင်များအားလုံးတွင် ဧ ၂နှုန်းတစ်ပြေးညီလက်လီ / လက်ကား ဝယ်ယူရရှိနိုင်ပါသည်။

Myanmar First Institute...Be Career , New Challenges

Coffee Barista & Baker

- အီတလီနိုင်ငံထုတ်စက်များဖြင့်ပြည်တွင်းပြည်ပမှ ဝါရင့်ပညာရှင်များကိုယ်တိုင် သင်ကြားပေးမည့် အစီအစဉ်
- Barista တစ်ဦး၏ နေ့စဉ်သုံးစကားလုံးများကို အင်္ဂလိပ်၊ကိုရီးယားဘာသာများဖြင့် တွဲဖက်သင်ကြားပေးခြင်း
- Mc Donald's,Starbucks,KFC,Burger King အစရှိသည့်ဆိုင်များတွင်အလုပ်အကိုင်ရရှိမည့် ထောက်ခံချက်
- သင်တန်းဆင်းလက်မှတ်ရရှိပါက USA,Canada,Korea,Singapore အစရှိသည့်နိုင်ငံများတွင် အလုပ်အကိုင်ရရှိနိုင်မည့် အခွင့်အရေး

Certificate Programme of Concordia International University(USA အပါအဝင်နိုင်ငံ ၆ နိုင်ငံအသိအမှတ်ပြုလက်မှတ်ပေးအပ်မည်)

Coffee Barista & Bakery 2 months course

Classes	Day/Time	No.
Barista I	Mon:10:00-11:30 / Wed:10:00-11:30	24
Barista II	Mon: 4:30-6:00 / Wed:4:30-6:00	24
Barista III	Tue: 10:00-11:30 / Thu: 10:00-11:30	24
Bakery I	Tue: 2:00-3:30 / Thu: 2:00-3:30	24
Bakery II	Tue: 4:30-6:00 / Thu: 4:30-6:00	24

English & Korean Language 2 months course

Classes	Day/Time	No.
English	Fri: 10:00-11:30 / Sat: 1:30-3:00	24
Korea	Sat: 10:00-11:30 / Fri: 1:30-3:00	24

Classes will open on 22 July 2013

cosmo

Cosmo Wellness Co., Ltd
No.103, 3rd Floor, (2)Ward, Kha Wal Chan, Mayangone Tsp; Yangon.
Tel: 01-650-141 / 01-651-956, 093-121-8671

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊သင်္ဃန်းကျွန်းမြို့နယ်၊ လူနေရပ်ကွက်အမှတ် - သုမင်္ဂလာအိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄+၂၆)၊ မြေကွက်အမှတ် - ၁၈၄ A၊ ဧရိယာ(၃၀၃၂. ၃၁၂)စတုရန်းပေအကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ အမှတ်(၂၄ + ၂၆)ဟုခေါ်တွင်သော မြေကွက်အပါအဝင်အကျိုး ခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုသူ ဒေါ်မြတ်မြတ်စု(၁၂/လကန(နိုင်) ၁၂၀၇၈၄)ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်နိုင်လုံသောအထောက်အထား၊ စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးအောင်နိုင်ဦး (စဉ် - ၄၂၇၂)
LL.B
တရားလွှတ်တော်ရှေ့နေ

ဦးမျိုးညွန့် (စဉ် - ၅၁၄၂)
LL.B,D.B.L
တရားလွှတ်တော်ရှေ့နေ

ဦးယဉ်မင်းထက် (စဉ် - ၂၉၈၃၂)
LL.B,C.B.L,B.A(BusinessLaw)
အထက်တန်းရှေ့နေ

ဒေါ်ဆွေစင်သော် (စဉ် - ၂၆၀၃၈)
LL.B,LL.M,M.Res,Ph.D(Thesis)
အထက်တန်းရှေ့နေ

ဒေါ်နန်းထက်ထက်ဇော် (စဉ် - ၃၃၅၂၆)
LL.B,D.B.L,D.I.L
အထက်တန်းရှေ့နေ

"စိုင်းခွန်နောင်" ကုမ္ပဏီ (အိမ်၊ ခြံ၊ မြေ) နှင့်ဥပဒေအကြံပေးလုပ်ငန်း
အမှတ်(၁)၊ ပင်ရွှေညောင်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ရုံး(ချုပ်)ဖုန်း - ၅၄၁၅၀၁၊ ၅၅၁၁၉၇၊ ၄၀၀၇၈၁၊ ၀၉ ၅၁၇၇၉၅၃၊ ၀၉ ၇၃၁၀၄၂၀၀၊
ရုံး(ခွဲ) ဖုန်း - ၂၉၅၇၂၄၊ ၀၉ ၇၃၀၅၆၆၅၁၊ ၀၉ ၄၂၅၀၁၈၆၁၈၊ ၀၉ ၇၃၀၂၉၆၉၆

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅အီး၊ မြေကွက်အမှတ် ၄၅အီး/၅အက်ဖ်၊ မြေကွက်တည်နေရာအမှတ်၅၃၊ သာသနာ့ရိပ်သာလမ်း၊ ဗဟန်းမြို့နယ် ဒေါ်မေစီသင်း အမည်ပေါက်မြေပိုင်မြေအား အမည်ပေါက် ဒေါ်မေစီသင်း ၁၂/ဗဟန (နိုင်)၀၃၂၅၄၉က အမည်ပေါက်ပိုင်ဆိုင်ကြောင်းစာချုပ် အမှတ်၂၀၅၇/၁၁-၁၁-၁၉၉၂ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး လက်ခံအမှန်တင်ပြ၍ အဆောက်အအုံဆောက်လုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၀၊ မြေကွက်အမှတ် ၁၉၅/ခ၊ မြေကွက်တည်နေရာအမှတ် ၁၉၅/ခ၊ ၂၉လမ်း၊(၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်ပွတ်တီအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ပွတ်တီထံမှ ကိုယ်စားလှယ်လွှဲစာအမှတ် ၃၁၀၃(၂၁-၂-၁၃)ဖြင့် လွှဲအပ်ခံရသူ အထွေထွေကိုယ်စားလှယ် မော်နီအာမက်(ခ)ဦးရဲနိုင် ၁၂/တမန (နိုင်)၀၉၉၇၇၂က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်း၊ ပါဝါပြန်လည် ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာနှင့် အမည်ပေါက် ဒေါ်ပွတ်တီ၏ ၂၀၀၅ ခုနှစ်တွင် ကူးယူခဲ့သော အပိုင်ပေးစာချုပ်ရန် မြေပုံ မြေရာဇဝင်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ ၉၁၃၉ (၂၂-၅-၁၃)တို့ကို တင်ပြ၍ အဆောက်အအုံဆောက်လုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်သတိပေးတားမြစ်ခြင်း

ဆေးဗေဒဆရာဝန်ကာပွနေ၊ကျွန်ုပ်၏မိတ်ဆွေဖြစ်သူဒေါ်စန္ဒာ(SDY-၀၇၆၅၄၀)(နိုင်ငံသားအမှတ်-၁၂/ပဇတ(နိုင်)၀၁၆၁၂၈)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးတားမြစ်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်သာယာမြို့နယ်၊ရန်ကုန်-ပုသိမ်လမ်းမကြီးဘေးရှိလူနေရပ်ကွက်အမှတ်"FMI အိမ်ရာစီမံကိန်း"၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၇၇၂) ၊ ဧရိယာ(၄၀ပေ×၆၀ပေ)(၂၄၀၀)စတုရန်းပေရှိနှစ်(၆၀)ဂရန်မြေကွက်နှင့်မြေကွက်ပေါ်ရှိလှိုင်သာယာမြို့နယ်၊ FMI City (ပဒေသာပင်မြို့တော်)၊ ရွှေပါယ်(ရ)လမ်း၊ အိမ်အမှတ်(F-79)ဟု ခေါ်တွင်သည့် မြေကွက်နှင့်မြေပေါ်တွင် ဆောက်လုပ်ထားသော(၂)ထပ်တိုက်နှင့်ဆက်နွယ်တည်ရှိသည့် အကျိုး ခံစားခွင့်အားလုံးတို့ကိုမူလအမည်ပေါက်ပိုင်ရှင်ဖြစ်သည့် ဦးရဲညွန့် (CF-၀၁၈၃၁၂) (နိုင်ငံသား အမှတ်-၁၂/မရက(နိုင်)၀၁၀၃၂၆)ထံမှ(၂၇-၁၂-၂၀၀၀)ရက်စွဲပါ"အိမ်အရောင်းအဝယ်စာချုပ်"အရကျွန်ုပ်၏မိတ်ဆွေဒေါ်စန္ဒာက ၎င်း၏ညီမဖြစ်သူအား ၎င်း၏ကိုယ်စား ငွေအပြေအကြေပေးချေစေလျက် ပိုင်ဆိုင်ခွင့်ဂရန်မူရင်းများနှင့်တကွ ဝယ်ယူပိုင်ဆိုင်ထားသည့်မြေကွက်နှင့်အဆောက်အအုံ ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့်အဆောက်အအုံကို ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရဘဲ လွှဲပြောင်းရောင်းချခြင်း၊ပေါင်နှံခြင်း၊ပေးကမ်းလှူဒါန်းခြင်း၊အာမခံတင်သွင်းခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ရန် သတိပေးတားမြစ်အပ်ပါသည်။ လိုက်နာဆောင်ရွက်ခြင်းမရှိပျက်ကွက်ပါကတည်ဆဲဥပဒေများအရထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန်သတိပေးတားမြစ်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးဇော်ဝင်း (စဉ်-၃၆၉၉)
H.G.P, LL,B, D.B.L, D.M.L, D.I.L,
တရားလွှတ်တော်ရှေ့နေနှင့်ဥပဒေအကြံပေး
အမှတ်-၅၆၁၊ပထမထပ်၊အခန်း(၁၀၄)၊ MAC Tower
ကုန်သည်လမ်း ၊ ဘားလမ်းနှင့်၃၅-လမ်းကြား ၊
ကျောက်တံတားမြို့နယ် ၊ ရန်ကုန်မြို့ ။
ဖုန်း- ၀၉၅၀၁၇၂၄၀

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်ရပ်ကွက်၊ သုခမလမ်း၊ အမှတ်-၁၈/၁၈-ဘီ ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်-၃၅စီဂျီ၊ မြေကွက်အမှတ်-၉၆၇ (၁၀'×၄၀') စီရှိ ပေါင်းမြေ(၂)ကွက် ဒေါ်အေးကျင် အမည်ဖြင့် ပါမစ်မြေနှင့်မြေပေါ်ရှိ ဥပစာအပါအဝင် အကျိုးခံစားခွင့်များကို ဦးမြသိန်း ၁၂/ဗဟန (နိုင်) ၀၅၈၈၆၆၊ ဦးမြင့်ဝေ ၁၂/ဗဟန (နိုင်) ၀၆၂၈၈၈၊ ဒေါ်လှလှမေ ၁၂/သကတ (နိုင်) ၀၃၃၆၆၂ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ပိုင်ရေးပိုင်ခွင့်စပ်လျဉ်း၍ တစ်စုံတစ်ရာတင်ပြလိုပါက ကျွန်ုပ်ထံ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကျော်လွန်ပါက အပြီးသတ်ငွေပေးပြီး ဥပစာကို လက်ရောက်ရယူကာ ဝယ်ယူသူ အမည်ပေါက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ -

ဦးမိုးမော် (အထက်တန်းရှေ့နေ)
B.Sc, H.G.P, D.B.L,D.I.L,D.M.L,
DL-IP, WIPO in Geneva

တိုက် (၆/၁/၃)၊ ဆရာများရိပ်သာ၊
လှိုင်တက္ကသိုလ်နယ်မြေ၊ လှိုင်မြို့နယ်၊
ရန်ကုန်မြို့။ Ph: 09 51 56683

E-mail : myomaw 2007@gmail.com

ပဋ္ဌာန်းဘုရားပူဇော်နိုင်ရန် တိုက်တွန်းနှိုးဆော်လွှာ

မဟာဝေဇယန္တာဓမ္မရိပ်သာကျောင်း၌ ဝါဆိုတော်မူမည့် သံဃာတော်အရှင်မြတ်တို့က ဝါဆိုလပြည့်နေ့မှစ၍ သီတင်းကျွတ်လပြည့်နေ့အထိ အမြတ်ဆုံး ဖြစ်သောပဋ္ဌာန်းဒေသနာတော်မြတ်ကြီးကို ရွတ်ဖတ်ပူဇော်မည်ဖြစ်ပါ၍ မိမိတို့နေအိမ်၊ ကုမ္ပဏီရုံးခန်း၊ ဆိုင်ခန်းတို့၌ အန္တရာယ်ကင်းပျောက် ချမ်းသာရောက်ပြီး စီးပွားလာဘ်လာဘတိုးတက်အောင်မြင်စေရန် ရည်ရွယ်ပြီး ကိုးကွယ်တော်မူသည့်ဘုရားဆင်းတုတော်မြတ်များအား အမြတ်ဆုံး ပဋ္ဌာန်းဖြင့်ထုံးမွမ်းသိဒ္ဓိတင်နိုင်ရန် ဘုရားဒါယကာ၊ ဒါယိကာမများ ဝါဆိုလဆန်း(၁၄)ရက်၊ (၈.၇.၂၀၁၃) မှ (၂၁.၇.၂၀၁၃)နေ့ ညနေ(၅)နာရီ ထက်နောက်မကျစေပဲ အောက်ပါကျောင်းတိုက်သို့ ပင့်ဆောင် ပို့နိုင်ပါကြောင်း မေတ္တာရှေ့ထား၍ အသိပေး နှိုးဆော်အပ်ပါသည်။

မဟာဝေဇယန္တာဓမ္မရိပ်သာကျောင်း
အမှတ်(၅)ပိုင်း၊ တောင်ဥက္ကလာပမြို့နယ်။ ၅၆၁၄၂၁၊ ၀၉ ၄၉၃၀၁၆၈၇

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

ထားဝယ်ခရိုင်နယ်တရားမရုံးတော်၌

၂၀၁၂ ခုနှစ်၊ ဇာရီမှုအမှတ်-၁၀

ဒေါ်ဘီ(ခ)ဒေါ်မြမြဝင်း	နှင့်	ဦးလှဝင်း
ဒီကရီရသူ		တရားရှုံး

ထားဝယ်ခရိုင်နယ်တရားမရုံးတော်က ၂၀၁၂ ခုနှစ် တရားမမှုအမှတ်-၄တွင် စရိတ်များအပါအဝင် ငွေ (၁၆၇၆၅၀၁၅/-)အတွက် ဒီကရီအတည်ဇာရီပြုရာ စာရင်း၌ဖော်ပြထားသော ပစ္စည်းများတွင် တရားရှုံးအကျိုးသက်ဆိုင်ခြင်းကို ၂၀၁၃ ခုနှစ် ဩဂုတ်လ ၂၆ ရက် (၁၃၇၅ ခုနှစ် ဝါခေါင်လပြည့်ကျော် ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ပစ္စည်းတည်ရှိရာအရပ်မှာ လေလံတင်၍ရောင်းချလိမ့်မည်။

ရောင်းချခြင်းမှာ အများပြည်သူတို့ရှေ့ လေလံတင်ရောင်း၍ ၎င်းစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်း အစုအပုံများပြုပြီးလျှင် ပစ္စည်းကို ရောင်းချလိမ့်မည်။ ထိုစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်း အထက်အမည်ပါ တရားရှုံး၏ပစ္စည်းကို ရောင်းချလိမ့်မည်။ အဆိုပါပစ္စည်းပေါ်တွင် တင်ရှိသည့် ကြွေးမြီကစိပတ်တာဝန်များမှာ စုံစမ်းသိသာသမျှ အစုအသီးသီးနှင့်ဆိုင်ရာတည့်တည့် ၎င်း စာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်းဖြစ်သည်။

ရောင်းချရာတွင် အများပြည်သူတို့မှာ ကိုယ်တိုင်သော်လည်းကောင်း၊ နေရာတကျ အခွင့်အရေးလွှဲအပ်သည့် ကိုယ်စားလှယ်သော်လည်းကောင်းဆွဲဝယ်စေရန် ဆင့်ဆိုကြော်ငြာလိုက်သည်။ သို့သော်လည်း အထက်အမည်ပါ တရားနိုင်သော်လည်းကောင်း၊ တရားနိုင်အတွက်သော်လည်းကောင်းဆွဲဝယ်သည်ကို လက်ခံမည်မဟုတ်သည်သာမက ၎င်းတို့သို့ တစ်စုံတစ်ရာရောင်းချခြင်းသည် ရုံးတော်အခွင့်အမိန့်တင်ရင်၍ အတိအလင်း မရမရှိလျှင် ခိုင်မာလိမ့်မည်မဟုတ်။ ရောင်းချရန်နောက်ထပ် စည်းကမ်းအချက်များမှာ အောက်၌ဖော်ပြထားသည်။

ရောင်းချရန်နောက်ထပ်စည်းကမ်းအချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ ရုံးတော်က သတင်းစကားရရှိသိသာနိုင်သမျှဖြစ်သည်။ သို့သော်လည်း ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကျန်ကြွင်းခြင်း တစ်ခုခုအတွက် ရုံးတော်က တာဝန်ခံမည်မဟုတ်။

တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည်အကြောင်း
လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုကြရန် နှိုးဆော်လိုက်သည်။

၂။ လေလံဆွဲတက်ရာ မည်မျှမည်၍ တိုးတက်ရမည်ကို ရောင်းချသူအရာရှိက ဆုံးဖြတ်လိမ့်မည်။ ဆွဲတက်သည့်ငွေအတွက်နှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ မည်သူကဆွဲတက်သည်နှင့် စပ်လျဉ်း၍သော်လည်းကောင်း တစ်ခုခုအငြင်းအခုံဖြစ်ပွားသည့်အချက်တွင် ၎င်းပစ္စည်းစုကို ချက်ချင်းတစ်ဖန် ပြန်၍လေလံတင်ရောင်းလိမ့်မည်။

၃။ အများဆုံးတိုးတက်ဆွဲဝယ်ယူသူမှာ ၎င်းပစ္စည်းတစ်ခုခုကို ဆွဲဝယ်ယူသူဖြစ်ကြောင်း ပြဋ္ဌာန်းလိမ့်မည်။ သို့သော်လည်း ၎င်းလူမှာ တရားဥပဒေနှင့်အညီ တိုးတက်ဆွဲဝယ်ရန် အရည်အချင်းနှင့် ပြည့်စုံသူဖြစ်စေရမည့်အပြင် အမြင့်ဆုံးတိုးတက်ဆွဲဝယ်သည့်အဖိုးမှာ နည်းပါးကြောင်း ထင်ရှား၍ လက်ခံရန်မသင့်မလျော်ကြောင်း လေလံရောင်းချသည့်အရာရှိက သို့တည်းမဟုတ် ရုံးတော်က ထင်မြင်လျှင် လက်မခံငြင်းပယ်ရန် ရုံးတော်က သို့တည်းမဟုတ် ၎င်းအရာရှိက ချင့်ချိန်တိုင်းထွာ၍ ဆောင်ရွက်ခွင့်ရသည်။

၄။ အမိန့်နံပါတ်-၂၁၊ နည်းဥပဒေ-၆၉ ပါ ပြဋ္ဌာန်းချက်များကို အမြဲအထောက်အထားပြု၍ ရောင်းချမှုကို ဆောင်ရွက်သူအရာရှိက စဉ်းစားဆင်ခြင်၍ အကြောင်းဖော်ပြရေးမှတ်ပြီးလျှင် ရောင်းချခြင်းကို ရွှေ့ဆိုင်းခွင့်ရသည်။

၅။ ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းဖြစ်သည့်အချက်တွင် ပစ္စည်းစုအသီးသီး၏ အဖိုးငွေကို ရောင်းချသည့်အခါတွင် ပေးချေရမည်။ သို့တည်းမဟုတ် ရောင်းချသူအရာရှိက ဆင့်ဆိုသည့်အတိုင်း ရောင်းချ ပြီးနောက် မြန်နိုင်သမျှ အချိန်အခါတွင် ပေးချေရမည်။ ပေးချေမပြု ပျက်ကွက်လျှင် ပစ္စည်းကို ချက်ချင်းတစ်ဖန် ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၆။ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းဖြစ်သည့်အချက်တွင် ဆွဲဝယ်သူအဖြစ် ပြဋ္ဌာန်းခံရသူမှာ ရောင်းချသည့်အရာရှိထံသို့ ဝယ်ငွေ ၁၀၀ လျှင် ၂၅ ကျပ် ကျသည့်ကဲ့သို့ ပြဋ္ဌာန်းပြီးသည်နှင့်တစ်ပြိုင်နက် ပေးသွင်းရမည်။ သည့်ကဲ့သို့ ပေးသွင်းမပြု ပျက်ကွက်ခဲ့လျှင် ပစ္စည်းကို ချက်ချင်းတစ်ဖန် ပြန်၍ လေလံတင်ရောင်းလိမ့်မည်။

၇။ ဆွဲဝယ်သည့်ငွေအလုံးကို ဆွဲဝယ်သူက ပစ္စည်းရောင်းချသည့်နေ့ကိုပယ်၍ ပစ္စည်းကိုရောင်းပြီးနောက် ၁၅ ရက်မြောက်နေ့တွင် ရုံးမဆင်းမီ ပေးဆောင်ရမည်။ (၁၅)ရက်မြောက်နေ့မှာ တနင်္ဂနွေနေ့သော်လည်းကောင်း၊ အခြားရုံးပိတ်ရက်နေ့သော်လည်းကောင်းဖြစ်လျှင် ၎င်း (၁၅)ရက်မြောက်နောက်နေ့ ရုံးပထမဖွင့်သည့်နေ့တွင် ပေးဆောင်ရမည်။

၈။ အထက်ခွင့်ပြုသည့်အချိန်ကာလအတွင်း ဆွဲဝယ်ရာ ကျန်ငွေကို မပေးမဆောင်ပျက်ကွက်ခဲ့လျှင် ရောင်းချရန်ကြော်ငြာစာအသစ်ထုတ်ပြီးနောက် ၎င်းပစ္စည်းကို တစ်ဖန်ပြန်၍ ရောင်းချလိမ့်မည်။ တင်ထားသည့်ကြေးငွေကိုလည်း ရောင်းချသည့်အတွက် စရိတ်များကိုပေးပြီးနောက် ရုံးတော်က သင့်သည်ထင်မြင်ခဲ့လျှင် အစိုးရမင်းသို့ ဆုံးရှုံးခံစေ၍ ငွေမပေးမဆောင် ပျက်ကွက်သူမှာ ၎င်းပစ္စည်းတို့ဖြစ်စေ၊ နောက်တစ်ဖန်ရောင်းချရာ ရရှိသည့်ငွေတစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆိုင်ရာဆိုင်ခွင့်အရပ်ရပ်မှ ဆုံးရှုံးစေရမည်။

၂၀၁၃ ခုနှစ် ဇွန်လ ၂၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(တင်တင်အေး)
ခရိုင်တရားသူကြီး
ထားဝယ်ခရိုင်တရားရုံး

ဖခင်အမည်မှန်

မင်္ဂလာဒုံမြို့နယ်၊ အထက(၄) တက္ကသိုလ်ဝင်တန်း(D)တွင် ပညာသင်ကြားနေသော မောင်ဝါရှာပွန်း၏ ဖခင်အမည်မှန်မှာ ဦးသန်းထွန်းဖြစ်ပါသည်။ **ဦးသန်းထွန်း**

ဖခင်အမည်မှန်

ကျိုက်ထိုမြို့၊ အထက (၁)၊ တက္ကသိုလ်ဝင်တန်း ICမှ မောင်ချမ်းငြိမ်းဦး ၁၀/ကထန(နိုင်)၁၃၃၇၀၆၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းခိုင် ၁၄/ရကန(နိုင်)၁၃၅၀၁၂ ဖြစ်ပါကြောင်း။ **ဦးဇော်မင်းခိုင်**

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ကလောမြို့၊ ကွန်ဗင့်ကျောင်းရပ် ဧရိယာ ၁၆၇ ဧက ၇၂၇၅ စ/ပေ၊ ဂရန်မြေ။

ဆက်သွယ်ရန်
ဖုန်း-၀၉-၇၃၂၃၇၁၃၃

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ယ/၈၄၈၆ Hensim 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထွန်းဦး ၁၃/ဆဆန(နိုင်)၀၃၆၇၀၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၂၅၅၆၊ Jialing 90,M/C၊ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဥမ္မာဦး ၉/မနမ(နိုင်)၀၆၉၂၅၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈ဆ/၄၅၂၇၊ Kyaw Zin Ladt L/T(1) Ton၊ P/U(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးခင်လှိုင် ၈/မလန(နိုင်)၀၆၇၈၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဃ/၂၆၈၀၊ ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းသန်း ၁၂/လကန(နိုင်)၁၃၂၄၃၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

စီးပွားရေးကြော်ငြာများ

ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ၇ရပ်ကွက်၊ တေးဥယျာဉ် (၃)လမ်း၊ မြေကွက်အမှတ်(၄၇/က)၊ မြေအကျယ်ပေ (၂၀×၆၀)၊ စတုရန်းပေ ၁၂၀၀ရှိ ပါမစ်မြေကွက်နှင့်မြေကွက်အမှတ် (၄၈/ခ)၊ မြေအကျယ်ပေ (၂၀×၆၀)၊ စတုရန်းပေ ၁၂၀၀ရှိ ပါမစ်မြေကွက်(နှစ်)ကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရပ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်လျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုကမ်းလှမ်းသူ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၇)ရပ်ကွက်၊ တေးဥယျာဉ်လမ်းမ၊ အမှတ်(၄၃၃)တွင်နေထိုင်သည့် ဒေါ်ယဉ်ငြိမ်းစံ ၁၂/မရက(နိုင်)၀၉၁၅၂၉ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားအပြည့်အစုံဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်မြင့်	ဦးအောင်မျိုးခိုင်	ဦးကိုကြည် B.Sc,Dip.Aq,H.G.P,R.L,D.B.L,
LL.B,D.B.L,D.M.L,D.I.L	LL.B	D.M.L, D.I.L,D.I.R, WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ	တရားလွှတ်တော်ရှေ့နေ
ဖုန်း-၀၉-၄၃၀၃၂၁၈၁	ဖုန်း-၀၉-၇၃၁၀၂၃၆၄	ဖုန်း-၀၉-၄၂၁၁၂၄၀၂၂

အမှတ်(၈၈၀)၊ (၁၁)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်

အများသိစေရန်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မာလာနွယ်လမ်း၊ တိုက်(၇၄၇)(ဗလွှာ)ခေါင်းရင်းခန်းနေ မမော်မော်ဦး (၁၂/သဃက(နိုင်)၁၆၇၆၀၄)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

(၃၀.၆.၂၀၁၃)ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၁)နှင့်(၃.၇.၂၀၁၃)ရက်နေ့ထုတ်ကြေးမုံသတင်းစာ၊ စာမျက်နှာ(၁၆)တွင် ကြော်ငြာထားသော စိုင်းခန့်စိုးလင်း၏ ကြော်ငြာမှာ မှန်ကန်မှုမရှိပါ။

ယနေ့အချိန်အထိ စိုင်းခန့်စိုးလင်းနှင့် မမော်မော်ဦးတို့သည် တရားဝင်ကွာရှင်းပြတ်စဲထားခြင်းလုံးဝမရှိသေးပါ။ သို့ဖြစ်ပါ၍ မမော်မော်ဦးသည် စိုင်းခန့်စိုးလင်း၏ တရားဝင်ဇနီးဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်သွယ်မာဝင်း	ဒေါ်မဥ္ဇူ(LL.B)Dip in Acct;
စဉ်-၃၅၆၅၃	စဉ်-၆၄၉၄
အထက်တန်းရှေ့နေ	တရားလွှတ်တော်ရှေ့နေ

တိုက် (၉/၁၁)၊ အခန်း-၃၀၁(၂)၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
၀၉ ၅၀၅၆၂၂၅၊ ၀၉ ၄၂၈၁၈၀၁၆၀

သယ်န်းကျွန်းမြို့နယ်၊ (စံပြ)ရပ်ကွက်၊ စံပြ(၄)လမ်း၊ တိုက်အမှတ်(၁၇၃)၏ (မြေညီထပ်/ခြေရင်းခန်း)တိုက်ခန်းအရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ (စံပြ)ရပ်ကွက်၊ စံပြ(၄)လမ်း၊ တိုက်အမှတ်(၁၇၃)ဟုခေါ်သော နှစ်ခန်းတွဲ(၃½-ထပ်)ကန်ထရိုက်တိုက်၏(မြေညီထပ်)(ခြေရင်းခန်း)တိုက်ခန်းတစ်ခန်းကို တရားဝင်လက်ရှိထားပိုင်ဆိုင်နေပါသည်ဟု အဆိုပြုဝန်ခံသူ ဒေါ်သူဇာသန်း(၉/ကဆန(နိုင်)၀၄၃၄၃၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသစရန်ငွေကို ပေးချေထားခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးသန့်ဇင် (LL-B)	ဒေါ်ဟန်နွေနိုင် (LL-B)
အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈)	အထက်တန်းရှေ့နေ(စဉ်-၂၇၅၄၄)
Ph-09-731 70516	Ph-09-4200 73685

အမှတ်(၅၀) ပထမထပ်၊ အခန်း(D-2) ၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်။

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ ၁၇လမ်း အိမ်ရာရှိ တိုက်အမှတ် ၁၂၈၊ အခန်းအမှတ် ၁၃၂ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်စန်းစန်းအေး ၁၂/ကတတ(နိုင်)၀၁၃၈၈၀ ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဦးအောင်စိန် ၁၂/လသန(နိုင်)၀၀၃၇၂၃၊ ဒေါ်မြင့်မြင့်ဆန်း ၁၂/စခန(နိုင်)၀၀၀၁၉၇က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်းကန့်ကွက်ပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **စီမံကိန်းဌာနခွဲ**
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉၊ မြေကွက်အမှတ် ၄၂၀/၄၂၁၊ မြေကွက်တည်နေရာ ၄၂၀/၄၂၁၊ မင်းလမ်း၊ ရွှေပြည်သာ ဦးတိုင်းချန် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးတိုင်းချန်ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၄၄၀/၂၀၀၄ (၂၀-၁-၂၀၀၄)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးလှအောင်မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၇)၊ မြေကွက်အမှတ် ၁၂၃၂ အမည်ပေါက် ဦးစိုးတင် ၁၂/လမတ(နိုင်)၀၀၃၄၃၈မှ မြေချပါမစ်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်မိတ္တူမှန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂Z ၁၊ မြေကွက်အမှတ် V ၁၄၃၊ မြေကွက်တည်နေရာအမှတ် ၄၈၆၊ ကမ်းနားလမ်း ဦးတင်စိန်၊ ဦးတင်ငွေ အမည်ပေါက် နှစ်၆၀ဂရန်မြေအား ဦးအောင်ထွန်း ၁၂/ပဘတ(နိုင်)၀၂၇၆၄၄က ရန်ကုန်တိုင်းဒေသကြီး၊ တွဲဖက်တရားသူကြီး(၁၂)ရုံးတော်၊ ၁၉၉၉ခုနှစ် တရားမကြီးမှုအမှတ်-၁၄၊ ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်း ဒုတိယခရိုင်တရားသူကြီး(၂)ရုံးတော်၊ ၂၀၁၁ခုနှစ် တရားမဇာရီမှုအမှတ် ၂၇၆အရ ၂-၁၂-၂၀၁၁ရက်စွဲပါ မရွှေ့မပြောင်းနိုင်သောပစ္စည်းကိုရောင်းကြောင်း လက်မှတ်စာနှင့် မြေတွင် ဆိုင်ရာဆိုင်ခွင့်ကို လွှဲပြောင်းကြောင်းမှတ်တမ်း၊ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၅၃အရ၊ အခွန်တောင်းခံလွှာ၊ တံဆိပ်ခေါင်းခွန် ငွေသွင်းချလန်တို့ တင်ပြ၍ ဂရန်မိတ္တူနှင့် အမည်ပြောင်း လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

BILLBOARD ADVERTISING
21 AD
PATHEIN
MAWLAMYINE
LARSHIO
YANGON
YANGON - MANDALAY - HIWAY - ROAD
ပုသိမ် မော်လမြိုင် လားရှိုး ရန်ကုန်
ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး
တို့တွင် Billboard ကြော်ငြာများတပ်ဆင်နိုင်ပါသည်။
09 430 21002

အများသိသာရန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ ၁၁၊ ကမာရွတ်၊ မြေကွက်အမှတ် ၆၆၊ ဧရိယာ $\frac{၇၅'\cdot၆''}{၇၈'\cdot၆''}$ x $\frac{၄၉'၆'',\ ၂၃'}{၆၈',\ ၁၅'}$ ရှိ နှစ်၆၀ဂရန်မြေကွက် အဆောက်အအုံအပါအဝင် စွဲကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့မြေစာရင်းတွင် ဦးရဲထူးအောင် ၁၁/စတန(နိုင်)၀၀၆၄၅၂နှင့် ဒေါ်နီလာခင် ၇/ညလပ(နိုင်)၀၀၁၄၀၁ ဖြင့် မှတ်သားတည်ရှိပါသည်။ ဦးရဲထူးအောင်နှင့် ဒေါ်နီလာခင်ထံမှ ကောင်းမြတ်သန်း ၁၂/ပဇတ(ပြု)၀၀၀၁၉၄၊ သီတာသန်း ၁၂/ပဇတ(ပြု)၀၀၀၁၉၂၊ ဇင်မာသန်း ၁၂/ပဇတ(ပြု)၀၀၀၁၉၃တို့က ဦးရဲထူးအောင်နှင့် ဒေါ်နီလာခင်တို့ထံမှ ယာယီစာချုပ်အမှတ် ၁၀၆၇/၁၃ရက်စွဲ ၁-၇-၂၀၁၃ အရ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ကောင်းမြတ်သန်း +၂ ထံမှ ဦးခင်မောင်ထွေးက ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ဦးခင်မောင်ထွေးထံမှဝယ်ယူရန် စရန်ငွေပေးချေထားပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူများသည် ကျွန်ုပ်ထံသို့အထောက်အထား ခိုင်လုံစွာဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးစိန်ရီ B.Sc, DA, RL
တရားလွှတ်တော်ရှေ့နေ(စဉ်-၃၀၃၆)
အမှတ် ၂၂၊ ဌာနာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၂၃၉၅၆၊၀၉-၅၀၃၀၃၇၄

ကန့်ကွက်နိုင်ပါကြောင်း

ဒေါ်စိန်ကြည်(ခ)ဒေါ်ခင်ကြည် အမည်ပေါက်ပိုင်ဆိုင်သော ဥယျာဉ်မြေကွက်များဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု-အောက်ဝါးနက်ချောင်းကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် ၅၉၄-အေ၊ ဝါးနက်ချောင်းကွင်း၊ ဦးပိုင်အမှတ် ၂၉/၁၊ ဧရိယာ ၂ ဒသမ ၉၇ဧက၊ ဦးပိုင်အမှတ် ၄၄/၁၊ ဧရိယာ ၁ ဒသမ ၀၀ဧက၊ ဦးပိုင်အမှတ် ၄၅၊ ဧရိယာ ၀ ဒသမ ၃၆ဧက၊ +ဦးပိုင်အမှတ် ၄၆၊ ဧရိယာ ၀ ဒသမ ၉၈ဧက၊ ဦးပိုင်အမှတ် လ-၄၀၊ ဧရိယာ ၀ ဒသမ ၂၁ဧက၊ စုစုပေါင်း ၅ ဒသမ ၅၂ဧကရှိ ဥယျာဉ်မြေ မြေကွက်များနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိသူ ဒေါ်စိန်ကြည်(ခ)ဒေါ်ခင်ကြည် ၁၃/လရန(နိုင်)၀၅၆၀၂၇ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်လှတင် LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၄)
အမှတ် ၈၅(မြေညီထပ်)၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၃၉၂၀၉၀၊ ၀၁-၅၇၂၆၈၁၊ ၀၉-၅၀၂၁၂၄၄

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အေးသာယာလမ်း၊ အမှတ် ၂၄၈/ဘီ၊ အကျယ်အဝန်း (၂၂ပေ× ၄၅ ပေ)ရှိ ဒုတိယထပ်(တိုက်၏မျက်နှာချင်းဆိုင်မှကြည့်လျှင် ဘယ်ဘက်ခြမ်း)တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူများဖြစ်ကြသော မလှနုထွန်း ၁၂/တမန(နိုင်)၀၇၈၆၆၁ နှင့် ကိုဖြိုးပိုင်ဦး ၁၂/ကမရ(နိုင်)၀၁၄၆၃၀ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောအထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤနို့တစ်စာထုတ်သည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစောစိုင်းဦး(စဉ်-၄၁၈၀၁)
ဥပဒေတွဲ LL.B၊ အထက်တန်းရှေ့နေ
အမှတ် G-1၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၈၆၀၄၅၊ ၃၉၄၀၈၀

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ မာလာမြိုင်ရိပ်သာလမ်း၊ အမှတ် (၅၃၁စီ/၁အေ)၊ နှစ်ခန်းတွဲ၊ ရှစ်ထပ်ကွန်ဒိုတိုက်ခန်းရှိ အခန်းအမှတ် 4(A)(ခေါင်းရင်းဘက်ခြမ်း)၊ အကျယ်အဝန်း ၂၃၁၂ စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံအဆိုပြုသူ ဒေါ်တင်နု ၁၂/ကမရ(နိုင်)၀၃၄၃၆၈ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသောတရားဝင်ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသတိုးအောင် (စဉ်-၅၉၆၈)	ဒေါ်မြဆန်းဖြူ
တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ (စဉ်-၃၉၃၈၈)

B.Sc, RL, DBL, DIL, D.A Psy, DML,
DIR, MPA (Thesis), LLPC, CAES
မြန်မာ့ရွှေဘုံနန်းအိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း
အမှတ် (၃၉/၄၁)၊ အခန်းအမှတ် 5.D1၊ လှည်းတန်းလမ်းမ၊ (၈)ရပ်ကွက်၊
စန္ဒာမြိုင်ကွန်ဒို၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၃၁၅၄၉၀၁၉၊ ၀၉-၄၂၀၁၁၂၂၄၀၊ ၀၁-၅၀၅၉၂၉

(၂၈)နှစ်ပြည့်အလွမ်း
ဒေါ်ခင်လှမြင့် (ညိုညို- ညိုလေး)

မေမေကြီး တွယ်တာလှတဲ့မိသားစုကိုခွဲခွာ၍ သံသရာခရီးထွက်ခွာသွားသည်မှာ ၇-၇-၂၀၁၃ ရက်တွင် (၂၈)နှစ်ပြည့်ခဲ့သော်လည်း အချိန်တိုင်း ကြေကွဲတမ်းတလျက်ရှိပါသည်။ မေမေကြီးအတွက် ရည်မှန်းပြုလုပ်သော ကုသိုလ်ကောင်းမှုအားလုံးကို မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ။

မေမေကြီးရေ အမျှ အမျှ အမျှ -

ဦးရဲမြင့်(သစ်တော)၊ သားသမီးများနှင့် မြေးများ

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၂)၊ မြေကွက်အမှတ် ၁၇၅၀ အမည်ပေါက် ဦးခင်မောင်ဝင်း ၁၂/ကတန(နိုင်)၁၀၀၈၁၂၈၏ မြေကွက်အား လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးလှမြင့်သိန်း ၇/မလန(နိုင်)၀၇၅၁၀၀က မြေကွက်စလစ်မူရင်းနှင့် အရောင်းအဝယ်စာချုပ်မူရင်းများတင်ပြ၍ မြေချပါမစ် ထုတ်ယူခွင့်ပြုရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားမူရင်းများ တင်ပြ၍ သန်လျင်၊ ကျောက်တန်းဒေသဖွံ့ဖြိုးရေးစီမံကိန်းရုံး၊ မြေယာရုံးခွဲ(၂)သို့ ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲမြေယာရုံးခွဲ(၂)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃/ဗိုလ်ထွန်းဇံ၊ မြေကွက်အမှတ် ခ/၁၁၂၊ မြေကွက်တည်နေရာအမှတ်-၆၃၊ မင်းနန္ဒာလမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးသိန်းဟန် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးသိန်းဟန် (ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်အုံးရီ ၁၂/ဒပန(နိုင်)၀၃၅၄၄၃က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၇)၊ မြေကွက်အမှတ် ၈(ခ) အမည်ပေါက် ဦးလှမျိုးဦးထံမှ ဝယ်ယူထားသူ ဒေါ်အေးအေးလှိုင် ၁၁/မဥန(နိုင်)၀၀၀၁၂၃က ရုံးခွဲစာရင်းသွင်းပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဤဦးစီးဌာနသို့လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ရုံးခွဲစာရင်းသွင်းပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၈၃၊ မြေကွက်အမှတ် ၆၃၅ အမည်ပေါက် ဦးခင်ကျော်ထံမှဝယ်ယူထားသူ ဦးမောင်မောင်သန်း ၁၂/ပဘတ(နိုင်)၀၂၅၁၃၈က ရုံးခွဲစာရင်းသွင်းခွင့်ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဤဦးစီးဌာနသို့လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ရုံးခွဲစာရင်းသွင်းပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းအသိပေး ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅အီး၊ မြေကွက်အမှတ် ၄၅ အီး/၅အိပ်ချ်၊ မြေကွက်တည်နေရာအမှတ် ၅၃/က၊ သာသနာ့ရိပ်သာလမ်း၊ ဗဟန်းမြို့နယ် ဒေါ်မေစီသင်း အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဒေါ်မေစီသင်း ၁၂/ဗဟန(နိုင်)၀၃၂၅၄၉ အမည်ပေါက်ပိုင်ဆိုင်ကြောင်းစာချုပ် ၂၀၅၇/၁၁-၁၁-၁၉၉၂စာချုပ်မှာ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးလက်ခံအမှန်တင်ပြ၍ အဆောက်အအုံဆောက်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ မြေကွက်အမှတ် ၁၃၉/က၊ မြေကွက်တည်နေရာအမှတ် ၁၃၉/က၊ မင်းရဲကျော်စွာ ၆လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်မြနှစ်အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်မြနှစ်နှင့် ခင်ပွန်းဦးကျော်စိန်တို့ကွယ်လွန်သဖြင့် ဒေါ်သန်းရင် ၁၂/ဥကတ(နိုင်)၀၀၄၄၉၀၊ ဦးသန်းဖေ ၁၂/ဥကတ(နိုင်)၀၀၃၅၇၀၊ ဦးသန်းငွေ ၁၂/ဥကတ(နိုင်)၀၁၉၇၄၉တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၂၈/က၊ မြေကွက်အမှတ် ၈၏ အစိတ်အပိုင်း ဧရိယာ ၁ ဒသမ ၅၅ ဧကအနက်မှ ၀ ဒသမ ၁၀၈ဧက၊ မြေကွက်တည်နေရာအမှတ် ၂၈၊ ပဲခူးလမ်း၊ ပဲခူးရပ်ကွက်၊ ထောက်ကြံ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အမည်ပေါက် အစိုးရမြေအား ဦးတင်အုန်းမြင့် ၁၂/မဂဒ(နိုင်)၀၁၆၀၉၀ က ပြည်ထဲရေးဝန်ကြီးဌာန၏ ၃၁-၁၀-၂၀၁၁ရက်စွဲပါ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းလိုက်ပြီး ယင်းမြေပေါ်တွင် အမှန်တကယ်လက်ရှိနေထိုင်သူများကိုသာ ပြန်လည်ချထား အမည်ပေါက်ရေး အမိန့်ကိုတင်ပြ၍ နှစ်၆၀မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၉၃၆/ခ၊ မြေကွက်တည်နေရာအမှတ် ၉၃၆/ခ၊ ရတနာပုံ ၈လမ်း၊ (၉)ရပ်ကွက်၊ သာကေတမြို့နယ် ဦးထွန်းအောင်ကျော် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးထွန်းအောင်ကျော်(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီး ဒေါ်ခင်မေတင် ၁၂/သကတ(နိုင်)၀၂၄၄၅၁က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/မြို့သစ်၊ မြေကွက်အမှတ် ၂၇၃၊ မြေကွက်တည်နေရာအမှတ် ၁၇၊ ဇေယျာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးမြင့်ဦး အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးမြင့်ဦး(ဖခင်)နှင့် ဒေါ်တင်တင်(မိခင်)တို့ ကွယ်လွန်သဖြင့် ဒေါ်ဆွေဆွေဦး ၁၂/ဒပန(နိုင်)၀၀၂၇၅၉ က တစ်ဦးတည်းသော သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်း၊ ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်ဆွေ

အသက်(၈၄)နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အအုံဦးစီး ဒုတိယအင်ဂျင်နီယာချုပ် ဦးမောင်မောင်လွင်၏ ကျေးဇူးရှင်ဖခင်ကြီး ဦးမြင့်ဆွေသည် ၆-၇-၂၀၂၃ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အဆောက်အအုံဦးစီးဝန်ထမ်းများ

ဗိုလ်မှူးခင်ကျော် (ငြိမ်း)

ကြည်း-၁၀၄၇၃၊ O.T.S အပတ်စဉ်(၃၁)

အသက်(၇၈)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ အထောင်မြို့နေ (ဦးအေးမောင်-ဒေါ်အေးသိမ်)တို့၏သား၊ဦးသန်းစော-ဒေါ်တင်ဝင်း၊ဦးမြင့်ဇော်-ဒေါ်မီးမီး၊ ဦးတင်ဝင်း-ဒေါ်မြင့်ကြည်တို့၏အစ်ကို၊ တကကအောင်မိုးထွဋ်-ဒေါ်ခင်စန်းစန်းကျော်၊ ဦးတင်မိုးကျော်-ဒေါ်တင်တင်ဝင်း၊ (တကကကျော်စိုး) - ဒေါ်လွင်လွင်ကျော်၊ ဗိုလ်မှူးကျော်သူရ(ငြိမ်း)ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)၊ စက်မှု(၁)- ဒေါ်ချောစုယဉ်၊ ဒေါက်တာထွေးစန္ဒာကျော်(ကထိက၊ဓာတုဗေဒဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)တို့၏ဖခင်၊ မြေး ၁၁ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုး၊ ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီမြို့နယ်၊ တိုးချဲ့(၄)ရပ်ကွက်၊ ပိတောက်ရွှေဝါလမ်း၊အမှတ် ၁၂၀နေ ဒေါ်ခင်သန်း၏ခင်ပွန်းသည် ၆-၇-၂၀၂၃ရက်(စနေနေ့) မွန်းလွဲ ၁၂း၄၈ နာရီတွင် ဝိတိုရိယဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၂၃ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အထူးကျေးဇူးတင်ရှိပါကြောင်း

၂၈-၆-၂၀၂၃ရက်(သောကြာနေ့) ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားသည့် ဒေါ်ယဉ်ယဉ်မြင့်(ခ)ဝမ်ဟိုက်ကြူး(ဒိုက်ဦးမြို့) အသက်(၇၅)နှစ်၏ နာရေးကိစ္စသို့ ဝမ်းနည်းကြောင်း လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း၊ E-mail များဖြင့် အကြောင်းကြားနှစ်သိမ့်အားပေးကြပါသော ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများ၊ ကုမ္ပဏီများ၊ ဆွေမျိုးများ၊ လွမ်းသူ့ပန်းခြင်းပေးပို့ကြသော မိတ်ဆွေများအားလုံးနှင့် လှူဖွယ်ဝတ္ထုအစုစု ကောင်းမှုပြုလုပ်ပေးကြသူများ၊ ကွယ်လွန်သည့်နေ့မှစ၍ ရက်လည်ဆွမ်းကျွေးသည်အထိ ကိစ္စအဝဝကို အဘက်ဘက်မှပြည့်စုံစွာ ကူညီဆောင်ရွက်ပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု
ဦးယုကြည်(ခင်ပွန်း) မိသားစုဆန်စက်၊ ထောက်ကြံ့
သားသမီးများ-ဒေါက်တာမိုးစန္ဒာမြင့်-ဦးရန်မင်း
(ဒါရိုက်တာ First Top Group)၊
ဒေါက်တာဝင်းကိုကိုဦး(USA)-ဒေါက်တာနှင်းမာအောင်(USA)၊
ဦးဇော်ယုခိုင်(စင်ကာပူ)-ဒေါ်မြတ်ယမင်းလှိုင်(စင်ကာပူ)

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

ဒေါ်ခင်မေထွေး

တရားလွှတ်တော်ရှေ့နေ

(B.A, H.G.P, R.L, D.B.L)

အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ ၁၀၁လမ်း၊ အမှတ် ၁၃၉နေ (ဟာဂျီဦးချို-ဟာဂျီမဒေါ်မမကြီး)တို့၏သမီးလတ်၊ (ဗိုလ်ကြီးခင်မောင်ချို-ဒေါ်ချို)၊ (ဦးကိုကြီး)-ဒေါ်ခင်မေရီ၊ ဟာဂျီဦးထွန်းသိန်း-(ဟာဂျီမ ဒေါ်ခင်မေကြည်)၊ ဦးသစ်-ဒေါ်မေရီသစ်(ဩစတေးလျ)၊ ဟာဂျီဦးမောင်မောင်ဆင့်၊ ဟာဂျီမဒေါ်ခင်မြမေ၊ ဟာဂျီဦးကိုကိုကျော်-ဟာဂျီမဒေါ်ခင်မေလေးတို့၏ညီမ/အစ်မ၊ တူ၊ တူမ ၂၃ယောက်တို့၏အဒေါ်သည် ၆-၇-၂၀၂၃ရက် (စနေနေ့) နံနက် ၈နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၆-၇-၂၀၂၃ရက် (စနေနေ့) အဆွာရ်နမာဇ်အပြီးတွင် ရေဝေးဥယျာဉ်တော်၌ ဒါဖနာပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကိုမေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ(ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်း မပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသောနေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်စိန်စိန် (စိန် လေမှုတ်စက်)

အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ အင်းစိန်လမ်းမ၊ တိုက်အမှတ် ၂၁၀နေ (ဦးခင်စိန်၊ စိန်မိသားစု လေမှုတ်စက်လုပ်ငန်း)၏ဇနီး၊ (ဦးမြင့်ဦး)-ဒေါ်မာလာညွန့်(အထွေထွေမန်နေဂျာ၊အောင်သစ္စာဦးအာမခံကုမ္ပဏီလီမိတက်)၊ ဦးမြင့်သိန်း-ဒေါ်ခင်မိမိ(စိန်မိသားစု လေမှုတ်စက်လုပ်ငန်း)တို့၏မိခင်၊ ဦးစန်းမောင်-ဒေါ်ကျင်လှ၊ ဦးညွန့်လှိုင်-ဒေါ်စိန်ကြည်တို့၏အစ်မ၊ ဦးဇော်တိုး၊ ဦးဇော်ဇော်ထက်၊ ဦးဟိန်းဖြိုးခိုင်-ဒေါ်ခင်မွန်နွယ်(UPG Co., Ltd.)၊ မသီရိသစ်သစ်(B.E, Civil, Final၊ အနောက်ပိုင်းနည်းပညာတက္ကသိုလ်)တို့၏အဘွားသည် ၅-၇-၂၀၂၃ရက် (သောကြာနေ့) နံနက် ၉း၃၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၂၃ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်လှလှ (သရက်)

အသက်(၈၅)နှစ်

သရက်မြို့နေ (ဦးမြစ်-ဒေါ်ဖြူနု)တို့၏သမီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ တရုပ်ကျောင်းလမ်း၊ အမှတ် ၁၉နေ (ဦးတင်မောင်)၏ဇနီး၊ (ဦးခင်မောင်စန်း-ဒေါ်ကျင်)တို့၏ညီမ၊ (ဦးမောင်မောင်-ဒေါ်ညွန့်ညွန့်)၊ ဦးခင်မောင်သန်း-ဒေါ်ခင်ဝေတို့၏အစ်မ၊ ဦးဇော်ဝင်း(အကောက်ခွန်ဦးစီးအရာရှိ၊ ငြိမ်း)-ဒေါက်တာမြတ်မွန်(ပါမောက္ခဌာနမှူး၊ ရောဂါဗေဒဌာန၊ ဆေးတက္ကသိုလ်-၁)တို့၏မိခင်၊ ဒေါက်တာအေးအေးခိုင်၊ [မရွှေရည်ဦး(ခ)တုတ်တုတ်]၊ မဥဉ္စခင်(ခေတ္တ-စင်ကာပူ) တို့၏ဘွားဘွားကြီးသည် ၅-၇-၂၀၂၃ရက် (သောကြာနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၂၃ရက်(တနင်္ဂနွေနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဗိုလ်ကြီးထွန်းကြိုင်(ငြိမ်း) ကြည်း-၂၀၉၃၆

အသက်(၇၇)နှစ်

ဒေးဒရဲမြို့နေ (ဦးသာဦး-ဒေါ်လှမေ)တို့၏သား၊ ရန်ကုန်မြို့နေ [ဒေါက်တာတင်အေး(ဗိုလ်မှူး၊ ငြိမ်း)-ဒေါ်တင်မေ]တို့၏သားသမက်၊ (ဦးကျော်ဝင်း)-ဒေါ်စိန်နွဲ့၊ (ဦးဘိုးတင်-ဒေါ်တင်လှိုင်)၊ (ဦးအောင်စိန်-ဒေါ်ခင်မြင့်)တို့၏ညီ/မောင်၊ အရာခံဗိုလ်မောင်မောင်(ငြိမ်း)-ဒေါ်လှလှအေးတို့၏အစ်ကို၊ အမှတ် ၁၅/၅၁၀၊ ပုလဲငွေရောင်လမ်း၊ ရွှေပေါက်ကံမြို့သစ်နေ (တပ်ကြပ်ကြီးမြင့်မြင့်၊ ငြိမ်း)၏ခင်ပွန်း၊ မဝါဝါမြင့်(ရေစက်မိသားစုလုပ်ငန်း)၊ ကိုအောင်ကျော်ထွန်းတို့၏ဖခင်သည် ၅-၇-၂၀၂၃ရက် နံနက် ၆း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၂၃ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

နော်အေးအေးဝင်း(ခ) Naw Austa Morgan Win

အထက်တန်းပြဆရာမ(ငြိမ်း)

အထက(၂)ဘားအံ၊ အထက(သံတောင်)၊ အထက(၃)မရမ်းကုန်း

အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကဆံအိမ်ရာ၊ တိုက် ၄၊ အခန်း ၁၀၁နေ (စောမော်ဂန်ဝင်း-နော်ခိုရင်းဝင်း)တို့၏သမီးကြီး၊ (စောထွန်းသိန်း-နော်လေးဒီယာသိန်း)တို့၏သမီးချွေးမ၊ စောရော်နယ်ဝင်း-နော်နန်စီတို့၏ညီမ၊ နော်နိုဘလင်းဝင်း-ဂျက်ဖရီမိုင်းနပ်စ်၊ နော်မိုရင်းဝင်း-စောသဝါး၊ စောနိုင်ဝင်း-နော်ခယ်ရယ်လိုင်း၊ စောဂျက်ဖရီဝင်း-ဒေါ်စီစီနွဲ့၊ နော်ထွေးထွေးဝင်း-(စောဝင်းကျော်)တို့၏အစ်မ၊ နော်ကြူကြူဝင်း-စောဇင်ယော်၊ နော်ဖြူဖြူဝင်း-စောတာဆိုဂေးကြီး၊ နော်ချိုချိုဝင်း-စောအယ်ဘလု၊ နော်မို့မို့ဝင်း၊ နော်သက်သက်ဝင်း-စောဇော်ဇော်လတ်၊ နော်မြတ်မြတ်ဝင်း၊ စောမော်ဂင်စိုးဝင်း-မမြရည်ညိုတို့၏မိခင်၊ တူ၊ တူမ ၂၂ယောက်တို့၏အဒေါ်၊ မြေးရှစ်ယောက်တို့၏အဘွား၊ ဒေါက်တာစိုးဝင်း၏ဇနီးသည် ၅-၇-၂၀၂၃ရက် ည ၁၁း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၈-၇-၂၀၂၃ရက် (တနင်္လာနေ့) နံနက် ၈နာရီတွင် ရန်ကုန်ကရင်နှစ်ခြင်းအသင်းတော်(သုဓွေးကုန်း)ဘုရားကျောင်း(အနောက်ပိုင်းဆေးရုံရှေ့)တွင်ဆုတောင်းဝတ်ပြုပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဒေါ်မူမူသိန်း (ပဲခူး)

အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရှစ်မိုင်၊ သီရိမင်္ဂလာလမ်း၊အမှတ် ၁၁၇/D နေ [ဦးအေးသိန်း(မော်ကွန်းဝင်ပထမဆင့်)-ဒေါ်အေးကြွယ်]တို့၏သမီး၊(သီရိပုံချီ ဦးပန်းအောင်၊ ဝန်ကြီး၊ ငြိမ်း)၊ ဒေါ်ညွန့်ညွန့်လွင်တို့၏တူမ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၄)ရပ်ကွက်၊ ကန်သာယာလမ်း၊ အမှတ် ၈၂၆နေ (ဦးပါလေး)-ဒေါ်မြညွန့်တို့၏သမီးချွေးမ၊ ဦးဝင်းမြင့်(လက်ထောက်ဌာနမှူး၊ စီမံရေရာဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ တောင်ပိုင်းခရိုင်၊ Y.C.D.C)၏ဇနီးသည် ၆-၇-၂၀၂၃ရက် (စနေနေ့) ညနေ ၃း၄၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၂၃ရက်(တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (ရှစ်မိုင်နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၂-၇-၂၀၂၃ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ မရမ်းကုန်းမြို့နယ်၊ ရှစ်မိုင်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ခင်ညွန့် (မြောင်းမြ)

အသက်(၈၄)နှစ်

မြောင်းမြမြို့နေ (ဦးဖိုးစိန်-ဒေါ်သိန်း)တို့၏သမီး၊ (ဦးလှရှိန်-ဒေါ်နှင်းစိန်)တို့၏ညီမ၊ ဦးထွန်းမြ(ကုန်သွယ်/လယ်ယာ၊ ငြိမ်း)-ဒေါ်ခင်ခင်ပြုံး(ကုန်သွယ်/လယ်ယာ၊ ငြိမ်း)၊ (ဦးထွန်းတင်၊ ကုန်သွယ်/လယ်ယာ၊ငြိမ်း-ဒေါ်ရင်ရွှေ)တို့၏အစ်မသည် ၆-၇-၂၀၂၃ရက် (စနေနေ့) နံနက် ၂း၃၅နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၂၃ရက်(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အမှတ် ၃၀၊ မြောင်းကြီးလမ်း၊ ရေကျော်နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

တပ်သား ဝေမိုးကျော်သူ

(မြို့နယ်မီးသတ်တပ်ဖွဲ့၊ သန်လျင်မြို့)

အသက်(၂၅)နှစ်

(ဦးမောင်မောင် - ဒေါ်ခင်ထွေး)၊ (ဦးကျော်-ဒေါ်ငွေ)တို့၏မြေး၊ သန်လျင်မြို့နယ်မီးသတ်စခန်း၊ ဝန်ထမ်းအိမ်ရာနေ မီးသတ်တပ်ကြပ်ကြီး ရဲကျော်သူဝေလင်း-ဒေါ်သန်းသန်းချိုတို့၏သားလတ်၊ ကိုအောင်ကျော်သူ(Sun Craphie)၏ညီ၊ မောင်အောင်ကျော်စိန်(O/S Uniteam Marine)၏အစ်ကိုသည် ၆-၇-၂၀၂၃ရက် (စနေနေ့) နံနက် ၁၀း၂၅နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၇-၂၀၂၃ရက် (တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ ပျဉ်ထောင်ကျောင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း၊ အလှူ ဒါယိကာမကြီး

ဒေါ်မသာဖြူ (စစ်တွေ)

အသက်(၉၇)နှစ်

ရခိုင်ပြည်နယ်၊ပြည်နယ်သံဃနာယက ဥက္ကဋ္ဌ(ရွှေကျင်ဂိုဏ်း)၊စစ်တွေမြို့၊ကြက်ကိုင်းတန်ကျေးရွာ၊ စန္ဒာရာမ ပရိယတ္တိကျောင်းတိုက်ဦးစီးနာယက ဆရာတော်ကြီး မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တစန္ဒာလင်္ကာရ၏မယ်တော်၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ အောင်မင်္ဂလာကျေးရွာနေ (ဦးကျော်သာ၊ စိုက်ပျိုးရေးအင်စပီတော်၊ ငြိမ်း)၏ဇနီး၊ (ဦးစောထွန်း၊ ပညာရေး၊ ငြိမ်း)-ဒေါ်စောသာဖြူ (JAT၊ ငြိမ်း)၊ ဦးစံသိန်း(တပ်မတော်-လေ၊ ငြိမ်း)-ဒေါ်စိန်သိန်းဝေ(ထွေ/အုပ်၊ငြိမ်း)၊ ဦးစောလှဦး(တပ်မတော်-ရေ၊ ငြိမ်း)-ဒေါ်မအေးခင်၊ ဦးအေးသိန်း (တပ်မတော်-ရေ၊ ငြိမ်း)-ဒေါ်အောင်ကျော့သာ၊ ဦးသိန်းအောင် (လေတပ် G.E၊ မင်္ဂလာဒုံ)-ဒေါ်စောတင်၊ ဦးသန်းထွန်း(ကျန်းမာရေးမှူး၊ စစ်တွေ) - ဒေါ်ထွေးမူ (G.E စစ်တွေ)၊ ဦးညွန့်တင်(လေတပ် G.E၊ မင်္ဂလာဒုံ)-ဒေါ်ခင်ညွန့်(ခ)ဒေါ်လှမေ(လေတပ်G.E၊ မင်္ဂလာဒုံ)တို့၏မိခင်၊ မြေး ၂၁ယောက်၊ မြစ် ၁၂ယောက်၊ တီ နှစ်ယောက်တို့၏အဘွား၊အဖီးရှင်သည် ၅-၇-၂၀၂၃ရက် နံနက် ၁၀း၁၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၂၃ရက် မွန်းလွဲ ၂နာရီတွင် မင်္ဂလာဒုံ အေးငြိမ်းဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(မင်္ဂလာဒုံ၊ ပန်းခြံကုန်းလေတပ်၊ G.E နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ခင်ခင်လေး (စလင်း)

အသက်(၈၄)နှစ်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ ဈေးမရပ်နေ(ဦးဘကို-ဒေါ်အိုကြီး)တို့၏သမီး၊ ဆင်ဖြူကျွန်းမြို့နေ(ဦးလှမောင်-ဒေါ်လှမြင့်)တို့၏သမီးချွေးမ၊ (ဦးချစ်ဖေ-ဒေါ်ခင်စိန်ဒိုင်)၊ (ဦးစောမောင်-ဒေါ်မမ)၊ (ဦးအေး-ဒေါ်အေးကြီး)၊(ဒေါ်ခင်ခင်ကြီး)တို့၏ညီမ၊ (ဒေါ်ခင်တင်အေး)၏အစ်မ၊ (ဦးအောင်ကိုး၊ ညွှန်မှူး၊ ငြိမ်း၊ FERD)၏ဇနီး၊ ဦးအောင်ခိုင်ဦး(အုပ်ချုပ်ရေးမှူး-၂၃၊ သုဝဏ္ဏ)-ဒေါ်မိမိခိုင်၊ ကိုထွန်းထွန်း၊ မမီးမီး၊ မခိုင်(ရေနံ့သာဈေး)တို့၏မိခင်၊ မောင်ဇေယျာထွန်း၊ မဆုရည်ထက်၊ မမြသက်ချယ်တို့၏အဘွားသည် ၆-၇-၂၀၂၃ရက် နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်ဝင်းကြည် (ပေါင်းတည်)

အထပြ(ငြိမ်း)၊ အထက(၁)ဒဂုံ၊ အထက(ပေါင်းတည်)

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၃/ရန်ပြေရပ်ကွက်၊ ၁၉လမ်း(အရှေ့)၊ အမှတ် ၃၈နေ(ဦးစန်းကြီး-ဒေါ်ခင်တင့်)တို့၏သမီးလတ်၊ (ဦးကိုကိုကြည်-ဒေါ်ကြင်ကြင်ဝင်း)၊ (ဗိုလ်မှူးခင်စိုး)-ဒေါ်နုနုစိုး၊ (ဦးချစ်အေး)-ဒေါ်လှလှမြင့်တို့၏ညီမ၊ (ဦးရဲထွန်းတင်)-ဗိုလ်မှူးဒေါ်အေးအေးတင့်၊(ဦးမောင်မောင်)-ဒေါ်ခင်အေးတင့်၊ ဦးတင်ထွန်း-ဒေါ်ဝင်းဝင်းရီတို့၏အစ်မ၊ တူ၊တူမ ၂၂ယောက်တို့၏အဒေါ်သည် ၅-၇-၂၀၂၃ရက် (သောကြာနေ့) ညနေ ၄း၁၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၇-၇-၂၀၂၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၁-၇-၂၀၂၃ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်အုန်းသင် (မိုးကုတ်)

အသက်(၉၄)နှစ်

မိုးကုတ်မြို့၊ အနောက်ပိုင်း ကျပ်ပြင်ရပ်နေ (ဦးပေါ)၏ဇနီး၊ မုံရွာမြို့၊ ခင်မွန်ရွာနေ ဦးအောင်သိန်း-ဒေါ်ကြင်စိန်၊ မိုးကုတ်မြို့ အနောက်ပိုင်း၊ ကျပ်ပြင်မြို့မရပ်နေ ဦးချစ်အုန်း-ဒေါ်ကြင်သန်း၊ ဒေါ်ဝင်းဝင်းရွှေ၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အထက်ကြည့်မြင်တိုင်လမ်း၊ ဈေးကြီးအရှေ့ရပ်ကွက်၊ အမှတ် ၈၅၊ မြေညီထပ်နေ (ဦးတင်ဝင်း)-ဒေါ်သင်းသင်းဝေ(ရွှေပြည်သစ် သင်္ကန်းတိုက်)တို့၏မိခင်၊ မြေး၊ မြစ်တစ်ရာကျော်တို့၏ဘွားဘွားကြီးသည် ၆-၇-၂၀၂၃ရက် (စနေနေ့) မွန်းလွဲ ၂း၄၅နာရီတွင် ကြည့်မြင်တိုင်မြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၂၃ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးခင်မောင် (မော်လမြိုင်)

အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ အမှတ် ၅၉၊ ဗားဂရာလမ်း၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးဖိုးအောင်-ဒေါ်ဖြူ)တို့၏သား၊ (ဦးကျော်ရင်-ဒေါ်အေးချစ်)တို့၏သားသမက်၊ (ဒေါ်အိအိ)၏ခင်ပွန်း၊ (ဦးသန်းထွေး-ဒေါ်ငြိမ်းရီ)၊ (ဦးငြိမ်းလှိုင်)-ဒေါ်ခင်မေ၊ ဦးခင်သန်း-ဒေါ်တင်စိန်၊ ဦးစိန်ပု-ဒေါ်စိန်တို့၏ညီ/အစ်ကို၊ ဒေါ်စန်းစန်းငွေ၊ ဦးတင်မိုး-ဒေါ်စန္ဒာအေး၊ ဒေါ်စန္ဒာမော်၊ ဦးလှိုင်ထွန်း-ဒေါ်စန္ဒာစိုး၊ဦးဝင်းနိုင်တို့၏ဖခင်၊ မပွင့်ဖြူသန့်၊ မဝင့်သူခန့်၊ မောင်သူရထက်၊ မနန်းမိုးအေးတို့၏အဘိုးသည် ၆-၇-၂၀၂၃ရက် (စနေနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် အာရုတော်ဝင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၂၃ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၂-၇-၂၀၂၃ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်လှမြိုင် (မြိုင်သဇင်ဆည်ရိပ်သာပိုင်ရှင်)

အသက်(၇၉)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ် ၁၉၊ မြေနုလမ်းနေ ဦးဖိုးကြည်-ဒေါ်အုန်းတင်တို့၏သမီး၊ ဦးမြဟန်-ဒေါ်မြခင်တို့၏သမီးချွေးမ၊ ဦးဟန်ကြည်၏ဇနီး၊ ဦးမြင့်ကျော်-ဒေါ်သင်းသင်းမော်၊ ဗိုလ်မှူးကြီးမြင့်ချို-ဒေါ်စိုးစိုးမာ၊ ဦးအောင်ကျော်ညွန့်၊ ဦးတင်မောင်လတ်-ဒေါ်စိုးစိုးကြည်၊ ဒေါ်အိဏ္ဍသူသူဟန်တို့၏မိခင်၊ မောင်အောင်ပိုင်၊ မရွှန်းလဲ့တာရာတို့၏အဘွားသည် ၄-၇-၂၀၂၃ရက် (ကြာသပတေးနေ့) ညနေ ၅း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၂၃ရက် (တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ ဘုရားကြီးကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်စန်းစန်းမြင့်(ပြန်တန်ဆာ)

လက်ထောက်မန်နေဂျာ(ငြိမ်း)

မြန်မာ့စီးပွားရေးဘဏ်

ရန်ကုန်တိုင်းဒေသကြီးရုံး

အသက်(၇၀)

ရန်ကုန်မြို့၊ သုဝဏ္ဏ (၂၉)ရပ်ကွက်၊ မီးဒုံးလမ်း၊ တိုက်အမှတ် ၁၁၆/၄နေ (ဦးအေးမောင် - ဒေါ်အေးကြိုင်)တို့၏သမီး၊(ဦးသောင်းတင်)-ဒေါ်ကြည်လေး၊ ဦးကြည်မိုး - ဒေါ်ညိုစန်းတို့၏အစ်မ၊ ဦးကျော်မင်းဦး (မြန်မာ့စီးပွားရေးဘဏ်ခွဲ-၄)၊ (ဦးတင်ကိုကိုလတ်)၊ ဦးသောင်းကြည်-ဒေါ်ဥမ္မာအေး၊ ဦးမင်းမင်းလတ်၊ ဦးမျိုးမျိုးအောင် - ဒေါ်စောသန္တာမိုး၊ ဦးသန်းမင်းဆွေ-ဒေါ်နီလာမိုး၊ ဒေါ်ငုဝါဝါမိုး၊ ဦးလွှမ်းမိုးကျော်တို့၏အဒေါ်၊ မြေးလေးယောက်တို့၏ အဘွားသည် ၅-၇-၂၀၂၃ရက် (သောကြာနေ့) ညနေ ၄း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၂၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ခင်ပျို (ဘားအံ)

အသက်(၇၅)နှစ်

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ကော့လိုက်ရွာနေ (ဦးဘိုးဟံ-ဒေါ်နု)တို့၏သမီး၊ ရန်ကုန်မြို့၊ တိုက် ၃၀၆/၇၊ ရန်အောင်လမ်းသွယ်(၂)၊ အရှေ့ရန်ကင်းနေ (ဦးနိုင်ဘထွန်း)၏ဇနီး၊ ဦးအောင်ဇေယျ - ဒေါ်ခင်ငွေးရီ (ကော့ကရိတ်)၊ ဒေါ်ခင်မိမိထွန်း(မမိ Designer)၊ ဦးဇော်မင်းထွန်း၊ ဦးထင်ကျော်ထွန်း(2/0 MT-Golden Lzumi, Dong Jin Shipping)တို့၏မိခင်၊ မယုနန္ဒာအောင်၊ မောင်သီဟသောင်ဇင်တို့၏အဘွားသည် ၅-၇-၂၀၂၃ရက် နံနက်၅း၃၀နာရီတွင် ရန်ကုန်မြို့ အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၂၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

ရဟီမာဘီ(ခ) ဒေါ်သန်းသန်းအေး (မော်လမြိုင်)

အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ ၁၅၅လမ်း၊အမှတ် ၆၀ (သုံးလွှာ)နေ (ဟာဂျီဦးဟာနစ်)-ဟာဂျီမဒေါ်သန်းကြည်တို့၏သမီး(ဦးအီဗရာဟင် - ဒေါ်အမာလေး)တို့၏ချွေးမ၊ ဦးစိုးတင့်၏ဇနီး၊ မသန္တာစိုး-ကိုမောင်ချစ်၊ ကိုဘိုဘိုစိုး၊ ဒေါက်တာဇေယျာစိုး-မဟေမာန်ဝင်းရွှေတို့၏မိခင်၊ မောင်ဇင်ပိုင်ဦး၏ဘွားဘွားသည် ၅-၇-၂၀၂၃ရက် (သောကြာနေ့) ည ၁၁း၅၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၆-၇-၂၀၂၃ရက် (စနေနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ရေဝေးကဘာရ်စတန်သို့ ပို့ဆောင်ဒါဖနာပြီး ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်ညောင်ဒိတ်လွှန်း(လွန်နိုး)

VANG TEN

အသက်(၄၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ အမှတ် ၇/၂၅၁၊ ဂျိုးဖြူလမ်း၊ ဝါယာလက်နေ ဦးထန်ခန့်ပေါင် - ဒေါ်ဇင်ဒိုကျင်တို့၏သမီးကြီး၊ ဦးအွန်ကျင့်ထန်၏ဇနီး၊ ဒေါ်ဒီမ်ဒိုက်မန်-ဦးကျင့်စန့်ဆုမ်း၊ မကျင်ရှန်းကျိုန်(ရှင်းရှင်း)၊ ထန်ဇလျန်း(ယောဟန်)၊ မေရီပေါ်ရှင်းလွှန်းတို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၃-၇-၂၀၂၃ရက် မွန်းလွဲ ၁း၃၀နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၅-၇-၂၀၂၃ရက် နံနက် ၁၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt@gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R /488

ဒီမိုကရေစီစနစ်ကို ပြောင်းလဲတည်ဆောက်ရာတွင် ကျောင်းသားလူငယ်များ ပညာရည်မြင့်မားရန် လိုအပ်

ပျော်ဘွယ်မြို့နယ် အနောက်လျှော်ဖြူကုန်းကျေးရွာ အထက်တန်းကျောင်းခွဲအားတွေ့ရစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၆

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ယနေ့နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် အနောက်လျှော်ဖြူကုန်းကျေးရွာ၌ ကျင်းပသည့် “ဦးကြည်မောင်”ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ဖွင့်ပွဲနှင့် အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ရှေးဦးစွာ စာကြည့်တိုက်အား တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုလွှတ်တော်နာယကနှင့် တာဝန်ရှိသူများသည် စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယခုဖွင့်လှစ်သည့် “ဦးကြည်မောင်” စာကြည့်တိုက်မှာ အလျား ၃၆ ပေ၊ အနံပေ ၂၀ ရှိပြီး အုတ်ညှပ်၊ သွပ်မိုး၊ တစ်ထပ်အဆောက်အအုံဖြစ်သည်။

ယင်းနောက် ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်း အခမ်းအနားကိုကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယကက ကျောင်းအဆင့်မြှင့်တင်ခြင်း ကမ္ပည်းမော်ကွန်းကို ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်စိုးနှင့် တာဝန်ရှိသူတို့က အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တိုးမြှင့်ခြင်း ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အမှာစကားပြောကြားရာတွင် နိုင်ငံတစ်ခုကို တည်ဆောက်ရာတွင် ပညာရေး၊ ကျန်းမာရေး အဓိကရင်းနှီးမြှုပ်နှံရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြည်ထောင်စုလွှတ်တော်အနေဖြင့် စာမျက်နှာ ၃ ကော်လံ ၁ ✻

ယနေ့မာတိကာ

ကလေးမြို့တွင် ဘိလပ်မြေစက်ရုံတည်ရန် အိန္ဒိယကုမ္ပဏီတစ်ခု လျှောက်ထား
စာမျက်နှာ-၁၀

မဲဇာမြစ်ရိုးအား ပြန်လည်ထိန်းသိမ်းရန် လိုအပ်နေ
စာမျက်နှာ-၁၁

နှစ်ပေါင်း ၄၅ နှစ်အတွင်း တန်းမြင့်ဆန် ဂျပန်သို့ ပြန်လည်တင်ပို့နိုင်ပြီ
စာမျက်နှာ-၁၃

အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို (က)မှ (ဃ)အထိ ပါရှိပါသည်။

မြန်မာ့ယဉ်ကျေးမှု၏အချက်အချာ မန်းရွှေမြို့တော် ခေတ်နှင့်အညီ ဖွံ့ဖြိုးစည်ပင်လာ

စာမျက်နှာ-၁၅

မြန်မာနိုင်ငံ၌ ၂၀၁၄-၂၀၁၅တွင် ဖုန်းသိပ်သည်းဆ ၅၀ ရာခိုင်နှုန်းရှိရန် ကြိုးစားနေ

သတင်းမှတ်စု ➢ မောင်သစ္စာ

ရန်ကုန် ဇူလိုင် ၆

မြန်မာနိုင်ငံတစ်ဝန်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအသီးသီးတွင် လစဉ်မိုဘိုင်းဖုန်းများကို မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာများအလိုက် ခွဲတမ်းဖြင့် ချထားပေးလျက်ရှိရာ လာမည့် ၂၀၁၄-၂၀၁၅ခုနှစ်တွင် မြန်မာနိုင်ငံ၌ မိုဘိုင်းဖုန်းသုံးစွဲနိုင်မှု သိပ်သည်းဆ ၅၀ရာခိုင်နှုန်းအထိ ရောက်ရှိလာရန် ကြိုးစားလျက်ရှိကြောင်း သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထိုသို့ ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးလုပ်ငန်းတွင် ပြည်ပနိုင်ငံများမှ ဆက်သွယ်ရေးကုမ္ပဏီများကို လုပ်ငန်းလုပ်ကိုင်ခွင့်တင်ဒါများခေါ်ယူခဲ့ရာ နိုင်ငံတကာမှ ကုမ္ပဏီများ အဆိုပြုလျှောက်ထားခဲ့ရာမှ ကနေဒါ အခြေစိုက်ကုမ္ပဏီနှင့် ကာတာအခြေစိုက်ကုမ္ပဏီတို့ ရွေးချယ်ခံခဲ့ရပြီးနောက် ရန်ကုန်မြို့ ပတ်ရှိုင်ရယ်ဟိုတယ်၌ ဇူလိုင် ၅ရက်က မီဒီယာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။ ကာတာအခြေစိုက် ကုမ္ပဏီကပြုလုပ်ခဲ့သော အဆိုပါ မီဒီယာရှင်းလင်းပွဲ၌ မြန်မာနိုင်ငံ၏ တယ်လီကွန်းစနစ်၊ နက်ဝပ်စနစ်နှင့် ဆက်သွယ်ရေးစနစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ခေတ်မီနည်းစနစ်များဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကာတာအခြေစိုက် အဆိုပါ ဆက်သွယ်ရေးကုမ္ပဏီသည် အာဆီယံနိုင်ငံများဖြစ်သော အင်ဒိုနီးရှား၊ လာအို၊ ဖိလစ်ပိုင် စသည့်နိုင်ငံများတွင် ဆက်သွယ်ရေးလုပ်ငန်း၌ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေပြီး အိန္ဒိယနိုင်ငံတွင်လည်း ဆက်သွယ်ရေးလုပ်ငန်း၌ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေသော ကုမ္ပဏီတစ်ခုဖြစ်သည်။

ကြိုးစားသွားမည်

မြန်မာနိုင်ငံတွင် ပြည်ပဆက်သွယ်ရေးကုမ္ပဏီများ ဝင်ရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ခြင်းကြောင့် မကြာမီကာလအတွင်း ဖုန်းပြောဆိုခများ လျှော့ကျလာပြီး ပြည်သူများ ဈေးနှုန်းသက်သာစွာ ဖုန်းပြောဆိုနိုင်မည် ဖြစ်သည်။ ထို့အပြင် လူတိုင်းနီးပါး လက်ကိုင်ဖုန်းများ အသုံးပြုလာနိုင်မည် ဖြစ်သည်။ မြန်မာနိုင်ငံသည် လက်ရှိအချိန်

၌ ဖုန်းသိပ်သည်းဆမှာ ၇ဒသမ ဝ၈ ရာခိုင် နှုန်းသာရှိနေရာ အာဆီယံနိုင်ငံများတွင် ဒသမအဆင့်၌ရှိနေသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ဖုန်းသိပ်သည်းဆကို တိုးမြှင့်နိုင်ရန်အတွက် ၂၀၁၄- ၂၀၁၅ ခုနှစ်၌ ၅၀ ရာခိုင်နှုန်း၊ ၂၀၁၅-၂၀၁၆ ခုနှစ်၌ ၇၅ ရာခိုင်နှုန်းခန့်အထိ ရောက်ရှိရန် ကြိုးစားသွားမည် ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကြမ်း

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကြမ်း

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၅ ခုနှစ်၊ လ ရက်

၂၀၁၃ ခုနှစ်၊ လ ရက်

နိဒါန်း

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အသိအမှတ်ပြု၍လည်းကောင်း၊ လူ့အခွင့်အရေးကိုလေးစားကာကွယ်သည့် လူ့အဖွဲ့အစည်းတစ်ရပ်ပေါ်ပေါက်လာရေးကိုမျှော်မှန်း၍လည်းကောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ မူလအခွင့်အရေးများကို မြှင့်တင်ကာကွယ်ရန်နှင့် မြန်မာနိုင်ငံက လိုက်နာရန်ရှိသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များတွင် ပြဋ္ဌာန်းပါရှိသည့် လူ့အခွင့်အရေးများကို ထိရောက်စွာမြှင့်တင်ကာကွယ်နိုင်ရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **''မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ''** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အစိုးရ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရကို ဆိုသည်။

(ခ) **ကော်မရှင်** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ကို ဆိုသည်။

(ဂ) **ကော်မရှင်အဖွဲ့ဝင်** ဆိုသည်မှာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့အပါအဝင် အဖွဲ့ဝင်တစ်ဦးဦးကို ဆိုသည်။

(ဃ) **စိစစ်ရွေးချယ်ရေးအဖွဲ့** ဆိုသည်မှာ ကော်မရှင်အဖွဲ့ဝင်လောင်း စိစစ်ရွေးချယ်ရေးအဖွဲ့ကို ဆိုသည်။

(င) **ကော်မရှင်ရုံး** ဆိုသည်မှာ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံးကို ဆိုသည်။

အခန်း(၂)

ကော်မရှင်ဖွဲ့စည်းခြင်း

ဖွဲ့စည်းခြင်း

၃။ နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်အနည်းဆုံး ၉ ဦးမှ အများဆုံး ၁၅ ဦးအထိ ပါဝင်သော မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းရမည်။

၄။ နိုင်ငံတော်သမ္မတသည် ကော်မရှင်ဖွဲ့စည်းနိုင်ရေးအတွက် အောက်ပါပုဂ္ဂိုလ်များပါဝင်သော ကော်မရှင်အဖွဲ့ဝင်လောင်း စိစစ်ရွေးချယ်ရေးအဖွဲ့ကို ဖွဲ့စည်းရမည်-

(က) ပြည်ထောင်စုတရားသူကြီးချုပ်၊

(ခ) ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန၊

(ဂ) ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊

(ဃ) ပြည်ထောင်စုရှေ့နေချုပ်၊

(င) ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊

(စ) ပြည်ထောင်စုလွှတ်တော်မှ ကိုယ်စားလှယ်နှစ်ဦး၊

(ဆ) မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကိုယ်စားလှယ်တစ်ဦး၊

(ဇ) ဥပဒေနှင့်အညီဖွဲ့စည်းထားသော အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်တစ်ဦး။

အမည်စာရင်းတင်သွင်းခြင်းနှင့် ရွေးချယ်ခန့်အပ်ခြင်း

၅။ စိစစ်ရွေးချယ်ရေးအဖွဲ့သည် အောက်ဖော်ပြပါ စံနှင့် ကိုက်ညီသူများကို ကော်မရှင်အဖွဲ့ဝင်လောင်းများ အမည်စာရင်းအတွက် စဉ်းစားရမည်-

(က) မြန်မာနိုင်ငံသားဖြစ်ခြင်း၊

(ခ) အသက် ၃၅ နှစ်ထက်မငယ်၊ အသက် ၇၅ နှစ်ထက် မကြီးသူဖြစ်ခြင်း၊

(ဂ) သိက္ခာသမာဓိနှင့်ပြည့်စုံ၍ အကျင့်စာရိတ္တကောင်းမွန်သူအဖြစ် အသိအမှတ်ပြုခံရပြီး ကော်မရှင်အဖွဲ့ဝင်၏ လုပ်ငန်းကို လွတ်လပ်စွာနှင့်ဘက်လိုက်မှုမရှိဘဲ ထမ်းဆောင်နိုင်စွမ်းရှိသူဖြစ်ခြင်း၊

(ဃ) အောက်ပါနယ်ပယ်တစ်ရပ်ရပ်တွင်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ဗဟုသုတ သို့မဟုတ် အတွေ့အကြုံကြွယ်ဝသူဖြစ်ခြင်း-

(၁) လူ့အခွင့်အရေးမူများနှင့် သက်ဆိုင်ရာပြည်တွင်းနှင့်အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေများ၊

(၂) လူ့အခွင့်အရေးမြှင့်တင်ရေးနှင့်ကာကွယ်ရေး၊

(၃) ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲရေး၊

(င) ကော်မရှင်၏ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် ခံယူချက်ရှိသူဖြစ်ခြင်း၊

၆။ ကော်မရှင်အဖွဲ့ဝင်လောင်း အမည်စာရင်းကို စဉ်းစားရာတွင် စိစစ်ရွေးချယ်ရေးအဖွဲ့သည် ကော်မရှင်ဖွဲ့စည်းမှုကို ခြုံငုံစဉ်းစားရမည့်ပြင် အောက်ဖော်ပြပါ လိုအပ်ချက်များကိုလည်း ထည့်သွင်းစဉ်းစားရမည်-

(က) အောက်ပါတို့တွင် ဗဟုသုတ သို့မဟုတ် အတွေ့အကြုံရှိခြင်း-

(၁) ပြည်တွင်းလူ့အခွင့်အရေးဥပဒေများနှင့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေများ၊

(၂) လက်ရှိစီးပွားရေး၊ အလုပ်အကိုင်နှင့် လူမှုရေးဆိုင်ရာကိစ္စရပ်များ၊

(၃) ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များနှင့် လူ့အဖွဲ့အစည်းအတွင်းရှိ ပုဂ္ဂိုလ်တစ်ဦးချင်း၊ မတူညီသော လူ့အသိုက်အဝန်းများနှင့် လူဦးရေအုပ်စုအလိုက် လိုအပ်ချက်များနှင့် မျှော်မှန်းချက်များ၊

(၄) ကော်မရှင်ရှေ့မှောက်ရောက်ရှိလာဖွယ်ရှိသော အခြားမတူကွဲပြားသည့်ကိစ္စရပ်များ၊

(ခ) အောက်ပါတို့တွင် ကျွမ်းကျင်မှု သို့မဟုတ် အတွေ့အကြုံရှိခြင်း-

(၁) လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များတွင် အားပေးဆောင်ရွက်မှု၊

(၂) အများပြည်သူအား ပညာပေးမှု၊

(၃) ပြည်သူ့အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲမှု၊

(၄) အရပ်ဘက်အဖွဲ့အစည်း၊ ပညာရပ်ဆိုင်ရာ အဆင့်မြင့်အဖွဲ့အစည်းများ၊ လူမှုဝန်ထမ်းလုပ်ငန်းများ၊ ရပ်ရွာဖွံ့ဖြိုးရေးနှင့် ဥပဒေရေးရာ၊

(ဂ) အမျိုးသား၊ အမျိုးသမီးနှင့် တိုင်းရင်းသားလူမျိုးများ သင့်တင့်မျှတစွာပါဝင်ခြင်း။

၇။ စိစစ်ရွေးချယ်ရေးအဖွဲ့သည် ကော်မရှင်အဖွဲ့ဝင်လောင်းများ ရွေးချယ်ရေးအတွက်လုပ်ထုံးလုပ်နည်းများကို ရေးဆွဲရမည်။ ယင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ ရွေးချယ်သော ကော်မရှင်အဖွဲ့ဝင်လောင်း ၃၀ ဦး၏ အမည်စာရင်းကို နိုင်ငံတော်သမ္မတထံ တင်ပြရမည်။

၈။ နိုင်ငံတော်သမ္မတသည် စိစစ်ရွေးချယ်ရေးအဖွဲ့က တင်ပြသော ကော်မရှင်အဖွဲ့ဝင်လောင်းများအနက် ပုဒ်မ ၆ တွင် ဖော်ပြပါရှိသည့်အချက်များကို ထည့်သွင်းစဉ်းစား၍ သင့်လျော်သော ကော်မရှင်အဖွဲ့ဝင်များကို ရွေးချယ်ခန့်အပ်ရမည်။ ထိုသို့ခန့်အပ်ရာတွင် ကော်မရှင်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို တစ်ပါတည်း သတ်မှတ်ရမည်။

၉။ ကော်မရှင်အဖွဲ့ဝင်အဖြစ် ရွေးချယ်ခန့်အပ်ခြင်းခံရသူသည် ရွေးချယ်ခန့်အပ်ခြင်းခံရသည့်နေ့မှစ၍-

(က) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် တည်ဆဲဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) ကော်မရှင်အဖွဲ့ဝင်တစ်ဦး၏ လုပ်ငန်းတာဝန်များကို ထိခိုက်စေနိုင်သည့် လစာ၊ စရိတ်၊ ငွေကြေးရရှိသည့် ပြည်တွင်းပြည်ပဌာန၊ အဖွဲ့အစည်းနှင့်လုပ်ငန်းများတွင် လုပ်ကိုင်သူဖြစ်ပါက ယင်းတို့မှ နုတ်ထွက်ရမည်။

၁၀။ ကော်မရှင်အဖွဲ့ဝင်တစ်ဦးသည် ကော်မရှင်၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် ဘက်လိုက်မှုမရှိဘဲ လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ရမည့်ပြင် ကော်မရှင်၏ လုပ်ငန်းတာဝန်များကို ထိခိုက်စေသည့် သို့မဟုတ် ထိခိုက်စေနိုင်သည်ဟု ယူဆရသည့် အခြားလုပ်ငန်းများ သို့မဟုတ် အခြားဆောင်ရွက်ချက်များတွင် ပါဝင်လုပ်ကိုင်ဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်ရမည်။

အဆင့်အတန်းနှင့်ရပိုင်ခွင့်များ

၁၁။ နိုင်ငံတော်သမ္မတသည် ကော်မရှင်ဥက္ကဋ္ဌကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်များကိုလည်းကောင်း သင့်လျော်သော အဆင့်အတန်းသတ်မှတ်ပေးရမည်။ ကော်မရှင်အဖွဲ့ဝင်များသည် ထိုသို့ သတ်မှတ်ပေးသော အဆင့်အတန်းနှင့်လျော်ညီသော ချီးမြှင့်ငွေ၊ စရိတ်နှင့် အခြားရပိုင်ခွင့်များကို ခံစားခွင့်ရှိစေရမည်။

၁၂။ ပုဒ်မ ၁၁ အရ သတ်မှတ်ထားသည့် အဆင့်အတန်းနှင့်ရပိုင်ခွင့်များကို ကော်မရှင်အဖွဲ့ဝင်တစ်ဦး၏ သက်တမ်းကာလတစ်ခုအတွင်း လျှော့ချခြင်းမပြုရ။

အခန်း(၃)

ကော်မရှင်အဖွဲ့ဝင်တစ်ဦး၏ သက်တမ်း၊ ရာထူးမှနုတ်ထွက်ခြင်း၊ တာဝန်မှရပ်စဲခြင်းနှင့် လစ်လပ်ရာထူးနေရာတွင် ဖြည့်စွက်ခန့်ထားခြင်း

ကော်မရှင်အဖွဲ့ဝင်တစ်ဦး၏သက်တမ်း

၁၃။ ကော်မရှင်အဖွဲ့ဝင်တစ်ဦး၏ ရာထူးသက်တမ်းသည် ငါးနှစ်ဖြစ်သည်။

၁၄။ ကော်မရှင်အဖွဲ့ဝင်တစ်ဦးသည် ရာထူးသက်တမ်းနှစ်ကြိမ်အထိ တစ်ဆက်တည်းတာဝန်ထမ်းဆောင်ခွင့်ရှိသည်။

၁၅။ ရာထူးမှနုတ်ထွက်ခြင်း သို့မဟုတ် တာဝန်မှ ရပ်စဲခံရခြင်းမှတစ်ပါး လက်ရှိတာဝန်ထမ်းဆောင်နေသော ကော်မရှင်အဖွဲ့ဝင်သည် ကော်မရှင်အဖွဲ့ဝင်အသစ် ခန့်အပ်ပြီးသည့်အချိန်အထိ မိမိတာဝန်များကိုဆက်လက်ထမ်းဆောင်ရမည်။

ရာထူးမှနုတ်ထွက်ခြင်း

၁၆။ ကော်မရှင်ဥက္ကဋ္ဌသည် တာဝန်ထမ်းဆောင်နေစဉ် အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက်ရာထူးမှ နုတ်ထွက်လိုလျှင် ထိုသို့နုတ်ထွက်လိုကြောင်းကို နိုင်ငံတော်သမ္မတထံ စာဖြင့်တင်ပြပြီး ရာထူးမှနုတ်ထွက်နိုင်သည်။

၁၇။ ကော်မရှင်ဥက္ကဋ္ဌမှအပ ကော်မရှင်အဖွဲ့ဝင်တစ်ဦးသည် တာဝန်ထမ်းဆောင်နေစဉ် အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်လိုလျှင် ထိုသို့နုတ်ထွက်လိုကြောင်းကို ကော်မရှင်ဥက္ကဋ္ဌမှတစ်ဆင့် နိုင်ငံတော်သမ္မတထံ စာဖြင့်တင်ပြပြီး ရာထူးမှနုတ်ထွက်နိုင်သည်။

တာဝန်မှရပ်စဲခြင်း

၁၈။ ကော်မရှင်အဖွဲ့ဝင်တစ်ဦးသည် အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်ပါက တာဝန်မှ ရပ်စဲခြင်းခံရမည်-

(က) ဥပဒေအရ သတ်မှတ်သော ဆေးအဖွဲ့၏ စစ်ဆေးချက်အရ ကိုယ်စိတ်နှစ်ပါးအနက် တစ်ပါးပါး ထာဝစဉ်ချို့ယွင်းသွားခြင်းကြောင့် တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်းမရှိတော့ကြောင်း တွေ့ရှိရခြင်း၊

(ခ) တရားရုံးတစ်ခုခုက ပြစ်မှုကြောင်းအရ ထောင်ဒဏ်ချမှတ်ခံရခြင်း၊

(ဂ) တရားရုံးတစ်ခုခုက လူမွဲအဖြစ် ကြေညာခြင်းခံရခြင်း၊

(ဃ) ကော်မရှင်၏ ရည်မှန်းချက်များ ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ပြုမူဆောင်ရွက်ခြင်း။

လစ်လပ်ရာထူးနေရာတွင် ဖြည့်စွက်ခန့်ထားခြင်း

၁၉။ ရာထူးမှနုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ ကော်မရှင်အဖွဲ့ဝင်နေရာ လစ်လပ်လျှင် နိုင်ငံတော်သမ္မတသည် စိစစ်ရွေးချယ်ရေးအဖွဲ့က တင်ပြထားသော ကော်မရှင်အဖွဲ့ဝင်လောင်းအမည်စာရင်းမှ ရွေးချယ်၍ ဖြည့်စွက်ခန့်ထားရမည်။ အဆိုပါ အမည်စာရင်းမှ ရွေးချယ်ရန်သင့်လျော်သူမရှိပါက ပုဒ်မ ၅၊ ၆၊ ၇ နှင့် ၈ တို့ပါအတိုင်း ဆောင်ရွက်၍ ဖြည့်စွက်ခန့်ထားရမည်။

၂၀။ လစ်လပ်သောရာထူးသည် ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌ ရာထူးနေရာဖြစ်ပါက နိုင်ငံတော်သမ္မတသည် အသစ်ဖြည့်စွက်ခန့်ထားခြင်း မပြုနိုင်မီ ကျန်အဖွဲ့ဝင်တစ်ဦးဦးအား ယင်းရာထူးနေရာတွင် ယာယီတာဝန်ပေးအပ်ရမည်။

၂၁။ ပုဒ်မ ၁၃ တွင် မည်သို့ပင်ပါရှိစေကာမူ လစ်လပ်ရာထူးတွင် ပုဒ်မ ၁၉ အရ ဖြည့်စွက်ခန့်ထားခြင်းခံရသည့် ကော်မရှင်အဖွဲ့ဝင်၏ ရာထူးသက်တမ်းသည် ၎င်းအစားထိုးသည့် ကော်မရှင်အဖွဲ့ဝင်၏ ကျန်ရှိသည့်သက်တမ်းအတွက်သာဖြစ်သည်။ ယင်းသို့ဖြည့်စွက်ခန့်ထားသဖြင့် တာဝန်ယူရသည့် ကာလကို သက်တမ်းတစ်ခုထမ်းဆောင်သည်ဟု မှတ်ယူရမည်။

အခန်း(၄)

ကော်မရှင်၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၂။ ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သတင်းအချက်အလက်များဖြန့်ချိခြင်း၊ ပညာပေးခြင်းဖြင့် လူ့အခွင့်အရေးနှင့်စပ်လျဉ်း၍ အများပြည်သူ၏ အသိပညာအဆင့်အတန်းမြှင့်တင်ခြင်းနှင့် ခွဲခြားမှုပုံသဏ္ဌာန်အားလုံးကို တိုက်ဖျက်သည့် ကြိုးပမ်းအားထုတ်မှုများကို မြှင့်တင်ခြင်း၊

(ခ) လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းဥပဒေများအား လိုက်နာမှု ရှိ/မရှိကို စောင့်ကြည့်လေ့လာရေး၊ မြှင့်တင်ရေးတို့နှင့်စပ်လျဉ်း၍ အောက်ပါတို့ကိုဆောင်ရွက်ရန်-

(၁) မြန်မာနိုင်ငံက ပါဝင်ချုပ်ဆိုသင့်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များကို ပြည်ထောင်စုအစိုးရထံသို့ အကြံပြုတင်ပြခြင်း၊

(၂) တည်ဆဲဥပဒေနှင့်အဆိုပြုထားသည့် ဥပဒေကြမ်းများသည် မြန်မာနိုင်ငံက ပါဝင်ချုပ်ဆိုထားသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များနှင့် ကိုက်ညီမှု ရှိ မရှိကို လေ့လာသုံးသပ်ခြင်းနှင့် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးအတွက် ပြဋ္ဌာန်းသင့်သည့်ဥပဒေများနှင့် အခြားဆောင်ရွက်သင့်သည်များကို ပြည်ထောင်စုအစိုးရထံသို့ အကြံပြုတင်ပြခြင်း၊

(၃) မြန်မာနိုင်ငံက ပါဝင်ချုပ်ဆိုထားသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များပါ ပြဋ္ဌာန်းချက်များအရ တင်သွင်းရန် တာဝန်ရှိသည့် အစီရင်ခံစာများပြုစုရာတွင်လည်းကောင်း၊ အဆိုပါ အစီရင်ခံစာများတွင် ထည့်သွင်းဖော်ပြသင့်သည်များနှင့် စပ်လျဉ်း၍လည်းကောင်း ပြည်ထောင်စုအစိုးရထံသို့ ပံ့ပိုးကူညီခြင်း။

(ဂ) လူ့အခွင့်အရေးဖောက်ဖျက်ကြောင်း စွပ်စွဲချက်များနှင့်စပ်လျဉ်း၍ လူ့အခွင့်အရေးဘာသာရပ်အပေါ် အခြေပြု၍ စုံစမ်းစစ်ဆေးခြင်း၊

(ဃ) လူ့အခွင့်အရေးဖောက်ဖျက်ကြောင်း စွပ်စွဲချက်များနှင့်စပ်လျဉ်း၍ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ဆန္ဒအလျောက်တိုင်တန်းချက်ကိုလည်းကောင်း၊ ၎င်း၏ကိုယ်စားအခြားပုဂ္ဂိုလ်၊ လူတစ်စု သို့မဟုတ် အဖွဲ့အစည်း၏ တိုင်တန်းချက်ကိုလည်းကောင်း စုံစမ်းစစ်ဆေးခြင်း၊

(င) လူ့အခွင့်အရေးဖောက်ဖျက်မှုဖြစ်ပွားသည့် နေရာသို့ သွားရောက်စစ်ဆေးခြင်းနှင့် အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းများနှင့်အစိုးရ သို့မဟုတ် ပုဂ္ဂလိကထိန်းသိမ်းစောင့်ရှောက်ရေးစခန်း၊ ဌာနများသို့ အကြောင်းကြား၍ သွားရောက်စစ်ဆေးခြင်း၊

(စ) သက်ဆိုင်ရာအရပ်ဘက်အဖွဲ့အစည်း၊ စီးပွားရေးအဖွဲ့အစည်း၊ အလုပ်သမားအဖွဲ့အစည်း၊ တိုင်းရင်းသားအဖွဲ့အစည်း၊ လူနည်းစုများ၊ ပညာရေးဆိုင်ရာအဖွဲ့အစည်းတို့နှင့် သင့်လျော်သလို တိုင်ပင်ဆွေးနွေးခြင်းနှင့် ထိတွေ့ဆက်ဆံခြင်း၊

(ဆ) ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့်လုပ်ငန်းစဉ် အပါအဝင် အခြားအမျိုးသားအဆင့်၊ ဒေသအဆင့်နှင့် နိုင်ငံတကာအဆင့် လူ့အခွင့်အရေးဆိုင်ရာ ယန္တရားများနှင့် သင့်လျော်သလို တိုင်ပင်ဆွေးနွေးခြင်း၊ ထိတွေ့ဆက်ဆံခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

အချုပ်ပိုဒ် ခ သို့

ဥပဒေကြော်ငြာ

အချပ်ပို က မှ

(ဈ) ပြည်ထောင်စုလွှတ်တော် သို့မဟုတ် ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် သို့မဟုတ် ပြည်ထောင်စုအစိုးရက ကော်မရှင်သို့ ရည်ညွှန်းပေးပို့သော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြန်လည်ဖြေကြားခြင်း၊

(ည) လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးတို့နှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက သီးခြားရည်ညွှန်းသော ကိစ္စရပ်များကို ပြန်လည်ဖြေကြားခြင်း၊

(ဋ) ကော်မရှင်၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အစီရင်ခံစာများ ပြုစုခြင်းနှင့် သင့်လျော်သလို ထုတ်ပြန်ခြင်း၊

(ဌ) ကော်မရှင်၏ တာဝန်တစ်ရပ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဆက်စပ်မှုရှိသည့် သို့မဟုတ် အထောက်အကူဖြစ်စေမည့် လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဍ) မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေနှင့် ကော်မရှင်၏ဆောင်ရွက်မှုများ၊ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ သင့်လျော်သည့် အကြံပြုထောက်ခံချက်များပါဝင်သော နှစ်ပတ်လည်အစီရင်ခံစာကို နိုင်ငံတော်သမ္မတထံ တင်ပြခြင်း၊

(ဎ) လိုအပ်ပါက လူ့အခွင့်အရေးကိစ္စနှင့်စပ်လျဉ်းသည့် အထူးအစီရင်ခံစာများကို နိုင်ငံတော်သမ္မတထံ တင်ပြခြင်း၊

၂၃။ ကော်မရှင်သည် မိမိ၏လုပ်ပိုင်ခွင့်အတွင်း ကျရောက်သောကိစ္စရပ်များကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသည်။

၂၄။ ကော်မရှင်သည် ဘဏ္ဍာရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို ဤဥပဒေပါ သက်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသည်။

၂၅။ ကော်မရှင်အဖွဲ့ဝင်တစ်ဦးသည် မိမိ၏ ဆောင်ရွက်ချက်တစ်ရပ်မှာ ကော်မရှင်၏ အကျိုးနှင့် ဆန့်ကျင်ကြောင်း သိရှိပါက ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များအား ချက်ချင်းအကြောင်းကြားပြီး ကော်မရှင်၏အကျိုးကို မထိခိုက်စေရေးအတွက် ဆောလျင်စွာ ဆောင်ရွက်ရမည်။

၂၆။ ကော်မရှင်သည် မိမိလုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ထိရောက်မှုရှိစေရေးအတွက် နိုင်ငံတော်သမ္မတထံ အသိပေး၍ လိုအပ်သည့်ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများကို ငှားရမ်းခွင့်ရှိသည်။

အခန်း(၅)
စုံစမ်းစစ်ဆေးခြင်း

လူ့အခွင့်အရေးဖောက်ဖျက်မှုများ စုံစမ်းစစ်ဆေးခြင်း

၂၇။ ကော်မရှင်သည် လူ့အခွင့်အရေးဖောက်ဖျက်မှုများ ကျယ်ကျယ်ပြန့်ပြန့်သော်လည်းကောင်း၊စနစ်တစ်ရပ်အနေဖြင့် သော်လည်းကောင်း အခိုင်အမာ ဖြစ်ပွားနေသည့် အခြေအနေနှင့် အလေ့အထများကို သိရှိပါက ဦးဆောင်ဦးရွက်ပြု၍ စုံစမ်းစစ်ဆေးနိုင်သည်။

၂၈။ ကော်မရှင်သည် စုံစမ်းစစ်ဆေးမှုတစ်ရပ်ပြုလုပ်ရာတွင် သဘာဝတရားမျှတမှု သဘောတရားနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။ ထို့ပြင် တရားမကျင့်ထုံးဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေနှင့် သက်သေခံအက်ဥပဒေတို့ပါ စပ်ဆိုင်သည့် ပြဋ္ဌာန်းချက်များကို ဆီလျော်သလို ကျင့်သုံးဆောင်ရွက်နိုင်သည်။

တိုင်တန်းချက်များ လက်ခံဆောင်ရွက်ခြင်း

၂၉။ လူ့အခွင့်အရေးဖောက်ဖျက်မှုရှိသည်ဟု စွပ်စွဲချက်နှင့်စပ်လျဉ်း၍ ပုဂ္ဂိုလ်တစ်ဦးသည် မိမိကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးတစ်ယောက်အတွက်သော်လည်းကောင်း၊ တိုင်တန်းလိုသည့်အကြောင်းရင်း တူညီသော လူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း ကော်မရှင်သို့ တိုင်ကြားနိုင်သည်။

၃၀။ တိုင်တန်းသူသည် အောက်ပါတို့ကို ဆောင်ရွက်ရာတွင် ကော်မရှင်သို့ စာဖြင့်တင်ပြရမည်-

(က) တိုင်တန်းချက်ကို ပြန်လည်ရုပ်သိမ်းခြင်း၊

(ခ) တိုင်တန်းချက်ကို ပြင်ဆင်ရန်ကော်မရှင်၏ ခွင့်ပြုချက်ရယူခြင်း။

၃၁။ ကော်မရှင်သည် အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် ဆောင်ရွက်ခြင်းမပြုရန် ဆုံးဖြတ်သည့် ကိစ္စရပ်မှ တစ်ပါး တိုင်တန်းချက်တစ်ရပ်ကို စုံစမ်းစစ်ဆေးရမည်-

(က) တိုင်တန်းချက်သည် သဘောရိုးဖြင့် တိုင်ကြားချက်မဟုတ်ခြင်း၊

(ခ) တိုင်တန်းချက်သည် ကော်မရှင်၏ လုပ်ပိုင်ခွင့်အတွင်း မကျရောက်ခြင်း၊

(ဂ) တိုင်တန်းသူအတွက်ပို၍သင့်လျော်သောကုစားမှု သို့မဟုတ် ကြောင်းကျိုးညီညွတ်စွာ တိုင်တန်းနိုင်သည့် နည်းလမ်းများရှိခြင်း။

၃၂။ တိုင်တန်းချက်ပါကိစ္စရပ်တစ်ခုခုကို ကော်မရှင်က စုံစမ်းစစ်ဆေးရန်ငြင်းပယ်ခြင်း သို့မဟုတ် ရွှေ့ဆိုင်းခြင်း သို့မဟုတ် ရပ်ဆိုင်းရန်ဆုံးဖြတ်ခြင်းသည် ကော်မရှင်၏ ဦးဆောင်ဦးရွက်ပြုမှုဖြင့် ယေဘုယျစုံစမ်းစစ်ဆေးပိုင်ခွင့်ကို ထိခိုက်မှုမရှိစေရ။

၃၃။ ကော်မရှင်သည် တိုင်တန်းချက်နှင့်စပ်လျဉ်း၍ ဖြေရှင်းဆောင်ရွက်ရာတွင် တိုင်တန်းချက်ပါအကြောင်းခြင်းရာသည် ညှိနှိုင်း၍ရနိုင်သော အလားအလာရှိသည်ဟုယူဆပါက ညှိနှိုင်းဖြေရှင်းသောနည်းလမ်းကို အသုံးပြုပြီး ဖြေရှင်းဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေများနှင့်အညီ ဖြစ်စေရမည်။

၃၄။ ကော်မရှင်သည် မိမိစုံစမ်းစစ်ဆေးလျက်ရှိသောကိစ္စနှင့် စပ်လျဉ်း၍သတင်းအချက်အလက်ပေးနိုင်မည်ဟု ထင်မြင်ယူဆရသည့် မည်သည့်ပုဂ္ဂိုလ်ကိုမဆို သတ်မှတ်ချိန်းဆိုထားသည့် နေရာနှင့်အချိန်တွင် လာရောက်သက်သေခံရန် စာဖြင့်ဆင့်ဆိုခြင်း၊ ကတိသစ္စာပြုစေခြင်း၊ စစ်ဆေးမေးမြန်းခြင်းနှင့် ထွက်ဆိုချက်တွင် လက်မှတ်ရေးထိုးစေခြင်းများ ပြုနိုင်သည်။

၃၅။ ကော်မရှင်သည် အောက်ပါတို့မှအပ မိမိစုံစမ်းစစ်ဆေးသော ကိစ္စတစ်ရပ်နှင့်ပတ်သက်သည်ဟု ယူဆသည့် မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် မည်သည့်ရုံးကိုမဆို ယင်းတို့ပိုင်ဆိုင်သည့် သို့မဟုတ် လက်ဝယ်ထားရှိသည့်စာရွက်စာတမ်းနှင့် အထောက်အထားများတင်ပြရန် စာဖြင့်ရေးသားဆင့်ဆိုနိုင်သည်-

(က) နိုင်ငံတော်၏လုံခြုံရေးနှင့် ကာကွယ်ရေးကို ထိခိုက်စေနိုင်သည့် စာရွက်စာတမ်း သို့မဟုတ် အထောက်အထားများ၊

(ခ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက လုံခြုံမှုအဆင့်အတန်း သတ်မှတ်ထားသော စာရွက်စာတမ်းများ။

၃၆။ ကော်မရှင်သည် အောက်ပါအကြောင်းတစ်ရပ်ရပ်နှင့် ငြိစွန်းသော တိုင်တန်းချက်ကို စုံစမ်းစစ်ဆေးခြင်း မပြုလုပ်ရ-

(က) တရားရုံးတစ်ခုခု၏ ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုများ၊

(ခ) တရားရုံးတစ်ခုခုက အပြီးသတ်စီရင်ဆုံးဖြတ်ပြီးသောအမှုများ။

၃၇။ ကော်မရှင်သည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့်ဖြစ်စေ၊ ယင်းတို့နှင့်ဆက်နွယ်သည့် အဖွဲ့အစည်းများနှင့်ဖြစ်စေ သက်ဆိုင်သော တိုင်တန်းချက်အပေါ် ၎င်းတို့ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် မိမိ၏စုံစမ်းတွေ့ရှိချက်ကို အကြံပြုတိုက်တွန်းချက်နှင့်အတူ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ပေးပို့ရမည်။ ယင်းဌာန၊ အဖွဲ့အစည်းသည် ကော်မရှင်၏ အကြံပြုတိုက်တွန်းချက်များနှင့်စပ်လျဉ်းသည့် အရေးယူဆောင်ရွက်ချက်ကို သင့်လျော်သော အချိန်ကာလအတွင်း ကော်မရှင်သို့ ပြန်ကြားရမည်။ ထိုသို့ ပြန်ကြားရာတွင် တိုင်တန်းသူများ လက်တုံ့ပြန်မှု မခံရစေရေးအတွက် သေချာစေမည့်ဆောင်ရွက်ချက်ကိုလည်း ဖော်ပြရမည်။

၃၈။ စုံစမ်းစစ်ဆေးမှုတစ်ရပ်ပြီးဆုံးသည့်အခါ ကော်မရှင်သည် လိုအပ်ပါက မိမိ၏စုံစမ်းတွေ့ရှိချက်များနှင့် အကြံပြုချက်များကို နိုင်ငံတော်သမ္မတထံ အစီရင်ခံတင်ပြပြီး အများပြည်သူသိရှိနိုင်ရန်လည်း ထုတ်ပြန်နိုင်သည်။

၃၉။ ကော်မရှင်သည် တိုင်တန်းချက်နှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုပြုလုပ်ရာတွင် ပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် ပုဂ္ဂိုလ်များ၏လူ့အခွင့်အရေးကို ဖောက်ဖျက်မှုရှိကြောင်း အထောက်အထားခိုင်လုံစွာတွေ့ရှိပါက အစီရင်ခံစာတွင် အောက်ပါအချက်များ ဖော်ပြနိုင်သည်-

(က) လူ့အခွင့်အရေးဖောက်ဖျက်မှုရှိကြောင်း အတည်ပြုချက်နှင့် ယင်းလူ့အခွင့်အရေးဖောက်ဖျက်မှုများ ဆက်လက်မဖြစ်ပေါ်စေရေးနှင့် အလားတူဖောက်ဖျက်မှုများ ထပ်မံမဖြစ်ပွားစေရေးအတွက် အကြံပြုတိုက်တွန်းချက်၊

(ခ) လူ့အခွင့်အရေးဖောက်ဖျက်မှုကို ကုစားရန် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက သင့်လျော်သလို ဆောင်ရွက်ပေးရန် အကြံပြုတိုက်တွန်းချက်၊

(ဂ) လူ့အခွင့်အရေးဖောက်ဖျက်မှုကြောင့် ထိခိုက်ဆုံးရှုံးနစ်နာမှုအတွက် လူ့အခွင့်အရေးဖောက်ဖျက်ခြင်းခံရသူ သို့မဟုတ် ၎င်း၏ ဆွေမျိုးများ ရသင့်ရထိုက်သည့် နစ်နာကြေးရရှိနိုင်ရန် အကြံပြုတိုက်တွန်းချက်၊

(ဃ) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၊ လုပ်ငန်း၊ ပုဂ္ဂိုလ် သို့မဟုတ် အာဏာပိုင်အဖွဲ့အစည်းတို့က အရေးယူဆောင်ရွက်ရန် အကြံပြုတိုက်တွန်းချက်နှင့် ယင်းအကြံပြုတိုက်တွန်းချက်များအပေါ် ၎င်းတို့၏ အရေးယူဆောင်ရွက်ချက်များကို ကော်မရှင်သို့ သင့်လျော်သောအချိန်ကာလအတွင်း ပြန်ကြားရန် အကြံပြုတိုက်တွန်းချက်။

အကာအကွယ်ပေးခြင်း

၄၀။ ဤဥပဒေအရ ပေးအပ်ထားသော ကော်မရှင်၏တာဝန်များကို ထမ်းဆောင်စဉ်ကော်မရှင်အဖွဲ့ဝင်၊ ကော်မရှင်ရုံးဝန်ထမ်း သို့မဟုတ် ကော်မရှင်ကိုယ်စားဆောင်ရွက်သည့်ပုဂ္ဂိုလ်အား ခြိမ်းခြောက်ခြင်း၊ တားဆီးခြင်း၊ ပိတ်ပင်ခြင်း၊ စော်ကားခြင်း သို့မဟုတ် စွက်ဖက်ခြင်းပြုသူသည် တည်ဆဲဥပဒေအရ အရေးယူခြင်းခံမည်။

၄၁။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် အခြားတစ်စုံတစ်ယောက်အား ထိုပုဂ္ဂိုလ်ကဖြစ်စေ၊ ထိုပုဂ္ဂိုလ်နှင့်ကျွမ်းဝင်သူကဖြစ်စေ အောက်ပါကိစ္စတစ်ရပ်ရပ် လုပ်ဆောင်မှုကြောင့် မတရားဖိနှိပ်ခြင်း၊ ခြောက်လှန့်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ခြင်း သို့မဟုတ် အခြားနည်းလမ်းဖြင့် စွက်ဖက်ခြင်းတို့ ပြုခွင့်မရှိစေရ-

(က) ဤဥပဒေအရ ပေးအပ်ထားသောအခွင့်အရေးများအသုံးချရန် ရည်ရွယ်ခြင်း၊

(ခ) ဤဥပဒေအရ ပေးအပ်ထားသော အခွင့်အရေးများကိုအသုံးချခြင်း သို့မဟုတ် အခြားသူများ၏ အဆိုပါအခွင့်အရေးများကို မြှင့်တင်ပေးခြင်း၊

(ဂ) ဤဥပဒေအရ လုပ်ဆောင်သောတိုင်တန်းချက်၊ စုံစမ်းစစ်ဆေးချက် သို့မဟုတ် ဆောင်ရွက်ချက်တစ်စုံတစ်ရာနှင့်စပ်ဆိုင်သော သတင်းအချက်အလက် သို့မဟုတ် အထောက်အထားများပေးခြင်း၊

(ဃ) ဤဥပဒေအား ဆန့်ကျင်ရာရောက်သော မည်သည့်ကိစ္စကိုမဆို ဆောင်ရွက်ရန်ငြင်းပယ်ခြင်း၊

(င) ဤဥပဒေအရဖြစ်စေ၊ ဤဥပဒေကို ရည်ညွှန်း၍ဖြစ်စေ တစ်စုံတစ်ရာကို တစ်နည်းနည်းဖြင့် လုပ်ဆောင်ခြင်း။

အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများသို့ ကြည့်ရှုစစ်ဆေးခြင်း

၄၂။ ကော်မရှင်သည် အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများတွင် အကျဉ်းကျနေသူများ၊ အချုပ်အနှောင်ခံနေရသူများ သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်ထားခြင်းခံရသူများကို လူ့အခွင့်အရေးနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းဥပဒေများနှင့်အညီ လူသားချင်းစာနာထောက်ထားမှုဖြင့် စောင့်ရှောက်ထားခြင်း ရှိ မရှိ စိစစ်နိုင်ရန် အဆိုပါနေရာများသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးခွင့်ရှိသည်။ ယင်းသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးရာတွင် သက်ဆိုင်ရာဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။ သို့ရာတွင် သက်ဆိုင်ရာဥပဒေကို ကိုးကားကျင့်သုံးခြင်းသည် ကော်မရှင်၏ ထိရောက်စွာစစ်ဆေးနိုင်စွမ်းကို မလိုအပ်ဘဲ အကန့်အသတ် မဖြစ်စေရ။

၄၃။ ပုဒ်မ ၄၂ အရ ဆောင်ရွက်ရာတွင် ကော်မရှင်သည် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-

(က) ကြည့်ရှုစစ်ဆေးလိုသော ကာလကို သက်ဆိုင်ရာတာဝန်ရှိသူများထံ အကြောင်းကြားပြီး အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း၊ ဌာနများသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးခွင့်၊

(ခ) အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း၊ ဌာနများအတွင်းရှိ နေရာများနှင့် အကျဉ်းသား၊ အချုပ်သား၊ ထိန်းသိမ်းစောင့်ရှောက်ထားခြင်းခံရသူများ၏ အသုံးအဆောင်များကို စစ်ဆေးခွင့်၊

(ဂ) အကျဉ်းသား၊ အချုပ်သားနှင့် ထိန်းသိမ်းစောင့်ရှောက်ထားခြင်းခံရသူများအား လွတ်လပ်စွာ သီးခြားတွေ့ဆုံမေးမြန်းခွင့်၊

(ဃ) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့က အရေးယူဆောင်ရွက်သင့်သည်များကို အကြံပြုတိုက်တွန်းခွင့်နှင့် အဆိုပါအကြံပြုတိုက်တွန်းချက်များအပေါ် အရေးယူဆောင်ရွက်ချက်များကို ကော်မရှင်သို့ ပြန်ကြားရန် တိုက်တွန်းခွင့်။

၄၄။ ကော်မရှင်သည် မိမိ၏တွေ့ရှိချက်နှင့် အကြံပြုတိုက်တွန်းချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ အကြောင်းကြားခြင်းနှင့်အများပြည်သူအား သင့်လျော်သလိုအသိပေးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

အခန်း(၆)
အစည်းအဝေးများကျင်းပခြင်း

၄၅။ ကော်မရှင်သည် ပုံမှန်မျက်နှာစုံညီအစည်းအဝေးကို ကော်မရှင်ဥက္ကဋ္ဌ သတ်မှတ်သည့်နေရာနှင့် အချိန်တွင် အနည်းဆုံးတစ်လလျှင် တစ်ကြိမ်ကျင်းပရမည်။ လိုအပ်ပါက အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေး ခေါ်ယူကျင်းပနိုင်သည်။

၄၆။ အစည်းအဝေးကို ကော်မရှင်အဖွဲ့ဝင်အားလုံးတက်ရောက်ရမည်။ မလွှဲမရှောင်သာသည့် အခြေအနေကြောင့် ကော်မရှင်အဖွဲ့ဝင်အချို့ အစည်းအဝေးတက်ရောက်နိုင်ခြင်းမရှိပါက ကော်မရှင်အဖွဲ့ဝင် စုစုပေါင်းဦးရေ၏ သုံးပုံနှစ်ပုံတက်ရောက်လျှင် အစည်းအဝေးအထမြောက်စေရမည်။

၄၇။ အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌသည် အစည်းအဝေးသဘာပတိအဖြစ်ဆောင်ရွက်ရမည်။ ကော်မရှင်ဥက္ကဋ္ဌအစည်းအဝေးတက်ရောက်နိုင်ခြင်းမရှိပါက ဒုတိယဥက္ကဋ္ဌကလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌလည်း အစည်းအဝေးတက်ရောက်နိုင်ခြင်းမရှိပါက ကော်မရှင်ဥက္ကဋ္ဌက တာဝန်လွှဲအပ်သော ကော်မရှင်အဖွဲ့ဝင်တစ်ဦးကလည်းကောင်း သဘာပတိအဖြစ် ဆောင်ရွက်ရမည်။

၄၈။ အစည်းအဝေး၌ ဆုံးဖြတ်ချက်ချမှတ်ရာတွင် ဆွေးနွေးညှိနှိုင်းပြီး ကန့်ကွက်သူမရှိသည့် ဆုံးဖြတ်ချက်ကို ချမှတ်ရမည်။ အကယ်၍ ကန့်ကွက်သူမရှိစေရန် အကြိမ်ကြိမ်ညှိနှိုင်းသော်လည်း အောင်မြင်မှုမရရှိပါက မဲခွဲဆုံးဖြတ်ရမည်။ ထိုသို့ မဲခွဲဆုံးဖြတ်ရာတွင် မဲပေးသူစုစုပေါင်းဦးရေ၏ သုံးပုံနှစ်ပုံထောက်ခံမဲဖြင့် အတည်ပြုဆုံးဖြတ်ရမည်။

၄၉။ ကော်မရှင်သည်-

(က) အစည်းအဝေးကျင်းပခြင်းနှင့်စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းများကို ရေးဆွဲသတ်မှတ်ရမည်။

(ခ) အစည်းအဝေးမှတ်တမ်းများကို ထိန်းသိမ်းထားရှိရမည်။

အခန်း(၇)
ဘဏ္ဍာရေး

၅၀။ နိုင်ငံတော်သည် ဤဥပဒေအရ အပ်နှင်းထားသော လုပ်ငန်းတာဝန်များကို ကော်မရှင်က ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်အလို့ငှာ လိုအပ်သောဘဏ္ဍာငွေကိုထောက်ပံ့ရမည်။ အဆိုပါ ဘဏ္ဍာငွေကို ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တောင်းခံသုံးစွဲရမည်။

၅၁။ ကော်မရှင်သည် မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းထံမှမဆို လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးနှင့်စပ်လျဉ်း၍ ကော်မရှင်၏ လွတ်လပ်စွာဆောင်ရွက်ခွင့်ကို မထိခိုက်စေသည့် အနှောင်အဖွဲ့မရှိသော အထောက်အပံ့ကို လက်ခံနိုင်သည်။

၅၂။ ကော်မရှင်သည် မိမိ၏ရငွေ၊ သုံးငွေ၊ ပစ္စည်းပိုင်ဆိုင်မှုနှင့်ပေးရန်တာဝန်ရှိမှုတို့နှင့်စပ်လျဉ်း၍ ငွေစာရင်းထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ထိန်းသိမ်းထားရှိရမည်။

၅၃။ ကော်မရှင်သည် မိမိ၏ ငွေစာရင်းကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်ဆေးခြင်းကို ခံယူရမည်။

၅၄။ တည်ဆဲဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ ကော်မရှင်၏ ရန်ပုံငွေများ၊ ငွေကြေးလွှဲပြောင်းမှုများနှင့် ရင်းနှီးမြှုပ်နှံမှုမပါသော ဝင်ငွေများအပေါ်တွင် အခွန်ကင်းလွတ်ခွင့်ရှိစေရမည်။

အချပ်ပို ဂ သို့

ဥပဒေကြော်ငြာ

အချပ်ပို ခ မှ

အခန်း(၈)
ဝန်ထမ်းအဖွဲ့အစည်း

၅၅။ ကော်မရှင်သည် မိမိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရုံးဝန်ထမ်းအဖွဲ့အစည်းတစ်ရပ်ကို ဖွဲ့စည်းရမည်။
၅၆။ ကော်မရှင်သည် မိမိ၏လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ ဘဏ္ဍာရေးခွင့်ပြုချက်ဘောင်အတွင်းမှ ညွှန်ကြားရေးမှူးချုပ်အဆင့် ရုံးဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးအပါအဝင် အရာထမ်း၊ အမှုထမ်းများကို နိုင်ငံ့ဝန်ထမ်းဥပဒေကို ထည့်သွင်းစဉ်းစား၍ ခန့်အပ်နိုင်သည်။
၅၇။ ရုံးဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသည် ကော်မရှင်က သတ်မှတ်ပေးထားသော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည့်ပြင် ကော်မရှင်၏အတွင်းရေးမှူးတာဝန်ကိုလည်း ထမ်းဆောင်ရမည်။
၅၈။ ရုံးဝန်ထမ်းအဖွဲ့အစည်းသည် ကော်မရှင်ကို တာဝန်ခံရမည်။
၅၉။ ကော်မရှင်သည် နိုင်ငံ့ဝန်ထမ်းများအတွက် သတ်မှတ်ထားသော ဥပဒေ၊ စည်းမျဉ်းများနှင့်အညီ ရုံးဝန်ထမ်းများ၏ ရာထူးအဆင့်အတန်းကို သတ်မှတ်ပေးရမည်။
၆၀။ ကော်မရှင်ဥက္ကဋ္ဌသည် ကော်မရှင်၏ လုပ်ငန်းတာဝန်များအနက် သီးခြားသတ်မှတ်ပေးသော လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို ကော်မရှင်ရုံး အရာထမ်းတစ်ဦးဦးအား လက်မှတ်ရေးထိုး၍ လွှဲအပ်နိုင်သည်။ ယင်းသို့လွှဲအပ်ရာတွင် လွှဲအပ်ခြင်းခံရသူသည် လွှဲအပ်သည့်စာတွင် ဖော်ပြထားသောလုပ်ငန်းတာဝန်ကိုသာ ဆောင်ရွက်ရမည်။
၆၁။ ကော်မရှင်ဥက္ကဋ္ဌသည် သက်ဆိုင်ရာအရာထမ်းအား ထိုသို့လွှဲအပ်ထားသော လုပ်ငန်းတာဝန်ကို မည်သည့်အချိန်တွင်မဆို စာဖြင့်ရုပ်သိမ်းနိုင်သည်။

အခန်း(၉)
အထွေထွေ

၆၂။ ကော်မရှင်သည် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးကို ရန်ကုန်မြို့၌ ဖွင့်လှစ်ထားရှိရမည်။ ကော်မရှင်၏လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ရာတွင် လိုအပ်သည့်နေရာဒေသများ၌ ကော်မရှင်ရုံးခွဲများကို ဖွင့်လှစ်နိုင်သည်။
၆၃။ ကော်မရှင်သည် ကိုယ်ပိုင်အမည်၊ တံဆိပ်နှင့်စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်ရှိပြီး တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်တို့ ရှိစေရမည်။
၆၄။ ကော်မရှင်ဥက္ကဋ္ဌသည် အကြောင်းတစ်စုံတစ်ရာကြောင့် မိမိ၏လုပ်ငန်းတာဝန်ကို ဆောင်ရွက်နိုင်ခြင်းမရှိလျှင် ဒုတိယဥက္ကဋ္ဌသည် ဥက္ကဋ္ဌ၏လုပ်ငန်းတာဝန်ကို ဆောင်ရွက်ရမည်။
၆၅။ ကော်မရှင်အဖွဲ့ဝင်နှင့်ကော်မရှင်က တာဝန်ပေးအပ်ခြင်းခံရသူသည် ဤဥပဒေအရ လုပ်ငန်းတာဝန်ထမ်းဆောင်ရာတွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟု မှတ်ယူရမည်။
၆၆။ ဤဥပဒေအရ ပေးအပ်ထားသော တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သဘောရိုးဖြင့်ဆောင်ရွက်ခြင်း၊ ဆောင်ရွက်ရန်ပျက်ကွက်ခြင်းနှင့် သဘောထားမှတ်ချက်ပေးခြင်း သို့မဟုတ် ထင်မြင်ချက်ပေးခြင်းတို့အတွက် ကော်မရှင်ကိုဖြစ်စေ၊ ကော်မရှင်အဖွဲ့ဝင်ကိုဖြစ်စေ၊ ကော်မရှင်က တာဝန်ပေးအပ်ခြင်းခံရသူကိုဖြစ်စေ ပြစ်မှုကြောင်းအရသော်လည်းကောင်း၊ တရားမကြောင်းအရသော်လည်းကောင်း တရားစွဲဆိုခြင်းမပြုရ။
၆၇။ ကော်မရှင် သို့မဟုတ် ကော်မရှင်ရုံးသို့ ဆက်သွယ်ပေးပို့တင်ပြသည့် သို့မဟုတ် ယင်းက စုဆောင်းရယူထားသည့် စာရွက်စာတမ်းများ၊ ပစ္စည်းများနှင့် သတင်းအချက်အလက်များသည် စိစစ်ဖြတ်တောက်ခြင်း သို့မဟုတ် ကြားဝင်နှောင့်ယှက်ခြင်းတို့မှ ကင်းလွတ်စေရမည်။
၆၈။ ကော်မရှင်၏ ပရဝဏ်၊ မော်ကွန်းတိုက်၊ စာတွဲများ၊ စာရွက်စာတမ်းများ၊ ဆက်သွယ်ဆောင်ရွက်ချက်များ၊ ပစ္စည်းကိရိယာများ၊ ရန်ပုံငွေနှင့် ပစ္စည်းပိုင်ဆိုင်မှုများသည် မည်သည့်နေရာ၊ မည်သူ့လက်ဝယ်တွင် ရှိသည်ဖြစ်စေ ထိပါးခြင်း၊ ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ဖမ်းဆီးခြင်း၊ ရယူခြင်းသို့မဟုတ် အခြားနည်းဖြင့် နှောင့်ယှက်ခြင်းတို့မှ ကင်းလွတ်ခွင့်ရှိစေရမည်။
၆၉။ ကော်မရှင်သည် မိမိဆောင်ရွက်လျက်ရှိသော စုံစမ်းစစ်ဆေးမှုများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ ဖော်ထုတ်ပြောကြားသင့်သည်ဟုယူဆသည့် အချက်အလက်များကို ဖော်ထုတ်ပြောကြားနိုင်ခွင့်ရှိသည်။
၇၀။ ကော်မရှင်သည် မိမိရှေ့မှောက်၌လာရောက်အစစ်ဆေးခံသူ၏ အမည်နှင့်သတင်းအချက်အလက်များ၊ ကော်မရှင်သို့ထွက်ဆိုသည့် သက်သေထွက်ဆိုချက်များ၊ တင်ပြသည့်သက်သေခံစာရွက်စာတမ်းများ၊ ပစ္စည်းများနှင့်စပ်လျဉ်း၍ တစ်ဦးတစ်ယောက်က ကော်မရှင်၏ခွင့်ပြုချက်မရှိဘဲ ထုတ်ပြန်ခြင်း၊ ထုတ်ဖော်ပြောဆိုခြင်း မပြုရန်ဆောင်ရွက်ရမည်။ ကော်မရှင်သည် သက်သေများကို အကာအကွယ်ပေးသည့် အစီအမံများကိုလည်း ဆောင်ရွက်နိုင်သည်။
၇၁။ ကော်မရှင်သည် မိမိရရှိထားသည့် သတင်းအချက်အလက်များကို မိမိ၏ ရည်မှန်းချက်များ အကောင်အထည်ဖော်ရန်ကိစ္စမှတစ်ပါး အခြားနည်းဖြင့် အသုံးပြုခြင်းမှရှောင်ကြဉ်ရမည်။
၇၂။ ကော်မရှင်က စုံစမ်းစစ်ဆေးရာ၌ ထွက်ဆိုချက်များ၊ သက်သေခံချက်များ၊ ဖြေဆိုချက်များပေးသူသည် မမှန်သက်သေခံမှုဖြင့် တရားစွဲဆိုခံရခြင်းမှတစ်ပါး ယင်းထွက်ဆိုချက်များ၊သက်သေခံချက်များ၊ဖြေဆိုချက်များအရ မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခြင်း မခံထိုက်စေရ။ ကော်မရှင်ရှေ့မှောက်၌ ထွက်ဆိုသော သက်သေ၏ ထွက်ဆိုချက်၊ သက်သေခံချက်နှင့် ဖြေဆိုချက်များကို အခြားပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား တရားစွဲဆိုရာတွင် အသုံးမပြုရ။
၇၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၄/၂၀၁၁ ဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့သော မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်သည် ဤဥပဒေအရ ကော်မရှင်ဖွဲ့စည်းပြီးသည်အထိ မိမိ၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးအာမက်ဟူဆိန်၏သား ဦးမောင်မောင်တင် S/DGNMTT ၀၄၁၇၆၆ နှင့် ဦးအာလီဇူဟာရ်သည် တစ်ဦးတည်းဖြစ်ပါသည်။

အမည်ပြောင်း

ဦးစောဟူးဆို၏သား အထက(၂)၊ အင်းစိန်၊ န၀မတန်း (J)မှ စောအဲလက်စ်ထူးအား စောအဲလက်စ်တူးဟု ပြောင်းလဲခေါ်ပါရန်။

စောအဲလက်စ်တူး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ ယုဇနပလာဇာ၊ အောင်သပြေလမ်း၊ တိုက်အမှတ် ၁၇၊ အခန်း ၃၀၁၊ သုံးလွှာ၊ ထောင့်ခန်းတိုက်ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးတင်လှအောင် ၁၂/မဂတ(နိုင်)၀၁၃၂၄၈၊ ၂။ဒေါ်ခင်စမ်းဝင်း ၁၂/မဂတ(နိုင်)၀၁၃၈၉၁တို့ထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ G.P မှတ်ပုံတင်အမှတ် (၇၉၉၁/၂၀၁၂)အရ လွှဲအပ်ခံရသူ ဒေါ်ခင်ထက်ထက်အောင် ၁၂/ရကန(နိုင်)၀၇၅၁၀၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြလှဲဝင်း LL.B,D.B.L အထက်တန်းရှေ့နေ
အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
Fax-၀၁-၉၆၆၉၀၀၄၊ ဖုန်း-၀၁-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃

LINCOLN NAVIGATOR 2006 ရောင်းမည်

USA(ဘယ်မောင်း)၊ ၇ယောက်စီး၊ TV ၂လုံး၊ အဖြူရောင်၊ ၅၄၀၀ CC(ဓာတ်ဆီ)၊ မိုင် ၆၀၀၀၀ ကျော်၊ ၇C

၅၂၀ သိန်း

- ၀၉၄၃၀ ၂၁၀၀၁

တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးမောင်မောင်တင်(ခ) ဦးအာလီဇူဟာရ်၏သား အထက(၃) ဒဂုံတောင်၊ န၀မတန်းမှ မောင်ရဲနိုင်နှင့် နော်မာန်ဟူဆောင်းသည် တစ်ဦးတည်းဖြစ်ပါသည်။

ဖခင်အမည်မှန်

မြိတ်မြို့၊ အထက(၁)၊ တတိယတန်း(က)မှ မယွန်းလဲ့ဖြူ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးအုံ့မောင် ဖြစ်ပါကြောင်း။

ဦးအုံ့မောင် ၇/ပခန(နိုင်)၂၅၇၃၂၉

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၄ရပ်ကွက်၊ ပြည်သာယာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/၄)၊ မြေကွက်အမှတ်(၆၄၈/က)၊ အကျယ်(၂၀×၆၀)ပေရှိ နှစ်(၆၀)ဂရန်အမည်ပေါက် ဦးထွန်းကြိုင်ဟု ခေါ်တွင်သောမြေကွက်နှင့်အိမ်အား ယခုလက်ရှိ ပိုင်ဆိုင်နေထိုင်သူ တရားဝင် လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်ရွှေဝါသင်းထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေတို့က စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။

ဖော်ပြပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဖော်ပြပါ မြေကွက်နှင့်အိမ် အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးမျိုးညွန့်ဝင်း
H.G.P,LL.B,D.B.L,D.M.L
Post Gradnate Dip.inGlobal English
တရားလွှတ်တော်ရှေ့နေ

ဒေါ်မြင့်မြင့်မော် (LL.B)
အထက်တန်းရှေ့နေ
ဖုန်း-၀၉ ၄၃၁၈၂၀၇၂
၀၉-၅၀၂၆၈၄၆

အမှတ်(၅၈/၆၀)၊ပထမထပ်၊မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်။

သံပန်း၊ သံတံခါး၊ စတီး၊ လိပ်တံခါး၊ အလူမီနီယံလုပ်ငန်း၊
Ph:095008411
095031107,0973082421,

ဝယ်လိုသည်

- ကားအပ်ပြီးစလစ်၊
- စ၊ ဆ မှ လ၊ သ၊ အ အထိ အပ်ကား

ဖုန်း-၀၉-၄၄၈၀၀၇၃၇၇

အမည်မှန်

ဦးကျော်နိုင်၊ ဒေါ်အေးအေးခိုင်တို့၏သမီး မြိတ်မြို့၊ အထက(၁)၊ အဋ္ဌမတန်း(ခ)မှ မဆုရီနိုင်၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မဆုရည်နိုင် ဖြစ်ပါကြောင်း။

မဆုရည်နိုင်

ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်သာယာမြို့နယ်၊ရွှေလင်ပန်း(၂၃)ရပ်ကွက်၊မြေကွက်အမှတ်(၉၆၆)၊မြေအကျယ်ပေ (၄၀×၆၀)ရှိမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်မှာ ဦးကျော်ဇော၏ပါမစ်အမည်ပေါက်ဖြစ်ပြီး ဦးကြည်စိန်(၇/ဒဥန(နိုင်)၀၄၉၁၇၇)မှ အဆင့်ဆင့် ဝယ်ယူပိုင်ဆိုင်ပါကြောင်းဖြင့် ဝန်ခံ၍ ကျွန်ုပ်၏မိတ်ဆွေကစရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ဆက်သွယ်၍ ခိုင်မာသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့်၊ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အားပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးမြင့်လွင်၏ညွှန်ကြားချက်အရ

ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြငွေး(စဉ်-၆၆၀၅) တရားလွှတ်တော်ရှေ့နေ
ဒေါ်ညီမ်းစန္ဒာဖြိုး(စဉ်-၃၆၅၃၀) အထက်တန်းရှေ့နေ

အမှတ်(၃၀၄)၊ခေမာသီလမ်း၊(ဃ)ရပ်ကွက်၊မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၉-၅၄၀၇၂၂၉

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၄၀)၊ မြေကွက်အမှတ်၁၁၂၈/က၊ အလျား ပေ၂၀×အနံပေ၆၀မြေကွက်ရရှိသူ အမည်ပေါက် ဦးဒီလုံးထံမှ ဝယ်ယူထားသူ (ဘ) ဦးမောင်မွေး၏သား ဦးကျော်သူအောင် ၁၂/ဒဂတ(နိုင်)၀၉၁၆၂၁၀က မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်သည်အထိကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ပြုလုပ်ပေးရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၁၂)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၆(အရှေ့)၊ မြေကွက်အမှတ် ၁၃၁၇/အေ-ခ၊ မြေကွက်တည်နေရာအမှတ် ၁၃၁၇ ၊ ရှုခင်းသာမြို့ပတ်လမ်း၊ (၆/အရှေ့)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးရွှေ၊ ဒေါ်အေးမှင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးရွှေ(ခင်ပွန်း)ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်ဇနီးဖြစ်သူ ဒေါ်အေးမှင် ၁၂/ သကတ(နိုင်)၀၀၄၈၁၅က တစ်ဦးတည်းသောဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

ကန့်ကွက်လိုက နိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအထောက်အထားတစ်ရပ်ရပ်ဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်

စဉ်	လျှောက်ထားသူ		လျှောက်ထားသည့်					လျှောက်ထားသည့် အကြောင်းအရာ
	အမည်	မှတ်ပုံတင်	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	
၁။	ဒေါ်ခင်ဝင်း	PBDN ၀၁၀၈၁၅	မင်္ဂလာတောင်ညွန့်	၁၁F	V ၅၂	ဒေါ်ခင်ဝင်း	၃၂၊ မြယာကုန်းလမ်း၊ ဗိုလ်မြေရပ်ကွက်	ဂရန်သက်တမ်းတိုး
၂။	ဒေါ်နွယ်နီဝင်း	၁၃/လရန(နိုင်)၁၀၀၃၀၈	ဒဂုံတောင်	၇၀	၂၄၂/က	ဒေါ်မြမြဝင်း	၂၄၂/က၊ ဆုထူးပန်(၄)လမ်း၊ (၇၀)ရပ်ကွက်၊ ဒဂုံတောင်	ဂရန်သစ်
၃။	ဦးငွေးမြင့်ဝေ	၁၂/လမန(နိုင်)၀၁၅၀၄၅	လှိုင်	၂၀/က+ခ	၉၂၅	ဦးငွေးမြင့်ဝေ+၁	၁၉ဘီ၊ မာလာမြိုင်(၅)လမ်း	အမည်ပြောင်း
၄။	ဦးအေးထွန်း(ခ)မာမက်ရှား+၁	၁၁/စတန(နိုင်)၀၅၄၉၆၆	လှိုင်	၂၀/က+ခ	၃၈၄	ဦးသန်းထွန်း	၇၂၊ မာလာမြိုင်(၆)လမ်း	ဂရန်သစ်
၅။	ဒေါ်ကျင်ရှို(ခ)ဒေါ်ချိုချို	၁၃/တကန(နိုင်)၁၃၂၁၄၉	အလ	၂	၁၂၂၅	ဦးသိန်းဝင်း	၁၂၂၅၊ ဗိုလ်ဥတ္တမလမ်း	ဂရန်သစ်
၆။	ဦးသန့်ဟန်	၁၂/ဗဟန(နိုင်)၀၇၈၀၄၂	အင်းစိန်	၃၉၉/က	၈/၂၄/ခ	ဦးသန့်ဇင်ရွှေ	၁၇၊ စိုက်ပျိုးရေးလမ်း၊ သိဒ္ဓိမင်္ဂလာလမ်းသွယ်(၂၀)	အမည်ပြောင်း
၇။	ဦးသန့်ဟန်	၁၂/ဗဟန(နိုင်)၀၇၈၀၄၅	အင်းစိန်	၃၉၉/က	၈/၂၄/က	ဦးခင်အောင်ထွန်း	၁၅၊ သိဒ္ဓိမင်္ဂလာလမ်းသွယ်(၂၀)၊ ဖော့ကန်	အမည်ပြောင်း
၈။	ဒေါ်ဝင်းကြီ	၁၂/ဒဂန(နိုင်)၀၀၄၁၁၂	မရမ်းကုန်း	၂၄	၈F	ဦးတူးမောင်	၈F ၊ မင်းဓမ္မလမ်း၊ (၃)ရပ်ကွက်	အမည်ပြောင်း
၉။	ဒေါ်ဝင်းကြီ	၁၂/ဒဂန(နိုင်)၀၀၄၁၁၂	မရမ်းကုန်း	၂၄ သမိုင်း	၈H	ဦးဇော်ဘိုခန့်+၁	၈H ၊ မင်းဓမ္မလမ်း၊ (၃)ရပ်ကွက်	အမည်ပြောင်း
၁၀။	ဒေါ်ခင်အေးရီ(ခ)ဒေါ်ခင်အေးအေးရည်+၃	၁၄/ပသန(နိုင်)၀၁၀၃၄၀	ဒဂုံအရှေ့	၈	၆၁၀	ဦးသိန်းအောင်	၆၁၀၊ (၈)ရပ်ကွက်၊ ဒဂုံအရှေ့	ဂရန်သစ်
၁၁။	JC Associates Co.,Ltd	–	ဒဂုံအရှေ့	၁၃၁	၉၁၄	ဦးသန်းမြင့်	၉၁၄၊ (၁၃၁)ရပ်ကွက်၊ ဒဂုံအရှေ့	ဂရန်သစ်
၁၂။	JC Associates Co.,Ltd	–	ဒဂုံအရှေ့	၁၃၁	၁၆၆	ဦးမောင်တင်	၁၆၆၊ (၁၃၁)ရပ်ကွက်၊ ဒဂုံအရှေ့	ဂရန်သစ်
၁၃။	JC Associates Co.,Ltd	–	ဒဂုံအရှေ့	၁၃၂	၈၉၆	ဦးစန်းမြင့်	၈၉၆၊ (၁၃၂)ရပ်ကွက်၊ ဒဂုံအရှေ့	ဂရန်သစ်
၁၄။	JC Associates Co.,Ltd	–	ဒဂုံအရှေ့	၁၃၁	၁၅၃	ဦးသောင်းတင်	၁၅၃၊ (၁၃၁)ရပ်ကွက်၊ ဒဂုံအရှေ့	ဂရန်သစ်
၁၅။	JC Associates Co.,Ltd	–	ဒဂုံအရှေ့	၁၃၁	၄၅၃	ဦးအေးငွေ	၄၅၃၊ (၁၃၁)ရပ်ကွက်၊ ဒဂုံအရှေ့	ဂရန်သစ်
၁၆။	JC Associates Co.,Ltd	–	ဒဂုံအရှေ့	၁၃၂	၈၉၀	ဦးခင်မောင်ညွန့်	၈၉၀၊ (၁၃၂)ရပ်ကွက်၊ ဒဂုံအရှေ့	ဂရန်သစ်
၁၇။	ဒေါ်နီနီအောင်	၁၄/ဘကလ(နိုင်)၀၀၄၈၀၉	တောင်ဥက္ကလာ	၁၂	၈၂၄/က	ဒေါ်ဖွားး+၁	၈၂၄/က၊ မင်္ဂလာလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာ	အမည်ပြောင်း
၁၈။	ကိုဖြိုးကျော်	၅/မရန(နိုင်)၁၅၁၅၉၇	ဒဂုံဆိပ်ကမ်း	၆၈	၁၃၁	ဦးကျော်မြ	၆၈/၁၃၁၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၁၉။	ရောဝတီတိုင်းဒေသကြီးဓမ္မာရုံ ဥက္ကဋ္ဌ(ကိုယ်စား)ဦးစိုးဝင်း	၁၂/ဒဂန(နိုင်)၀၂၀၃၉၈	ဗဟန်း	၄၃စီ	၂၆/ခ+၂၇/က+၄၃ဘီ+၄၄	ဧရာဝတီတိုင်းဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေး အကျိုးတော်ဆောင်အဖွဲ့	၂၁/၄၃စီ၊ ကြားတောရလမ်း	ဂရန်သစ်

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

မဇ္ဈိမဒေသ၊ သာဝတ္ထိမြို့ မဟာသံဃိကဒါန ကျောင်းအလှူ နှိုးဆော်ခြင်း

အိန္ဒိယနိုင်ငံ၊ သာဝတ္ထိမြို့ရှိ မြတ်စွာဘုရားရှင် (၂၅)ဝါ သီတင်းသုံးတော်မူခဲ့သည့် မူလဂန္ဓကုဋိ (အဝိဇဟီတဌာန) နှင့် တာဝတိံသာနတ်ပြည်သို့ ကြွလှမ်းတော်မူခဲ့သည့် သရက်ဖြူကုန်းအနီးတွင် မြန်မာနိုင်ငံမှ ပြည်ပသာသနာပြု ဆရာတော် ဒေါက်တာဘဒ္ဒန္တ နရိန္ဒာဓိပတိ (ဓမ္မာစရိယ) သည် မြေတစ်ဧက ဝယ်ယူပြီးစီး၍ မဟာဗောဓိယျာသုခ သုံးထပ်ကျောင်းတိုက်ကြီး အား ဆောက်လုပ်လျက် ရှိရာ ဖောင်ဒေးရှင်း ပြီးစီး၍ မြေညီထပ် တိုင်ထူပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ "ဝိဟာရဒါနံ သံဃဿအဂ္ဂံဗုဒ္ဓေနဝဏ္ဏိတံ" (ဝိဟာရဟူ ကျောင်းအလှူကို ဆူဆူဗုဒ္ဓ ချီးမွမ်းကြ၏) ဟူသော ဒေသနာတော်မြတ်နှင့်အညီ ဘုရားရှင်တိုင်းချီးမွမ်းအပ်သော မဟာသံဃိကဒါန ကျောင်းအလှူ ကုသိုလ်ထူးကြီးကို တစ်စတုရန်းပေလျှင်(၂၀,၀၀၀)ကျပ်နှုန်းဖြင့်အောက်ပါအတိုင်းဆက်သွယ်၍ရက်ရောကြည်ဖြူစွာကုသိုလ်ပါဝင်လှူဒါန်းနိုင်ကြပါပြီ -

၁။ ဆရာတော်ဘဒ္ဒန္တနရိန္ဒာဓိပတိ၊ မဟာဗောဓိယျာသုခကျောင်း၊ သာဝတ္ထိမြို့ ယူပီပြည်နယ်၊ အိန္ဒိယနိုင်ငံ။
ဖုန်း – ၀၀၉၁ – ၈၄၀၀ ၃၈၀ ၁၃၂၊ ၈၈၉၆ ၇၅၂ ၉၇၇၊ unarinda08@gmail.com
၂။ ဒေါ်တင်တင်ကြည်၊ ခင်နန္ဒာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ မရမ်းကုန်း။ ၀၁ – ၆၅၅၅၂၀၊ ၆၅၅၈၈၅၊ ၃၇၇၆၁၅၊ ၆၅၇၇၉၄
၃။ ဒေါ်သီတာ၊ မဇ္ဈိမဂုဏ်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ မင်္ဂလာတောင်ညွန့်။ ၀၁ – ၂၉၆၄၄၆၊ ၀၉ – ၅၀၁၃၅၂၂
၄။ ဒေါ်မေသူမောင်၊ မေသူမောင်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ ကမာရွတ်။ ၀၉ – ၅၁၉၂၄၄၈၊ ၀၉ – ၇၃၂၄၃၆၈၇၊ ၀၉ – ၅၀၁၂၄၇၀
၅။ ဒေါ်ကြည်ကြည်မြင့်၊ ရွှေမဟာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ စမ်းချောင်း။ ၀၁ – ၅၃၂၀၈၆၊ ၀၉ – ၅၁၁၃၄၀၄၄၊ ၀၉ – ၅၁၈၈၃၇၆
၆။ ဒေါ်နီနီဝင်း၊ ရွှေမိုဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ တာမွေ။ ၀၁ – ၅၄၆၈၂၀၊ ၀၉ – ၅၀၂၁၁၉၂
၇။ တိုးတိုးရတနာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ လှည်းတန်း၊ ကမာရွတ်။ ၀၁ – ၅၀၃၉၂၅၊ ၀၁ – ၅၂၇၅၃၉
၈။ ဒေါ်တင်မိုးအေး၊ ကျော်ကျော်ကားပစ္စည်းဆိုင်၊ ခင်နန္ဒာရုံးခွဲ(၁)၊ မန္တလေး။ ၀၂ – ၅၁၅၄၀၅၀၊ ၀၉ – ၅၁၁၆၈၀၄

မိဂဒါဝုန် မြေမြတ်ဆုံ၌ ဗုဒ္ဓသာသနာ ရောင်ဝါထွန်းစေဖို့ သာသနာ့မြေ လှူဒါန်းကြပါစို့

အိန္ဒိယနိုင်ငံ ၊ ဥတ္တရပရာဒေ့ရှ်ပြည်နယ် ၊ ဗာရာဏသီမြို့ မိဂဒါဝုန်တောရှိ သံဝေဇနီယဌာနနှင့် အဝိဇဟိတဌာနတို့ ဆုံရာ မြေမြတ်သည် ဘုရားအဆူဆူတို့ ပထမဆုံး တရားဦးဟောတော်မူရာ နေရာဖြစ်ပေသည်။ နောင်ပွင့်ထွန်းတော်မူမည့် အရိမေတ္တယျ ဘုရားရှင်သည်လည်း ဤမြေမြတ်မဟာ၌ပင် တရားဦးဟောတော်မူမည်သာ ဖြစ်ပေသည်။ ထို့ကြောင့် ဤနေရာ၌ သာသနာ့မြေ လှူဒါန်းခြင်းသည် ခရောနောင်ပါ သာသနာပြုခြင်းပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံမှ ဦးပညာဓဇ ဓမ္မာစရိယ, MA,Ph.D(Thesis)သည် စတုရန်းပေ(၂၀၄၀၀)ကျယ်ဝန်းသောနေရာအား သာသနာ့မြေ အဖြစ် ဝယ်ယူနေပါသည်။ စေတနာရှင်များအနေဖြင့် သာသနာ့မြေ ဒါယကာ ၊ ဒါယိကာမ အဖြစ် ပါဝင်ကုသိုလ်ရယူနိုင်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။ စတုရန်းတစ်ပေလျှင် (၁၅,၀၀၀)ကျပ်နှုန်းဖြင့် အောက်ပါအတိုင်း ဆက်သွယ်လှူဒါန်းနိုင်ကြပါသည် -

၁။ ဆရာတော် ဦးပညာဓဇ ၊ မဟာဗောဓိဓမ္မရိပ်သာကျောင်း ၊ ဗုဒ္ဓဂယာ ၊ ဗီဟာပြည်နယ် ၊ အိန္ဒိယနိုင်ငံ။
ဖုန်း - ၀၀၉၁-၉၀၀၆ ၃၀၇ ၂၂၂၊ ၇၆၀၇ ၈၆၃ ၉၆၂ ၊ pannadhaza@gmail.com
၂။ ဆရာတော်ဦးကုမာရ ၊ ဓမ္မစေတီရွှေကျောင်း ၊ တောင်ဥက္ကလာ။ ၀၁-၅၆၉၄၄၅ ၊ ၀၉-၈၆၃၄၀၃၀
၃။ ဒေါ်တင်တင်ကြည် ၊ ခင်နန္ဒာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ မရမ်းကုန်း။ ၀၁-၆၅၅၅၂၀၊ ၆၅၅၈၈၅၊ ၃၇၇၆၁၅၊ ၆၅၇၇၉၄
၄။ ဒေါ်သီတာ ၊ မဇ္ဈိမဂုဏ် ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ ၊ မင်္ဂလာတောင်ညွန့်။ ၀၁-၂၉၄၄၆ ၊ ၀၉-၅၀၁၃၅၂၂
၅။ တိုးတိုးရတနာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ ၊ လှည်းတန်း ၊ ကမာရွတ်။ ၀၁-၅၀၃၉၂၅၊ ၅၂၇၅၃၉
၆။ ဗိုလ်မှူးလှိုင်မြင့်(ငြိမ်း)+ဒေါ်သင်းသင်းအေး ၊ မရမ်းကုန်း။ ၀၁-၆၅၅၀၀၀၊ ၀၉-၈၆၂၀၅၆၉၊ ၀၉-၅၅၀၃၉၈၉
၇။ ဦးမောင်မောင်စိုး + ဒေါ်လင်းဖြူ ၊ အင်းစိန်။ ၀၉-၇၃၀၇၆၂၃၉ ၊ ၀၁-၇၀၇၆၉၀
၈။ ဒေါ်မိုးမိုးစံ ၊ ကျောက်တံတား။ ၀၁-၂၄၂၁၂၉ ၊ ၀၁-၂၅၆၆၇၂ ၊ ၀၁-၆၄၂၃၃၄
၉။ ဦးလှဝင်း + ဒေါ်အေးသိန်း ၊ ပါရမီ ၊ တောင်ဥက္ကလာ။ ၀၉-၅၁၆၇၆၄၁ ၊ ၀၉-၇၃၂၀၈၈၇၇
၁၀။ ဒေါ်အမာစိန် ၊ Air Con အပိုပစ္စည်းရောင်းဝယ်ရေး ၊ အင်းစိန်။ ၀၁-၆၄၆၉၁၉ ၊ ၀၉-၅၁၅၀၆၅၆
၁၁။ ဒေါ်တင်မိုးအေး ၊ ခင်နန္ဒာရုံးခွဲ(၁) ၊ မန္တ လေး။ ၀၉-၅၁၁၆၈၀၄ ၊ ၀၂-၅၁၅၄၀၅၀
၁၂။ မဥမ္မာ နှင့် ညီမများ ၊ ထွန်းရှိန်အထည်ဆိုင် ၊ ပြင်ဦးလွင်။ ၀၈၅-၂၃၁၃၅ ၊ ၀၉-၂၀၄၅၂၀၅
၁၃။ ဦးကျော်ဦး ၊ ဈေးကုန်းရပ်ကွက် ၊ မိုးကောင်းမြို့။ ၀၇၄-၄၀၅၂၀ ၊ ၀၉-၆၄၀၅၃၄၄
၁၄။ ဒေါ်တင်တင်မော် ၊ လှိုင်ကော်မြို့။ ၀၉-၄၂၈၀၀၀၁၂၉ ၊ ၀၈၃-၂၂၈၈၀

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂၊ မြေကွက် အမှတ် ၄၆၀/က၊ မြေကွက်တည်နေရာ အမှတ်-၄၆၀/က၊ (၃၂) ရပ်ကွက်၊ ဒဂုံ မြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးတင်စိုး KTN-၀၁၅၁၉၂ အမည်ပေါက် နှစ်၆၀ဂရန် မြေအား အမည်ပေါက်ဦးတင်စိုး ကွယ်လွန် သဖြင့် ဒေါ်မြသန်း ၁၂/ကတန(နိုင်) ၀၁၈၃၄၈က တစ်ဦးတည်းသောဇနီးတော်စပ် ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အထွေထွေ ကိုယ်စားလှယ် လွှဲစာအမှတ် ၆၃၄၅/၁၃ (၂၄-၄-၁၃)ဖြင့် ကိုယ်စားလှယ်ရရှိသူ ဒေါ်မြင့်မြင့်ရီ ၁၂/သဃက(နိုင်)၀၈၀၈၄၉က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည် ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင် ကြောင်းနှင့် အရောင်းအဝယ် မြေပုံကူး လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄စီ၂ (S-၇၁)၊ မြေကွက်အမှတ် ၉၈၊ မြေကွက်တည်နေရာအမှတ် ၇၃၊ သုခလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊ မမကြီး အမည်ပေါက် နှစ် ၉၀ဂရန်မြေအား အမည်ပေါက် ဒေါ်မမကြီး ကွယ်လွန်သဖြင့် (၁)ဦးသန်းဋ္ဌေး ၁၂/တမန (နိုင်)၁၂၆၅၉၈၊ (၂) ဒေါ်ခင်သန်းနှင်း ၁၂/တမန(နိုင်)၀၇၂၀၄၄၊ (၃)ဒေါ်ခင်သန့်ဇင် ၁၂/တမန (နိုင်) ၀၇၂၀၄၅တို့က ရန်ကုန် အရှေ့ပိုင်းခရိုင်တရားရုံး တရားမကြီးမှု အမှတ်၄၆၅/၂၀၁၂(ပိုင်ဆိုင်ကြောင်း မြွက်ဟ ကြေညာပေးစေလိုမှု)နှင့် ၂၀၀၅ခုနှစ် ပိုင်ဆိုင် ကြောင်းစာချုပ်ရန် မြေပုံသည် စာချုပ်ချုပ် ဆိုခြင်းမရှိဘဲ ပျောက်ဆုံးကြောင်း ကျမ်းကျိန် လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၁/သမိုင်း၊ မြေကွက်အမှတ် ၁၂/ဃ၁၊ မြေကွက်တည်နေရာအမှတ် ၃၂၁၊ ၄ လမ်း၊ ၁ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဦးခင်မြင့် အမည်ပေါက် ဘီမြေပိုင်မြေ၊ အိမ်ရာမြေအား အမည်ပေါက် ဦးခင်မြင့်ထံမှ အရပ်ကတိအရောင်းအဝယ် စာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်လှယဉ်မှတရားလို ပြုလုပ်၍ မရမ်းကုန်းမြို့နယ်တရားရုံး တရား မကြီးမှုအမှတ် ၂၈/၂၀၁၂ဖြင့် ပဋိညာဉ် အတိုင်းအရောင်းအဝယ်စာချုပ်ချုပ်ဆိုပေး စေလိုမှုဖြင့် ဦးခင်မြင့်အား (တရားပြိုင်) ထားရှိပြီး တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိခဲ့ ပြီး တရားမဇာရီမှုအမှတ် ၂၇/၂၀၁၂ဖြင့် အတည်ပြုချက်ရရှိခဲ့ပြီးဖြစ်ပါသည်။ တရား ရုံးကိုယ်စား တရားရုံး၌ဆောင်ရွက်ရန်အတွက် ခန့်အပ်ခြင်းခံရသူ ဒေါ်ဦးဆန်းရီ (ဘီလစ်) ၁၁/ကတန(နိုင်)၀၀၀၆၇၄မှ တရားရုံးဒီကရီ အထောက်အထားများတင်ပြ၍ အရောင်း အဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထား လာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမည်ပြောင်း

ဦးအောင်သန်းလွင်၏သား မော်လမြိုင်မြို့ ရွှေနတ်တောင် အထက နဝမတန်း(B)(Eco)မှမောင်မင်းပညာအား မောင်မင်းမြတ်ကိုဟု ပြောင်းလဲခေါ်ပါရန်။

မောင်မင်းမြတ်ကို

အများသိသာရန်

ဦးသိန်းမြင့် ၁၂/ဒဂန(နိုင်)၀၂၁၇၄၈၊ အမှတ် ၇၂၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့နေထိုင်သူ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

MODERN HOUSE FURNITURE

ကျွန်ုပ်၏အမှုသည် ဦးသိန်းမြင့်သည် အထက်ဖော်ပြပါကုန်အမှတ် တံဆိပ်အရ အဆင့်မြင့်ပရိဘောဂပစ္စည်းများကို ထုတ်လုပ်ဖြန့်ချိရောင်းချ လျက်ရှိပါသည်။ ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ဌာနမှူးရုံးမှ မှတ်ပုံတင်စာချုပ်အမှတ် ၅၃၂၉/၁၉၉၈၊နေ့စွဲ ၁၄-၁၂-၁၉၉၅ အရဖြင့် တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်းမှတ်ပုံတင်သွင်းလျက် ထုတ်လုပ်ရောင်းချ လျက်ရှိပါသည်။

ယခုအခါ အချို့သောသူများက ထင်ယောင်ထင်မှားဖြစ်စေရန် ပြုမူ ဆောင်ရွက်လျက်ရှိပါသည်။ သို့ပါ၍ ကျွန်ုပ်အမှုသည်၏ ကုန်ပစ္စည်းနှင့် ပတ်သက်၍ ၄င်းဆိုင်နှင့်ပတ်သက်၍လည်းကောင်း၊ ထင်ယောင်ထင်မှားပြု လုပ်ခြင်း၊ ပြုမူဆောင်ရွက်ခြင်းများအတွက်ဥပဒေနှင့်အညီ တရားစွဲဆိုမည် ဖြစ်ကြောင်း သိစေအပ်ပါသည်။

ဦးစိန်ရီ B.Sc, DA. RL
တရားလွှတ်တော်ရှေ့နေ(စဉ်-၃၀၃၆)
အမှတ် ၂၂၊ ဌာနာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၂၃၉၅၆၊ ၀၉-၅၀၃၀၃၇၄

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ်(၁၁၃၇/ခ)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ် (၁၁၃၇/ခ)၊ မြေအလျား×အနံ(၂၀'×၆၀')ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြို့မြေစာရင်းတွင် **ဒေါ်စမ်းစမ်းနွဲ့** (၁၂/ဥကတ(နိုင်)၀၀၈၆၅၃)အမည်မှတ်သား တည်ရှိပါသည်။

အထက်ပါမြေကွက်နှင့်အကျိုးခံစားခွင့် အရပ်ရပ်တို့နှင့်ပတ်သက်၍ တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်စမ်းစမ်းနွဲ့ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် အတွက်စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်သီရိဝင်း (စဉ်-၂၈၂၁၇) LL.B, D.B.L
ဦးအုန်းသန်း (စဉ်-၈၂၃၉) B.A(Geog), H.G.P, R.L, D.B.L}

အထက်တန်းရှေ့နေ **တရားလွှတ်တော်ရှေ့နေ**

အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊(၇)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၉-၇၃၀၈၅၄၉၈၊ ၀၉-၄၅၀၀၁၉၇၄၅၊ ၀၁-၅၇၂၁၄၅

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၉၂၆၊ မြေကွက် တည်နေရာအမှတ် ၉၂၆၊ သီလ ၁၁ လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးသိန်းဟန် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးသိန်းဟန်ထံမှ ပိုင်ဆိုင်စာချုပ်အမှတ် ၈၄၄(၂၃-၃-၀၉)ဖြင့်ရရှိခဲ့သူ ဦးမြင့်နိုင် ၁၂/ဥကတ(နိုင်)၀၃၂၄၈၄ထံမှ ကိုယ်စားလှယ်လွှဲစာ အမှတ် ၅၅၂(၁၅-၁-၀၉)ဖြင့် အထွေထွေကိုယ်စားလှယ် ဦးမောင်မင်းဆွေ ၁၂/ဥကတ(နိုင်) ၁၀၆၀၄၆က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့်ပါဝါမရုပ်သိမ်းသေးကြောင်းကျမ်းကျိန်လွှာ ၂၆၃(၂၆-၂-၁၃)ကိုတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန်

ဆားလင်းကြီးမြို့နယ် ညောင်ပင်ကိုင်းရွာမှ ကိုတင်လင်း၏ ဖခင်အမည်မှန်မှာ ဦးကျော်ဝင်းဖြစ်ပါကြောင်း။

ဦးကျော်ဝင်း

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေး အထူးဇုန်(၃)၊ အကွက်အမှတ်(၂၁၅)၊ ဧရိယာ ၅ ဧက၊ (၁ယူနစ်)ရှိ မြေကွက်အား မူလလုပ်ကိုင်ခွင့်ရှိသူ ဒေါ်ဥမ္မာတင် ၁၂/ကမရ(နိုင်)၀၂၆၇၃၄ထံမှဝယ်ယူရန် တန်ဖိုးငွေ အပြီးပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အား တန်ဖိုးငွေအပြည့်အဝပေးချေပြီးဖြစ်သဖြင့် လုပ်ငန်းရှင်အမည်ပြောင်းလဲလုပ်ကိုင်မည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဒေါ်နန်းဝိုင် ၁၀/မလမ(နိုင်)၀၀၇၀၆၀
အမှတ် ၅/၆၂၊ သီရိဂုဏ်အိမ်ရာ၊ သဃ်္ဃန်းကျွန်းမြို့နယ်၊
ဖုန်း-၀၉-၅၁၉၁၉၁၁၊ ၀၉-၅၅၁၃၇၇၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေး အထူးဇုန်(၃)၊ အကွက်အမှတ်(၂၁၄)၊ ဧရိယာ(၅)ဧက၊ (၁ယူနစ်)ရှိ မြေကွက်အား မူလလုပ်ကိုင်ခွင့်ရှိသူ ဦးစောလွင် ၈/မလန(နိုင်)၀၀၈၄၁၇ထံမှ ဝယ်ယူရန်တန်ဖိုးငွေ အပြီးပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အား တန်ဖိုးငွေအပြည့်အဝပေးချေပြီးဖြစ်သဖြင့် လုပ်ငန်းရှင်အမည်ပြောင်းလဲလုပ်ကိုင်မည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဒေါ်နန်းဝိုင် ၁၀/မလမ(နိုင်)၀၀၇၀၆၀
အမှတ် ၅/၆၂၊ သီရိဂုဏ်အိမ်ရာ၊ သဃ်္ဃန်းကျွန်းမြို့နယ်၊
ဖုန်း-၀၉-၅၁၉၁၉၁၁၊ ၀၉-၅၅၁၃၇၇၇